# ဝယ်ယူခြင်း

ဝိတောက်မြိုင်

## ဖွင့်တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒီအရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး နို့အရေး ကာ
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး [illegible] ဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံသားတို့၏ [illegible] ကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

# ပီတောက်မြို့

(တတိယအကြိမ် ပြင်ဆင်ပုံနှိပ်ခြင်း)

ရေးသူ ဇမ္ဗူညွှန့်

Lighthouse
Publishing Centre
No.156, Seik Kan Thar Street, Kyauktada Township,
Yangon, Myanmar. Tel : 252067

ရန်ကုန်မြို့
တိုင်းလင်းစာပေ
(၂၀၀၀)

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၁၀၉၂ / ၉၉ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၈၁၆ / ၉၉ (၁၂) |
| ထုတ်ဝေသူ | – | ဒေါ်ရွှေအိမ့် |
| | | တိုင်းလင်းစာပေ ( မြို့ ၁၂၉၉ ) |
| | | ၈/၆၅၊ အုပ်စု ၃၊ |
| | | အောင်သိဒ္ဓိလမ်း |
| | | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – | ဒေါ်ခင်ဝင်းဆင့် |
| | | ရွှေနှင်း ပုံနှိပ်တိုက် (၀၅၃၀၂) |
| | | အမှတ် ၂၄ / ၂၉ ရပ်ကွက် |
| | | ရွှေဝါထွန်းလမ်း |
| ဖလင် | – | *Liahthouse* |
| အကြိမ် | – | တတိယအကြိမ် |
| | | ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ |
| တန်ဖိုး | – | ကျပ် –၂၈၀ |
| အုပ်ရေ | – | ၅၀၀ |
| မျက်နှာဖုံး | – | ပန်းချီ သောင်းဟန် |
| ကွန်ပျူတာစာစီ | – | နွယ်နီ |

# အမှာစာ

ဤ **"ဝိစတာက်မြို့"** ဝတ္ထုမှာ **"သမိုင်းပေးသော ထိုနှစ်ယောက်"** ဝတ္ထုကို ပြန်လည်မွမ်းမံ ပြင်ဆင်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ သမိုင်းပေးသော ထိုနှစ်ယောက်ဝတ္ထုကို (၁၉၆၆) ခုနှစ်တွင် ပထမအကြိမ်၊ (၁၉၇၀) ခုနှစ်တွင် ဒုတိယအကြိမ် ပုံနှိပ် ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ဤဝတ္ထုကိုပင် မဋ္ဌရုပ်ရှင်မှ ဒါရိုက်တာကိုကိုကျော်က **"ဝိစတာက်မြို့"** ဟူသော အမည်ဖြင့် ညွှန်ကြားပြီး၊ ဝါဝါဝင်းရွှေတို့ ဦးဆောင်၍ ရုပ်ရှင်အဖြစ်လည်းကောင်း၊ ဒါရိုက်တာကြည်စိုးထွန်းက **"ဝိစတာက်မြို့"** ဟူသော အမည်ဖြင့်ပင် ရဲအောင်၊ စိုးမြတ်သူတို့ ဦးဆောင်၍ ဗွီဒီယိုစာတ်လမ်းအဖြစ်လည်းကောင်း ရိုက်ကူးခဲ့ပြီးဖြစ်ပါသည်။

ဝတ္ထုအမည်ကို ဝတ္ထုတွင် ဖော်ပြထားသည့် "ဝိဇာတာက်မြိုင်ခြေ" အမည်အား အစွဲပြု၍ "ဝိဇာတာက်မြိုင်" ဟူသော အမည်ဖြင့် ပြန်လည်ထုတ်ဝေလိုက်ပါသည်။

ဇမ္ဗူညွှန့်

## အခန်း ၁

အချိန်ကား ၁၉၆၂ ခု၊ စက်တင်ဘာလ (၁၆) ရက်နေ့ဖြစ်လေသည်။

မင်္ဂလာဒုံစစ်ဆေးရုံမှ မျက်စိရောဂါအထူးကုဆရာဝန်ကြီး ဗိုလ်မှူးကြီးမြတ်သူ၏ အခန်းတွင်းမှ အဆက်မပြတ်ပေါ်ထွက်လာသော တယ်လီဖုန်းသံကြောင့် သူနာပြုဆရာမကလေး မခင်ကြည်သည် အပြေးအလွှားဝင်ရောက်သွားကာ တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်ပြီး .....

"ဟဲလို .... မင်္ဂလာဒုံစစ်ဆေးရုံကစကားပြောနေပါတယ်ရှင်"

"....."

"ဗိုလ်မှူးမြတ်သူ ခွဲစိတ်ခန်းထဲ ရောက်နေပါတယ်ရှင်"

"....."

"သူထွက်လာရင် ကျွန်မပြောပေးပါ့မယ် .... ပြောစရာရှိတာ ပြောနိုင်ပါတယ်ရှင်"

"....."

"ဟုတ်ကဲ့ရှင် .... စိတ်ချပါ ..... ကျွန်မဆက်ဆက် ပြောပြပါ့မယ်ရှင့်"

ဆရာမကလေးသည် တယ်လီဖုန်းခွက်ကို ချလိုက်ပြီးနောက် ခွဲစိတ်ခန်းဖက်သို့ လျှောက်လာလေသည်။ ထိုအခိုက် ခွဲစိတ်ခန်းဘက်မှ ထွက်လာသော ဗိုလ်မှူးမြတ်သူကို တွေ့လိုက်ရသဖြင့် ....

"ဗိုလ်မှူး .... အခုပဲ လန်ဒန်ကပြန်ရောက်လာတဲ့ ဒေါက်တာမေသက်နွယ်ဆီက တယ်လီဖုန်းလာပါတယ် .... ဗိုလ်မှူးအကူအညီတောင်းထားတဲ့ ကိစ္စနဲ့ပတ်သက်လို့ သူမနက်ဖြန်ကစပြီး လာမယ်ဆိုတဲ့အကြောင်း ဗိုလ်မှူးကို ပြောပေးပါတဲ့"

"အော် .... ဟုတ်လား .... ဒီကိစ္စနဲ့ပတ်သက်ပြီး စစ်ရုံးကသူ့ဆီပို့လိုက်တဲ့စာရဲ့မိတ္တူကို ကျွန်တော်မနေ့ကပဲရတယ်၊ ဒီလိုဆိုရင် ကျွန်တော်ထင်တာထက်တောင်စောတယ်၊ ကဲ .... မခင်ကြည် ဒေါက်တာမေသက်နွယ်ရဲ့ အကူအညီကို ဘယ်နှစ်ရက်လောက်တောင်းခံရမလဲဆိုတာ ကျွန်တော်မမှန်းနိုင်သေးတော့ သူ့အတွက် စားပွဲကုလားထိုင်ကြည့်ပြီး စီစဉ်ပေးလိုက်ပါအုံး"

"ဟုတ်ကဲ့ဗိုလ်မှူး .... ဒါနဲ့ အခုလာမဲ့ ဒေါက်တာမေသက်နွယ်ဆိုတာ အသက်ကြီးပြီလားဟင်၊ ဗိုလ်မှူးနဲ့ အရင်ကတည်းကသိတာလား" ဟု မခင်ကြည်က မဝံ့မရဲဖြင့် စပ်စုလိုက်သဖြင့် ဗိုလ်မှူးမြတ်သူကပြုံးလိုက်ကာ ....

"ဒေါက်တာမေသက်နွယ်လား .... သိပ်မကြီးသေးပါဘူးကွယ်၊ အသက်သုံးဆယ်နီးပါးလောက်တော့ ရှိရောပေါ့ ပညာတော့



တကယ်တော်တဲ့ မိန်းခလေးပဲ .... ကျွန်တော့်ထက် ၂နှစ်လောက် အတန်းငယ်တယ်၊ မျက်မှန်းတန်းမိရုံပါပဲ၊ သိပ်မခင်ပါဘူး၊ အတန်းချင်းမှ မတူတာပဲ၊ ကြည့်ရတာသဘောကောင်းပါ တယ်၊ သူဒီမှာလာကူမယ်ဆိုတာ ကြားရတာဝမ်းသာစရာကြီးပဲ၊ ကဲ .... လုပ်စရာရှိတာလုပ်ကြအုံး" ဟု ပြောကာထွက်သွားလေ၏။

× × ×

၁၉၆၂ ခု၊ စက်တင်ဘာလ (၁၇) ရက် ....

မင်္ဂလာဒုံစစ်ဆေးရုံသို့ မာစီဒီးကားနက် တစ်စီးဝင်ရောက်လာပြီး၊ ဆင်ဝင်အောက်သို့ထိုးဆိုက်လိုက်သည်နှင့် ကားနောက်ပိုင်းမှ အသက် (၂၉) နှစ်ခန့်ရှိ ရုပ်ရည်သနားကမားနှင့် အရပ် (၅) ပေ၊ (၄) လက်မလောက်ရှိမည်ထင်ရသော အသားမဖြူမည်ကိုယ်လုံးသွယ်သွယ်၊ ချစ်စရာကောင်းသော မိန်းမပျိုတစ်ဦး ဆင်းလာပြီး ဆေးရုံတွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် အသင့်စောင့်ကြိုနေသော ဗိုလ်မှူးမြတ်သူကတွေ့သဖြင့် ....

"ဟဲလို .... ဒေါက်တာမေသက်နွယ်၊ ကျွန်တော်မြတ်သူပါ၊ ဒေါက်တာနွယ် ကျွန်တော်တောင်းတဲ့ အကူအညီပေးမယ်ဆိုလို့ အများကြီးဝမ်းသာပါတယ်၊ ဒါနဲ့ကျွန်တော့်ကို မှတ်မိသလား"

"ဆရာ့ကို နွယ်ကောင်းကောင်းမှတ်မိပါတယ်၊ နွယ် တတိယ နှစ်တုန်းက ဆရာမမသီနဲ့ လက်ထပ်သွားတယ်မဟုတ်လား၊ မမသီကော နေကောင်းရဲ့လား၊ ကလေးဘယ်နှစ်ယောက်ရပြီလဲ ဆရာ"

"သီသီအုန်းလား နေကောင်းပါတယ်၊ အရင်ကျောင်းမှာ တုန်းကလို ပိန်ပိန်ကလေးမဟုတ်တော့ဘူး၊ အတော်ဝလာပြီ၊ မျက်မှန်တွေဘာတွေနဲ့ဖြစ်နေပြီလေ၊ ကလေးကတော့ သားချည်းပဲ (၅)ယောက်ရှိသွားပြီ၊ ဒေါက်တာဘယ်နေ့က ပြန်ရောက်လာသလဲ"

"ကျွန်မစက်တင်ဘာ (၉) ရက်နေ့က မြန်မာပြည်ပြန်ရောက်တယ်ဆရာ၊ ရောက်ရောက်ချင်း ကျန်းမာရေးဌာနမှာ အလုပ်လျှောက်ထားတယ်"

"ဟုတ်လား .... ရန်ကုန်ဆေးရုံကြီးမှာပဲလား"

"မဟုတ်ပါဘူးဆရာ .... နွယ်ရန်ကုန်မှာမလုပ်ချင်ပါဘူး တောင်တန်းဒေသကို လျှောက်ထားတယ်ဆရာ"

"ဟော.... မဝေးလွန်းဘူးလား၊ ဘယ်လိုရည်ရွယ်ချက်နဲ့ လျှောက်တာလဲဆိုတာ ဆရာမသိရဘူးလား"

"နွယ့်အနေနဲ့ မဖွံ့ဖြိုးသေးတဲ့ဒေသတွေမှာ အလုပ်သွားလုပ်ချင်လို့ပါဆရာ"

"ကောင်းပါတယ်လေ၊ ရည်ရွယ်ချက်အတိုင်း အောင်မြင်ပါစေ၊ ကဲ .... ဆရာအခန်းမှာ ထိုင်စကား ပြောကြတာပေါ့" ဟု ပြောရင်းအခန်းတွင်းသို့ ဝင်ရောက်လာကြလေသည်။

"ထိုင်ပါအုံး ဒေါက်တာနွယ်၊ ဆရာအခုလို အကူအညီ



တောင်းတာ အကြောင်းရှိပါတယ်"

"ဟုတ်လားဆရာ .... နွယ်က ဘယ်လိုတာဝန်ယူရမှာလဲ ဆရာ"

"အင်းလေ .... ဘယ်လိုတာဝန်လဲဆိုတာ သိရမှာပေါ့ကွယ်၊ ကဲ .... ဆရာလဲ လူနာလျှောက်ကြည့်ရင်း ဒေါက်တာနွယ်လဲ လူနာအခြေအနေ အကဲခတ်ဖို့ လိုက်ခဲ့ပါအုံး"

"ဟုတ်ကဲ့ဆရာ...."

× × ×

ဗိုလ်မှူးမြတ်သူမှာ မေသက်နွယ်အား ဆေးရုံမှမျက်စိရောဂါ လူနာများ၏အကြောင်းကို ရှင်းလင်းပြောကြားနေလေရာ မေသက်နွယ်မှာ စိတ်ပါဝင်စားစွာဖြင့် နားထောင်လိုက်၊ မေးလိုက်၊ လူနာများကို ကိုယ်တိုင်စမ်းသပ်ရင်း ထင်မြင်ချက်ပေးလိုက်နှင့် လာခဲ့ကြရာ လူနာကုတင်တစ်ခုသို့ ရောက်လာလေ၏။ ဗိုလ်မှူးမြတ်သူက ....

"ဒေါက်တာနွယ် .... ဒီလူနာက တခြားလူနာတွေနဲ့မတူဘူး၊ ဒီဆေးရုံမှာ သူ့အကြောင်းကို တော်တော်စိတ်ဝင်စားနေကြတယ်၊ ဘယ်လိုအစွဲအလန်းရှိသလဲတော့မသိဘူး၊ ရောက်လာတာတစ်ပတ်လောက်ရှိပြီ၊ ဒီနေ့အထိ ဆေးလဲမသောက်ဘူး၊ စကားလဲသိပ်မ

လား စစ်ဗိုလ်လား .... နာမည်ဘယ်လိုခေါ်သလဲဆရာ" ဟု မေးလိုက်ရာ ဗိုလ်မှူးမြတ်သူက....

"ရေတပ်က ဗိုလ်မှူးမြင့်နိုင်တဲ့၊ အရပ်တော့ တကယ်ကောင်းတယ် (၆) ပေလောက်ရှိမယ်ထင်တယ် .... ကြည့်ရတာ ရုပ်ရည်ချောချောပဲလို့ပြောရင်း မေသက်နွယ်အား အကဲခတ်နေလေ၏။ မေသက်နွယ်မှာ 'မြင့်နိုင် '၏ အမည်ကို ကြားရသဖြင့် မျက်မှောင်ကလေးကြုတ်သွားကာ ခေတ္တမျှ စဉ်းစားနေလေသည်။ တအောင့်မျှကြာသောအခါ မေသက်နွယ်လည်း လူနာ၏ကုတင်နားသို့ တိုးကပ်သွားပြီး ဘယ်ဘက်လက်မောင်းကို ကြည့်လိုက်ရာ ဓါးရာအမာရွတ်ကို တွေ့လိုက်ရသဖြင့် သူမ၏ကိုယ်လုံးလေးမှာ တုန်လှုပ်သွားကာ ကမ္ဘာကြီးတစ်ခုလုံး ပတ်ချာလည်သွားသည်ဟု ထင်မိလေ၏။ မေသက်နွယ်လည်း ဗိုလ်မှူးမြတ်သူက သူမအား အကဲခတ်နေသည်ကိုတွေ့ရသဖြင့် ချက်ချင်းဣန္ဒြေဆယ်လိုက်ကာ

"ဆရာ .... သူဘယ်ပုံဘယ်နည်းကြောင့် .... သစ်ကိုင်းပိရတာလဲဟင်"

"အင်း .... သူ့ရဲဘော်တွေ ပြောပြတာကတော့ဖြင့် တော်တော်စိတ်မကောင်းစရာပါပဲ .... ဒီလို ဒေါက်တာနွယ် .... ဗိုလ်မှူးမြင့်နိုင်ဟာ ဩဂုတ်လထဲက တမှိုင်မှိုင်တတွေတွေ ဖြစ်နေတယ်တဲ့ စက်တင်ဘာလထဲလဲရောက်ရော သူပြက္ခဒိန်ပေါ်မှာ (၉) ရက်နေ့ကို အနီဝိုင်းကြီးဝိုင်းထားတယ်တဲ့၊ စက်တင်ဘာလ (၁) ရက်နေ့ကစပြီး တစ်နေ့ကုန်တိုင်းရက်ကို ကြက်ခြေခတ်ထား



ပြောဘူး၊ တစ်စုံတစ်ခုကို စိတ်ထိခိုက်နေတယ်နဲ့တူတယ်" ဟု ပြောပြသဖြင့် မေသက်နွယ်လည်း လူနာအား အမှတ်တမဲ့လှမ်းကြည့်လိုက်ရာ မျက်စိ (၂) ဘက် ပတ်တီးစည်းထားသော အသက် (၃၀) ခန့်ရှိ အသားလတ်လတ်၊ မျက်နှာသွယ်သွယ် နှာတံပေါ်ပေါ်နှင့် ဂလူးကိုး(စ်)သွင်းပေးထားသော လူနာကိုတွေ့ရသဖြင့် မေသက်နွယ်က ....

"ဒီလူနာက ဘယ်ပုံဘယ်နည်း ရောက်လာတာလဲ ဆရာ၊ ဘာဖြစ်လို့ လူတိုင်းစိတ်ဝင်စားနေရတာလဲ ဟင်"

"ဒီလူနာက လွန်ခဲ့တဲ့တစ်ပတ်လောက်က ခေါင်းကို သစ်ကိုင်းပိလို့ မျက်စိနှစ်ဘက်စလုံး ဒဏ်ရာရသွားတယ်၊ မျက်စိဒဏ်ရာကြောင့် သူ့ကို မျက်စိရောဂါလူနာဆောင်မှာပဲထားတယ်၊ သတိလဲရရော သူ့အတွက် နံပါတ် (၉) ဟာအကောင်းအဆိုးအဆုံးအဖြတ်ပေးတယ်တဲ့၊ ဒါကြောင့် သူ့ကို ကုတင်နံပါတ် (၉) ပဲဖြစ်ဖြစ်၊ အခန်းနံပါတ် (၉) မှာပဲဖြစ်ဖြစ် ထားပေးပါဆိုတာနဲ့ ဒီကုတင်အမှတ် (၉) မှာ၌ထားပေးရတယ်၊ ကြံကြိုက်ပုံက သူရောက်လာတဲ့နေ့နဲ့အချိန်ကလဲ စက်တင်ဘာလ (၉) ရက်နေ့ည (၉) နာရီကျော်ကျော်လောက်ကပဲ၊ သတိရကတည်းက ဆေးတိုက်လို့လဲမရဘူး၊ လေးရက်လောက်ရှိပြီ အပြင်းဖျားတာ၊ ညကတော့ မော်ဖီးယားထိုးထားလို့ အခုအိပ်နေတာပဲ" ဟု ပြောပြနေသဖြင့် မေသက်နွယ်မှာ လူနာအပေါ် စိတ်ဝင်စားလာကာ....

"ဆရာ .... ဒီလူနာက ဘယ်စစ်တပ်ကလဲဆရာ .... စစ်သား

လိုက်တယ်တဲ့၊ နောက်ပြီး စက်တင်ဘာလရောက်ကတည်းက သူတို့တပ်ထဲက ပိတောက်ပင်ကြီးအောက်မှာ သွားသွားထိုင်ပြီး မျှိုင်နေတာပဲတဲ့၊ အစားလဲ ကောင်းကောင်းမစား၊ အိပ်လဲ ကောင်းကောင်းမအိပ်တော့ လူလဲတစ်နေ့တခြား ပိန်ပိန်လာတော့တာပဲတဲ့၊ သူ့ သူငယ်ချင်းတွေက ဘယ်လောက်ပဲ ချော့မေးပေမဲ့ ဘာမှမဖြစ်ဘူးလို့ပဲ ဖွင့်ငြင်းနေတာပဲတဲ့၊ ညတိုင်းညတိုင်း ညဉ့်နက်တဲ့အထိ ထိုင်နေတော့ သူနဲ့ အခန်းချင်းကပ်ရက်မှာ နေတဲ့ ဗိုလ်မှူးအောင်ခင်က သွားခေါ်မှပဲ ပြန်လာပြီး အိပ်တော့တယ်၊ အဲဒီ စက်တင်ဘာလ (၉) ရက်နေ့ကျ တော့ အလုပ်ကခွင့် တစ်ရက် ယူပြီး အိပ်ယာထဲမှာ ခွေနေတာပဲတဲ့၊ တစ်နေ့လုံးလဲ သူငယ်ချင်းတွေက အနားကနေ အစာကျွေးတာလဲ မစားဘူး၊ ဘယ်သူ့ကိုမှလဲ စကားမပြောပဲ တွေနေတာပဲ၊ ညနေစောင်းရောက်တော့ ထုံးစံအတိုင်း ပိတောက်ပင်အောက်မှာ သွားထိုင်တော့တာပဲ၊ ည (၈) နာရီခွဲလောက်မှာ မိုးတွေရွာချပါလေရော၊ ဒီတော့ ဗိုလ်မှူးအောင်ခင်လည်း ထုံးစံအတိုင်း သူ့သူငယ်ချင်းကို သွားခေါ်တော့ မလိုက်လာဘူးတဲ့၊ နောက်ထပ်ချော့ခေါ်ပြန်တော့ အော်လွှတ်လိုက်တာနဲ့ ဗိုလ်မှူးအောင်ခင်လည်း လက်လျော့ပြီး အခန်းကို ပြန်အလာ လေပြင်းမုန်တိုင်းကျလာပြီး ဝုန်းကနဲအသံ ကြားလိုက်တာနဲ့ ရဲဘော်တွေကို အော်ခေါ်လိုက်ပြီး ဗိုလ်မှူး မြင့်နိုင်ထိုင်နေတဲ့နေရာကို ပြေးပြီးလာကြည့်ကြတော့ ဗိုလ်မှူးမြင့်နိုင်ဟာ ပိတောက်ကိုင်းပိပြီး သတိမေ့နေတာကို တွေ့ရတော့တယ်၊



တပ်ကလူတွေလဲ ပိတောက်ကိုင်းအကျိုးကိုဖယ်ပြီး သူ့ကိုသူနာပြုကားနဲ့ ဆေးရုံကိုခေါ်လာတာပဲ .... ဆရာတို့လဲ ချက်ချင်းလူနာကို သတိရအောင်လုပ်ကြ၊ သူ့ဒဏ်ရာကိုပြုစုကြနဲ့ပေါ့၊ နောက်...သူသတိရလာတော့ သူ့ကိုအခန်းပြောင်းပေးပါလို့ ပြောတာပဲ၊ သူဟာ အသက်ရှင်နေလို့အပိုပဲ၊ ဒုက္ခိတဖြစ်နေမဲ့အစား သေတာကအေးပါလိမ့်မယ်တဲ့ .... ခက်တာက ဗိုလ်မှူးမြင့်နိုင်ဟာ စိတ်နဲ့ပတ်သက်ပြီး အတော်ခံစားနေရတယ် ထင်တယ်"

"ဘယ်လို စိတ်ဝေဒနာကို ခံစားနေရတာလဲဆရာ"

"ဒီလိုပါ ဒေါက်တာနွယ် .... ကျွန်တော် သူ့တပ်ကမိတ်ဆွေတွေကို မေးကြည့်တော့ ဒီဗိုလ်မှူးဟာ အထက်က တပ်မှူးကြီးတွေကအစအောက်ဆုံးက ရဲဘော်လေးတွေအထိ သူ့ကိုလေးစားချစ်ခင်ကြတယ်၊ အားလုံးကသူ့ကို ရိုသေကြတယ်၊အလုပ်လဲ တော်တော်ကြိုးစားတယ်၊ သဘောလဲသိပ်ကောင်းတာပဲ၊ သတ္တိလဲ မခေဘူး၊ ဒါပေမဲ့ သူ့ကိုယ်ရေးကိုယ်တာကိုတော့ ဘယ်သူမှ ဂဃနဏ မသိကြဘူး။ အကဲခတ်ရအောင်လဲ ဘယ်မိန်းကလေးကိုမှလဲ ဂရုမစိုက်ဘူး၊ အရေးလဲမထားဘူးတဲ့၊ ဒါကြောင့် သူ့သူငယ်ချင်းတချို့တောင် ပြောသေးတယ်၊ ဗိုလ်မှူးမြင့်နိုင်ဟာ အချစ်ကို စိတ်နာနေသလား မသိဘူးတဲ့၊ အချစ်အတွက် စိတ်ညစ်နေတာလား၊ ဥစ္စာစောင့်ဘဝကလာလို့ သူ့ဘဝဟောင်းကို ပြန်သွားချင်နေတာလားဆိုပြီး အမျိုးမျိုးပြောနေကြတယ်"

"သူ့အိမ်သားတွေရော လာမကြည့်ကြဘူးလားဆရာ"

"ဟာ .... သူနဲ့သူ့အိမ်သားတွေနဲ့ အဆင်မပြေကြလို့ အဆက်အသွယ်ပြတ်နေကြတယ်၊ သူ့အိမ်ကလဲ ဘယ်ပြောင်းသွားကြမှန်းမသိဘူး၊ သတင်းစာထဲ ထည့်ကြော်ငြာတော့လဲ မပေါ်လာဘူး၊ သူ့တပ်ကဗိုလ်မှူးတွေလဲ သူ့စိတ်ဒုက္ခကို မကြည့်ရက်ကြလို့သူ့စိတ်ချမ်းသာမှုကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရအောင်ယူပေးကြဘို့ စိတ်ဆုံးဖြတ်ထားကြတယ်၊ အခုလဲ သူ့အကြောင်းသိတဲ့ ဗိုလ်မှူးမောင်မောင်ကို သံကြိုးရိုက်ခေါ်ထားတယ်"

"ဆရာ .... အဲဒီ ဗိုလ်မှူးမောင်မောင်ဆိုတာ ဘယ်ကလဲဟင်"

"ရေတပ်ကပဲ .... ဗိုလ်မှူးမြင့်နိုင်နဲ့ ကျောင်းကတည်းက သိပ်ချစ်တဲ့ သူငယ်ချင်းပဲ၊ တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းသိကြတယ်တဲ့၊ ဗိုလ်မှူးမောင်မောင်က ခရီးလွန်နေလို့ တစ်ရက်နှစ်ရက်နေမှ ရောက်လာမယ်တဲ့၊ အားလုံးက ဗိုလ်မှူးလို လူတစ်ယောက်ဆုံးရှုံးသွားမှာ စိုးရိမ်နေကြတယ်၊ ဆရာတို့လဲအထူးဂရုစိုက်ပါတယ်၊ လူနာက စိတ်လျော့နေတော့ ကုရခက်နေတယ်"

"ဆရာတို့ အခုသူ့ကို ဘာလုပ်ပေးထားသလဲ"

"လောလောဆယ်တော့ သူ့မျက်စိကိုမကုနိုင်သေးဘူး၊ အဖျားကျအောင်ပဲ လုပ်ပေးနေရသေးတယ်၊ ဗိုလ်မှူးမြင့်နိုင်ဟာ ညည်းအေးမိတာရယ်၊ အဓိပ်အစားမမှန်တာရယ် စုံပြီးဖြစ်တော့ အတော်ခံရတာပေါ့၊ ပထမ (၃)ရက်ကအပူချိန် (၁၀၄) အောက်ကို မကျဘူး၊ ဆရာတို့ကလဲ သူ့ကိုပထမအဖျားကျအောင်လုပ်၊ ဒုတိယ



သူ့မျက်စိဒဏ်ရာကု၊ တတိယ စိတ်ရောဂါကိုကုရမှာပဲ၊ ဘယ့်နဲ့လဲ ဒေါက်တာနွယ် နားထောင်ရတာ ကြာသွားလို့ ငြီးငွေ့သွားပြီလား၊ ကဲ .... တခြားလူနာတွေ ကြည့်ကြဦးစို့" ဟု မျက်နှာညှိုးငယ်နေသော မေသက်နွယ်အား အကဲစမ်းရင်းမေးလိုက်ရာ ....

"မငြီးငွေ့ပါဘူးဆရာရယ်" ဟု ပြန်ဖြေလိုက်ပြီး လူနာအား တစ်ချက်လှမ်းကြည့်ကာ ဗိုလ်မှူးမြတ်သူနှင့်အတူ ထွက်လာလေ၏။

မေသက်နွယ်မှာ ကုတင်နံပါတ်(၉)မှ ထွက်လာပြီးကတည်းက တခြားလူနာများ၏ အကြောင်းကို စိတ်မဝင်စားတော့ပဲ မြင့်နိုင်အကြောင်းကိုသာ စဉ်းစားနေလေ၏။

ဗိုလ်မှူးမြတ်သူမှာ လူနာများ၏အကြောင်းကို ရှင်းလင်းပြောကြားနေသော်လည်း မေသက်နွယ်စိတ်မဝင်စားကြောင်းကို အကဲခတ်မိသဖြင့် ....

"ဒေါက်တာနွယ် .... နိုင်ငံခြားမှာ ဘယ်နှစ်နှစ် ကြာခဲ့သလဲ" ဟု မေးနေသော်လည်း မေသက်နွယ်မှာ အတွေးရေယဉ်ကြောတွင် နှစ်မျောနေသဖြင့် ဗိုလ်မှူးမြတ်သူမေးသံကို မကြားဘဲရှိနေပဲရာ၊ ဗိုလ်မှူးမြတ်သူက အသံကို အနည်းငယ်ကျယ်လိုက်ပြီး ....

"ဒေါက်တာနွယ် .... ဗိုလ်မှူးမြင့်နိုင်အကြောင်းကို တွေးနေတယ်ထင်တယ်၊ ကျွန်တော်မေးနေတာတောင် မကြားတော့ဘူးလား၊ အင်းလေ .... ဒီကုတင်နံပါတ်(၉)ဟာ လူတိုင်းစိတ်ဝင်စားနေတာပဲ၊ ကျွန်တော်လဲအပါအဝင်ပေါ့" ဟု ပြောလိုက်သဖြင့်

မေသက်နွယ်လည်း ရက်ကိုးရက်ကန်းဖြစ်သွားကာ မျက်နှာကလေးနီလာပြီး ....

"ဆောရီးဆရာ .... နွယ်မကြားမိတာ တောင်းပန်ပါတယ်.... ခုနက ဆရာပြောပြတဲ့ ဇာတ်လမ်းကဒဏ္ဍာရီဆန်လွန်းလို့ နွယ်စဉ်းစားနေမိတာပါ"

"ဒေါက်တာနွယ် .... ဒီလူနာဟာ အခုက်ကောင်းလာပြီလို့ ဆိုရမယ်၊ ဒေါက်တာနွယ်ရောက်လာတာနဲ့ သူ့ရောဂါအတွက် အများကြီးမျှော်လင့်ချက်ရှိတယ်၊ ဒါနဲ့ ဒေါက်တာနွယ်ကော အခုထက်ထိ တစ်ကိုယ်တည်း အပျိုကြီးပဲလား .... နိုင်ငံခြားကပြန်လာတာ ကြင်ယာလောင်းလေးဘာလေးပါမလာဘူးလား"

"ဟာ .... ဆရာကလဲ နွယ်ပညာသွားသင်တာ ပညာပဲပါလာတာပေါ့ ဆရာရယ် .... နွယ်ကြင်ယာရှာဘို့ အချိန်မရသေးပါဘူး နွယ်ပညာနဲ့ အများအကျိုးဆောင်ရွက်ပေးရအုံးမှာ ဆရာရဲ့"

"သာဓုဗျာ .... သာဓု .... လူနာအတွက် အချိန်ပြည့်ပေးထားလို့ ကိုယ်ရေးကိုယ်တာအတွက် မစဉ်းစားနိုင်ဘူးဆိုတော့ ဒီလိုဒေါက်တာမျိုးကို ဗိုလ်မှူးမြင့်နိုင်လို လူနာကိုကုခိုင်းအုံးမှပဲ" ဟု ဗိုလ်မှူးမြတ်သူပြောသောစကားကြောင့် မေသက်နွယ်မှာ စိတ်မလုံမလဲဖြစ်သွားလေ၏။

ကဲ .... ဒေါက်တာနွယ် အခန်းထဲမှာထိုင်ပြီးဆွေးနွေးစရာလေးတွေရှိတာ ဆွေးနွေးကြရအောင်" ဟု ပြောရင်းရုံးခန်းဘက်ဆီသို့ လျှောက်လာပြီးနောက် ရဲဘော်ကလေးအား ကော်ဖီနှင့်



မုန့်များကိုမှာလိုက်ပြီး မေသက်နွယ်အား ကုလားထိုင်ချေ.ပေးကာ ....

"ထိုင်ပါအုံး .... ဒေါက်တာနွယ်ကို ကျွန်တော်အကူအညီခေါ်လို့ရောက်လာတာ သိပ်ဝမ်းသာတာပဲ၊ ရန်ကုန်တက္ကသိုလ်မှာရော၊ နိုင်ငံခြားတက္ကသိုလ်မှာရော၊ စာမေးပွဲတိုင်းဂုဏ်ထူးနဲ့ အောင်မြင်လာခဲ့တဲ့ ပညာရှင်တစ်ယောက်ရဲ့ ကူညီမှုကိုရတယ်ဆိုတော့ အထူးဂုဏ်ယူပါတယ်ကွယ်"

ဗိုလ်မှူးမြတ်သူ၏ ချီးကျူးသံကြောင့် မေသက်နွယ်မှာ ရှက်သွေးကလေးဖြန်းသွားပြီး ....

"ဟာ .... ဆရာက နွယ့်ကို အတော်အထင်ကြီးနေတာကိုး"

"ကြီးရတော့ပေါ့ ဒေါက်တာနွယ်ရယ် .... ဒေါက်တာနွယ်တို့က နိုင်ငံခြားက ခေတ်မီကုသနည်းစနစ်တွေနဲ့ တွေ့ကြုံလာခဲ့တဲ့ ဘီလပ်ပြန်ဒေါက်တာပူပူနွေးနွေးလေးကိုး၊ ပြီးတော့ဒီဆေးရုံက စိတ်ဝင်စားနေတဲ့ ဗိုလ်မှူးမြင့်နိုင်ကိုလည်း ဒေါက်တာ့ဆီမှာအပ်ရမှာပဲ၊ ဘယ့်နဲ့လဲ .... ဒေါက်တာလက်ခံမယ်မဟုတ်လား ...."

"ဆရာချီးမွမ်းနေတာနဲ့ နွယ်တော့ ဘဝင်မြင့်ပြီး သွေးကြီးနေပါအုံးမယ် နွယ်ကခုမှရောက်လာတာဆိုတော့ ဗိုလ်မှူးမြင့်နိုင်ကို ကုလို့ဖြစ်ပါ့မလား .... ဆရာတစ်ယောက်ထဲကုပါဆရာ"

"ကဲလေ .... ဒေါက်တာနွယ် အေးအေးဆေးဆေးညကျတော့ စဉ်းစားကြည့်အုံးပေါ့၊ဆရာကတော့ ဒီလူနာကို ကုသရေးမှာ ဒေါက်တာနွယ်ရဲ့ ကူညီမှုကို အများဆုံးရယူချင်လို့ ခေါ်လိုက်တာ

ပဲ၊ ကဲ .... ကဲ ကော်ဖီနဲ့.မုန့်ကို သုံးဆောင်လိုက်ပါအုံး၊ ဒေါက်တာ ဒီနေ့ပြန်နိုင်ပါပြီ၊ မနက်ဖြန်ကျရင် ဆက်ပြီးဆွေးနွေးတာပေါ့" ဟု ပြောလိုက်သဖြင့် မေသက်နွယ်လည်း ဗိုလ်မှူးမြတ်သူအား နိုင်ငံခြားဆေးရုံတွင် အလုပ်လုပ်ခဲ့သည့် အကြောင်းများနှင့် ပတ်သက်၍ ပြောပြပြီးနောက် ထိုင်ရာမှထလိုက်ကာ .... "ဆရာ ဘယ်လိုရည်ရွယ်ချက်နဲ့ ဗိုလ်မှူးမြင့်နိုင်ကို ကုသရာမှာ နွယ့်အကူ အညီတောင်းခံတယ်ဆိုတာကို စဉ်းစားလို့မရဘူး" ဟု မေသက်နွယ်က နှုတ်ကြောကလေးတွန့်ကာ စဉ်းစားရင်းပြောလိုက်သဖြင့် ဗိုလ်မှူးမြတ်သူက ရယ်မောရင်း ....

"အင်းလေ .... အခုစဉ်းစားမရလဲ နောက်တော့ တဖြေးဖြေး စဉ်းစားလို့ ရလာမှာပေါ့ ဒေါက်တာနွယ်ရယ်"

"ထားလိုက်ပါတော့ဆရာရယ် .... ကျွန်မကို သွားခွင့်ပြုပါအုံး မနက်ကျ (၇)နာရီခွဲ အရောက်လာခဲ့ပါ့မယ်ဆရာ"

"ကောင်းပါပြီခင်ဗျား .... ကျေးဇူးတင်ပါတယ်"

မေသက်နွယ်လည်း နှုတ်ဆက်ပြန်သွားလေ၏။

ဗိုလ်မှူးမြတ်သူမှာ စားပွဲအံဆွဲထဲမှ ဗိုလ်မှူးမြင့်နိုင် ဆေးရုံရောက်သည့်နေ့က ရရှိလိုက်သော မေသက်နွယ်၏ ဓာတ်ပုံနှင့် ဒိုင်ယာရီစာအုပ်ကလေးကို ယူထုတ်ကြည့်လိုက်ပြီး ....

"အင်း .... သူတို့ဇာတ်လမ်းက ဘယ်လိုဖန်တီးကြအုံးမလဲ မသိဘူး၊ ငါ့မှာလဲ ဖူးစာရေးနတ်ဖြစ်မှန်းမသိ ဖြစ်နေပါပြီကော ...." ဟု တိုးတိုးကလေး ရေရွတ်ရင်းပြုံးမိနေလေ၏။

× × ×



## အခန်း ၂

အင်းယားလမ်းရှိ "စံပယ်မြိုင်" ခြံဝင်းထဲသို့မာစီဒီးကားတစ်စီးဝင်ရောက်လာပြီး နှစ်ထပ်တိုက်ဆင်ဝင်အောက်သို့ ထိုးဆိုက်လိုက်သည်နှင့် မေသက်နွယ်လည်း အတွေးပြတ်သွားလေတော့၏။ ကားဆိုက်သံကြောင့် တိုက်အတွင်းမှ အသက် (၆၅) နှစ်ခန့်ရှိ မွန်ရည်သားနားသော လူကြီးတစ်ယောက် ထွက်လာလေသည်။ ၄င်းမှာ မေသက်နွယ်၏ဖခင် အငြိမ်းစားတရားဝန်ကြီး ဦးမျိုးဇင်ပင်ဖြစ်၏။

"ဟော ... ဘယ်နဲ့လဲ .... သမီးအလုပ်ဆင်းတာ စောလှချည်လားကွဲ့ အဆင်ပြေခဲ့ရဲ့လား ...."

"အဆင်ပြေပါတယ် ဒက်ဒီ .... ဆေးရုံက မျက်စိဆရာဝန်ကြီးက သမီးနဲ့.ကျောင်းမှာကတည်းက မျက်မှန်းတန်းမိတဲ့သူပဲ ဒက်ဒီ .... သူ့မိန်းမက သမီးတို့အတန်းက သီသီအုန်းဆိုတာပဲ"

"ဟုတ်လား .... အဲဒီသီသီအုန်းကရော ဒေါက်တာပဲလား"

"ဆရာဝန်မဖြစ်ခင် အိမ်ထောင်ပြုလိုက်တယ်၊ မမသီက အခုကလေးငါးယောက်အမေဖြစ်နေပြီ၊ ဗိုလ်မှူးမြတ်သူက သိပ်သဘောကောင်းတာပဲ .... မမသီက်ကောင်းပါတယ်"

ထိုအခိုက် ထမင်းစားခန်းမှ အသက် (၅၅) နှစ်ရှိသော မေသက်နွယ်၏မိခင်ဖြစ်သူ ဒေါ်သင်းဝေထွက်လာပြီး ....

"ဟင် .... သမီး အစောကြီးပြန်လာရသလား .... အလုပ်ဟန်ကျရဲ့လားသမီး .... ကဲ မာမီတို့ကို ထိုင်ပြီးပြောပြစမ်းပါအုံး သမီးဒီနေ့ဘာတွေလုပ်ရသလဲ ...." ဟု ပြောရင်း သမီးဖြစ်သူအား စေ့စေ့စပ်စပ်ကြည့်၍ "သမီးနေမကောင်းဘူးလား၊ အလုပ်ပင်ပန်းလာသလား .... မျက်နှာဘာပြုလို့ ညှိုးလာသလဲဟင် ...." ဟုပြောကာ မေသက်နွယ်၏နဖူးကို ယုယုယယ စမ်းကြည့်လိုက်ပြီး ....

မေသက်နွယ်လည်း မိခင်ဖြစ်သူအား ပြုံးပြလိုက်ပြီး ....

"သမီးနေကောင်းပါတယ်မာမီ .... ဆေးရုံက ဒေါက်တာတွေရော ဆရာမတွေရော ကြည့်ရတာ သဘောကောင်းပုံရကြပါတယ် ဒီနေ့ အလုပ်မစရသေးဘူး .... နေပူထဲပြန်လာလို့ ခေါင်းနဲနဲကိုက်လို့ပါမာမီ .... မနက်ဖန်မှ သမီး အလုပ်အကြောင်း ပြောပြပါရစေနော် အခုသမီးအနားယူချင်လို့ပါနော်" ဟု အသံကိုတည်ငြိမ်အောင် မနဲကြိုးစားပြောရလေသည်။

ဦးမျိုးဇင်က ....

"ဟုတ်တာပေါ့ .... သမီးတို့အမေကလဲ .... သူ့ခမျာဘီလပ်မှာ (၅) နှစ်လောက်နေခဲ့တော့ ဒီကအပူရှိန်ကို ချက်ချင်းဘယ်ခံလို့ရပါ့မလဲ" ဟု ပြောလိုက်သည်ကို မေသက်နွယ်က ....

"ဒီလိုလဲမဟုတ်ပါဘူး ဒက်ဒီရယ် ...." ဟုပြောရင်း အိမ်ပေါ်ထပ်သို့ တက်သွားလေသည်။

ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့မှာ တစ်ဦးတည်းသော ချစ်သမီးကလေး မေသက်နွယ်အား နေရာတကာတွင် အရေးပေးမြှောက်စားကြသော်လည်း မေသက်နွယ်မှာ လိမ္မာရေးခြားရှိပြီး ပညာဉာဏ်ထက်မြက်သည့်အတွက် မိဘများကသမီးကလေးမျက်နှာညှိုးလျှင် မနေတတ်ကြပေ၊ ယခုလည်း ဒေါ်သင်းဝေကသမီးကလေး ခေါင်းကိုက်သည်ဟုပြောသည့်အတွက် ခေါင်းကိုက်ပျောက်ဆေးပုလင်းကို ယူကာရေခွက်နှင့် အိမ်ပေါ်တက်သွားလေ၏။

သမီးဖြစ်သူအခန်းသို့ ရောက်သောအခါ အိပ်ယာပေါ်တွင် မှောက်နေသော မေသက်နွယ်အားတွေ့ရသဖြင့် ကုတင်နားတွင် ဝင်ထိုင်လိုက်ကာ ...

"သမီး .... ခေါင်းကိုက်နေရင် ဆေးသောက်လိုက်ပါအုံးလား သိပ်ကိုက်နေရင် မာမီနှိပ်ပေးမယ်လေ ...."

"ကိစ္စမရှိပါဘူး မာမီ .... တော်တော်ကြာ ပျောက်သွားမှာပါ" ဟု ငိုသံကလေးနှင့် ပြန်ဖြေလိုက်သဖြင့် ဒေါ်သင်းဝေလည်း ဆေးပုလင်းနှင့် ရေခွက်ကို စားပွဲပေါ်သို့တင်လိုက်ပြီး သမီး၏ကိုယ်လုံးကလေးကို အသာအယာ ဆွဲလှည့်လိုက်ခါ ....

"သမီး .... ဘာပြုလို့ ငိုနေရသလဲ သမီးကလေးရယ် .... မာမီကို ပြောစမ်းပါအုံး .... သမီးပြန်ရောက်လာကတည်းက မျက်ရည်လည်နေတာ မာမီတွေ့ရတယ်၊ ကဲ .... ဘာဖြစ်သလဲ ပြောစမ်းပါအုံး ...." ဟု ချော့မော့နေသဖြင့် မေသက်နွယ်လည်း မိခင်ဖြစ်သူ ရင်ခွင်ထဲသို့တိုးခွေ့ဝင်လိုက်ပြီး ရှိုက်ကြီးတငင် ငိုနေလေ၏။ ဒေါ်သင်းဝေ မှာ သမီး၏ကျောကလေးကို ပွတ်သပ်ပေးရင်း ....

"တိတ်ပါသမီးရယ် .... တော်တော်ကြာပိုပြီး ခေါင်း ကိုက်နေပါအုံးမယ် .... သမီး ဘာဖြစ်လာသလဲဆိုတာ မာမီကိုပြောပြအုံးမှပေါ့၊ ကဲ .... ကဲ ... တိတ်တော့နော် သမီး .... မာမီတို့မှာ သမီးကလေးတစ်ယောက်ထဲရှိတာမို့ သမီးစိတ်ညစ်ရင် မာမီတို့လဲ စိတ်ညစ်တာပဲ၊ သမီးပျော်ရင် မာမီတို့လဲပျော်တာပဲ .... နိုင်ငံခြားကိုတောင် သမီးရဲ့ပညာရေးအတွက်ကြောင့်သာ လွှတ်လိုက်ရတာ မာမီတို့ သိပ်လွမ်းတာသမီးရဲ့ ...." ဟု ချော့နေသဖြင့် မေသက်နွယ်လည်း အငိုရပ်သွားကာ ဝမ်းနည်းသံကလေးဖြင့် ....

"မာမီ .... သမီးဆေးရုံမှာ ဘယ်သူနဲ့တွေ့ခဲ့သလဲသိလား...."

"သမီးပြောမှ သိမှာပေါ့ကွဲ့ ...."

"သမီးတစ်သက်မှာ ပြန်မတွေ့ချင်ဘူးဆိုတဲ့သူကိုမှ သမီးတွေ့ရတယ်.... အဲ့ဒါသမီးဘာလုပ်ရမှာလဲဟင် ...." ပြောလိုက်သဖြင့် ဒေါ်သင်းဝေလည်း နဖူးကြောတွန့်သွားကာ ....

"ဘယ်သူလဲ သမီးဘယ်သူနဲ့ တွေ့ခဲ့တာလဲ ...."



"ဘယ်သူရှိရမှာလဲ မာမီ .... သမီးရဲ့ အသည်းနှလုံးကို ရက်ရက်စက်စက်ချေမွသွားတဲ့ 'ကိုမြင့်နိုင်'ပေါ့၊ သူနဲ့ဆေးရုံမှာ ရင်ဆိုင်ရအုံးမှာပဲ ...." ဟုပြောလိုက်သည့်အတွက် ဒေါ်သင်းဝေ အံ့သြသွားကာ ....

"ဖြစ်မှဖြစ်ရလေသမီးရယ် .... မာမီကို ပြောစမ်းပါအုံး .... သမီးဒီဆေးရုံမှာ လုပ်တယ်ဆိုလို့ သူလာတွေ့တာလား"

"သူသမီးကို လာတွေ့တာမဟုတ်ပါဘူး .... သမီးက သူ့ကို တွေ့ရတာပါ.... သူ့ကိုလူကောင်းတယောက်အနေနဲ့ တွေ့ရရင် သမီးရဲ့စိတ်ဟာ ဒီလောက်ထိခိုက်မှာ မဟုတ်ဘူးမာမီ .... အခုတော့ သမီးမျက်စိအောက်မှာ သူခံစားနေရတဲ့ ဒုက္ခကို တွေ့မြင်နေရတော့ သမီးလဲ ရှေ့တိုးရမလား နောက်ဆုတ်ရမလားဆိုတာ မဝေခွဲနိုင်ဘူးမာမီ ...." ဟု ပြောကာ ဗိုလ်မှူးမြင့်နိုင်၏ အကြောင်းကို ဗိုလ်မှူးမြတ်သူထံမှ သိခဲ့သရွေ့ပြောပြနေလေ၏။ ဒေါ်သင်းဝေမှာ နားထောင်ရင်း စုတ်တသပ်သပ်ဖြစ်နေသည်။ မေသက်နွယ်လည်း အကြောင်းနံကို ပြောပြပြီးနောက် ....

"ကဲမာမီ .... သမီးသူ့ကို မကူညီချင်ဘူး ... မကူညီပဲနဲ့ထားရင်လဲ ဆရာဝန်မဝိသတော့ဘူး .... ဒါကြောင့် သမီးဘာလုပ်ရမလဲဟင် ...."

"အင်း .... သမီးဘယ်လိုခံစားရမလဲဆိုတာ မာမီကိုယ်ချင်းစာကြည့်မိပါတယ် သမီးရယ် ..... ဒါကြောင့် သမီးဘာပဲဖြစ်ဖြစ်အရင်စလို မဆုံးဖြတ်ပါနဲ့အုံးသမီးရယ် .... သမီးဒက်ဒီနဲ့လဲ

တိုင်ပင်ကြည့်ပါအုံး .... ကဲသမီးလဲ စိတ်ပင်ပန်းနေတော့ လန်းဆန်းသွားအောင် ရေချိုးလိုက်ပါအုံး၊ မာမီတို့ သမီးအတွက် ဝိုင်းပြီး စဉ်းစားပေးပါ့မယ်သမီး ကဲ သမီးရေချိုးပြီးရင် စာကြည့်ခန်းထဲကို ဆင်းလာနော် .... မာမီတို့ စောင့်နေမယ်....” ဟုပြော လိုက်သဖြင့် မေသက်နွယ်လည်း ခေါင်းကလေးငြိမ့်ကာ ရေချိုးရန်ပြင်ဆင်နေသဖြင့် ဒေါ်သင်းဝေလည်း အောက်ထပ်သို့ပြန်ဆင်းသွားကာ ဦးမျိုးဇင်အား ပြန်လည်ဖောက်သည်ချနေလေ၏။

× × ×

မေသက်နွယ်မှာ ရေချိုးပြီး အောက်ထပ်သို့ ဆင်းလာသော အခါ စာကြည့်ခန်းတွင် သူမအား အသင့်စောင့်နေသော မိခင်နှင့် ဖခင်ကို တွေ့ရလေ၏။ ဦးမျိုးဇင်က ....

“လာသမီး .... ထိုင်ပါအုံး .... မောင်မြင့်နိုင်နဲ့ ဘယ်လိုပြန်တွေ့ကြတယ်ဆိုတာတော့ သမီး မာမီပြန်ပြောပြလို့သိရပြီ၊ အဲဒီတော့သမီးရဲ့ သဘောကို ပြောပြပါအုံး”....

“ဒက်ဒီ .... သမီးမှာ “ဆုပ်ရင်စူး .... စားရင်ချူး” ဆိုသလို ဖြစ်နေပြီ၊ အစကသမီးသူ့ကို ဒီတစ်သက်မျက်နှာချင်းပြန်မဆိုင်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ အခုတော့ သမီးရဲ့မျက်စိအောက်မှာ သူ့ကိုပြန်တွေ့တော့ သမီးလဲ ဘာလုပ်ရမှန်းမသိဘူး ဒက်ဒီရယ် .... သမီးတော့ သူ့အတွက်အကူအညီတောင်ပေးချင်စိတ်



မရှိတော့ဘူး .... ဗိုလ်မှူးမြတ်သူကလဲ ထုမင်တကာများ သမီးကို ခေါ်တာလားမသိဘူး...မသက်ာစိတ်တောင်ဝင်လာပြီ ”

“သမီးရယ် ...တိုက်ဆိုင်လို့ဖြစ်မှာပေါ့...အင်း ....သမီးပြောပုံထောက်တော့ မောင်မြင့်နိုင်ရဲ့ အခြေအနေဟာ စိုးရိမ်ရတာပေါ့... သမီးအကဲခတ်ကြည့်ရတာကော ဘယ်လိုနေသလဲ သူဟာမျော်လင့်ချက်ရှိသေးရဲ့လား”

“သမီးအထင်တော့ (၈၀)ရာခိုင်နှုန်းဟာ မျှော်လင့်ချက်မရှိဘူး၊(၂၀)ရာခိုင်နှုန်းကတော့ သူ့ကံပဲ.....ဘာပြုလို့လဲဆိုတော့..... ကိုမြင့်နိုင်ဟာစိတ်သိပ်လျော့ထားတယ်....ဒါကြောင့်သေမလား .... ရှင်မလားဆိုတာ တထစ်ချမပြောနိုင်သေးဘူး၊ ဝိန်လိုက်တာလွန်ရောပဲ....သမီးဖြင့်မနဲကြည့်ယူရတယ်၊ မျက်စိနှစ်ဘက်စလုံးကလဲ ပတ်တီးစည်းထားတော့ မြို့းကနဲမသိဘူး ... လက်မောင်းက ဓါးရှထားတဲ့ အမာရွတ်ကိုတွေ့တော့မှ သူမှန်းသိတော့တယ် ... အစကနံမည်တူသူလို့ထင်နေတာ ...”ဟုပြောပြီး မေသက်နွယ်လည်း သက်ပြင်းတစ်ချက်ချလိုက်ရင်းဆက်၍ “ခက်တယ်ဒက်ဒီ သမီးဘာလုပ်ရမှန်းကို မသိတော့ဘူး” ဟု ပြောလိုက်ရာ ဒေါ်သင်းဝေက ....

“သမီး .... အခုဆေးရုံမှာ ဓာတ်အကူအညီသွားပေးတာ မောင်မြင့်နိုင်သိသလား ..”

“မသိဘူး မာမီ .... သူ့ကို အိပ်ဆေးထိုးထားလို့ သမီးရောက်မှန်းမသိဘူး ....” ဟု ပြောလိုက်သဖြင့် ဦးမျိုးဇင်က အနည်းငယ်

စဉ်းစားပြီး ...

"ကဲ .... သမီး .... ဒက်ဒီတစ်ခုမေးမယ် .... သမီးစဉ်းစားပြီးဖြေနော် .... သမီးဘယ်လို ခံစားရသလဲဆိုတာ ဒက်ဒီသိပါတယ်၊ ဒါပေမဲ့ .... အခု ဒက်ဒီမေးတာကို သမီးရဲ့နှလုံးသားခံစားချက်ပေါ်မှာမူတည်ပြီး မဆုံးဖြတ်ပဲ .... သမီးရဲ့အသိဉာဏ်နဲ့ယှဉ်ပြီး ဆုံးဖြတ်စေချင်တယ် .... ဘယ်နဲ့လဲ သမီးဖြေနိုင်ပါ့မလား ...."

"ဒက်ဒီမေးတာကို သမီးဖြေပါ့မယ် ...."

"ကောင်းပြီ သမီး ....ဒက်ဒီ့သမီးက လိမ္မာပါတယ်ကွယ် ... သမီး ဒီဆေးပညာကို လိုက်စားတာ လူနာတွေကို ကယ်တင်ဘို့ပဲ မဟုတ်လား ...ဒီတော့ ရန်သူပဲဖြစ်ဖြစ် မိတ်ဆွေပဲဖြစ်ဖြစ် လူနာဟာလူနာပဲ ဒါကြောင့် ရန်သူရယ် မိတ်ဆွေရယ် .... မုန်းသူရယ် ချစ်သူရယ် မခွဲခြားပဲ၊ကုသနိုင်မှ ဆရာဝန်ကောင်းပီသမှာ ၊သမီးဘွဲ့နှင်းသဘင်မှာဆရာဝန်ဘွဲ့ယူတုန်းက၊အဓိပတိမိန့်ခွန်းထဲမှာမေးတာကိုသမီးကတိပေးခဲ့ရတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဒက်ဒီ ..."

"အင်း ... ဒီတော့ သမီးပေးထားတဲ့ ကတိအတိုင်း အခုအကောင်အထည်ဖော်ပြရမယ် .... သမီးဟာ ကတိတည်သလား မတည်ဘူးလားဆိုတာ အခုရင်ဆိုင်တွေ့တုံ့မှာ ကျင့်သုံးရတော့မယ် .... ဒက်ဒီ့ သမီးဟာ ဆရာဝန်ကောင်းတစ်ယောက်ပီသသလား မပီသဘူးလားဆိုတာပြနိုင်ရမယ်၊ ဆေးကုတတ်တိုင်း ဆရာဝန်ပီသတာမဟုတ်ဘူး၊ တာဝန်ဝတ္တရားနဲ့ ကိုယ်ရေးကိုယ်



တာဟာ မရောရဘူးသမီး .... မောင်မြင့်နိုင်ရဲ့ မေတ္တာကို သမီးပြန်လက်မခံချင်ပေမဲ့ သူ့ကို လူနာတစ်ယောက်လို သဘောထားပြီး ရောဂါပျောက်ရေးကိုသာ အဓိကထားရမယ် .... သမီး အဲ့ဒီလိုစိတ်ထားပြီး ကုသပေးရင် သမီးလိုစိတ်ထားမွန်မြတ်တဲ့သူ မြင့်မြတ်တဲ့သူ သဘောထားကြီးတဲ့သူ တာဝန်နဲ့အချစ်စိတ်ကို ခွဲခြားနားလည်တဲ့သူဟာ တစ်နေ့တော့ စိတ်ချမ်းသာမှုအပြည့်အဝရမှာပါပဲ ဒီတော့ ဒက်ဒီ့သဘောက မောင်မြင့်နိုင်ရဲ့ အသက်ကို တတ်နိုင်သလောက် ကယ်တင်လိုက်ပါသမီး၊ ခေါင်းမရောင်လိုက်ပါနဲ့၊ သူ့လို သားကောင်းရတနာတစ်ယောက်ရဲ့ အသက်ဟာ အဖိုးတန်ပါတယ်သမီးရယ် .... အင်းလေ .... သမီးလဲ စဉ်းစားတတ်တဲ့အရွယ်ပဲ ဒီတော့ခေါင်းအေးအေးထားပြီး စဉ်းစားပါသမီးရယ် ... ဒက်ဒီ့အမြင်ကတော့မောင်မြင့်နိုင်ကိုလည်း အပြစ်မမြင်ဘူးသမီးကိုလည်းအပြစ်မမြင်ဘူး .... သမီးတို့ဟာ တစ်ယောက်ကိုတစ်ယောက် ချစ်ရက်သားနဲ့ ကွဲကွာနေကြတာ စိတ်မကောင်းပါဘူး၊ ကဲလေ .... ကိုယ်ရေးကိုယ်တာကိစ္စကတော့ နောက်မှသမီးစဉ်းစားတာပေါ့ကွယ်၊ လောလောဆယ် မောင်မြင့်နိုင်ကို ကုသရာမှာ ကူညီဖို့မကူညီဖို့ကို အရင်ဆုံးဖြတ်ပေါ့ ...." ဟု စိတ်ရှည်လက်ရှည်ပြောပြနေသဖြင့် မေသက်နွယ်လည်း နှုတ်ခမ်းကလေးကိုကိုက်ကာ အတန်ကြာစဉ်းစားနေပြီးနောက် ထိုင်ရာမှထကာ ....

"ဒက်ဒီ ...သမီးကို အခုလို ကိုယ်ရေးကိုယ်တာနဲ့ တာဝန်ဝတ္တရားမရောယှက်အောင် သတိပေးတာကို ကျေးဇူးတင်ပါတယ်

ဒက်ဒီ .... ဒက်ဒီပြောသလိုပဲ ကိုမြင့်နိုင်ကို သမီးရဲ့ချစ်သူ တစ်ယောက်အနေနဲ့မမြင်ပဲ .... တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေတဲ့ ရေတပ်မတော်အရာရှိ တစ်ဦးအနေနဲ့ မြင်ပါ့မယ်ဒက်ဒီကဲ .... မာမီ .... သမီး ဒီနေ့ ထမင်းမစားချင်တော့ဘူး၊ သမီး အေးအေးဆေးဆေး တစ်ယောက်တည်းနေချင်လို့ ခွင့်ပြုပါအုံး မာမီ" ဟု ပြောဆိုပြီးအိမ်ပေါ်သို့တက်သွားလေ၏။ ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့လည်း သမီးဖြစ်သူအား ကရုဏာသက်စွာကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

× × ×

မေသက်နွယ်မှာ အိပ်ယာပေါ်တွင် လှဲနေသော်လည်း အိပ်မပျော်နိုင်ပဲ ဗိုလ်မှူးမြင့်နိုင်၏အကြောင်းကိုသာ စဉ်းစားနေမိလေ၏။ ဆေးရုံမှ ပြန်ရောက်ကတည်းက မေသက်နွယ်မှာ သူမ၏ချစ်သူအား အာရုံမှဖျောက်ပစ်ရန် ကြိုးစားသော်လည်း မရနိုင်ခဲ့ပေ။ သူမ၏ချစ်လှစွာသော 'မောင်' မှာ သူမအပေါ်သစ္စာဖောက်ပြီး အိမ်ထောင်ပြုသွားသည့်အတွက် စိတ်အနာကြီးနာခဲ့သော်လည်း ယခုကဲ့သို့ မိမိရှေ့မှောက်တွင် ဝေဒနာအမျိုးမျိုးခံစားနေရသည်ကို တွေ့ရသောအခါ မျက်နှာလွှဲ၍မသွားရက်နိုင်



အောင်ဖြစ်နေလေ၏။ မေသက်နွယ်မှာ ကုတင်ပေါ်တွင် ဘယ်လူးညာလှိမ့်နှင့် အိပ်မရသဖြင့် သက်ပြင်းကလေးမှုတ်ထုတ်ကာ ကုတင် ဘေးရှိ စားပွဲအံဆွဲထဲမှ တရိတသေသိမ်းထားသော ဓာတ်ပုံ (အယ်လ်ဘန်) စာအုပ်ကို ထုတ်ယူကြည့်မိလေ၏။

ဓာတ်ပုံစာအုပ်ကို ဖွင့်လိုက်သည်နှင့်တပြိုင်နက် ပထမစာမျက်နှာတွင် မေသက်နွယ် (၁၃)နှစ်အရွယ်ခန့်က မြင့်နိုင်၏ညီငယ်သုံးဦးနှင့်အတူ ရိုက်ထားသော ဓာတ်ပုံများနှင့် မေသက်နွယ် (၁၄)နှစ်အရွယ်၊ မြင့်နိုင် (၁၅) နှစ်အရွယ်က ပိတောက်ပန်းများနှင့်အတူတွဲ၍ ရိုက်ထားသော ဓာတ်ပုံတစ်ပုံ၊ ရေတပ်မတော်ဝတ်စုံအပြည့်နှင့် မြင့်နိုင်(၂၁)နှစ်အရွယ်က ရိုက်ထားသော ဓာတ်ပုံများကို တွေ့ရသဖြင့် မေသက်နွယ်မှာ ကြည့်ရင်းကြည့်ရင်း စိတ်ထဲမှာ လှုပ်ရှားလာကာ ခေါင်းအုံးပေါ်သို့ မျက်နှာမှောက်ချလိုက်ရာတွင် မေသက်နွယ်၏ စိတ်များမှာ လွန်ခဲ့သော နှစ်ပေါင်း(၁၇) နှစ်ဆီသို့ ပျံလွှင့်သွားလေတော့၏။

× × ×

## အခန်း ၃

၁၉၄၅-ခု၊ မတ်လတွင် အမှတ် (၁၉)အိန္ဒိယတပ်မဟာ သည် မန္တလေးမြို့ကို ပြန်လည်၍ သိမ်းပိုက်ပြီးသည့် နောက်ပိုင်း တွင် မြန်မာပြည်၏အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာခဲ့ လေ၏။ မဟာမိတ်တပ်များ ရန်ကုန်ကိုမဝိုင်းမီ ဧပြီလ (၂၃) ရက် နေ့က ဗျပန်များ ရန်ကုန်မှ ထွက်ခွာသွားကြသည့်အတွက် ဗြိတိသျှ တပ်များ ရန်ကုန်သို့ ဝင်ရောက်လာခဲ့လေ၏။ ရန်ကုန်မြို့ကြီးကို ကက်(စ)ဘီ (ခေါ်) စစ်အုပ်ချုပ်ရေးအဖွဲ့က အုပ်ချုပ်လိုက်ရာ ပြန် လည်၍ စည်ကားလာခဲ့လေ၏။

စက်တင်လာလ (၉)ရက်နေ့နံနက် (၉)နာရီလောက်တွင် ရန်ကုန်မြို့ ကန်တော်ကြီးနား၌ 'ပိတောက်မြိုင်ရိပ်သာ' ဟု ဆိုင်း ဘုတ်တပ်ထားသော ခြံကြီးထဲသို့ စစ်လော်ရီကားကြီးနှစ်စီး ဝင်ရောက်လာကာ နှစ်ထပ်တိုက်၏ဆင်ဝင်အောက်သို့ ထိုးဆိုက်



လာသဖြင့် အိမ်တွင်းမှ အသက်(၅၀) ခန့်ရှိ ယစ်မျိုးဝန်ထောက် ဦးအောင်သန်းနှင့် ၄င်း၏ဇနီးအသက် (၄၆) နှစ်ရှိ ဒေါ်လှခင်တို့မှာ ဝမ်းသာအားရ ထွက်လာကြပြီး တံခါးဖွင့်ပေးလိုက်လေ၏။

ဦးအောင်သန်းက .... "မောင်မျိုးဇင်တို့မိသားစုပါလား .... လာကြ .... လာကြ .... ဒို့မှာဖြင့် မင်းတို့ဆီက စာရကတည်းက နေ့တိုင်းမျှော်နေကြရတယ်" ဟုပြောလိုက်ရာ ဂျစ်ကားပေါ်မှ အသက် (၄၈) နှစ်အရွယ်ရှိ ဦးမျိုးဇင်၊ ၄င်း၏ဇနီးဖြစ်သူ အသက် (၃၈) နှစ်အရွယ်ရှိ ဒေါ်သင်းဝေနှင့် အသက် (၁၂) နှစ်အရွယ်ရှိ ၄င်းတို့၏တစ်ဦးတည်းသော သမီးကလေး မေသက်နွယ်တို့ ဆင်း လာကြလေ၏။

ဦးမျိုးဇင်က ... "ကျွန်တော်တို့လည်း အစ်ကိုသန်းဆီ စာရေး ပြီးကတည်းက ပြောင်းလာကြမလို့ပဲ၊ မော်တော်ကား အဆင်မပြေ သေးတဲ့အတွက် ကြာသွားတာပါ" ဟု ပြောလိုက်ရာ ....

ဒေါ်လှခင်က " လာ .... လာ .... ထိုင်ကြပါအုံး၊ ပစ္စည်း တွေကိုတော့ အပေါ်တစ်ခါတည်း တင်ခိုင်းလိုက်တာပေါ့" ဟု ပြောရင်း တဆက်တည်းပင် အခန်းတွင်းသို့လှမ်းပြီး "သမီးရေ၊ ညည်းရဲ့အန်ကယ်တို့ ရောက်လာကြပြီ၊ အပေါ်ထပ်က သော့ကို လိုက်ဖွင့်ပေးလိုက်ပါအုံး" ဟု အော်ပြောလိုက်သဖြင့် အခန်းတွင်းမှ အသက် (၂၀) အရွယ်ရှိ ဦးအောင်သန်း၏ သမီးကြီး ကြည်ကြည် ထွက်လာလေ၏။

ဦးအောင်သန်းက

"မောင်မျိုးဇင်၊ မင်းသူ့ကို မှတ်မိသလား၊ ကြည်ကြည်လေ ...." ဟု ပြောပြပြီးနောက် တစ်ဖန် သမီးဘက်လှည့်ကာ " သမီး .... မင်းအန်ကယ်ကို မှတ်မိလား" ဟု မေးလိုက်ရာ .... နဲနဲတော့ မှတ်မိပါတယ်၊ သမီးတို့ စစ်ပြေးတုန်းက မေမြို့မှာအတူတူနေတဲ့ အန်ကယ်မဟုတ်လား" ဟု ကြည်ကြည်က ပြောလိုက်သဖြင့် ဦးမျိုးဇင်က ....

"ဟုတ်တာပေါ့ .... ကြည်ကြည်တို့ အန်ကယ်တို့အိမ်မှာလာနေတုန်းက ကြည်ကြည်အသက် (၁၇) နှစ်လောက်ရှိအုံးမယ်၊ နောက်တူမထက် အငယ်စုစုက (၁၆) နှစ်လောက်ရှိပြီးအပါက (၁၄)နှစ်၊ အပါထက်အငယ် အတူးက (၁၂) နှစ်၊ နောက်ဘယ်သူ 'ကြီးလာရင်မျက်စိဆရာဝန်လုပ်မယ်ဆိုတဲ့ချာတိတ်' ဟု ပြောရင်း စဉ်းစားနေသဖြင့် ကြည်ကြည်က ....

" အချို့ကို ပြောတာလား"

" အေး ... အေးဟုတ်တယ်၊အချို့က(၁၀)နှစ်လောက်ရှိသေးတာ၊ နောက်အငယ်ဆုံး ညီညီကသမီးလေးနဲ့ ရွယ်တူပဲ" ဟု ဦးမျိုးဇင်က ပြောလိုက်သဖြင့် ဦးအောင်သန်းက ....

" အင်း .... မောင်မျိုးဇင်တို့များ တရားရေးဌာနမှာလုပ်တဲ့ အမှုထမ်းရယ်လို့ မပြောရဘူး၊ အကုန်မှတ်မိတာပဲ၊ မင်းတို့နဲ့ ကွဲသွားပြီးမှ သားတစ်ယောက် ထပ်တိုးလိုက်သေးတယ်"

"ဟုတ်လား .... ကျွန်တော်တို့တော့ ရှိစုမဲ့စု ရှားရှားပါးပါး



တစ်ယောက်ပဲ၊ မမခင်ကိုတော့ တိုင်းပြည်အတွက် သားကောင်းရတနာတွေ ထွန်းကားအောင် မွေးထုတ်ပေးလို့ အစိုးရက ဆုငွေချီးမြှင့်ပေးဖို့ကောင်းတယ်"

"အင်း .... သားကောင်းတွေပဲ ဖြစ်မလား၊ မျောက်လောင်းတွေပဲဖြစ်မလား ကြည့်ရသေးတာပေါ့ မောင်မျိုးဇင်ရယ်" ဟုပြောလိုက်ရာအားလုံးက ဝိုင်းရယ်ကြလေ၏။

ဒေါ်သင်းဝေက.... "အစ်ကိုအောင်သန်းတို့ကလဲ ကျွန်မတို့ အောက်ထပ်မှာနေမှာပေါ့၊ ဘာပြုလို့ အပေါ်ထပ်ကို ပေးရတာလဲ" ဟုပြောရာ ဦးအောင်သန်းက လက်ကာရင်း ....

" မဖြစ်ဘူး .... မဖြစ်ဘူး၊မသင်းဝေတို့က မိသားစုသုံးယောက်ထဲ၊ တိတ်တိတ်ဆိတ်ဆိတ်နေကြမှာ၊ အစ်ကို့မှာက မျောက်လွဲကျော်တွေ တပြုံကြီးနဲ့၊ ဒါ့ကြောင့် သူတို့ကို အောက်ထပ်ရွှေ့ခိုင်းထားတာ" ဟု ပြောပြလေ၏။

ထို့နောက် အလုပ်သမားများ ပစ္စည်းသယ်နေသည့် အချိန်တွင် ဦးမျိုးဇင်တို့လည်း ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြားနေလေ၏။

ဒေါ်သင်းဝေက စကားဖြတ်ပြီး ...

"ကဲ .... အစ်ကိုအောင်သန်းနဲ့ မမခင်၊ ကျွန်မတို့ကို ခွင့်ပြုပါအုံး၊ အပေါ်မှာပစ္စည်းတွေ နေရာချလိုက်အုံးမယ်၊ ညကျမှပဲ အေးအေးဆေးဆေးစကားပြောကြတာပေါ့ ... ကလေးတွေအားလုံးကိုလဲ ညကျမှတွေ့ရအုံးမယ်" ဟု ပြောလိုက်ရာ ....

ဒေါ်လှခင်က .... "ဒါပဲနော်၊ မသင်းဝေတို့မိသားစုအတွက် ညစာအဆင်သင့် ချက်ထားတယ်၊ အောက်ထပ်မှာ စားရမယ်နော်" ဟု ပြောလိုက်ပြီးနောက် ဦးမျိုးဇင်တို့မိသားစုလည်း နှုတ်ဆက်ကာ အပေါ်ထပ်သို့ တက်သွားကြလေ၏။

× × ×

ညဝိုင်းသို့ရောက်သောအခါ ဦးမျိုးဇင်တို့ မိသားစုသုံးယောက်လည်း ညစာကိုဦးအောင်သန်း၊ဒေါ်လှခင်နှင့် ကြည်ကြည်တို့ညီအစ်မနှင့်အတူ စုပေါင်းစားကြလေ၏။ ထမင်းစားပြီးသောအခါ ခြံထဲတွင် ကုလားထိုင်များချထားသဖြင့် ဦးမျိုးဇင်နှင့် ဦးအောင်သန်းကတစ်တွဲ၊ ဒေါ်သင်းဝေနှင့် ဒေါ်လှခင်ကတစ်တွဲ၊ ကြည်ကြည်၊ စုစုနှင့်မေသက်နွယ်တို့ကတစ်တွဲထိုင်ပြီး စကားလက်ဆုံကျနေကြလေ၏။

ဦမျိုးဇင်က ... "ဘယ့်နယ့်လဲ သားတော်မောင်တွေ တစ်ယောက်မှ မတွေ့ပါလား၊ ခေါ်ပြပါအုံးမမခင် " ဟုပြောလိုက်သည့်အတွက် ဒေါ်လှခင်လည်း ကြည်ကြည်ကိုလွှတ်ပြီး သားများကို အခေါ်ခိုင်းလိုက်လေ၏။

မကြာမီ ယောကျ်ားကလေးငါးယောက် အစီအရီထွက်လာ



ကြသည်ကိုတွေ့ရပြီး ဦးအောင်သန်းနားသို့ လာရပ်လေ၏။ ဒေါ်လှခင်က အသက် (၁၇)နှစ် အရွယ်ရှိသားအား ညွှန်ပြရင်း

"အဲဒါအပါပဲ ... အခုတော့ မောင်စိုးလှိုင်လို့ခေါ်တယ်၊အခုသူက တက္ကသိုလ်အကြိုသင်တန်းကျောင်းမှာ (၁၀) တန်းတက်နေရတယ်" ဟု ပြောပြီး အသက် (၁၅) နှစ်အရွယ်သားအား ညွှန်ပြရင်း ....

"သူက အတူးပဲ၊ အခုတော့ မောင်စိုးနိုင်လို့ခေါ်တယ်၊ ပြည်လမ်းက ထရိန်နင်ကောလိပ် (ဆရာဖြစ်သင်တန်းကျောင်း တီ-တီ-စီ) မှာ (၉) တန်း" ဟု ပြောရင်းသားများဘက်သို့ လှည့်ကာ ....

"ဟဲ့ .... အချို့တစ်ယောက်ကော၊ ခေါ်တာ ဘာဖြစ်လို့မလာတာလဲ" ဟု မေးလိုက်ရာ မည်သူမျှပြန်မဖြေကြပဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြလေ၏။ ဒေါ်လှခင်က စိတ်မရှည်သော လေသံဖြင့်ထပ်၍ ....

"ဟဲ့ .... ငါမေးနေတာ မကြားဘူးလား .... အချို့ဘာလုပ်နေသလဲ" ဟု မေးနေသဖြင့် သားအငယ်ဆုံး အသက် (၃) နှစ်အရွယ်ရှိ ဖိုးထွေးက ...

"မေမေ ကိုလေးချို့က မမကြီးလာခေါ်တော့ ဒီဇော့်သည်တွေနဲ့ သူနဲ့ဘာမှမဆိုင်ဘူးတဲ့၊ ဘာပြုလို့ထွက်နှုတ်ဆက်ရမှလဲတဲ့၊ သူတို့ကြောင့် ဒို့ဘုံဗျောက်တာမဟုတ်လား၊ မေမေ ငါ့ကို မေးရင် ခေါင်းကိုက်လို့ အိပ်နေတယ်လို့ ပြောဖို့ ကျွန်တော့်ကိုမှာ

ထားတယ်"

ဦးအောင်သန်းနှင့် ဒေါ်လှခင်တို့မှာ ဖိုးထွေးစကားကြောင့် ဦးမျိုးဇင်တို့ကို အားနာသွားကြလေ၏။

"ဒီကောင်လေး အရိုက်ခံထိမယ်နော် ... အခုတလော ဘာဖြစ်နေလဲမသိဘူး" ဟု ဒေါ်လှခင်က ညည်းညူလိုက်ပြီးနောက် အသက် (၁၂) နှစ်အရွယ်ရှိသားကို ညွှန်ပြရင်း ...

"ညီညီကတော့ မေသက်နွယ်နဲ့ ရွယ်တူပဲ၊ အခု (၆) တန်းမှာ ပညာသင်နေတယ်" ဟု ပြောပြီးအသက်(၃)နှစ်အရွယ် အငယ်ဆုံးဖိုးထွေးအား ညွှန်ပြရင်း ....

" အငယ်ဆုံးသား ဖိုးထွေးကတော့ မောင်မျိုးဇင်တို့ပြောင်းသွားပြီးမှမွေးတာ .... သူငယ်တန်းအကြီးတန်းမှာ၊ သားအကြီးဆုံးကလွဲရင် အားလုံးထရိန်နင်ကောလိပ်မှာ နေကြတယ်။ ကဲ .... မင်းတို့အားလုံးမှတ်ထားကြ၊ ဟောဒါက အန်ကယ် ဦးမျိုးဇင်၊ ဟောဒါက အန်တီဒေါ်သင်းဝေတဲ့၊ ဟောဒါက သမီးကလေး မေသက်နွယ်တဲ့၊ မင်းတို့အားလုံး သမီးလေးကို ကိုယ့်အစ်မလို နှစ်မလို ချစ်ချစ်ခင်ခင်နေကြရမယ်နော် .... သမီးလေးကလဲ အစ်ကိုအရင်း မောင်အရင်းလို သဘောထားနော် .... ဟုတ်လား၊ ကဲ .... မင်းတို့ စာသွားကျက်ကြတော့"

"မေမေ .... ကျွန်တော်ဒီနေ့ကစပြီး အစ်မအသစ်ရလို့ မမလေးကို မမလတ်၊ အစ်မအသစ်ကို မမလေးလို့ခေါ်မယ်နော် ...." ဟု ဖိုးထွေးက ပြောလိုက်သဖြင့် အားလုံးဝိုင်းရယ်ကြလေသည်။

× × ×



မေသက်နွယ်တို့ ပြောင်းလာပြီးသည့် နောက်ပိုင်းတွင် မေသက်နွယ်မှာ ညီညီတို့ ညီအစ်ကိုမောင်နှစ်မတစ်စုနှင့် ချစ်ချစ်ခင်ခင်နေထိုင်ကြသော်လည်း ယခုထက်တိုင် အတွေ့မခံပဲ ရှောင်ဖယ်ဖယ်လုပ်နေသော အချို့ဆိုသူအား နားမလည်နိုင်ပဲရှိလေ၏။

တစ်နေ့တွင် မေသက်နွယ်လည်း အချို့က သူမအပေါ်မည်သည့်အတွက်ကြောင့် ရန်လုပ်နေသည်ကို သိလိုသဖြင့် ကစားဖော်ကစားဘက်များဖြစ်သော ညီညီ၊ အေးအေးနှင့် ဖိုးထွေးတို့အား ချော့မော့မေးနေလေ၏။

"ညီညီ ..... နွယ်ဟာ မင်းတို့သုံးယောက်နဲ့ နေ့တိုင်း ခင်ခင်မင်မင်ကစားတယ်မဟုတ်လား .... နွယ့်ကိုကောတကယ်ခင်ရဲ့လား"

"တကယ်ခင်ပါတယ်" ဟုအားလုံးပြိုင်တူပြောကြသဖြင့် မေသက်နွယ်က ....

"ကောင်းပြီ တကယ်ခင်ရင် နွယ်မေးတာကို ဖြေရမယ်နော်" ညီညီက ....

"ဖြေမယ်လေ .... ကြိုက်တာမေး"

"ကဲ .... ဒီလိုဆိုရင်မေးမယ် .... ညီညီတို့ အစ်ကိုလေး အချို့ကနွယ့်ကို ဘာဖြစ်လို့ အတွေ့မခံရတာလဲ၊ နွယ်တို့ရောက်တဲ့နေ့ကခေါ်တော့လဲထွက်မလာဘူး၊ အဲဒါဘာပြုလို့လဲဟင် နွယ်သိချင်လို့ပါ"

ညီအစ်ကိုသုံးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်

ကြည့်ပြီး ပြောရကောင်းနိုးနိုးမပြောပဲနေရ ကောင်းနိုးနိုးနှင့် ဝေခွဲမရ ဖြစ်နေစဉ် မေသက်နွယ်က ....

"နွယ့်ကို မခင်ရင် မပြောပဲနေကြပေါ့၊ ဒက်ဒီကို အိမ်အမြန် ဝယ်ဘို့ ပူဆာလိုက်မယ်"

"ကဲလေ .... မင်းတို့မခင်ရင် မကစားတော့ဘူး၊ အိမ်ပေါ် တက်တော့မယ်" ဟု ပြောရင်း မေသက်နွယ်က သွားမည်အပြု သုံးယောက်စလုံး မေသက်နွယ်အား ဝိုင်းတားကြလေ၏။ ဖိုးထွေးက မေသက်နွယ်၏လက်ကိုဆွဲထားပြီး ....

"မမလေး .... ကျွန်တော်တို့ကို စိတ်မဆိုးပါနဲ့နော် အုန်ကယ့် ကိုလဲ အိမ်ဝယ်ဘို့မပူဆာပါနဲ့၊ မေမေက ကျွန်တော်တို့အားလုံး ကို အစ်ကိုချို့အကြောင်းပြောပြရင် ကြိမ်လုံးနဲ့ ရိုက်မယ်ဆိုလို့ ကျွန်တော်တို့ မပြောဝံ့တာပါ၊ မမလေးသိချင်ရင် ကျွန်တော်တို့ သုံးယောက်စလုံး အရိုက်ခံပြီးပြောပြပါ့မယ်"

မေသက်နွယ်မှာ ဖိုးထွေးစကားကြောင့် သနားသွားကာ ....

"မင်းတို့အရိုက်ခံရမယ်ဆိုရင် နွယ်မသိချင်တော့ပါဘူး"

"နွယ်နွယ်သိချင်ရင် ညီညီပြောပြပါ့မယ် .... ဒါပေမဲ့စိတ်မ ဆိုးရဘူးနော် .... ပြီးတော့ .... ဘယ်သူ့ကိုမှ ပြန်မပြောရဘူး ဟုတ်လား"

"နွယ်ဘယ်သူ့မှ ပြန်မပြောပါဘူး၊ စိတ်ချပါ၊ ပြောပါကွယ် ညီညီနော်"

"နွယ်နွယ်တို့ ပြောင်းမလာခင်က ကိုကြီးရယ်၊ ကိုလတ်ရယ်၊



ကိုလေးချို့တို့ သုံးယောက်က အပေါ်ထပ်မှာ တစ်ခန်းစီနေကြတယ် ကျွန်တော်တို့သုံးယောက်က တစ်ခန်းနေကြတယ်၊ နွယ်နွယ်တို့ ပြောင်းလာတော့မယ်ဆိုလို့ ဖေဖေက ကျွန်တော်တို့ ညီအစ်ကို အားလုံးကို အောက်ပြောင်းခိုင်းတယ်လေ၊ အားလုံးက ရောရောရွှ ပြောင်းကြပေမဲ့ ကိုလေးချို့က ဆူဆူအောင့်အောင့်လုပ်တယ်၊ ဒါ ကြောင့် ဖေဖေက သူ့ကိုရိုက်တော့ သူကကျွန်တော်တို့ကိုပြောတယ်၊ မေသက်နွယ်လာလို့ ရွှေထွက်တယ်ဆိုတောင် ငါစိတ်မဝင်စားဘူး၊ ခေါ်လဲမခေါ်ဘူးတဲ့ ...သူတို့ကြောင့် ငါ့အခန်းနဲ့ ငါမနေရတော့ ဘူးတဲ့၊ ဒီဂြိုဟ်ကောင်မလေး ရောက်လာတာရွှပ်ကိုရွှပ်တယ်တဲ့"

မေသက်နွယ်မှာနားထောင်ရင်း မျက်နှာရှုံ့မဲ့သွားလေ၏။ ညီညီကတစ်ဖန်ဆက်လက်၍ ....

"နွယ်နွယ်တို့ရောက်တဲ့နေ့က မေမေကသူ့ကိုခေါ်ခိုင်းလို့ သွားခေါ်တုန်းကလဲ မထွက်လာတာနဲ့ ညကျတော့ အရိုက်ခံရသေး တယ်၊ သူအဆူအရိုက်ခံရလေ နွယ်နွယ်ကိုမုန်းလေပဲ" မေသက် နွယ်မှာ ခေါင်းတငြိမ့်ငြိမ့်နှင့်နားထောင်နေလေ၏။ အေးအေးက ...

"မနေ့ကလဲ မေမေကအကိုချို့ကို အပေါ်ထပ်ကိုမုန့်သွားပို့ ဆိုပြီးခိုင်းတာ သူမပို့ချင်ဘူး၊ ညီညီတို့ကိုပဲခိုင်းပါဆိုတာနဲ့ မေမေ ကသူ့ကိုမပို့ရင်ရိုက်မယ်လို့ ကြိမ်းတော့ မေမေရှေ့မှာ ပို့မလိုလိုနဲ့ ပန်းကန်ကိုင်ထွက်လာပြီး အပေါ်တက်တဲ့လေခါးနားရောက်တော့ မုန့်တွေထိုင်စားပါလေရော၊ ဒါကိုမမလေးကတွေ့လို့ သူ့ကိုဆူ တာပေါ့ ကိုလေးချို့က ဘာပြန်ပြောတယ်မှတ်သလဲ ဒီမုန့်တွေက

ဟို ဂြိဟ်ကောင်မလေးအတွက်မို့. စေတနာကိုမရှိဘူးတဲ့ ... ဒါကြောင့် သူကျေးမဲ့အစား ကျွန်တော်စားပစ်ပြီး အရိုက်ပဲခံမယ်တဲ့ မမလေးလဲ မမေသိရင် ဒေါကန်မှာစိုးလို့. မုန့်.ပန်းကန် အသစ်ယူပြီး ကျွန်တော်ကိုပို့ခိုင်းတာပဲ"

မေသက်နွယ်မှာ ညည်နှင့် အေးအေးတို့ စကားကြောင့် အချို့.အားဒေါပွနေလေ၏။ ညည်က ....

"ကဲ .... နွယ်နွယ် သိချင်တာသိရပြီမဟုတ်လား၊ စိတ်မဆိုးရဘူးနော် .... သူကလွဲရင်အားလုံးက ခင်ကြတာပဲဟာ သူ.ကို ဂရုစိုက်လို့." ဟု အားပေးနေသဖြင့် မေသက်နွယ်လည်း မျက်နှာပြုံးလိုက်ပြီး .... "အေးကွယ် .... ရုတ်တရက်ကြားရတော့ ဒေါပွသွားတာပေါ့၊ တကယ်ဆိုတော့ နွယ်တို့ကဧည့်သည် မဟုတ်လား၊ ဒါတောင် ဒက်ဒီနဲ့.မာမီကလဲ နွယ့်ကို ဒီမှာခဏလာနေတုန်းသည်းခံရမယ်တဲ့၊သူ.အခန်းဖယ်ပေးရတာ စိတ်မကောင်းပါဘူးကွာ ... အိမ်ရှင်ကငြိုငြင်နေတော့ နွယ်ကဘယ်နေတတ်ပါ့မလဲ"

"မမလေး .... ကိုချိုကအိမ်ရှင်မှမဟုတ်တာ၊အိမ်ရှင်ကဖေဖေနဲ့ မေမေပဲ" ဟုဖိုးထွေးကြားဖြတ်ပြောလိုက်သဖြင့် မေသက်နွယ်က ဆက်၍ ....

"အင်းလေ ...ဒီမှာသိပ်ကြာကြာမနေပါဘူးကွယ် ...ဒက်ဒီကအဆင်ပြေရင် အင်းယားဘက်မှာ တိုက်ဝယ်မယ်လို့ ပြောတယ်.... ဟောဟိုမှာ နာမည်ချိုပြီး လူကချဉ်စရာကောင်းတဲ့ ချဉ်ဖတ်မဟုတ်လား၊ မင်းတို့နဲ့. ခပ်ဆင်ဆင်တူတယ်" ဟုခြံဝဘက်မေး



ငေါ့ပြလိုက်ရာ ....

"ဟာ ..... ဟုတ်တာပေါ့" ဟု ညီအစ်ကိုသုံးယောက်ကပြိုင်တူဖြေလိုက်ကြလေ၏။

ထိုအခိုက် ခြံဝမှာ အသက် (၁၃) နှစ်အရွယ်ရှိ မျက်နှာသွယ်သွယ် အသားလတ်လတ် နာတံပေါ်မေါ်နှင့် ဗိုကေကိုသေသေသပ်သပ်ဖြီးထားသောယောကျ်ားကလေးတစ်ဦး စက်ဘီးစီးဝင်လာလေ၏။

"ကဲ .... ညီညီ .... သူ.ကို ခေါ်လိုက်ပါလားကွယ် .... နွယ်ကပဲစပြီး စကားပြောရတာပေါ့ ... ဧည့်သည်ဆိုတော့ အိမ်ရှင်ကို အောက်ကျို့.ရမှာပေါ့" .... ဟု မေသက်နွယ်က ခေါ်ခိုင်းသဖြင့် ညီညီလည်း အချိုလာရာဘက်သို့ လျှောက်လာပြီး ....

"ကိုလေးချို၊ ကိုလေးကို နွယ်နွယ်က စကားပြောချင်လို့တဲ့" အချိုက ဂရုမစိုက်သည့်အမူအရာနှင့် ....

"ငါဘယ်မိန်းကလေးကိုမှ အဖက်လုပ်ပြီး လေကုန်ခံစကားမပြောဘူး၊မင်းတို့သာကပ်နေကြ ငါ့လာမခေါ်နဲ့." ဟုပြောရင်း စက်ဘီးပေါ်မှ ဆင်းကာအိမ်ထဲဝင်မည်အပြု ညီညီကနောက်မှနေ၍ ပခုံးတစ်ချက်တွန်းလိုက်ပြီး ....

"အင်း .... အခုတော့ အဖက်မလုပ်ဘူးလေး လေကုန်မယ်လေးနဲ့ ကပ်နေကြလေးနဲ့. နောက်တော့မှ ကိုလေးချိုပဲ ပက်ကျိလို့ မခွာနိုင်ပဲ ရေပက်မဝင်အောင် စကားပြောချင်ရင်သိရောပေါ့ .... အခုမပြောရင်နေပေါ့ နောက်တော့မှ လာပြောရင်သိရောပေါ့၊ လေး

ဘက်ထောက်ပြီးမှ ပြောခိုင်းမယ်"ဟု မကြားတကြားပြောရာ အိမ်ထဲ ဝင်ရန် ခြေလှမ်းပြင်နေသော အချိုမှာ ညီညီစကားကြောင့် ဒေါသထွက်သွားပြီး လက်သီးဆုပ်လိုက်ကာ ....

"ဘယ်သူလဲ .... ငါ့ကို လေးဘက်ထောက်ခိုင်းမယ် ပြောတာ ခွေးညီညီလာစမ်း"

ညီညီမှာ အချိုဒေါသထွက်သွားမှန်းသိသည်နှင့် တစ်ပြိုင်တည်း မေသက်နွယ်ထံ တဟုန်ထိုးပြေးသွားပြီး ....

"ပြေးကြေဟေ့ .... ပြေးကြ .... ဝရမ်းပြေးလမ်းမတော်ဖိုးတုတ် လာနေပြီ" ဟု အော်ပြောလိုက်သဖြင့် အေးအေးနှင့် ဖိုထွေးတို့လည်း ထွက်ပြေးကြလေ၏။ မေသက်နွယ်မှာ ခြံထဲသို့ဆင်းလာသော ဒေါ်လှခင်အား မြင်ရသဖြင့် တအားတက်ကာ မပြေးဘဲညီညီအား

"ဟေ့ .... ညီညီ .... မင်းက ကြောက်လိုက်တာလွန်ရော၊ လာ နွယ့်အနားမှာ လာရပ်နေစမ်းပါ၊ သတ္တိမကြောင်စမ်းပါနဲ့ကွာ၊ သူဘာမှမလုပ်ပဲ့ပါဘူး" ဟု ညီညီ့အားပြောလိုက်သဖြင့် ညီညီလည်း မေသက်နွယ်နားတွင်ရပ်လိုက်လေ၏။

အချိုမှာ ဒေါပွပွနဲ့လိုက်လာပြီး ....

"ဟေ့ကောင် .... မင်းခုနကပြောတဲ့စကား ပြန်ပြောစမ်း"

ညီညီမှာထပ်မပြောရဲသဖြင့် မေသက်နွယ်က အချို့အား ကြည့်ပြီး စုတ်သပ်လိုက်ကာ ....

အင်း .... ကျွတ် .... ကျွတ် .... ညီညီ့အစ်ကိုက လူတွေ့မခံပဲ့တာ နားလေးနေလို့ကိုး .... သနားစရာပဲ၊ ကဲပါ .... ညီညီရယ်



သူ့ခမျာ မကြားရလို့ ထပ်ကြားချင်တယ်ထင်တယ် .... ပြောလိုက်ပါအုံး"

အချိုမှာ စိတ်ဆိုးသွားပြီး ....

"ငါဘယ်သူလဲဆိုတာ မင်းမသိဘူးလား"

"သိတာမှ သိပ်သိ .... လူမြင်သူမြင်မခံပဲ့တဲ့ အိမ်တွင်းပုန်းကလားလေးပဲ"

"တယ် .... လူပါးဝစကားမပြောနဲ့နော်"

"လူမို့လို့ လူပါးဝစကားပြောတာပေါ့"

အချိုမှာ မေသက်နွယ်အား အနားတွင်ရှိသော သစ်ကိုင်းခြောက်ကိုကောက်လိုက်ပြီး ရိုက်ရန်ရွယ်လိုက်ကာ ....

"တယ်လေ ..."

"တယ်ချင်ရင် မီးဖိုထဲသွားတယ်ပေါ့ ဘွိုင်ကုလားရဲ့" ဟု ပြောလိုက်ပြီး ပန်းခုံးရန် ခြံထဲဆင်းလာပြီး ဝါးတံချကိုင်လာသော ဒေါ်လှခင်အားလှမ်းပြီး "ဟောဒီမှာ အန်တီ နွယ်တို့ကို လာပြီးရန်စနေတယ်" ဟု တိုင်လိုက်ရာ ဒေါ်လှခင်က သစ်ကိုင်းခြောက်ကိုင်ထားသော အချို့ကိုမြင်ရသဖြင့် ....

ဟဲ့ .... ဟဲ့ .... ငချိုလာစမ်း၊ နင် နွယ်နွယ်ကို ရိုက်မလို့ ရွယ်တာပေါ့လေ .... ငါ့ကိုဘာငြင်းအုံးမလို့လဲ၊ ငါ့ရှေ့မှာ အခုချက်ချင်းတောင်းပန်လိုက်"

ညီညီမှာ ဒေါ်လှခင်ကအချို့အား ဆူပူကြိမ်းမောင်းနေသဖြင့် ထွက်သွားမည်အပြု မေသက်နွယ်ကလေသံဖြင့် ....

"ညီညီ .... အသာကွန်ဒြေနဲ့ နေစမ်းပါဟာ" ဟု သတိပေး
လိုက်လေ၏။

"ငချို .... ငါတောင်းပန်ခိုင်းတာ မရဘူးလား၊ မင်းအဖေနဲ့
တိုင်လိုက်ရမလား"

"မေမေ .... ကျွန်တော်ဘာလုပ်လို့လဲ သူတို့ကစပြီး
ကျွန်တော့်ကို ရန်စတာပဲ၊ သူတို့ကသာ ကျွန်တော့်ကို တောင်းပန်
ရမှာ၊ ဟောဒီကောင်မလေးပေါ့ .... ကျွန်တော့်ကို နားပင်းသလေး
ဘာလေးနဲ့ ပြီးတော့အိမ်တွင်းပုန်းကလေး ဘွိုင်ကုလားကလေး
လို့လဲ ရန်စသေးတယ်" ဟု မေသက်နွယ်အား မေ့ငေါ့ပြလေ၏။

ဒေါ်လှခင်က ....

"နွယ်နွယ်ပြောတာနဲ့တောင် နဲသေးတယ် .... မင်းဟာ
အိမ်ရှင်၊ ကိုယ့်အိမ်လာနေတဲ့သူကို ရန်မလုပ်ရဘူး၊ ကိုယ့်ထက်
ငယ်တဲ့ နွယ်နွယ်ကို ကိုယ့်ညီမလေးလို သဘောထားပြီးသည်း
ခံရမှာပေါ့၊ တောင်းပန်လိုက်" ဟု ပြောနေသဖြင့် အချိုမှာ မိခင်၏
စကားကိုလဲ မပယ်ပုံ၊ မေသက်နွယ်အားလည်း အရှုံးမပေးလိုဖြင့်
ဘာလုပ်ရမည်ကို စဉ်းစားနေခိုက် မေသက်နွယ်က ချောင်း
တစ်ချက်ဟန့်လိုက်ပြီး၊ လက်ပိုက်ကာ ဘာတတ်နိုင်သေးသလဲ
ဟူသော မခိုးမခန့်အမူအရာဖြင့် လုပ်ပြနေသည်ကို တွေ့ရသည့်
အတွက် ဒေါပွသွားကာ ....

"မေမေ .... ကျွန်တော်လွန်တာမဟုတ်လို့ မတောင်းပန်နိုင်
ဘူး၊ အကြီးဖြစ်ရတာနဲ့ အရှုံးပေးရမှာလား"



ထိုစဉ် ဒေါ်သင်းဝေရောက်လာပြီ .....

"မမခင် .... တံချူတစ်ချောင်းကိုင်ပြီး ကလေးတွေနဲ့
ဘာလုပ်နေကြတာလဲ၊ ပန်းခူးမလို့လား"

အခွင့်ကောင်းစောင့်နေသောအချိုမှာ ချက်ချင်းမျက်နှာရှုံ့
ပြ၍ ဗိုက်နာနေလို့ ဟော်တယ်တက်လိုက်အုံးမယ်" ဟုပြောရင်း
မေသက်နွယ်နားမှ ဖြတ်သွားကာ လေသံတိုးတိုးဖြင့် "စားချင်ရင်
လိုက်ခဲ့ပါလား" ဟု ပြောကာ တိုက်ဘက်ဆီသို့ ထွက်ပြေးသွားလေ
၏။

အချိုတောင်းပန်လျှင် မျက်နှာထားခပ်တင်းတင်းနှင့် အိုင်
တင်ခံလိုက်မည်ဟု ဟန်ပြင်နေသော မေသက်နွယ်မှာ လက်တစ်
လုံးခြား လွတ်ထွက်သွားသော အချို၏ နောက်ကျောပြင်ကို ကြည့်
ရင်းမခံမရပ်နိုင်ဖြစ်ကာ ကျန်ရစ်ခဲ့လေ၏။

× × ×

နောက်တစ်နေ့ ....

မေသက်နွယ်မှာ အပေါ်ထပ်ဝရံတာတွင်ထွက်ကာ ကုလား
ထိုင်တစ်လုံးနှင့် သတင်းစာဖတ်နေခိုက် အောက်ထပ်မှ ကျောင်း
သွားရန် စက်ဘီးကိုယ်စီနှင့် ထွက်လာကြသော အချိုညီညီ

အေးအေးနှင့် ဖိုးထွေးတို့အား တွေ့ရသဖြင့်အောက်သို့ လှမ်းပြီး

"ညီညီရေ .... မင်း မနေ့က ဟော်တယ်တက်တာ ဘယ်နှစ်ပန်းကန်စားခဲ့သလဲဟေ့" ဟု မေးလိုက်ရာ အချိုက သူ့အား စောင်းမြောင်းပြောသည်ကို သိသဖြင့် စက်ဘီးပေါ်တက်ရင်း ....

"အားလုံးစားလိုက်တယ်၊ မင်းအတွက်တော့ မကျန်တော့ဘူးဟေ့ စိတ်မကောင်းဖြစ်မနေနဲ့.အုံး .... ငါထပ်ကျွေးပါ့မယ်" ဟု ငေါ့ပြောရင်း ထွက်သွားလေရာ ညီညီတို့လည်း ဝိုင်းရီရင်းကျန်ခဲ့လေ၏။

× × ×



## အခန်း ၄

မေသက်နွယ်တို့ပြောင်းလာပြီး တစ်လကျော်သောအခါ သိတင်းကျွတ်လမွဲတော် ကျင်းပချိန်ရောက်လာလေ၏။

"ဝိတောက်မြိုင်ရိပ်သာ" ခြံကြီးတွင် အစီအရီဖူး မွှင့်နေသော ရာသီပန်းမျိုးစုံတို့မှာ ရောင်စုံထွန်းညှိထားသော မီးရောင်ကြောင့် အလွန်ပန်ရနေလေ၏။

ထိုအချိန်တွင် ဦးအောင်သန်းတို့ ဧည့်ခန်းဌ မေသက်နွယ်တို့ မိသားစုနှင့် ဒေါ်လှခင်တို့ ဇနီးမောင်နှံအပြင် ကိုစိုးလွိုင်၊ ကိုစိုးနိုင်နှင့် ကြည်ကြည်တို့ပါ ဝိုင်းဖွဲ့.ကာ စကားလက်ဆုံ ပြောနေလေ၏။ မေသက်နွယ်လည်း သူမယူဆောင်လာသော ဖယောင်းတိုင်ထုပ်နှင့် ကိတ်မုန့်များကို ပန်းကန်များတွင်ထည့်ကာ လူစေ့အောင်လိုက်လံကန်တော့လျက်ရှိ၏။ မေသက်နွယ်ကန့်.တော့ပြီးသော

အခါ အေးအေးနှင့် ဖိုးထွေးတို့လည်း ဖရောင်းတိုင် တစ်ချောင်းစီ ယူလာပြီး မေသက်နွယ်အား ကန်တော့မည်အပြု မေသက်နွယ် ထပြေးသဖြင့် ကိုစိုးနိုင်က လက်ကိုဖမ်းဆွဲကာ .....

"ညီမလေး .... ဒီလိုမပြေးနဲ့လေ ကိုယ့်ထက်ငယ်တဲ့သူက ကန့်တော့တာကို လက်ခံမှ ပေါ့။ ကဲ .... မင်းတို့ ဒီမှာထိုင် ညီမလေးက ဒီကုလားထိုင်မှာထိုင်" ဟု စီစဉ်ပေးသဖြင့် မေသက်နွယ်လည်း ရှက်ကိုးရှက်ကန်းဖြစ်သွားကာ မိခင်ဖြစ်သူဘက် လှည့်ပြီး ....

"မာမီ .... သမီးမနေတတ်ဘူး၊ ဆုလဲမပေးတတ်ဘူး၊ ဘယ်လို ဆုပေးရမလဲဟင်"

"ဆုပေးတာ ဘာများခက်လို့လဲ မမလေးရယ် .... ဖေဖေနဲ့ မေမေတို့ဆုပေးတာ ကျွန်တော်မှတ်မိတယ်၊ ကျန်းမာပါစေ၊ ဘုန်းကြီးပါစေ၊ မယ်သီလရင်လဲပါစေလို့ ဆုပေးတယ်" ဟု ဖိုးထွေးကပြောလိုက်သဖြင့် အားလုံးဝိုင်းရယ်ကြလေ၏။

ထိုနောက် ဒေါ်သင်းဝေက သမီးဖြစ်သူအား ....

"သမီး .... အားလုံးကိုတော့ ကန့်တော့ပြီးပြီ၊ အချို့ကို မချန်ထားပါနဲ့ကွယ်၊ သွားကန်တော့လိုက်ပါအုံး၊ ကိုယ့်ထက်အသက်ကြီးသူကို ရှိသေရတယ်ကွဲ့" ဟု ပြောသဖြင့် မေသက်နွယ်က နှုတ်ခမ်းကလေးမဲ့ကာ ....

"မာမီက ကန့်တော့ခိုင်းပေမဲ့ သူကကန့်တော့ခံချင်မှခံမှာ" ဟု ဆင်ခြေပေးနေသဖြင့် ဒေါ်သင်းဝေက ထပ်မံခိုင်းသည့်အတွက်



မငြင်းဝံ့တော့ပဲ မုန့်ပန်းကန်လေးကိုကိုင်ကာ စာကြည့်ခန်းဆီသို့ မလှမ်းချင်လှမ်းချင်နှင့် လှမ်းလာလေ၏။

စာကြည့်ခန်းအပေါက်ဝသို့ ရောက်သောအခါ အထဲသို့ မဝင်ဝံ့ သဖြင့် ခေတ္တရပ်နေလေ၏။ အပြင်မှ စကားပြောသံများကို ကြားရသောအချိုမှာ သူ့ထံမေသက်နွယ် လာရောက်ကန်တော့မည်ကို ကြိုတင်သိထားသဖြင့် ဖိုးကျိုင်းတုတ်ဖြစ်နေကာ စစ်အောင်မြင်သော စစ်သူကြီး၏မျက်နှာထားမျိုးဖြင့် မေသက်နွယ် ဝင်လာမည့်ဘက်သို့ တင်ပလ္လင်ချိပ်၍ ဘုန်းတော်ကြီးပမာ ထိုင်စောင့်နေလေ၏။

စာကြည့်ခန်းဝတွင် ရပ်နေသော မေသက်နွယ်ကို မြင်လိုက်ရသည့်အချိုမှာ ချောင်းသံတစ်ချက်ပေးလိုက်ပြီး ....

"ဝင်ခဲ့လေ" ဟု အမိန့်သံပါပါဖြင့် ပြောလိုက်သည်တွင် မေသက်နွယ်မှာလည်း ယောင်ယမ်းပြီး အခန်းတွင်းသို့ ခြေတစ်လှမ်းနှစ်လှမ်းမျှ ဝင်ရောက်လာမိလေ၏။

အချိုက မေသက်နွယ်ဝင်လာသည်ကို မသိမသာ လှမ်းကြည့်ရင်း အောင်မြင်ဝင့်ကြွားသောလေသံဖြင့် ....

"အင်း ..... လောကကြီးမှာ အကြီးဖြစ်ရတာ တယ်ဓိမ်ရှိတာပဲ၊ လူ့ဘဝထဲကို မင်းထက်အရင် စောရောက်လာတဲ့အတွက် ဒီနေရာမှာ မေမေ့ကို ကျေးဇူးတင်ရမှာပဲ၊ အော် .... ကောင်းလေစွ ကောင်းလေစွ၊ အသက်ကြီးသူကို ရှိသေရမယ်၊ လေးစားရမယ်၊ ရန်သူပင် ဖြစ်သော်ငြားလည်း ကိုယ့်ထက်ကြီးတဲ့သူကိုတွေ့ရင်

ငယ်ရွယ်သူက အောက်ကျိုးရစမြဲဆိုတာ ဒီနေ့ဟာ သက်သေသာဓကပဲ၊ ကဲ .... ကန့်တော့လာကန်တော့ .... ကုသိုလ်အများကြီးရမယ်၊ လိုတဲ့ဆုလဲတောင်းပေါ့ကွယ်" ဟု ဘုန်းကြီးလေသံဖြင့် ပြောနေသည့်အတွက် မေသက်နွယ်မှာ မခံမရပ်နိုင်သဖြင့် ဒေါပွလာကာ ....

"ကြီးကျယ်လိုက်တာ"

"ကြီးကျယ်ဆို ခမ်းနားတာကိုးကွဲ့"

"ဟင်း ...."

"ထမင်း ...."

"အောင်မယ်"

"ဒါကတော့ စာမေးပွဲဖြေနိုင်လို့ကိုး"

"နောက်ရွတ်ရွတ်နဲ့ နင့်ကို နန့်နန့်တက် ကန်တော့ချင်လို့တော့ မထင်လိုက်နဲ့"

"မထင်ပါဘူးဗျာ"

"တော်စမ်းပါ၊ ကုသိုလ်လဲမလိုချင်ပေါင် .... ကန်တော့ဘို့ ဝေးစွ မျက်နှာချင်းတောင် မဆိုင်ချင်ဘူးသိရဲ့လား၊ အိမ်တွင်းပုန်းရဲ့" "အင်း ...မင်းကြည့်ရတာ သနားစရာကောင်းလိုက်တာနော်၊ မလုပ်ချင်တဲ့အလုပ်ကိုလုပ်ရလို့၊ ကဲပါလေ မင်းစိတ်ထဲကပါပါ မပါပါ ငါကန်တော့ခံရတာ အမြတ်ပဲ၊ မင်းငါ့ကို ကန်တော့လိုက်တာနဲ့ ငါ့ကိုဒုးထောက်အရှုံးပေးရပြီးလို့ "တွံသင်သည် – ဂဏှာဟိ မှတ်လော့ ...."



"ကဲ .... မှတ်တယ်လေ၊ ဒီတစ်သက် မကန်တော့သေးဘူးဆိုတာ ဂဏှာဟိ မှတ်ထားပေတော့."ဟုပြောရင်းလက်ထဲတွင်ကိုင်ထားသောမုန့်ပန်းကန်မှ ကိတ်မုန့်ကိုယူပြီး အချို့မျက်နှာဆီသို့တအားပေါက်လိုက်ပြီး အိမ်ပေါ်ထပ်သို့ တက်သွားလေ၏။

အချိုလည်း မေသက်နွယ်နောက်သို့ အမီပြေးလိုက်ရာဧည့်ခန်းတွင်ထိုင်နေသော ဒေါ်လှခင်တို့လူသိုက်မှာ အလန့်တကြားဖြစ်သွားကြလေ၏။

"ဟဲ့ .... ဟဲ့ .... အချို ဘယ်လိုဖြစ်လာကြတာလဲ" ဟု ဒေါ်လှခင်ကမေးတော့မှ အချိုမှာ ကိုယ်ရှိန်သပ်လိုက်ပြီး မိခင်ဖြစ်သူအား ပြန်ဖြေမည်အပြု အားလုံးကအချို့မျက်နှာတစ်ခုလုံးတွင် မုန့်ဖတ်များပေနေသည်ကို ကြည့်ပြီးရယ်ကြရာမှ ဖိုးထွေးကလက်ညိုးထိုး၍ ....

"ဟာ .... ကိုလေးချိုက မျောက်ဖြူကြီးနဲ့တူနေပြီ" ဟု ပြောလိုက်သဖြင့် အချိုလည်းရှက်သွားကာ ဘာမှမပြောတော့ပဲ ချာကနဲလှည့်၍ အခန်းတွင်းသို့ ဝင်သွားလေ၏။

"အချိုနဲ့နွယ်နွယ်တို့နှစ်ယောက်လဲ ဘာပြုလို့ဒီလောက်တောင် မသင့်မြတ်ကြသလဲ မသိပါဘူး" ဟု ဒေါ်လှခင်က ညည်းညူလိုက်သဖြင့် ကိုစိုးလွိုင်က ....

"မေမေရယ် .... ကလေးတွေပဲ၊ပူစရာမလိုပါဘူး၊ တစ်နေ့သင့်မြတ်ကြမှာပေါ့" ဟုပြန်ပြောလိုက်လေ၏။

× × ×

အား ရိုက်ကြောင်းသိရသည့်အပြင် နောင်တွင်မေသက်နွယ်က အချို့အား ဘာပြောပြော သည်းခံရမည်ဟု အမိန့်ထုတ်ထားကြောင်းကိုပါသိရသဖြင့် များစွာအားရကျေနပ်မိလေ၏။

ညနေစောင်းသို့ရောက်သောအခါ မေသက်နွယ်လည်း ထုံးစံအတိုင်း ခြံထဲတွင် ညည်တို့ညည်အစ်ကိုသုံးယောက်နှင့်အတူ ကစားနေစဉ် အိမ်ဘေးဝရန်တာတွင်ရပ်နေသော အချို့ကိုတွေ့လိုက်ရာ မေသက်နွယ်က အချို့ကြားလောက်အောင် ....

"ဖိုးထွေးရေ .... မနေ့ညက တိရိစ္ဆာန်ရုံကမျောက်ဖြူကြီး တစ်ကောင်ထွက်လာတယ်ဆရာ၊ တွေ့လိုက်သေးလား"

"တွေ့သားပဲ၊ ဟောဟိုမှာ" ဟု ဖိုးထွေးက အချို့ဘက်ဆီသို့ လက်ညှိုးထိုးပြလိုက်သည်တွင် မေသက်နွယ်က ....

"ဟာ .... ဟုတ်တယ်ဟဲ့ .... ဟေလာ မျောက်ကြီးရောက်သီးစားမလား" ဟု အချို့ မခံချင်အောင်ပြောလိုက်သည်ကို

"မစားချင်ဘူး ... ချဉ်ဖြီး .... ချဉ်ဖြီး" ဟု ဖိုးထွေးကပါဖြည့်စွက်ပြောလိုက်သံ ကြားရသော အချို့မှာ ဒေါသပုံထကာပြန်ပြောတော့မည်အလုပ် သူ့ဖေဖေ၏အမိန့်သံကို ပြန်လည်ကြားယောင်သည့်အတွက် ဘာမှပြန်မပြောတော့ပဲ အံကြိတ်လက်သီးဆုတ်ကာ အိမ်ထဲဝင်ရန် လှည့်လိုက်စဉ် ...

"ဒို့ ကြောက်လို့ နောက်ဆုတ်ပြေး .... ဘာဘူ့အိမ်က ချီးစားခွေး .... ဒို့ ကြောက်လို့ နောက်ဆုတ်ပြေး ဘာဘူ့အိမ်က ချီးစားခွေး ...." ဟု မေသက်နွယ်တံမှ ထပ်မံကြားရသော စကားသံ



~~ခွေး .... ဒို့ ကြောက်လို့ နောက်ဆုတ်ပြေး ဘာဘူ့အိမ်က ချီးစားခွေး ...." ဟု မေသက်နွယ်ဆဲမှ ထပ်မံကြားရခြေခဲ့ စကားခဲ့~~ ကြောင့် အချို့မှာ သည်းမခံနိုင်တော့ပဲ ဝရန်တာမှကျော်ဆင်းလာကာ တရှိန်ထိုးပြေးလာသဖြင့် ဖိုးထွေးတို့လည်း ထွက်ပြေးကြလေ၏။

"မင်းဘာပြုလို့ ငါ့ကို ချီးစားခွေးလို့ ခေါ်ရသလဲ" ဟု အချို့ကမေသက်နွယ်အား လာငေါက်ရာ ....

"နွယ့်ဖါသာနွယ် ပါးစပ်ရှိလို့ဆိုနေတာ ကိုချို့က ခွေးမို့လို့လား၊ မဟုတ်ရင် ဘာနာစရာရှိလို့လဲ" ဟု မေသက်နွယ်က ပြန်ပြောသည့် အတွက် အချို့ကမေသက်နွယ်အား လက်နှင့်ရွယ်လိုက်စဉ် ....

"ဟဲ့ .... ဟဲ့ .... ဖိုးချို့ ဒါဘာလုပ်တာလဲ" ဟု ဝရန်တာက ဖခင်၏အသံကို ကြားရသဖြင့် ...

"မင်းတော့လား သိရောပေါ့ကွာ" ဟု ကြိမ်းဝါးရင်း လှည့်ပြန်သွားလေ၏။

"အင်း ... ပြောချင်တာကိုမပြောရတာ လုပ်ချင်တာကို မလုပ်ရတာသနားစရာပဲ...." ဟု ကျေနပ်သောလေသံဖြင့် မေသက်နွယ်က အချို့၏နောက်ကျောကိုကြည့်ကာ ပြောရင်း ကျန်ရစ်ခဲ့လေ၏။

× × ×

သီတင်းကျွတ် ကျောင်းဖွင့်သောအခါ မေသက်နွယ်မှာ ညီညီတို့နှင့်အတူ ပြည်လမ်းရှိ "ထရိန်နင်ကောလိပ်" တွင် ပညာဆက်လက်သင်ရလေ၏။ ပထမနှစ်ဝက်တွင် မေသက်နွယ်မှာ ညီညီနှင့်တတန်းတည်းနေရလေ၏။ ၁၉၄၆-ခု မတ်လစာမေးပွဲကျင်းပသောအခါ မေသက်နွယ်မှာ ပင်ကိုယ်ဉာဏ်ထက်မြက်သည့်အပြင် စာကြိုးစားပြီး ကိုစိုးနိုင်ထံတွင် စာသင်ခိုင်းသဖြင့် အောင်စာရင်းထွက်လာသောအခါ ပထမရရှိသည့်အတွက် တစ်တန်းကျော်၍ တက်ခွင့်ရလေ၏။ ထို့ကြောင့်လည်း အချို့နှင့် အတန်းတူသွားလေ၏။

၁၉၄၆ ခု၊ ဖြေလသို့ ရောက်သည်နှင့် "ပိတောက်မြို့ရိပ်သာ" ခြံထဲတွင်ရှိသော ပိတောက်ပင်ကြီး ငါးပင်နှင့်အပြိုင်အဆိုင် ပွင့်နေကြသော စိန်ပန်းပင်၊ ငုပန်းပင်၊ ကံ့ကော်ပင်နှင့် အခြားပန်းပင်များကို မခံချင်သည့်အလား ခြံအမည်နှင့် လိုက်အောင်ပွင့်နေသဖြင့် တစ်ခြံလုံးမှာ ပိတောက်ပန်းရနံ့ကြိုင်သင်းစွာ လွှမ်းမိုးနေသည့်အတွက် သာယာကြည်နူးဘွယ်ရှိလေ၏။

ပိတောက်ပန်းကို နှစ်သက်စုံမက်သော မေသက်နွယ်မှာ နံနက် အိပ်ရာထစဉ်ကပင် ကြိုင်သင်းသော ပိတောက်ပန်းရနံ့ကို ရှုရှိုက်မိသည်တွင် ဝမ်းအသာကြီးသာသွားကာ ကော်ဖီကို ကမန်းကတန်းသောက်ပြီး၊ ကိုစိုးနိုင်ထံမှငှားထားသော ကဗျာစာအုပ်ကိုယူကာ အိမ်ပေါ်မှပြေးဆင်းလာလေ၏။ ပိတောက်ပင်တစ်ပင်၏ခြေရင်းသို့ ရောက်သောအခါကျနေသော ပိတောက်



ခက် တစ်ခက်ကိုကောက်ယူပြီး ပန်လိုက်ကာ အပင်ခြေရင်းတွင် ထိုင်ချလိုက်လေ၏။

မေသက်နွယ်လည်း သူထိုင်နေသော ပိတောက်ပင်ပေါ်မှ ပိတောက်ခက် တစ်ခုပြီးတစ်ခုကျလာသဖြင့် အပင်ပေါ်သို့ မော့ကြည့်လိုက်သော်လည်း ဘာမှမတွေ့ရသဖြင့် ယူဆောင်လာသော စာအုပ်ကိုဖွင့်ကာ ....

"လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ခိုင်ရွေဝါ၊ တစ်ကယ်တန်း သာ ဖြင့်၊ ဘယ်ပန်းတော် စံမမီဘူး၊နန္ဒမူဖန်ဂူထိပ်မှာလ၊ပစ္စေကာရွေးတော်သိပ်ရတယ်၊ အေးရိပ်သာယာ၊တစ်နှစ်တွင်သည်တစ်လပေပ၊ တစ်လတွင် တစ်ရက်ထဲ၊ ခက်ခဲတဲ့ရက်ဗုဒ္ဓါ၊ ပွင့်ရာကြစုံမြို့ငုတွင်း၊ မြူမင်းလွင်ထန်၊ ကြူသင်းတာချိန်ယံမတော့၊ ရွေဝတ်ဆံ ငုံတံညောက်ကယ်နှင့်၊ ခါသကြိန် ဂိမ္ဘာန်ရောက်ပြန်တော့၊ သိန်သရေထိန်ဝေလို့ တောက်တဲ့ပြင်၊ လမ်းတစ်လျှောက်သင်းပါဘိ၊ ဆန်းသလောက်မလင်းနိုင်ဘု၊ပန်းပိတောက်မင်း" ဟု စာဆိုတော် ဦးကြော့၏ "ပိတောက်ပန်း" ကဗျာကို အသံနေအသံထားနှင့် စိတ်ပါဝင်စားစွာ ရွတ်ဆိုပြီးသည်နှင့်တစ်ပြိုင်နက်သစ်ပင်၏ နောက်ကျောဘက်ဆီမှ လက်ခုပ်သံများ ထွက်ပေါ်လာရာ၊ မေသက်နွယ်မှာ အံ့သြတုန်လှုပ်သွားကာ လှည့်ကြည့်လိုက်တော့မှ မည်သည့်အချိန်က ရောက်နေမှန်းမသိသော မမကြည်နှင့် ကိုစိုးနိုင်ကိုတွေ့ရသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်သွားလေ၏။

"မမကြည်တို့မကောင်းဘူး .... နွယ်ဘယ်သူမှမရှိဘူး

အောက်မေ့လို့ ရှက်လိုက်တာ"

"ငါညီမက အတော်ဟုတ်တာပဲ၊ ဘာရှက်စရာရှိသလဲ အစကဒီလောက် အသံကောင်းမှန်းမသိဘူး၊ အစ်ကိုဆိုပြတဲ့အတိုင်း ဆိုနိုင်တာပဲ .... အပြင်သွားမလို့ထွက်လာတာ၊ ညီမအသံကြားတော့၊ ဒို့မောင်နှမနှစ်ယောက်မသွားနိုင်ပဲ ရပ်နားထောင်နေတာကွဲ့" ဟု ကိုစိုးနိုင်က ပြောပြလေ၏။

မေသက်နွယ်မှာ ထိုင်ရာမှအထ သူမ၏ မျက်နှာနားသို့ ခြေထောက်တစ်ဖက်ရောက်လာသဖြင့်လန့်သွားကာ "အမယ်လေး....." ဟု လန့်အော်ပြီး ကြည်ကြည့်အား လှမ်းဖက်ထားလေ၏။

"မကြောက်ပါနဲ့ ညီမလေးရယ် .... အချို ပိတောက်ပန်းတက်ခူးပြီး ဆင်းလာတာပါ၊ အိမ်မှာ သူတစ်ယောက်ထဲ သစ်ပင်တက်တတ်တာမို့ ပိတောက်မွှင့်တိုင်းသူ့ပဲတက်ခူးခိုင်းရတယ်" ဟု ကြည်ကြည်က မေသက်နွယ်အား ရှင်းပြပြီးနောက် အချို့ဘက်လှည့်၍ ....

"မင်းကလဲ အသံလေး ဘာလေးပေးပြီးမှ ဆင်းလာတာမဟုတ်ဘူး၊ ညီမလေးလန့်သွားတာပေါ့" ဟု ပြောသောအခါ၊ အချိုက ပခုံးတွန့်ပြလိုက်လေ၏။

မေသက်နွယ်မှာ သူသစ်ပင်အောက်တွင် မထိုင်ခင်ကတည်းက သစ်ပင်ပေါ်ရောက်ရှိနေသော အချို့အား သတိမထားမိသဖြင့် ကောက်ပန်ထားမိသော ပိတောက်ခက်များကို ယူပြီးပစ်လိုက်လေ၏။ ကြည်ကြည်နှင့်စိုးနိုင်တို့မှာ မေသက်နွယ်၏အပြုမူကို



တွေ့လိုက်ရသော်လည်း မသိချင်ယောင်ဆောင်နေလေ၏။ အချို့မှာလက်ထဲတွင် ကိုင်ထားသော ပိတောက်ပန်းများအနက်မှ အခက်တစ်ခက်ကိုချွေးပြီး မေသက်နွယ်အား လှမ်းပေးလိုက်ရာ မယူသဖြင့် ကြည်ကြည်အား ...

"မမကြီး .... အကြွေရှိရင်တစ်ပြားလောက်ပေးစမ်းပါ"

"ဘာလုပ်မလို့လဲ"ဟု ကြည်ကြည်က ပြန်မေးသဖြင့်....

"စောစောကပန်းခူးနေတုန်း သူတောင်းစားမလေး တစ်ယောက် သီချင်းဆိုပြနေသံကြားတယ်၊ အဲဒီကောင်မလေးကို ပိုက်ဆံပေးမလို့ပါ ပိုက်ဆံမရရင် ထပ်ဆိုပြနေလိမ့်မယ်၊ ကျွန်တော်က အဲဒီအသံကြားရင် ဗိုက်နာလို့"

"အကိုစိုးနိုင် .... ကြားလား၊ နွယ့်ကိုသူတောင်းစားလေးဘာလေးနဲ့ .... ပြောနေတယ် ...." ဟု မေသက်နွယ်က စိတ်ဆိုးစွာဖြင့် တိုင်ကြားလိုက်သည့်အတွက် ကိုစိုးနိုင်က ....

"အချို .... ဘာဖြစ်လို့ ဒီလိုပြောရသလဲ .... ဖေဖေ မင်းကို ပြောထားတာမမှတ်မိဘူးလား"

"အို .... အစ်ကိုလေးကလဲဗျာ၊ ကျွန်တော့်ဖာသာ ပါးစပ်ရှိလို့ ပြောတာပဲ.... သူဟာ သူတောင်းစားမဟုတ်ရင် ဘာနာစရာရှိသလဲ" ဟု အချိုကပြောလိုက်သဖြင့် မေသက်နွယ်မှာ သူ့အား ကလဲ့စားချေ မှန်းသိသဖြင့် ဒေါသဖြစ်သွားကာ ခဲတစ်လုံးကို ကောက်ကိုင်လိုက်တော့မှ အချိုလည်း ထွက်ပြေးလေတော့၏။

× × ×

တို့က နေအိမ်သို့ပင့်၍ ဆွမ်းကပ်ကြလေ၏။ မေသက်နွယ်မှာ ခန်းစီး နောက်ကွယ်မှ ကိုရင်များအားချောင်းကြည့်လိုက်သောအခါ ကတုံး ပြောင်ပြောင်နှင့် ကိုရင်အချို့အား မြင်လိုက်ရသည်တွင် ကျိတ်၍ ပြုံးမိလေ၏။ ထိုအခိုက် မိခင်ဖြစ်သူက အိမ်ရှေ့သို့ ထွက်လာရန် ခေါ်နေသဖြင့် အိမ်ခန်းထဲတွင်ရှိလျက်နှင့် မထွက်ပါက ဆူပူကြိမ်းမောင်းမည်ကို ကြောက်သည်ကတစ်ကြောင်း၊ ထွက်ပြန်ပါကလည်း လူကြီးများရှေ့တွင် ကိုရင်သုံးပါးအနက် နှစ်ပါးကို သာရှိခိုးပြီး ကိုရင်အချို့ကို ချန်ထား၍လည်း မဖြစ်သည့်အတွက် ဒေါ်သင်းဝေခေါ်တိုင်း အိမ်ဖေါ်ဒေါ်ချစ်အား ဖိုက်နာသည်ဟု အကြောင်းပြကာ အိမ်သာထဲဝင်ပြေးလေ၏။

ကိုရင်အချို့မှာ မေသက်နွယ်ထွက်မလာသည့် အကြောင်းအရင်းကိုသိသော်လည်း မသိဟန်ဆောင်၍နေလေ၏။ ကိုရင်စိုးနိုင်ကစ၍ မေးလိုက်လေ၏။

"တကာမလေး နွယ်နွယ်တစ်ယောက်ကော နေကောင်းရဲ့လား"

"ကောင်းပါတယ်ဘုရား၊ထွက်လာပါလိမ့်မယ် ...." ဟု ဒေါ်သင်းဝေလည်း ဖြေကြားရင်း ယခုထက်တိုင် မထွက်သေးသော သမီးအား ကိုယ်တိုင်ခေါ်ရန်အတွက် အိမ်ထဲသို့ ဝင်လာလေ၏။

အပြင်မှ အခြေအနေကို အကဲခတ်ရန်တွက် တံခါးသံမကြားရအောင်ဖွင့်၍ အိမ်သာခန်းမှ အသာထွက်လာသော မေသက်နွယ်နှင့် သမီးဖြစ်သူအား လာရောက်ခေါ်သော ဒေါ်သင်းဝေတို့နှစ်ဦးမှာ



တစ်ရက်ပြီးတစ်ရက် ကူးပြောင်းလာခဲ့ရာ သင်္ကြန်မတိုင်မီ တစ်ရက်သို့ ရောက်ရှိလာလေသည်။

အချို့မှာ သီတင်းကျွတ်စဉ်အခါက မေသက်နွယ်က သူ့အား "ဒီတစ်သက်မကန်တော့ဘူး" ဟု ကက်ကက်လန်အောင် ရန်တွေ့ပုံကို ပြန်လည်မြင်ယောင် ကြားယောင်နေသဖြင့် တစ်စုံတစ်ခုကို စဉ်းစားလိုက်ပြီး "အပြောကြီးတဲ့ မေသက်နွယ်တစ်ယောက်တော့ ငါ့ကိုထိုင်ကန်တော့မှာ မြင်ရအုံးတော့မှာပဲ" ဟု တိုးတိုးကလေး ရေရွတ်ရင်း ပိတိဖြစ်နေသောမျက်နှာဖြင့် မိခင်ရှိရာ အခန်းသို့ ထွက်သွားလေ၏။ ကိုစိုးနိုင်နှင့် ကိုစိုးလှိုင်မှာသင်္ကြန် အကြိုနေ့မှစ၍ (၇) ရက်တိုင်တိုင် ဒုတိယအကြိမ် ကိုရင်ဝတ်ရန် စီစဉ်ထားလေရာ၊ အချို့မှာ မိခင်ကြီးကို ကိုရင်ဝတ်ချင်ကြောင်း ပူဆာလေတော့၏။ ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့မှာလည်း သားယောကျ်ားကလေးမရှိသဖြင့် အချို့အတွက် သင်္ကန်းစရိတ်ကို အကုန်အကျခံမည်ဖြစ်ရာ ဦးမျိုးဇင်တို့လည်း နောက်ထပ်သင်္ကန်းတစ်စုံကို အခက်အခဲများကြားမှ ပြေးဝယ်ရလေ၏။

အချို့တို့ ညီအစ်ကိုသုံးယောက်မှာ ရှင်ပြုပြီးသားဖြစ်သဖြင့် ယခုတစ်ကြိမ် သင်္ကန်းထပ်ဝတ်သောအခါ အခမ်းအနားဖြင့် မပြုလုပ်တော့ပဲ ဗဟန်းဘုန်းကြီးကျောင်းတွင်သာ အကျဉ်းချုံး၍ ပြုလုပ်ကြလေ၏။

တစ်နေ့တွင် ကိုရင်သုံးပါးအား ဦးမျိုးဇင်နှင့်ဒေါ်သင်းဝေ

ရင်ဆိုင်တိုးမိကြလေ၏။

"သမီးကလဲ ဘာလို့မထွက်လာတာလဲ .... ခဏာဖြစ်ဖြစ် ထွက်ခဲ့ပါသမီးရယ် .... ကိုရင်တွေက မေးနေတယ်"

"သမီးဗိုက်နာလို့မမေ၊ နောက်မှလာခဲ့မယ်" ဟု ပြောသော်လည်း မိခင်ဖြစ်သူက စောင့်ခေါ်နေသဖြင့် မတတ်သာတော့ပဲ မိခင်နှင့်အတူ ထွက်လာရလေ၏။

အိမ်ရှေ့ရောက်သောအခါ ဦးမျိုးဇင်နှင့် ဦးအောင်သန်းတို့မှာ ကိုရင်စိုးလှိုင်၊ ကိုရင်စိုးနိုင်တို့နှင့် စကားကောင်းနေလေရာ မေသက်နွယ် ထွက်လာသည်ကို သတိမထားမိသော်လည်း ကိုရင်အချို့မှာ သတိပြုမိလေ၏။

ဒေါ်သင်းဝေက .... "သမီး .... ကိုရင်တွေကို ဦးချလိုက်အုံးလေ" ဟု ပြောလိုက်သဖြင့် မိခင်နားဝင်ထိုင်လိုက်ပြီး ကိုရင်အကြီးနှစ်ပါးကို ကန်တော့ရင်း စကားကို အချိန်ဆွဲပြောနေလေတော့၏။

ဒေါ်သင်းဝေမှာ သမီးဖြစ်သူက ကိုရင်အချို့အားမကန်တော့သေးပဲနေသည်ကို သိသည့်အတွက် သမီးနားကပ်၍ တိုးတိုးကလေး ထပ်မံပြောဆိုနေလေ၏။ မေသက်နွယ်မှာ ကြိုရာမရဖြစ်နေစဉ်အောက်ထပ်မှ ဒေါ်လှခင်ရောက်လာကာ ဒေါ်သင်းဝေနားလာထိုင်ပြီး စကားပြောနေလေ၏။ အခွင့်ကောင်းစောင့်နေသော မေသက်နွယ်မှာ မိခင်အလစ်တွင် အိမ်ထဲသို့ဝင်သွားရန် စိတ်ကူးရလာသဖြင့် ထတော့မည်အပြု .....



"တကာမလေး အိမ်ထဲဝင်တော့မှာလား ကိုရင်ကိုဝတ်ပြုအုံးလေ" ဟု ကိုရင်အချို့က ပြောလိုက်သဖြင့် ဒေါ်သင်းဝေက ....

"ဟဲ့ .... သမီး ကိုရင်ကို ဦးချလိုက်အုံးလေ" ဟု ထပ်ပြောလိုက်သည့်အတွက် မေသက်နွယ်မှာ နှုတ်ခမ်းခပ်စူစူလုပ်ထားပြီး

"တော်တော်ရှာရှည်တဲ့ ကိုရင်ပဲ" ဟု တိုးတိုးရေရွတ်လိုက်ကာ ကိုရင်ဘက်သို့တည့်တည့် မကန်တော့ပဲ ကန့်လန့်ဖြတ်ထိုင်ပြီးဘေး တိုက်တစ်ချက်ဦးချကာအိမ်ထဲသို့ထသွားလေ၏ ကိုရင်အချို့မှာ မေသက်နွယ်၏ ပြုမူပုံကို ရယ်ချင်သော်လည်း ဣန္ဒြေဆောင်နေရလေ၏။

ကိုစိုးလှိုင်၊ ကိုစိုးနိုင်နှင့် အချို့ (ခေါ်) မြင့်နိုင်တို့မှာ တစ်ပတ်ကြာမျှ သင်္ကန်းစီးပြီးနောက် အိမ်ပြန်ရောက်လာကြလေ၏။ မေသက်နွယ်မှာ ကတုံးပြောင်ကလေးနှင့် ဖြစ်နေသော မြင့်နိုင်အားလူကြီးများလစ်သည်နှင့်တစ်ပြိုင်နက် "ဘုန်းကြီးလူထွက်ငါးပိချက်" ဟူ၍လည်းကောင်း၊ "ကတုံးပြောင်ဖိုးထောင်တောင်ပေါ်တက်ဇီးကွက်" ဟူ၍လည်းကောင်း၊ "ကတုံးကလေးရယ်က ပြောင်တောင်တောင် ..... ပြောင်တောင်တောင်၊ ကျီးတစ်ကောင်လာချာပီး၊ ကတုံးမောင်ကမြီး" ဟူ၍တစ်ဖုံ၊ အမျိုးမျိုး မကြားတစ်ကြား နောက်ပြောင်လေတော့၏။ မြင့်နိုင်မှာ မေသက်နွယ်က ၄င်းအားစသည်ကို မကြားချင်ယောင်ဆောင်နေသော်လည်း တစ်ခါတစ်ရံမခံချင်သဖြင့် ရိုက်ရန်ချိန်ရွယ်လိုက်တိုင်း မေသက်နွယ်မှာ ဒေါ်လှခင် (သို့မဟုတ်) ဦးအောင်သန်း

တို့မြင်လောက်သည့်နေရာတွင် သွားရပ်နေသဖြင့် မြင့်နိုင်မှာ အောင့်သက်သက်နှင့် အမြဲအရှုံးပေးရလေတော့သည်။

× × ×

ဇွန်လကျောင်းပြန်ဖွင့်သောအခါ မေသက်နွယ်နှင့်မြင့်နိုင်မှာ "မတဲ့အတူနေ" ဆိုသကဲ့သို့ (၈)တန်းတွင် အတန်းတူနေလေ၏။ နှစ်ယောက်သားမှာ အတန်းထဲတွင် စာတော်ကြသည့်အပြင် တစ်ယောက်ကိုတစ်ယောက် အနိုင်မခံအရှုံးမပေးသောကြောင့် လစဉ် စာမေးပွဲတိုင်း ပထမရလိုက်၊ ဒုတိယရလိုက်၊ တစ်ခါတစ်ရံ နှစ်ယောက်စလုံး ပထမရလိုက်နှင့် ဖြိုင်နေကြလေ၏။ တစ်ယောက်နှင့်တစ်ယောက် စကားအနိုင်လုပြောလေ့ရှိ၏။ ၄င်းတို့နှစ်ယောက် မသင့်မြတ်ကြောင်းကို ဆရာဆရာမ ကျောင်း သူကျောင်းသားများကို သိကြသော်လည်း ခပ်မဆိပ်နေကြလေ၏။

မြင့်နိုင်မိသားစုမှာ မေသက်နွယ် (၈)တန်းရောက်ကာ တည်းက မြင့်နိုင်စာအလွန်ကြိုးစားသည်ကို တွေ့ရသဖြင့် ဝမ်းသာနေကြလေ၏။

တစ်နေ့ .... မြင့်နိုင်စာသင်ချိန်တွင် ဆရာက မင်္ဂလာ တရားတော်အကြောင်းကို သင်ကြားရာမှ "ပူဇော်စ၊ ပူဇော်နေယျာနံ"



ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်း" စသည်တို့ကို သင်ကြားနေစဉ် မြင့်နိုင်ကထ၍ ....

"ဆရာ .... ဒီမင်္ဂလာတရားတော်နဲ့ ပက်သက်ပြီး ကျွန်တော် သိချင်တာရှိလို့ မေးခွင့်ပြုပါဆရာ"

"ကောင်းပါပြီမောင်မြင့်နိုင်၊ ဆရာမေးခွင့်ပြုပါတယ်၊ မရှင်းတာ ရှိရင်မေးနိုင်ပါတယ်"

"ဒီလိုပါဆရာ .... ခုနက ဆရာပြောတဲ့အထဲမှာ "ပူဇော်စ၊ ပူဇေနယျာနံ" ဆိုတဲ့ အကြောင်း ကို ပုံတိုကလေးတွေနဲ့ သာဓက တင်ပြီး ပြောသွားခဲ့တယ်၊ ဆရာပြောတဲ့အထဲမှာ ပူဇော်ထိုက်သူကို ပူဇော်တဲ့သူဟာ နိဗ္ဗာန်ကို ဖြောင့်ဖြောင့်တန်းတန်းရောက်နိုင်တယ် ဆိုတော့ ပူဇော်ထိုက်သူကိုမပူဇော်ပဲ ထော်လော်ကန့်လန့်လုပ်သူဟာ နိဗ္ဗာန်ကို ဖြောင့်ဖြောင့်တန်းတန်းဘယ်ရောက်နိုင်ပါ့မလဲဆရာ .... သူ့အပြုအမူအတိုင်း ကန့်လန့်အကျိုးပေးမှာပဲ ထင်တယ်ဆရာ၊ အဲဒါ ဘယ်လိုသဘောရပါသလဲ" ဟု မေးသဖြင့် အတန်းထဲမှ ကျောင်းသူကျောင်းသားများနှင့်ဆရာမှာ မြင့်နိုင်မေးလိုက်သော မေးခွန်းကြောင့် ဝိုင်းရီနေကြလေ၏။

မေသက်နွယ်မှာမြင့်နိုင်ဘယ်လိုအဓိပ္ပါယ်နှင့်မေးနေသည်ကို ရိပ်မိသဖြင့် ပြန်လည်ချေပရန် စဉ်းစားနေလေ၏။

ဆရာက ...

"မောင်မြင့်နိုင် .... ထိုင်နိုင်ပါတယ်၊ အင်း .... မောင်မြင့်နိုင် အခုလိုမေးတာ အကြောင်းရှိရလိမ့်မယ်ထင်တယ်"

"ဟုတ်ပါတယ်ဆရာ ... ဆရာ ခုနကသင်တဲ့စာနဲ့ပတ်သက်ပြီး ကျွန်တော်သိချင်တာနဲ့ ကြုံကြိုက်နေလို့ပါ၊ ဆရာသင်တဲ့စာထဲမှာ ကိုယ်ထက်အသက်ကြီးသူကိုရော ရဟန်းသံဃာတို့ကိုရော ရိုရိုသေသေဆက်ဆံရမယ်၊ ရှိခိုးရမယ်ဆိုတာပါပါတယ်၊ ကျွန်တော်သိချင်တာက သင်္ကန်းကိုတော့လျှပါရဲ့၊ အဲဒီ သင်္ကန်းကိုဝတ်တဲ့ ရှင်သာမဏေကိုတော့ ကောင်းကောင်း မရှိခိုးပဲဘေးတိုက်ထိုင်ပြီး ကန်တော့တာ လူလိမ္မာလို့ ခေါ်နိုင်ပါ့ မလားဆရာ"

"ဆရာ .... ဒီမေးခွန်းကိုမဖြေခင် ကျွန်မပြောတာကို သိရမှအဖြေမှန်ဖြေနိုင်ပါလိမ့်မယ်ဆရာ" ဟု မေသက်နွယ်ကထ၍ ပြောလိုက်သည့်အတွက် စောစောကမြင့်နိုင်ကိုသာ အာရုံစိုက်နေသော ကျောင်းသူကျောင်းသားများမှာ မေသက်နွယ်ထံ အာရုံပြောင်းသွားကြလေ၏။

"မေသက်နွယ် .... ပြောချင်တာပြောပါ၊ ပြီးတော့မှ ဆရာဖြေပါမယ့်" "ကျေးဇူးတင်ပါတယ် ဆရာ .... စောစောက ဆရာ့တပည့်မေးတဲ့မေးခွန်းဟာ ဘယ်သူ့ကိုဦးတည်ချက်နဲ့မေးတယ်ဆိုတာ ကျွန်မသိပါတယ်ဆရာ ..... ဒါကြောင့် ကျွန်မကိုလဲ ဆရာဖြေရမဲ့အဖြေရဲ့တစ်ဝက်ကို ဖြေခွင့်ပြုပါဆရာ"

"ဖြေပါ .... ဖြေပါ" ဟု ဆရာက ဖြေခွင့်ပြုလိုက်သဖြင့် ....

ကျေးဇူးတင်ပါတယ် ဆရာ .... မင်္ဂလာတရားတော်မှာပါတဲ့ "ပူဇာစ၊ ပူဇနေယျာနံ ပူဇော်ထိုက်သူကို ပူဇော်ရမယ်ဆိုတာက



အဲဒီလိုရှိပါတယ်ဆရာ .... မိမိထက် အသက်ကြီးသူကို ရိုသေတဲ့အနေနဲ့ ရှိခိုးသင့်တယ်ဆိုတာတော့ ကျွန်မနားလည်ပါတယ် .... ဒါပေမဲ့ အသက်ကြီးသူက အရွားအနှမ်းလို ပေါကြောင်ကြောင် ကျပျက်ကချော် နဲ့ လူငယ်မရှိသေအောင် လုပ်ကိုင်နေထိုင်ရင်တော့ ဘယ်သူကမြင့်မြတ်သူ ရိုသေထိုက်သူလို့ အသိအမှတ်ပြုပါ့မလဲဆရာ .... ဒီလို အသက်ကြီးပြီး အချိန်မစီးတဲ့ လူပေါလူကြောင်ကို မကန်တော့တာနဲ့ မလိမ္မာဘူးလို့ မဆိုနိုင်ပါဘူး"

"မှန်တယ် ...." ဟု ကျောင်းသူကျောင်းသားများက စားပွဲကို ထု၍ ထောက်ခံကြလေ၏။

မေသက်နွယ်ကဆက်၍ "နောက်တစ်ခုက၊ ဆရာစောစောကသင်ကြားသွားတဲ့ လောကီမင်္ဂလာထဲမှာ ကဏ္ဍစ္ဆဒ္ဒဒုမင်္ဂလာဆိုတဲ့နားထွင်းမင်္ဂလာကိုတော့ ကျွန်မနားလည်ပါတယ်၊ ဒါ့ပေမဲ့ .... ယောကျ်ားလေးတွေကို သာသာနာတွင်းသွတ်သွင်းတဲ့ သာသနာနုဂ္ဂဟမင်္ဂလာနဲ့ ပတ်သက်ပြီးတော့ ကျွန်မမေးလိုပါတယ်ဆရာ ...."

"မေးပါ မေသက်နွယ် ....."

"ယောကျ်ားကလေးတစ်ယောက်ဟာ .... သာသနာတော်ကို ယုံကြည်လို့ သင်္ကန်းဝတ်တာမျိုးမဟုတ်ပဲ မိန်းကလေးတစ်ယောက်ရဲ့ ရှိခိုးတာကို ခံယူချင်လို့သင်္ကန်းဝတ်တာဟာ ကုဒ္ဒိလ်မရတဲ့အပြင် ဆံပင်ရှုံးတာသာအဖတ်တင်တာပဲမဟုတ်ဘူးလား ဆရာ၊ မိန်းကလေး တစ်ယောက်ကို ကလဲ့စားချေပြီး အနိုင်ယူချင်

တာနဲ့ သင်္ကန်းကို ခုတုံးလုပ်လိုက်တာ သာသနာတော်ကို စော်ကားတာနဲ့ မတူဘူးလား ဆရာ၊ သူ့မှာရော အပြစ်မရောက်နိုင်ဘူးလားဆရာ၊ ဒီတော့ ဝါဝါမြင်တိုင်း ဘုန်းကြီးမဟုတ်သလို စောစောက ကျွန်မပြောခဲ့တဲ့အတိုင်း သင်္ကန်းကို ခုတုံးလုပ်တဲ့ကိုရင်ကို ဘယ်သူကြည်ညိုပြီး ကန်တော့ချင်မှာလဲဆရာ၊ သဒ္ဓါတဲ့စိတ်မပါပဲ ကန်တော့တာဟာ ကုသိုလ်လဲမရပါဘူး၊ ပြီးတော့ ခုနကလို သာသနာခုတုံးလုပ်တဲ့ ကိုရင်မျိုးကို မကန်တော့တဲ့ သူကို လူမိုက်လို့လဲမခေါ်နိုင်ပါဘူး၊ မဟုတ်ဘူးလားဆရာ ....” ဟု ပြောလိုက်သဖြင့် မြန်မာစာဆရာနှင့် ကျောင်းသူကျောင်းသားများလည်း ဤကိစ္စမှာ မြင့်နိုင်နှင့်မေသက်နွယ်တို့၏ အကြောင်းများဖြစ်သည်ဟု ရိပ်မိသွားကြလေ၏။ မြင့်နိုင်နားတွင် ထိုင်နေကြသော မောင်မောင်နှင့် အောင်တင်မှာ မြင့်နိုင်ကို တစ်တောင်နှင့်တွတ်လျက် ....

“မင်းယောကျ်ားစျေးဖျက်တဲ့အကောင်ပဲ” ဟုပြောကြ၏။ မြင့်နိုင်မှာ မေသက်နွယ်ပြောလိုက်သော စကားကြောင့်ရှက်ပြီး ဒေါသ ထွက်နေသော်လည်း သူကစပြီး ပြောမိသဖြင့် သူ့အပြစ်နှင့် သူ ခေါင်းငုံ့၍သာနေလေ၏။ မြန်မာစာဆရာလည်း မြင့်နိုင်အား ကြည့်ပြီး ပြုံးလိုက်ကာ ....

“မောင်မြင့်နိုင် .... မင်းမေးတဲ့မေးခွန်းကို ဆရာဖြေဘို့ လိုသေးသလား၊ မေသက်နွယ်ဖြေတာနဲ့ လုံလောက်ပြီးလား” ဟု မေးနေစဉ် အတန်းဆင်းခေါင်းလောင်းထိုးသဖြင့် မြင့်နိုင်က ....



“တော်ပါပြီဆရာ” ဟု ပြောလိုက်ရာ ကျောင်းသူများက မြင့်နိုင်အားကြည့်ကာ မကြားတစ်ကြားဖြင့် “ဒီတစ်ခါတော့ နွယ်တစ်ချီထဲနဲ့ မထနိုင်အောင် အလဲထိုးလိုက်တာပဲ” ဟု ပြောရင်း မုန့်စားဆင်းကြလေ၏။ မြင့်နိုင်မှာ အတန်းထဲမှ အရင်ဆုံးဆင်းကာ မောင်မောင်အား အကျိုးအကြောင်းပြောပြီး အိမ်ပြန်လာလေ၏။ မုန့်စားဆင်းချိန်စေ့၍ အတန်းပြန်တက်သောအခါ မေသက်နွယ်မှာ မြင့်နိုင်၏ခုံနေရာသို့ လှမ်းကြည့်လိုက်ရာ လွတ်နေသည်ကိုတွေ့သဖြင့် မြင့်နိုင်တစ်ယောက် သူငယ်ချင်းများဝိုင်းစ၍ ရှက်သဖြင့် အိမ်ပြန်သွားကြောင်းကို ရိပ်မိသည့်အတွက် စိတ်မကောင်းဖြစ်နေလေ၏။

ညနေအိမ်ပြန်လာသောအခါ မြင့်နိုင်အား တောင်ပန်ရန်ရှာသော်လည်း မတွေ့သဖြင့် ညည့်အားမေးသောအခါ မြင့်နိုင်ကုတင်ပေါ်တွင် စောင်ခေါင်းမြီးခြုံကာ အိပ်နေကြောင်းသိရသဖြင့် မေသက်နွယ်လည်း စာကောင်းကောင်းမကျက်နိုင်တော့ပဲ စိတ်မကောင်းစွာဖြင့် အိပ်ယာထဲသို့ အစောကြီးဝင်အိပ်လေတော့၏။

× × ×

မြင့်နိုင်မှာ မေသက်နွယ်နှင့် မျက်နှာချင်းမဆိုင်မိအောင်နေ

လေ၏။ အတန်းထဲတွင်လည်း ခါတိုင်းလို စွာကျယ်စွာကျယ်မလုပ်တော့ပဲ စကားနည်းနည်းသာပြောလေ၏။ တစ်နေ့တွင် မေသက်နွယ်သည် ကျောင်းမှန့်စားလွတ်ချိန်၌ သူငယ်ချင်းများဖြစ်သော တင်တင်အေး၊ မေမေလှတို့နှင့်အတူ ရေခဲသုတ်ဆိုင်သို့ ရောက်လာရာ သူမတို့ဘက်ဆီသို့ ကျောပေး၍ ရေခဲသုတ်စားနေသော မြင့်နိုင်ကို တွေ့ရသဖြင့် မေသက်နွယ်က အသံပြောင်း၍ "အချိုရေ ... " ဟု ပြောသည်ကို .....

"ဗျာ ...." ဟု မြင့်နိုင်က သူ့ခေါ်သည် အထင်နှင့်ယောင်ယမ်းထူးလိုက်ရင်း လှည့်ကြည့်လိုက်သောအခါ ပြုံးပြုံးစိစိလုပ်နေသော မေသက်နွယ်ကဆက်၍ ....

"အချိုရေ သုံးခွက်ပေးပါ" ဟု ရေခဲသုပ်ရောင်းသူအား ပြောသဖြင့် မြင့်နိုင်လည်းဒေါပွသွားကာ ပြန်လှည့်ပြီး ရေခဲသုတ်ငုံ့စားနေလေ၏။ မေသက်နွယ်က တင်တင်အေးအား ...

"တစ်ခါတစ်လေ လူတွေဟာ အရူးနဲ့တူတယ်နော် .... သူတို့ကို ခေါ်ပေမဲ့ ထူးချင်မှထူးတယ်၊ မခေါ်ပေမဲ့လဲ ထူးချင်ထူးတာပဲ၊ ဒါတင်ဘယ်ကမလဲ ဒီအချိုရေကို ကြည့်ပါလား နာမည်မှည့်ထားတာတော့ဖြင့် ချိုမယောင်ယောင်နဲ့ သောက်ကြည့်တော့မှ ချဉ်လိုက်တာစုတ်နေတာပဲ၊ ခေါ်ရတဲ့စကားလုံးတောင် အားမနာဘူး"

မြင့်နိုင်မှာ သူ့အားစောင်းမြောင်းပြောသံကို ကြားနေရသဖြင့် စိတ်တိုသွားကာ စားလက်စရေခဲသုပ်ပန်းကန်ကို ဆောင့်ချပြီး



ထွက်သွားသဖြင့် ရေခဲသုတ်ရောင်းသူက ....

"ဟေ့သူငယ် .... ရေခဲသုပ်ဘိုး ပိုက်ဆံပေးသွားအုံးလေ" ဟု လှမ်းအော်လိုက်ရာ .... မြင့်နိုင်မှာ ဆိုင်ဘက်သို့ ပြန်လှည့်လာရလေ၏။

"အလုကလဲ .... ပိုက်ဆံမရှိရင် ကိုယ့်ဆီတောင်းပါလား .... ဘာပြုလို့ထွက်ပြေးချင်ရသလဲ မင်းဟာအချောင်သမားပဲ" ဟု မေသက်နွယ်က မေမေလှအားနောက်လိုက်သဖြင့် မေမေလှမှာလည်း မြင့်နိုင်အားကြည့်ကာရယ်မိလေ၏။

မြင့်နိုင်မှာ မေသက်နွယ်၏ စကားကြောင့် ရှက်သွားကာ အကျီအိတ်ထဲမှ ပိုက်ဆံထုတ်ပေးရမည့်အစား အယောင်ယောင်အမှားမှားဖြင့် လက်ကိုင်ပုဝါကိုဈေးသည်အား ထုတ်ပေးမိလိုက်သဖြင့် မေသက်နွယ်တို့လူသိုက်လည်း တခစ်ခစ်နှင့် ရယ်ကြလေ၏။ မြင့်နိုင်မှာ ရှက်ကိုးရှက်ကန်းဖြစ်သွားကာ ငါးမူးစေ့ထုတ်ပေးလိုက်ပြီး ဈေးသည်အမ်းသော အကြွေများကို မယူနိုင်တော့ပဲ သုတ်ခြေတင်၍ ထွက်လာလေ၏။

× × ×

မေသက်နွယ်နှင့်မြင့်နိုင်တို့မှာ တစ်ယောက်ကိုတစ်ယောက်

ဗိုလ်မထားပဲ စာဘက်တွင်သာမက၊ အားကစားပွဲများ စကား ရည်လုပွဲများ၊ ကျဘမ်းစကားပြောပွဲများစသည်တို့တွင် ပြိုင်ကြ လေ၏။ အတန်းဆရာနှင့်ဆရာမများသာမက ကျောင်းသူကျောင်း သားများကလည်း ၄င်းတို့ပြောစကားများကို နားထောင်ကောင်း သဖြင့် စကားရည်လုပွဲတွင်ရော၊ ကစားခုန်စားဘက်တွင်ပါ တစ်ယောက်စီ ခေါင်းဆောင်မြောက်ကြလေ၏။

မြင့်နိုင်တို့နှစ်ဦးစလုံးမှာ စကားပြောကောင်းသူများဖြစ်ကြ သဖြင့် ၄င်းတို့ပြောသောအလှည့်တွင် အားလုံးပွဲကျပြီး၊ သြဘာသံ များ ဆူညံနေလေ၏။

မြင့်နိုင်မှာ မေသက်နွယ်နှင့် အတန်းထဲတွင်သာ တွေ့ကြ ရပြီး အိမ်ရောက်သည်နှင့် မေသက်နွယ်ကို မတွေ့ရအောင်ရှောင် နေလေ၏။ စနေတနင်္ဂနွေ ကျောင်းပိတ်ရက်တွင်လည်း သူငယ် ချင်းများအိမ်တွင် သွားရောက်နေပြီး နွေရာသီနှင့်သီတင်း ကျွတ်ကျောင်းပိတ်ရက်များတွင် သူ၏အချစ်ဆုံးသူငယ်ချင်းဖြစ်သူ မောင်မောင်နှင့် မော်လမြိုင်သို့ လိုက်သွားလေ့ရှိ၏။

ဤသို့ဖြင့်ပင် တစ်နှစ်ပြီးတစ်နှစ်ကူးပြောင်းလာခဲ့ရာ မြင့်နိုင် (၁၆) နှစ်အရွယ်၊ မေသက်နွယ် (၁၅) နှစ်အရွယ်ရောက်ရှိလာ လေ၏။ နှစ်ယောက်စလုံးမှာ လူပျိုပေါက်၊ အပျိုပေါက်အရွယ် ရောက်လာသဖြင့် ယခင်ကလိုရန်မစကြတော့ပဲ၊ တစ်ယောက်နှင့် တစ်ယောက် စကားမပြောပဲ ခပ်တည်တည်ပင်နေကြလေ၏။



မေသက်နွယ်မှာ ကျောင်းအားသည့်ရက်များတွင် မိခင်ကြီး နှင့် အတူအိမ်တွင်းအလုပ်များကို ဝိုင်းကူလုပ်သဖြင့် ဦးအောင်သန်း၊ ဒေါ်လှခင်နှင့်ကြည်ကြည်တို့ ညီအစ်မတစ်စုက ချီးမွမ်းမဆုံးနိုင်ပဲရှိ လေ၏။ စုစုက မေသက်နွယ်နှင့် နှစ်ယောက်ချင်းတွေ့သည့် အခါတိုင်း "ညီမလေးကို မမစု ယောက်မတော်ဖို့ အခုကတည်း က စရန်ရိုက်ထားမယ်နော်" ဟုစသည့်အခါတိုင်း မေသက်နွယ်က "ဒါပဲနော် .... ကိုမြင့်နိုင်နဲ့တော့မစပါနဲ့ .... မမတို့ နွယ့်ကို ယောက်မတော်ချင်ရင် နွယ် .... ဖိုးထွေးလေးကြီးလာတဲ့အထိ ကျောက်ပျဉ်ရွက်စောင့်မယ်" ဟု ပြန်ပြောလေ့ရှိ၏။

မြင့်နိုင်ကိုလည်း ၄င်းတို့၏ညီအစ်ကို မောင်နှမတစ်စုက မေ သက်နွယ်နှင့်စလေ၏။ မြင့်နိုင်က "ကျွန်တော်မေသက်နွယ်ကို ယူမဲ့ အတူတူ ကျားနားရွက်ဆွဲပြီး ကျားနှာခေါင်းနို့က်ချင်သေးတယ်၊ သူ့ယူရင် ကျွန်တော်အမြဲတန်း ဆေးတိုက်သွားနေရအုံးမယ်" ဟု ပြန်ပြောသဖြင့် ကြည်ကြည်က "မင်းဘာပြုလို့ ဆေးတိုက် ရောက်မှာလဲ" ဟု မေးသောအခါ ....

"မမရဲ့ကောင်မကလေးက ခြေမြန်လက်မြန်နဲ့ ကျွန်တော် အမြဲအတီးခံနေရမှာ" ဟု ပြန်ဖြေသဖြင့် အားလုံးက ဝိုင်းရီကြ လေ၏။

မေသက်နွယ်နှင့် မြင့်နိုင်မှာ (၃)နှစ်တိုင်တိုင် တစ်အိမ်ထဲ နေကြသော်လည်းတစ်ယောက်နှင့်တစ်ယောက်မှာ တစောင်းစေး နှင့်မျက်ချေး ဖြစ်ဆဲပင်ရှိလေ၏။ တစ်ယောက်နှင့်တစ်ယောက်မှာ

ကျောင်းတွင် စကားမပြောကြသော်လည်း မေသက်နွယ်၏ သူငယ်ချင်းများက မေသက်နွယ်အား "နွယ်ရေ .... ကိုမြင့်နိုင်ဟာ အတန်းထဲမှာ စာလဲတော်တယ်၊ အားကစားဘက်မှာလည်း တော်တယ်၊ ယောကျ်ားလဲပီသတယ်၊ ဒါကြောင့် ကိုယ်တို့နဲ့အောင် သွယ်ပေးပါလားကွယ်" ဟု ပြောသည့်အခါတိုင်း မေသက်နွယ်မှာ ဘာကြောင့်မှန်းမသိ၊ မကျေနပ်သလို သဝန်တိုသလိုဖြစ်လေ့ ရှိလေ၏။

ထို့အတူပင် မြင့်နိုင်၏ သူငယ်ချင်းများကလည်း မြင့်နိုင်အား ၎င်းတို့နှင့် မေသက်နွယ်ကို အောင်သွယ်လုပ်ခိုင်း သောအခါ မြင့်နိုင်မှာ မေသက်နွယ်ကို မျက်နှာကျောမတဲ့ သော်လည်း တစ်ခြားသူနှင့် မေတ္တာသက်ဝင်သွားမည်ကို စိုးရိမ်ပူပန်မိလေ၏။ ၎င်းတို့ နှစ်ဦးစလုံးမှာ တစ်ယောက်ကို တစ်ယောက် မုန်းနေကြသော်လည်း သံယောဇဉ်နောင်ကြိုးများ တဖြည်းဖြည်းရစ်ပတ်မိနေသည့် အတွင်းသဘောကို နှစ်ဦးစလုံး မသိရှိကြပေ။

× × ×



## အခန်း ၅

၁၉၄၈ ခုနှစ်၊ မတ်လတွင် ကျင်းပသော တက္ကသိုလ်ဝင် စာမေးပွဲကို မြင့်နိုင်နှင့် မေသက်နွယ်တို့မှာ (၉)တန်းမှ ဝင်ရောက် ဖြေဆိုကြလေ၏။ နှစ်ယေက်စလုံးကောင်းမွန်စွာ ဖြေဆိုနိုင် ကြလေ၏။

စာမေးပွဲပြီးစီးသောအခါ မြင့်နိုင်မှာ ခါတိုင်းနှစ်များကဲ့သို့ ကျောင်းပိတ်ရက်တွင် သူငယ်ချင်းမောင်မောင်နှင့်မော်လမြိုင်သို့ လိုက်သွားလိုသော်လည်း မိခင်ကြီးက ညည်၊ အေးအေးနှင့် ဖိုးထွေးတို့အား ပျင်ပြုပေးမည်ဖြစ်သဖြင့် မြင့်နိုင်အားအိမ်တွင်သာ နေခိုင်းလေ၏။

မြင့်နိုင်မှာ အောင်စာရင်းများစောင့်ရင်း စာဖတ်လိုက်၊ ဟင်းနှစ်မျိုးကိုလိုက်၊ ရေကူးလိုက်နှင့် အချိန်ကိုဖြုန်းနေရလေ၏။

၁၉၄၈ ခု၊ ဧပြီလသို့ရောက်သောအခါ ပိတောက်ပန်းများလည်း အစီအရီပွင့်လာလေ၏။ သင်္ကြန်မတိုင်မီ (၃) ရက်အလိုတွင် ပိတောက်ပန်းများ ပထမဆုံးအကြိမ်ပွင့်သဖြင့် မြင့်နိုင်လည်း အစောကြီးထကာ သစ်ပင်ပေါ်တက်ခူးလေ၏။ မြင့်နိုင်မှာ ပိတောက်ပန်းများကို တစ်ပွေ့တစ်ပိုက်ကြီး ခူးလာပြီး အိမ်ထဲသို့ ယူလာရာ ဒေါ်လှခင်နှင့် အိမ်ပေါက်ဝတွင် တွေ့သဖြင့် ဒေါ်လှခင်က သားဖြစ်သူအား ....

"သားရယ် .... ပန်းတွေအများကြီးပဲ၊ အပေါ်ထပ်ကို သွားပို့လိုက်ပါအုံး ...."

"ဟာ .... မေမေကလဲ ကျွန်တော့်အိမ်အတွက် ကျွန်တော်ခူးလာတာ၊ သူများပေးဘို့ ခူးလာတာမှမဟုတ်ပဲ ...."

"သားကလဲကွယ် .... အိမ်အတွက်နောက်မှ တက်ခူးပေးပေါ့၊ ဒါတွေ အပေါ်ထပ်ကို ပို့ပေးလိုက်ပါကွယ် .... သားက လိမ္မာပါတယ်" ဟု ပြောနေစဉ် ဦးအောင်သန်းရောက်လာပြီး ....

"သားအမိနှစ်ယောက် စောစောစီးစီး ဘာတွေပြောနေကြတာလဲ ...."

"အော် .... သားက ပန်းတွေတက်ခူးလာလို့ ကျွန်မက အပေါ်သွားပို့ခိုင်းနေတာပါ"

"အေး .... ကောင်းတယ် ... ကောင်းတယ် ... ပို့ပေးလိုက်ပါကွယ်၊ ငါ့သမီးကလေးနွယ်က ပိတောက်ပန်းအားကြီးကြိုက်တာပဲ" ဟု ဦးအောင်သန်းက ပြောလိုက်သဖြင့် မြင့်နိုင်မှာ မခံမရပ်နိုင်ဖြစ်



လာကာ ....

"ဖေဖေကလဲ ... ဒါ ... ကျွန်တော် အပေါ်ပေးဘို့ ခူးလာတာ မဟုတ်ဘူး၊ အိမ်ကဘုရားပန်းအိုးထဲထည့်ဘို့ ခူးလာတာ ..."

"တော်စမ်း .... ရှာရှေမနေနဲ့ ... မင်းကိုမိဘဖြစ်တဲ့သူက ပို့ခိုင်းတာ ပို့မလား၊ မပို့ဘူးလား ဒါပဲပြော ...." ဟု ဖခင်ဖြစ်သူက ငေါက်ဆတ်ဆတ်ပြောလိုက်တော့မှ မြင့်နိုင်လည်း အောင့်သက်သက်နှင့် အပေါ်ထပ်သို့တက်သွားလေ၏။

မြင့်နိုင်မှာ အပေါ်လှေခါးထိပ်သို့ရောက်သောအခါ မတွေ့ချင်သော မေသက်နွယ်နှင့် ရင်ဆိုင်တွေ့ရလေ၏။ မေသက်နွယ်မှာ ပထမဆုံးအကြိမ်ပွင့်သော ပိတောက်ပန်းများကို တွေ့ရသည့်အတွက် ဝမ်းသာသွားကာ ...

"ဟာ .... ပိတောက်ပန်းတွေလှလိုက်တာ၊ ဒီနေ့ပွင့်မှန်းတောင် သတိမထားလိုက်မိဘူး၊ ကိုမြင့်နိုင်အစောကြီး တက်ခူးပြီးလာပို့တာလား"

"ငါ ... မင်းအတွက် အပင်ပန်းခံပြီး လာပို့တာမဟုတ်ဘူး၊ အန်တီ့အတွက် လာပို့တာ၊ မင်းလိုချင်ရင် မင်းဖာသာ သွားခူးပါလား၊ လက်မရှိဘူးလား" ဟု ပြောလိုက်ရာ မေသက်နွယ်လည်း သူမက ကောင်းကောင်းမွန်မွန် စကားပြောပါလျက် ပြန်၍ ဘုတောနေသော မြင့်နိုင်ကို စိတ်ဆိုးသွားကာ မြင့်နိုင်လက်ထဲမှ ပိတောက်ပန်းများကို ဆတ်ကနဲဆွဲယူလိုက်ပြီး ....

"ကဲ .... လက်ရှိလို့လုပ်တယ်၊ ဘာပြောချင်သေးသလဲ" ဟု

ပြောရင်း မြင့်နိုင်၏ မျက်နှာဆီသို့ တအားပေါက်လိုက်ပြီး အိမ်ထဲသွားလေ၏။

မြင့်နိုင်မှာ မမျှော်လင့်ပဲ ခံလိုက်ရသည့်အတွက် အူကြောင်ကြောင်ဖြစ်ကာ ရပ်နေမိလေ၏။ မေသက်နွယ် အိမ်ခန်းထဲဝင်ပြီး တော့မှ သူလည်း သတိရကာ လက်သီးဆုတ်၍ အံကြိတ်လိုက်ကာ

"သိကြရောပေါ့ မေသက်နွယ်ရယ် ...." ဟု ကြိမ်းမောင်းလိုက်ပြီး ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသော ပန်းများကို ကြည့်လိုက်ကာ လှေခါးမှဒေါသဖြစ်ဖြစ်နှင့် ပြေးဆင်းသွားလေ၏။

ထိုအချိန်တွင် ကြည်ကြည်မှာလည်း သူမ၏မိခင်က မြင့်နိုင်အား အိမ်ပေါ်သို့ စေလွှတ်လိုက်ကြောင်းကို သိသဖြင့် မေသက်နွယ်နှင့် ကတောက်ကဆဖြစ်မည်ကို စိုးရိမ်မိသည့်အတွက် အိမ်ပေါ်ထပ်သို့ တက်လိုက်လာရာ အပေါ်မှတအားပြေး ဆင်းလာသော မြင့်နိုင်နှင့် ရင်ဆိုင်တိုးမိကာ နှစ်ယောက်သား ဒလိမ့်ခေါက်ခွေး လှေခါးအောက်သို့ ကျသွားကြလေ၏။ လိမ့်ကျသံကြောင့် ဦးအောင်သန်း၊ ဒေါ်လှခင်၊ ကိုးစိုးနိုင်၊ ညီညီနှင့် စုစုတို့လည်း အပြေးအလွှားရောက်လာကြလေ၏။

ဒေါ်လှခင်က ရင်ဘတ်ကို လက်ဖြင့်ဖိရင်း ....

"ငါ့နယ် လန့်လိုက်တာ .... မင်းတို့မောင်နှမနှစ်ယောက်ကလဲ မကြီးမငယ်နဲ့ တယ်ဆော့ကြတာကိုး ...." ဟု ပြောလိုက်သဖြင့် ကြည်ကြည်နှင့်မြင့်နိုင်မှာ တစ်ယောက်ကို တစ်ယောက် လက်ညှိုးထိုးပြီး အပြစ်တင်နေကြလေ၏။



ထိုအခိုက် လှေခါးထိပ်မှ တခစ်ခစ်နှင့် ရယ်သံကြားရသည့်အတွက် မြင့်နိုင်က မော့ကြည့်လိုက်သောအခါ လက်ကိုင်ပုဝါကို ပါးစပ်တွင်ပိတ်ပြီး ၄င်းတို့အား ကြည့်ရယ်နေသော မေသက်နွယ်ကို တွေ့ရသဖြင့် ဒေါသထွက်သွားကာ "အေး ... ရယ်နိုင်တုံး အားရအောင်ရယ်ထားအုံးပေါ့၊ တစ်နေ့ကျတော့မှ မရယ်နိုင်ပဲ ငိုနေရလိမ့်မယ်" ဟု ကြိမ်းမောင်းရင်း ထလာပြီး တင်ပါးကို ပွတ်သပ်ကာ အိမ်ထဲဝင်သွားလေ၏။ ထိုအခါမှ ကြည်ကြည်က မေသက်နွယ်ကို အောက်သို့ခေါ်၍ အကျိုးအကြောင်းမေးမြန်းရာ မေသက်နွယ်က ဖြစ်ပျက်ပုံကို ပြောပြလိုက်လေ၏။

"ဒါကတော့ ကြည်ကြည် မင်းရဲ့မောင်လွန်တာပဲ ... နွယ်နွယ်က ကောင်းကောင်းမွန်မွန်ဆက်ဆံရဲ့သားနဲ့ ဘုတောတော့ ခံရတာပေါ့၊ ငါသာဆိုရင် ပန်းနဲ့ပေါက်မှာမဟုတ်ဘူး ပါးကို ပိတ်ချလိုက်မှာပဲ" ဟု ဦးအောင်သန်းကပြောပြီး အချိုအား ဆူပူရန်ထွက်သွားလေ၏။

"လာ .... နွယ်နွယ် .... သူခူးပေးမှပန်းပန်ရမှာလား .... ညီညီတံချူနဲ့ခူးပေးမယ်" ဟု ညီညီကပြောလိုက်ရာ ....

"ဟင့်အင်း .... မလိုချင်တော့ပါဘူးကွယ် ...." ဟု မေသက်နွယ်က ငြင်းရင်း အိမ်ပေါ်သို့တက်သွားလေတော့၏။

× × ×

သကြံန်မတိုင်မီတစ်ရက်အလိုတွင် ညီညီ၊ အေးအေးနှင့် ဖိုးထွေးတို့ သုံးဦးကို ရှင်ပြုပေးလေ၏။ မြင့်နိုင်မှာ ညီသုံးယောက် စလုံး ဘုန်းကြီးကျောင်း ရောက်နေသည့်အတွက် အိမ်ကပ်နေရလေ၏။

သကြံန်အကျနေ့ရောက်သောအခါ ဒေါ်သင်းဝေမှာ ရွှေရင်အေးပြုလုပ်သဖြင့် မေသက်နွယ်အား အောက်ထပ်သို့ အပို့ခိုင်းလိုက်လေ၏။ ကိုစိုးနိုင်မှာ ရောတစ်ခွက်ခပ်ယူလာပြီး မေသက်နွယ်၏နောက်ကျောမှ လောင်းချလိုက်ရာ မေသက်နွယ်လည်း တစ်အိမ်လုံးကို လိုက်လောင်းနေသည့်အတွက် ဆူညံနေလေ၏။

"ဒီကောင်မလေးက .... ဒို့ကိုသာ လောင်းရဲတာ၊ အချိုကျတော့ လောင်းတို့နေနေသာသာ အနားတောင်မကပ်ရဲဘူး" ဟုပြောလိုက်ရာ

"အောင်မာ .... ဘာပြုလို့ မလောင်းရဲရမှာလဲ .... သကြံန်ကျလို့ ရေပက်တာပဲ၊ ဘယ်သူဖြစ်ဖြစ် လောင်းနိုင်တာပဲ ....တရားစွဲမခံရပါဘူး .... " ဟု မေသက်နွယ်က ပြောသည့်အတွက် စုစုက စကြည့်ခန်းဘက်သို့ မေးငေါ့လိုက်ပြီ .....

"ကဲ .... ဟိုအခန်းထဲမှာ ရှိလေရဲ့ .... လောင်းရဲရင် သွားလောင်းလေ .... " ဟု ပြောသောအခါ မေသက်နွယ်လည်း ရေတစ်ခွက်ခပ်ကာ စကြည့်ခန်းထဲသို့ ခြေသံမကြားအောင် ဝင်သွားပြီး စာဖတ်နေသော မြင့်နိုင်၏ နောက်ကျောပေါ်သို့ လောင်းချလိုက်လေ၏။



မြင့်နိုင်မှာ လန့်ဖျပ်သွားကာ မေသက်နွယ်၏လက်ကို ဒေါသထွက်ထွက်နှင့် တအားဆောင့်ဆွဲလိုက်ရာ လိမ်ချိုးလိုက်သကဲ့သို့ဖြစ်သွားပြီး မေသက်နွယ်၏လက်မှာ အဆစ်လွဲကာ လက်ကလေးတန်းလန်း ဖြစ်သွားလေ၏။ မေသက်နွယ်၏ အော်သံကြောင့် အပြင်ဘက်တွင်ရှိနေကြသော စိုးနိုင်တို့မှာလည်း ပြေးဝင်လာကြလေ၏။ မျက်နှာရှုံ့မဲ့နေသော မေသက်နွယ်ကို တွေ့ရသည်နှင့် စိုးနိုင်တို့မောင်နှမနှစ်ယောက်သားလည်း မေသက်နွယ်အား ဆရာဝန်ထံ ချက်ချင်းခေါ် ဆောင်သွားကြလေတော့၏။

တစ်နာရီမျှအကြာတွင် မေသက်နွယ်မှာ လက်သိုင်းကလေးနှင့် ဆရာဝန်ထံမှ ပြန်ရောက်လာကြရာ အားလုံးက အိမ်ပေါက်ဝမှ အခြေအနေကို ဆီးကြိုမေးမြန်းကြလေ၏။ စုစုက မေသက်နွယ်ကို လှေခါးနားသို့ခေါ်သွားပြီး "နွယ်ရေ .... ညီမကို လုပ်တဲ့တရားခံတော့ ဖေဖေ ရိုက်လိုက်တာ မနည်းဘူးကွယ် .... ကြိမ်လုံးနဲ့ကို ဆော်တာပဲ သူကလဲအာဂသတ္တိပဲကွဲ့၊ အဖိုးကြီးရိုက်သရွေ့ အံကြိတ်ခံနေတာပဲ၊ မေမေနဲ့မမစုတို့လည်း ဖေဖေ့ကို အတင်းဆွဲခေါ်သွားရတယ်"

"အော် .... ဖြစ်မှဖြစ်ရလေ မမစုရယ် ... ဒဏ်ရာတွေသိပ်များသွားသေးလား၊ ဒါနွယ့်အပြစ်ပါ မမရယ်"

"အမလေးနွယ်ရယ် .... ဒဏ်ရာတွေကမနည်းဘူး၊ အခုပဲ မမစုသူ့ကျောကအရိုးတွေကို နန္ဒင်းသိပ်ပေးပြီး အိပ်ယာပေါ်မှာ

မောက်ခိုင်းထားရတယ်၊ သူ့အစား မမစုနာလိုက်တာ၊ ဒါပေမဲ့ သိလား၊ ဖိုးစောက ဘာပြောသလဲဆိုတော့ .... ကျွန်တော်က ယောကျ်ားတန်မဲ့ အားနွဲ့တဲ့ မိန်းခလေးတစ်ယောက်ကို စိတ်လိုက်မာန်ပါကိုယ်ထိလက်ရောက်ပြုမူမိတာ ယောကျ်ားမဆန်လိုက်တာ .... နွယ့်ကို ဘယ်လို မျက်နှာချင်းဆိုင်ရမှန်းတောင် မသိဘူးတဲ့"

မေသက်နွယ်မှာ နားထောင်ရင်း မြင့်နိုင်အတွက် စိတ်မကောင်းဖြစ်သွားကာ ....

"သူ တော်တော်နာနေသလားဟင် ... ဆရာဝန်ဆီ ခေါ်သွားရင် မကောင်းဘူးလား" ဟု ပြောနေစဉ် ဒေါ်လှခင်ရောက် ရှိလာပြီး

"နွယ်လေး .... ဘယ့်နဲ့နေသေးလဲ၊ သိပ်နာသွားသလား"ဟု မေးနေသဖြင့် မေသက်နွယ်လည်း စိုးရိမ်စရာမရှိကြောင်းကို ပြန်ပြောပြီး အိမ်ပေါ်သို့ တက်သွားလေ၏။

× × ×

မြင့်နိုင်မှာ ကြိမ်လုံးဒဏ်ကြောင့် တကိုယ်လုံးနာကျင်နေသဖြင့် အိမ်မပျော်နိုင်အောင်ဖြစ်နေပြီး၊ နေ့လည်ကဖြစ်ပျက်ပုံကို ပြန်လည် စဉ်းစားနေရင်း ....

"အော် .... မေသက်နွယ်ခမျာ ဘယ်လိုနေပါလိမ့်၊ သူ့လက်



ငဲ့ကြောင့်ဖြစ်ရတာ၊ ငါသူကျေနပ်အောင် တောင်းပန်ရကောင်းမလား ဒါမှမဟုတ် သူနဲ့မျက်နှာချင်းမဆိုင်မိအောင် နေရကောင်းမလား" ဟု တွေးတောနေသကဲ့သို့ အပေါ်ထပ်မှ မေသက်နွယ်မှာလည်း အိပ်မပျော် နိုင်ပဲ၊ စုစုပြောသံကို ကြားယောင်ရင်း သူ့ကြောင့် အရိုက်ခံရသော မြင့်နိုင်ကို သနားနေမိလေ၏။

× × ×

နောက်တစ်နေ့ရောက်သောအခါ ....

မြင့်နိုင်၊ ကြည်ကြည်နှင့် မေသက်နွယ်မှအပ အားလုံးဘုန်းကြီးကျောင်းသို့ သွားကြလေ၏။ မြင့်နိုင်မှာ လူကြီးများမရှိခိုက် မေသက်နွယ်အား သွားရောက်တောင်းပန်ချင်သည့်အတွက် ကြည်ကြည်အား အတင်းလိုက်ပို့ခိုင်းနေလေ၏။

"နင့်ဖာသာ တစ်ယောက်ထဲသွားပေါ့ .... အပေါ်မှာ ဘယ်သူမှ ရှိတာမှမဟုတ်ပါ၊ ဟင်းအိုးကမကျက်သေးဘူး၊ နင်နဲ့လိုက်နေရင် ဟင်းတွေတူးကုန်ရင် တစ်အိမ်သားလုံး စားရမှာ မဟုတ်ဘူး"

"ကဲပါ .... မမကြီးရယ် ပို့ရုံပဲလိုက်ပို့ပါ၊ မေသက်နွယ်က ကျွန်တော့်ကို စိတ်ဆိုးနေပုံပေါ်ရင် ကျွန်တော်မမကြီးနဲ့

ပြန်ဆင်းခဲ့မယ် သူ စိတ်ဆိုးပုံမပေါ်ရင် ကျွန်တော့်ကိုထားခဲ့ပေါ့ .... ဟုတ်လား မမကြီး လိုက်ပို့ပါနော် ... နော် .... ဟာ ... မမကြီးကို အခုမှ သေသေချာချာ ကြည့်မိတယ်၊ ကျွန်တော့်စိတ်ထဲမှာ မမကြီးဟာ တစ်နေ့တစ်ခြား ပိုချောပိုနုလာသလိုပဲ"

"တော်စမ်း၊ ခွေးကောင်လေး .... ငါ့လာမြှောက်မနေစမ်းနဲ့၊ တခါထဲ .... အခုမှ ... တယ်လေ ... ငါမပြောတော့ပါဘူး" ဟု ကြည်ကြည်မှာ မောင်လုပ်သူ၏ နဖူးကို တစ်ချက်လှမ်းထုလိုက်ပြီး အပေါ်ထပ်သို့ ခေါ်သွားရလေတော့၏။

"ညီမရေ .... ဟောဒီမှာ တရားခံက ညီမကိုတောင်း ပန်ချင်တာ တစ်ယောက်ထဲမလာဝံ့လို့တဲ့" ဟု ကြည်ကြည်က လှေခါးပေါ် ရောက်ရောက်ချင်းအခန်းတွင်းသို့ အော်ပြောလိုက်ရာ မေသက်နွယ်မှာ အခန်းတွင်းက ထွက်လာလေ၏။

"ကဲ .... ညီမ .... မမလဲ ဟင်းအိုးတန်းလန်းနဲ့ အချိုကို ထားခဲ့မယ်၊ တော်တော်ကြာမှ တစ်ခေါက်ပြန်လာခဲ့မယ်" ဟုပြော ရင်းအောက်သို့ ကသောကမျောပြန်ဆင်းသွားလေတော့၏။

မြင့်နိုင်နှင့်မေသက်နွယ်မှာ ကြောင်အမ်းအမ်းနှင့်ရပ်နေကြရာ မေသက်နွယ်ကစ၍ ....

"ကိုမြင့်နိုင် .... ထိုင်လေ ...." ဟု ပြောရင်း သူမလည်း ကုလားထိုင်တွင် ထိုင်လိုက်လေသည်။

မြင့်နိုင်မှာ မေသက်နွယ်နှင့်မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ထိုင်လိုက်ပြီး လက်သိုင်းကလေးနှင့် မေသက်နွယ်ကို မှင်တက်မိ



သလို ငေးကြည့်နေမိလေ၏။

မေသက်နွယ်မှာ သူမအား မြင့်နိုင်ကကြည့်နေသည်ကို သိရသည့်အတွက် မနေတတ်မထိုင်တတ်ဖြစ်ကာ မည်သည့်အကြောင်းကြောင့်မသိ ရင်ဖိုနေမိလေ၏ မြင့်နိုင်မှာလည်း စကားကို ဘယ်က စပြောရမှန်းမသိ စိတ်အိုက်နေမိရာမှ ....

"နွယ် ...." ဟု မေသက်နွယ်ကို ကြည့်ရင်း မရဲတစ်ရဲခေါ် လိုက်သည့်အသံမှာ အသည်းနှလုံးကြားမှ လှိုက်လှိုက်လဲလဲ ထွက်ပေါ်လာသော ခံစားချက်နှင့်အတူ ရောပြွန်းသွားသည့် အတွက် အသံမှာကတုန်ကယင်ကြီးဖြစ်နေလေ၏။

"ရှင်... ကိုမြင့်နိုင်" ဟု မေသက်နွယ်ထံမှ မပွင့်တပွင့်ကလေး ပြန်လည်တုံ့ပြန်ချက်ကို ကြားလိုက်ရာ၊ မြင့်နိုင်မှာ တအားတက်သွားပြီး ဝမ်းသာမိလေ၏။

၄င်းတို့နှစ်ဦးစလုံးမှာ (၃) နှစ်အတွင်း ပထမဆုံးအကြိမ် ကောင်းမွန်စွာ စကားပြောကြခြင်းဖြစ်ရာ နှစ်ဦးစလုံး၏ စိတ်တွင်လှုပ်ရှားနေမိကြလေသည်။

"နွယ် .... ကျွန်တော့်ကို စိတ်ဆိုးသလားဟင် .... ကျွန်တော် လက်လွန်သွားတာကို တောင်းပန်ပါတယ်၊ နွယ်ကျေနပ်အောင် ကျွန်တော့်ကိုပြန်ရိုက်ပါ၊ စိတ်မကောင်းဖြစ်မိလို့ ညကတစ်ညလုံး အိပ်လို့မရဘူး၊ ဒါနဲ့ နွယ့်လက်ရောဘယ့်နဲ့ နေသေးသလဲဟင်"

မေသက်နွယ်မှာ မြင့်နိုင်ထံမှ သူမအားကရုဏာသက်စွာ ပြောကြားလိုက်သော လေသံကိုကြားရသဖြင့် နှစ်သိမ့်သွားကာ ....

"အော် ... ကိုမြင့်နိုင်ရယ်၊ နွယ်စိတ်မဆိုးပါဘူး" ဟု ပြုံးပြုံးကလေးခွန်းတုံ့ပြန်လိုက်သည့်အတွက် မြင့်နိုင်မှာ ပိတိဖြစ်သွားလေ၏။

"ဝမ်းသာလိုက်တာနွယ်ရယ် .... နွယ့်ဆီက ဒီလိုခွင့်လွှတ်တဲ့စကားကြားရလိမ့်မယ်လို့ ကျွန်တော်မမျှော်လင့်မိဘူး"

"တကယ်တော့ .... ကိုမြင့်နိုင်အပေါ် နွယ်အမြဲဗိုလ်ကျခဲ့တာပဲ၊ နွယ်ကသာ တောင်းပန်စရာတွေအများကြီးပါ၊ မနေ့ကပဲ နွယ့်ကြောင့် ကိုမြင့်နိုင်ကြိမ်လုံးနဲ့ အရိုက်ခံရသေးတယ်ဆို မမလေးက ဒဏ်ရာအတော်များသွားတယ်လို့ပြောလို့ နွယ်ဖြင့်ညက တစ်ညလုံးအိပ်လို့တောင်မပျော်ဘူး၊ စိတ်ပူလိုက်ရတာ"

"တကယ်ပဲ ကိုမြင့်နိုင်အတွက် စိတ်ပူသလားနွယ်" မြင့်နိုင်၏ အမေးကြောင့် မေသက်နွယ်မှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားကာ မျက်နှာနီ.မြန်းသွားလေ၏။ နှစ်ဦးစလုံးမှာ ခေတ္တမျှ ငြိမ်သက်နေကြပြီးနောက် မေသက်နွယ်က လေသံယဲ့ယဲ့ဖြင့် ....

"ကိုမြင့်နိုင် ဒဏ်ရာဘယ်လောက်တောင် များသွားသလဲဟင် နွယ်ကြည့်ချင်တယ်"

"သိပ်မများပါဘူးနွယ် .... ဒီလိုအရိုက်ခံရတာ နွယ်က ဝမ်းနည်းမိပေမဲ့ ကျွန်တော်ကတော့ ဝမ်းသာပြီး ဖေဖေ့ကိုတောင် ကျေးဇူးတင်မိတယ်"

"ဟင် ... ဘာပြုလို့လဲ ကိုမြင့်နိုင်"

"ဘာပြုလို့လဲဆိုတော့ တကယ်လို့သာနွယ် ... ရေလာ



မလောင်းရင် ကိုမြင့်နိုင်အရိုက်ခံရမှာမဟုတ်ဘူး၊ အရိုက်မခံရရင် နွယ်အခုလို ကိုမြင့်နိုင်အတွက် စိတ်ပူမိမှာမဟုတ်ဘူး၊ ဟော .... အခုတော့ နွယ်ရေလောင်းလိုက်တဲ့အတွက် နွယ့်ဆီက အရေးတယူစကားပြောဖေါ်လဲရလာပြီ၊ ကျွန်တော့်အတွက် စိုးရိမ်မှုလေးတွေလဲဖြစ်လာပြီမဟုတ်လား"

မေသက်နွယ်မှာ ဘာမှပြန်မပြောပဲ တွေတွေကလေးငေးနေမိလေ၏။

မြင့်နိုင်မှာ မေသက်နွယ်က သူ၏ကြိမ်ဒဏ်ရာကို ကြည့်ချင်သည်ဆိုသည့်အတွက် အပေါ်ရှပ်အင်္ကျီကို ချွတ်ကာကျောဘက်သို့ ပြရင်း ....

"နွယ် .... ဒီဒဏ်ရာဟာ နွယ့်အပေါ်မှာ ကျွန်တော်ရန်ထောင်ချင်တဲ့စိတ်တွေကို မောင်းထုတ်ပစ်လိုက်တဲ့ ဒဏ်ရာဖြစ်တယ် ကြည့်ပေတော့"

မေသက်နွယ်လည်း မြင့်နိုင်၏ကျောမှအရိုးများကို မြင်လိုက်ရသောအခါ ....

"အို ..... ကျွတ် .... ကျွတ် ..... ကျွတ် ..... ဖြစ်မှဖြစ်ရလေ ကိုမြင့်နိုင်ရယ် .... ကြည့်ပါဦး၊ အန်ကယ်ကလဲ ရက်ရက်စက်စက်ရိုက်ထားလိုက်တာ ....." ဟု စုတ်သပ်ရင်း စိတ်မကောင်းစွာဖြင့် ပြောလိုက်လေ၏။

"နွယ်ရယ် .... တကယ်ပြောရရင် ကိုမြင့်နိုင်ဟာ နွယ့်အပေါ်မှာ အတွင်းစိတ်က ခင်ပါတယ်၊ ဒါပေမဲ့ လူငယ်ပီပီ မခံချင်တဲ့စိတ်

က ဖုံးလွှမ်းနေမိလို့ နွယ်နဲ့. အစေးမကပ်တာပါ၊ ကျွန်တော့် စိတ်ထဲ ဖြစ်နေတာကို ပြောရမယ်ဆိုရင် နွယ်ယုံမှာတောင်မဟုတ်ဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော်တောင် အံ့သြမိတယ် ...."

"ဘာဖြစ်လို့လဲ ကိုမြင့်နိုင်"

"အမှန်တော့ နွယ့်.ကိုစပြီးတွေ့.ကတည်းက ကျွန်တော် ခင်ပါတယ်နွယ်၊ လူချင်းကတောက်ကဆဖြစ်ကြပေမဲ့ ဘာကြောင့် မှန်းမသိဘူး၊ နွယ့်ကို သံယောဇဉ်တဖြည်းဖြည်း တွယ်လာမိတယ်၊ ကျောင်းမှာ နွယ်တစ်ခြားယောကျ်ားကလေးတွေနဲ့ စကားပြော နေတာကိုတွေ့.ရတိုင်း ကျွန်တော်စိတ်ထဲမှာ မနာလိုသလိုလို မခံချင် သလိုလိုဖြစ်မိတယ်၊ စိတ်ရင်းအတိုင်း ပြောရရင် နွယ့်ကို ခင်တဲ့စိတ် ကြောင့် ကျွန်တော်အရှုံးပေးနေတာပါ၊ ဖေဖေတို့ ဆူမှာရိုက်မှာ စိုးလို့မဟုတ်ဘူး၊ နွယ်ကရော ကျွန်တော့်ကို တကယ်အမြင်ကတ် နေသလား၊ ဒါမှမဟုတ်ကျွန်တော့်လိုပဲ အပေါ်ယံအမြင်ကတ်ပြီး အတွင်းစိတ်ကခင်တွယ်နေသလားဟင်"

မေသက်နွယ်ဘာပြန်ဖြေရမှန်းမသိပဲဖြစ်နေစဉ် ကြည်ကြည် ရောက်လာ၏။

"အမယ်လေး ... ငါ့မှာ ဟင်းချက်ရတာတောင်မဖြောင့်ဘူး၊ ဘုန့်ဘောက်နှစ်ယောက်စကားပြောနေတာအဆင်ပြေပါ့မလား၊ ရန်ဖြစ်သံပဲ ကြားရမလားလို့ နားစွင့်ရင်း ဟင်းချက်ရတယ်၊ အခုလိုပေးဖြောင့်နေတာကို တွေ့.ရမှပဲ စိတ်အေးမိတယ်။ဟု ပြော ရင်းကုလားထိုင်တွင် ဝင်ထိုင်လိုက်လေ၏၊ သုံးယောက်သား စကားလက်ဆုံကျပြီးနောက် ကြည်ကြည်ကပြန်ရန်ထသည် အတွက် မြင့်နိုင်ကပါထလိုက်ပြီးနောက် နွယ်ကျွန်တော်ပြန်တော့



မယ်နော် "ဟု နှုတ်ဆက်လိုက်သဖြင့် မေသက်နွယ်က

"ကိုမြင့်နိုင် ဒဏ်ရာတွေဂရုစိုက်ပြီး ဆေးထည့်အုံးနော်၊ ညော့ မမိစေနဲ့ အနာယင်းပြီး ဖျားနေအုံးမယ်" ဟု စိုးရိမ်တကြီး ပြော လိုက်သည်ကို ကြားရသောမြင့်နိုင်မှာ ပိတိဖြစ်သွားလေ၏။

"ကျွန်တော့်ဒဏ်ရာက အရေးမကြီးပါဘူး၊နွယ့်အတွက်သာ ကျွန်တော်စိုးရိမ်တာပါ" ဟု မြင့်နိုင်ပြော လိုက်သော စကားကြောင့် ကြည်ကြည်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး ....

"အင်း .... သိပ်မှန်းနေကြတဲ့ လူများဟာ ခင်မင်မိရင်လဲ သူများတကာထက် ပိုကဲတယ်လို့ ကြားဘူးတာ အခုမျက်မြင်ကိုယ် တွေ့ပဲ" ဟု စလိုက်သဖြင့် မေသက်နွယ်မှာ ရှက်သွားပြီး ....

"အို ... မမကြီးကလဲ" ဟု ကြည်ကြည်အား ထုလိုက်လေ၏။

"မမကြီးကလဲဗျာ .... နွယ် ရှက်သွားပြီ .... သူ့.ရှေ့.မှာ မစပါနဲ့.၊ ကဲ .... နွယ် သွားမယ်နော်" ဟု ပြောရင်း အောက်ထပ်သို့ ဆင်းသွားလေ၏။

"ကဲ .... ညီမတို့အဆင်ပြေသွားကြပြီ၊ ကြီးလာရင် နေရာချ ပေးဖို့ပဲ ကျန်တော့်တယ်"

"ဟင်းနော်. ... မမကြီး" ဟု မေသက်နွယ်လည်း ရှက်ရမ်း ရမ်းပြီး ကြည်ကြည်အား ကလိထိုးမည်အပြု ယားတတ်သော ကြည်ကြည်မှာ ဆင်းပြေးသွားလေ၏။

ကြည်ကြည်အောက်ထပ် ပြန်ရောက်သောအခါ ဘုန်းကြီး ကျောင်းမှ ပြန်လာကြသော ဦးမျိုးဇင်တို့ လူသိုက်ကားပေါ်မှ ဆင်းလာကြသည်ကို တွေ့.ရသည့်အတွက် ဝမ်းသာအားရဖြင့် .....

"အန်ကယ် .... အန်တီနဲ့. ဖေဖေနဲ့.မေမေတို့.ကို သတင်း

ကောင်းပြောရအုံးမယ် .... "

"ဘာများလဲသမီးရယ် ...."

"တကယ့်ကို ဝမ်းသာစရာပဲ၊ အင်္ဂလိပ်နဲ့ ဂျာမဏီစစ်ပြေငြိမ်းစာချုပ်ချုပ်လိုက်ကြပြီ ...."

"ဟား .... ဟား .... ဟား .... ငါ့သမီးကလဲ အခုမှ နိုင်ငံရေးတွေ ဘာတွေပြောလို့" ဟု ဦးအောင်သန်းက သမီးအားကြည့်ကာ ရယ်နေသဖြင့် .....

"မဟုတ်ဘူးဖေဖေ၊ သမီးနိုင်ငံရေးကို ပြောတာမဟုတ်ဘူး .... (၃) နှစ်လုံးလုံးတစောင်းစေးနဲ့ မျက်ချေးဖြစ်နေတဲ့ အချိုနဲ့နွယ်တို့ဟာ ဒီနေ့ တစ်ယောက်နဲ့တစ်ယောက် အစေးကပ်လို့ ခင်ခင်မင်မင် စကားပြောကြပြီ"

"ဟေ .... ဟုတ်လား ...." ဟု အားလုံးထဲမှ ဝမ်းသာအံ့သြသော အသံပြိုင်တူထွက်လာကြလေတော့၏။

× × ×

ထို့နေ့ညသည် မြင့်နိုင်ရော မေသက်နွယ်ပါ အိပ်မရသောညဖြစ်လေသည်။ မြင့်နိုင်မှာ နေ့လည်က မေသက်နွယ်အား ပထမဆုံးအကြိမ် သေသေချာချာ ကြည့်ခဲ့ရလေသည့်အတွက် မေသက်နွယ်၏ သန့်ရှင်းသောအပြုံး၊ လှပသော မျက်နှာ၊ အချိုးအစား ပြေပြစ်သော ကိုယ်လုံး၊ ဆွဲဆောင်ဓာတ်ပါသော စကားပြောဟန်တို့ကို တွေးမိပြီး၊ စိတ်လှုပ်ရှားနေကာ အိပ်မပျော်နိုင်ပဲ မေသက်နွယ်ကိုသာ မြင်ယောင်နေမိသကဲ့သို့ပင်၊ မေသက်နွယ်မှာလည်း ခါတိုင်းမြင့်နိုင်အား အရွဲ့တိုက်ချင်စိတ်၊ ရန်ဖြစ်ချင်စိတ်သာ



လွမ်းမိုး နေသဖြင့် သေသေချာချာ ဂရုမထားနိုင်ခဲ့ပေ၊ သို့သော် နေ့လည်က ကြည်ကြည်သာသာ မျက်နှာချင်းဆိုင် တွေ့ဆုံတော့မှ မြင့်နိုင်၏မွန်မြတ်သော အပြောအဆို၊ ယောကျ်ားပီသသော ရုပ်လက္ခဏာကို တွေ့ရသဖြင့် စိတ်ထဲတွင် ကျေနပ်သလိုလိုဖြစ်နေပြီး နေ့လည်ကမြင့်နိုင်ပြောပုံဆိုပုံကို မြင်ယောင်ကြားယောင်နေသဖြင့် အိပ်မပျော်နိုင်ပဲရှိနေလေ၏။

× × ×

နောက်တစ်နေ့တွင် ပိတောက်ပန်းများပွင့်သဖြင့် မြင့်နိုင်လည်း အစောကြီးထကာ သီချင်းကလေးတအေးအေးနှင့် စိတ်တိုင်းကျ လှပသော အခက်ကလေးများကို ရွေးခူးပြီးနောက် အိမ်ဘက်သို့ လျှောက်လာကာ အပေါ်ထပ်သို့ တက်မည်အပြု ဘုရားပန်းအိုးလဲနေသော ဒေါ်လှခင်က ....

"ငါ့သားကတယ်လိမ္မာတာပဲ .... မေမေဘုရားပန်းအိုးဆေးနေတာတွေ့လို့ ပန်းတွေအစောကြီးထခူးပေးလို့ပါလား" ဟု ပြောလိုက်ရာ မြင့်နိုင်မှာ အူကြောင်ကြောင်ဖြစ်သွားကာ ဘာပြန်ပြောရမှန်း မသိဖြစ်နေပြီး လက်တစ်ဖက်က ခေါင်းကုတ်လိုက်ရင်း

"ဟို ... ဟို ..... ဟိုဒင်းမေမေ"

"အောင်မယ် .... ငါ့မောင်က အမအတွက် ပန်းတွေခူးလို့ပါ လား၊ ဒီနေ့ တယ်ဝိရိယကောင်းတာကိုး၊ ဘယ်အချိန်ကများ ထခူး လိုက်သလဲတောင်မသိဘူး"ဟု အိမ်ပေါက်ဝသို့ထွက်လာသော ကြည်ကြည်က လှမ်းပြောလိုက်သဖြင့် .....

"မ ..... မ ..... မဟုတ်ဘူး၊ ဘုရားတင်ဘို့လဲ မဟုတ်ဘူး၊ မမကြီးအတွက်လဲမဟုတ်ဘူး၊ ဟို .... အပေါ်ထပ်အတွက်"ဟု ပြောရင်းအပေါ်ထပ်သို့ ပြေးတက်သွားလေ၏။

ဒေါ်လှခင်နှင့် ကြည်ကြည်တို့လည်း မြင့်နိုင်၏ အမူအရာကို ကြည့်ရင်းက ရယ်နေကြလေ၏။

× × ×

မြင့်နိုင်မှာ ပိတောက်ပန်း တစ်ပွေ့တစ်ပိုက်နှင့် အပေါ်ရောက် လာသောအခါ ဒေါ်သင်းဝေနှင့် တွေ့ရလေ၏။

"ဟာ .... ပန်းတွေလှလိုက်တာကွယ် .... မောင်မြင့်နိုင် အစောကြီးထခူးတာ အန်တီတွေ့ရတယ်၊ဘုရားတင်ဘို့ လာပို့ တာလား" ဟု ဒေါ်သင်းဝေက မြင့်နိုင်အား အကဲခတ်ရင်းမေး လိုက်ရာ မြင့်နိုင်မှာ ဒေါ်သင်းဝေအား ရဲရဲဝံ့ဝံ့မကြည့်ပဲ ....

"မဟုတ်ဘူးအန်တီ၊ နွယ့်အတွက် လာပို့တာ ... နွယ်အိပ်



ရာက နိုးပါပြီလား ခင်ဗျာ"

"အော် .... အော် ... သမီးအတွက်လား၊ ဒီပန်းတွေတွေ့ရင် သိပ်ဝမ်းသာမှာပဲ" ဟုပြောရင်း အိမ်တွင်းဘက်သို့ လှမ်းပြီး သမီးအား ခေါ်လိုက်လေ၏။

"မင်းတို့နှစ်ယောက် အခုလိုခင်ခင်မင်မင်ဖြစ်လာကြတာ အန်တီတို့သိပ်ဝမ်းသာတာပဲကွယ်၊ သမီးနဲ့အတူတူ စာလာ ကျက်ပေါ့၊စာမကျက်လဲလာပေါ့ကွယ်၊ ကဲ ...သမီး လာလိမ့်မယ် ခဏစောင့်နေနော် .... အန်တီလုပ်စရာကလေးတွေရှိသေးလို့"

"ဟုတ်ကဲ့ အန်တီ .... ကျွန်တော်နွယ်နဲ့စာလာကျက်ပါ့မယ်" ဟုပြန်ပြောလိုက်လေသည်။ခဏမျှကြာသောအခါ အိမ်ခန်းတွင်း မှလက်သိုင်းကလေးဖြင့် ထွက်လာသောမေသက်နွယ်ကို တွေ့ရ သဖြင့် ပန်းများကိုလှမ်းပေးလိုက်ရာ မေသက်နွယ်ကမယူသေးပဲ မြင့်နိုင်အားခပ်ပြုံးပြုံးကလေးကြည့်လိုက်ပြီး ....

"ကိုမြင့်နိုင် .... ဘာပြုလို့ဒီပန်းတွေကိုအပင်ပန်းခံပြီးခူးလာ ရတာလဲ၊ နွယ်လိုချင်ရင် နွယ်ဘာသာသွားခူးမှာပေါ့ ....နွယ်မှာလဲ လက်ရှိသားပဲ" ဟု တစ်ချိန်သောအခါက မြင့်နိုင်ပြောခဲ့ဖူးသော စကားအတိုင်းပြန်ပြောလိုက်သည့်အတွက် မြင့်နိုင်၏မျက်နှာမှာ ညိုးကျသွားပြီး ...

"နွယ် .... အရင်ကကျွန်တော် မိုက်မိုက်ရိုင်းရိုင်းပြောခဲ့မိတာ ခွင့်မလွှတ်နိုင်သေးဘူးလားဟင် .... ဒါကြောင့် ဒီလိုစကားမျိုးတွေ နဲ့ပြန်ပြီး ကလဲ့စားချေတာလားဟင် .... ဒီနေ့ ပိတောက်ပွင့်တာနဲ့

နွယ့်အတွက် အလှဆုံးအခက်ကလေးတွေကို ရွေးပြီးခူးခဲ့တာပါ၊ စေတနာနဲ့ခူးပြီး လာပို့တဲ့သူကို အခုလိုစကားနဲ့တုံ့ပြန်မဲ့အစား ပန်းနဲ့ပေါက်နိုင်ပါတယ်နွယ်"

"ကိုမြင့်နိုင်ဟာ .... စကားသိပ်တတ်တာပဲ၊နွယ်ကအလကား စတာပါ၊ တကတဲမှပဲ သူ့ပန်းမယူတာနဲ့ မျက်နှာကချက်ချင်းညှိုးကျသွားတာပဲ၊ ဇာတ်လိုက်မင်းသားလုပ်ဖို့ကောင်းတယ်၊နွယ်ကြိုက်တဲ့ပန်းတွေကို အခုလိုလာပို့တာ အများကြီးကျေးဇူးတင်ပါတယ်တဲ့ရှင် .... ဒါနဲ့ကိုမြင့်နိုင်ခဏစောင့်အုံးနော် .... နွယ်ပန်းတွေကို ဘုရားလဲတင်မယ်၊ နွယ့် အိပ်ယာဘေးက ပန်းအိုးမှာလဲထိုးမယ်၊ ပန်လဲပန်မယ်၊ကျေနပ်ရဲ့လား ဦးစေတနာရှင်ကြီးရဲ့၊ ဟင်းထဲရောထည့်ချက်လိုက်ရအုံးမလား" ဟု ချစ်စဖွယ်မျက်စောင်းကလေးတစ်ချက်ထိုးပြီး ပြောလိုက်ရာမြင့်နိုင်မှာသဘောတွေ့မနောခွေကာ ကျေနပ်သောလေသံဖြင့် ...

"ဟင်းချက်မယ်ဆိုရင်လဲ ကြော်ချက်အတွက်ရော၊ဟင်းချိုခတ်ဖို့အတွက်ရော၊ ချဉ်ရည်ချက်ဖို့အတွက်ရော၊ တို့စရာအတွက်ရောလုံလောက်အောင် ထပ်ခူးပေးလိုက်ရမလားနွယ်"

"ဟင် .... ကိုကဲပိုဖြစ်လာပြီ၊ ကဲ...ခဏထိုင်စောင့်အုံးနော်၊ နွယ်ပန်းတွေစီစဉ်လိုက်အုံးမယ်"

"နွယ်ပန်းတွေကို ဘယ်လိုစီစဉ်မှာလဲဟင် .... ကိုမြင့်နိုင်လုပ်ပေးမယ်လေ .... နွယ့်လက်တစ်ဖက်ထဲနဲ့ ဘယ်အားရပါ့မလဲ၊ ဒီလိုလုပ်ပေါ့၊ ပေးတဲ့လူရော လက်ခံတဲ့လူပါ ကုသိုလ်ရအောင်



ဘုရားတင်ဖို့အတွက် ကိုမြင့်နိုင်ကို ဘာလုပ်ရမယ်ဆိုတာပါးစပ်ကပဲပြော၊ နွယ်ပြောသလို ကျွန်တော်ကလုပ်မယ်"

"အောင်မယ် ....အခုမှကုသိုလ်သိပ်လိုချင်နေလိုက်တာ၊ကိစ္စမရှိပါဘူး၊ ပန်းပေးတာနဲ့ပဲ ကျေးဇူးတင်ပါတယ်ရှင်၊ဒေါ်ချစ်ကိုလုပ်ခိုင်းလိုက်တော့မယ်" ဟုပြောပြီး ဒေါ်ချစ်အား လှမ်းခေါ်ခိုင်းလိုက်ကာ ပန်းအနည်းငယ်ကို ယူထားလိုက်ပြီးဒေါ်ချစ်အားမှာကြားကာ ပန်းများပေးလိုက်လေ၏။

မြင့်နိုင်မှာသူကိုယ်တိုင်ခူးယူလာသော ပန်းများကို မေသက်နွယ်က အားပါးတရပန်နေသည်ကို မြင်ရသဖြင့် မနောခွေကာ သဘောတွေ့နေလေသည်။

"ကိုမြင့်နိုင်ကလဲ လူကိုမတွေ့ဖူးတာကျနေတာပဲ၊ နွယ်မနေတတ်တော့ဘူး"

မြင့်နိုင်မှာ မေသက်နွယ် ပြောသံကြားလိုက်တော့မှ ....

"ဆောရီးနွယ် ... နဂိုကချစ်စရာကောင်းနေတဲ့ နွယ်ဟာပန်းရဲ့အလှတွေ ထပ်ဆင့်လိုက်တော့ ကြည့်ရတာပိုပြီး ကျက်သရေရှိနေလို့ ကိုမြင့်နိုင်ငေးနေမိတာပါ" ဟု တောင်းပန်လိုက်ရာ မေသက်နွယ်က သူမ၏ခေါင်းကို လက်ဖြင့်ဖိရင်း ...

"အမယ်လေး....ကိုမြင့်နိုင်မြှောက်လိုက်တာနဲ့ မြှောက်တက်သွားလို့ မိုးနဲ့သွားဆောင့်မိတော့မှာပဲ၊ သိပ်မြှောက်မနေနဲ့နော်၊ တော်ကြာ နွယ်ဘဝင်တွေမြင့်သွားလို့ ကိုမြင့်နိုင်ကို မခေါ်ချင်မပြောချင် ဖြစ်နေအုံးမယ်နော်"

"အောင်မယ် ဘာရမလဲ၊ ကျွန်တော်က အတင်းလိုက်ခေါ်မှာပေါ့"ဟု ပြန်ပြောလိုက်ရာ နှစ်ယောက်စလုံးသဘောကျစွာဖြင့် ရယ်မောနေကြလေ၏။

မြင့်နိုင်မှာ မေသက်နွယ်နှင့် စကားလက်ဆုံ ပြောဆိုပြီးနောက် အောက်ထပ်သို့ ပြန်ဆင်းသွားလေတော့၏။

× × ×

ထိုနေ့မှစ၍ မြင့်နိုင်မှာ အစောကြီးထကာ မေသက်နွယ်အား ခြံထဲမှပန်းများ ခူးပေးလေ့ရှိသဖြင့် ၄င်းအား"ပန်းတော်ဆက်" ဘွဲ့ကို ကြည်ကြည်တို့ကပေးထားလေသည်။မြင့်နိုင်နှင့် မေသက်နွယ်တို့နှစ်ဦးမှာ ယခင်က မျက်နှာကျောမတဲ့သလောက် ယခုအတိုးချပြီး တစ်ယောက်ကိုတစ်ယောက် အလိုလိုက်ကြကာ တပူးတွဲတွဲနေကြလေသည်။ တစ်ဦးပေါ်တစ်ဦးတစ်နေ့တစ်ခြားသံယောဇဉ်တွယ်လာမိကြလေ၏။

တစ်နေ့တွင် မြင့်နိုင်နှင့်မေသက်နွယ်တို့နှစ်ဦးမှာ ခြံထဲရှိ ပိတောက်ပင်ကြီးအောက်တွင် ထိုင်စကားပြောနေစဉ် မြင့်နိုင်၏ သူငယ်ချင်းများဖြစ်သော မောင်မောင်၊ အောင်တင်နှင့် ချစ်တင်တို့ ရောက်လာကြသဖြင့် မေသက်နွယ်လည်း ၄င်းတို့အား နှုတ်ဆက်



ပြီး အိမ်ပေါ်တက်သွားလေရာ အောင်တင်က ....

" ဟေ့ .... ကမ္ဘာကြီးတော့ ငြိမ်းချမ်းရေးရသွားပါပကောလား"ဟု ပြောလိုက်လေ၏။

ချစ်တင်က မြင့်နိုင်၏လက်ကိုဆွဲ၍ နှုတ်ဆက်ကာ ....

"ဘယ့်နဲ့ ကိုယ့်လူ၊ စစ်ပြေငြိမ်းစာချုပ် ဘယ်တုန်းက ချုပ်ဆိုလိုက်ကြသလဲ၊ အခု မင်းတို့နှစ်ယောက် အမုန်းနိဂုံးချုပ်ပြီး အပြုံးနိဒါန်းဖွင့်နေကြပြီပေါ့လေ၊ ဟား ... ဟား ... ဟား"

မောင်မောင်က မြင့်နိုင်ပခုံးကိုဖက်ကာ ...

"ဒီလိုနဲ့ ဘာရမလဲ သူငယ်ချင်း .... မင်းတို့နှစ်ယောက် ပြေလည်သွားတာကို ဒို့ကအသိအမှတ်ပြု၊ဖို့အတွက် ဒီနေ့ဒို့ကို ရုပ်ရှင်ပြရမယ်၊ ပြီးတော့ ရေခဲမုန့် အဝကျွေးရမယ်"

"မင်းတို့ကလည်းကွာ .... တိုးတိုးပြောကြစမ်းပါ၊နွယ်ကြားသွားပါ့မယ်၊ သူ့ခမျာ သိပ်ရှက်တတ်တာကွ၊ အခုတောင်ကြားသွားပြီလားမသိဘူး၊လှည့်ကြည့်သွားတယ်" ဟုမြင့်နိုင်က စိုးရိမ်ကြီးစွာ ပြောလိုက်သည့်အတွက် အောင်တင်က ဟားတိုက်ရီရင်း ....

"ဟား ...ဟား ...ဟား ...မြင့်နိုင်လေးရယ်၊ မင်းတော်တော်ကိုသဲတဲ့အကောင်ပဲ ... အခုတော့ နွယ်တွေ ဘာတွေဖြစ်နေပြီပေါ့လေ .... ဒါနဲ့ နေပါအုံး .... မင်းတို့ဘယ်ပုံဘယ်နည်းနဲ့ဘဝလမ်းကြောင်းပြောင်းသွားကြတာလဲ ... ဒို့ကိုပြောပြစမ်းပါအုံး"

"တစ်ခြားထွေထွေထူးထူး ပြောစရာမရှိပါဘူးကွာ၊ငါကပဲ

စခေါ်လိုက်တာပဲ"

မောင်မောင်က ...

"မင်းပြောပုံ ငါလက်မခံနိုင်ဘူး၊ နေအုံး တစ်ခုတော့စဉ်းစားကြည့်မိတယ်၊ အခု ဇပြိလမဟုတ်လား၊ ပြီးတော့ မေသက်နွယ်ဟာပိတောက်ပန်းကိုသိပ်ကြိုက်တယ်လို့ မင်းပဲငါ့ကိုပြောဖူးတယ်မဟုတ်လား"

"ဟုတ်တယ်လေ ..."

"အေး ...ဒီတော့ မင်းဟာ မေသက်နွယ်နဲ့စပြီး အဆင်ပြေသွားတဲ့နေ့ဟာ ပိတောက်ပွင့်တဲ့နေ့ပဲဖြစ်ရမယ်၊ မင်းပန်းပေးရင်းကောင်မလေးနဲ့စကားပြောတယ်မဟုတ်လား"

မြင့်နိုင်မှာသဘောကျစွာရယ်လိုက်ရင်း ....

"ဟာ ... ဟုတ်သမှသိပ်ဟုတ် .... တကယ်ဟုတ်၊ မင်းဝမ်းထဲမှာ ပုဏ္ဏားရှိပြီထင်တယ်၊မှန်တယ်၊ သွေးထွက်အောင်ကိုမှန်တာပဲ၊ နွယ်နဲ့ငါ စကားအကြာကြီးထိုင်ပြောကြတဲ့နေဟာ ပိတောက်ပွင့်တဲ့နေ့ပဲ၊ငါသူ့ဆီပန်းသွားပို့ရင်း ...." မြင့်နိုင်ကစကားကိုအဆုံးမသတ်သေးပဲထားသဖြင့် မောင်မောင်တို့သုံးယောက်စလုံးမှာ နားကလေးစွင့်ကာ ....

"မင်းကလဲကွာ .... ပန်းသွားပို့ရင်း ဘာဖြစ်သလဲပြောစမ်းပါအုံးကွ" ဟုချစ်တင်ကပြောလိုက်ဖြင့် မြင့်နိုင်ကဆက်၍

"မင်းတို့ဒီလောက်တောင်သိချင်သလား ...."

"သိချင်တာပေါ့ကွ" အားလုံးပြိုင်တူဖြေလိုက်ကြလေ၏။



"ငါကပန်းသွားပေးတော့ .... နွယ်ကလေ ငါ့ကိုဘာပြန်ပြောသလဲသိလား ...."

"ဘယ်သိပါ့မလဲ ..."

"အေး ...ငါလဲမသိဘူး ...."ဟု မြင့်နိုင်က စကားကိုရှောချလိုက်သည့်အတွက် အားလုံးက မြင့်နိုင်ကို ဝိုင်းထုကြလေ၏။

"မြင့်နိုင် .... မင်းတို့အခြေနေက အတော်ခရီးပေါက်နေပြီပဲ၊ အဲဒါမှတ်ထား၊ 'ချစ်ခြင်းအစ မျက်စိက' မဟုတ်ဘူးနော်၊ ချစ်ခြင်းအစ ပိတောက်ကပဲ ..." ဟုမောင်မောင်က ပြောလိုက်ရာ အားလုံးဝိုင်းရယ်ကြလေ၏။

× × ×

## အခန်း ၆

မြင့်နိုင်နှင့် မေသက်နွယ်တို့နှစ်ဦးလည်း အောင်စာရင်းမထွက် သေးသဖြင့် စာဖတ်လိုက် စကားပြောလိုက် တင်းနစ်ရိုက်လိုက်နှင့် နေကြလေသည်။ မေသက်နွယ်မှာ ဖခင်ဖြစ်သူ ဝယ်ပေးထားသော စန္ဒယားကို ဆရာမနှင့် သင်ယူလေသည်။ မြင့်နိုင်လည်း ဂီတဝါသနာပါသူ ဖြစ်သည့်အတိုင်း မေသက်နွယ် စန္ဒယားတီးတိုင်း အနားမှ ဂီတာနှင့် သီချင်းလိုက်ဆိုပေးလေ၏။ ယခင်က ရေဒီယိုသံ၊ မြင့်နိုင်၏ ဂီတာသံလောက်သာ ကြားရသော "ပိတောက်မြိုင်ရိပ်သာ" ခြံကြီးမှာ ယခုအခါ မေသက်နွယ်၏ စန္ဒယားသံပါထပ်ဆင့်ပါသဖြင့် ယခင်ကထက် ပိုမိုစိုပြေလာလေသည်။

မြင့်နိုင်မှာမေသက်နွယ်နှင့်အဆင်ပြေခဲ့သည့်နေ့မှစ၍ခါတိုင်း



လို သူငယ်ချင်းများအိမ်သို့ သွားမလည်တော့ပဲ မေသက်နွယ်နှင့် သာ အချိန်ဖြုန်းနေလေ့ရှိလေသည်။ နံနက်ကော်ဖီသောက်ပြီးသည်နှင့် အပေါ်ထပ်သို့ တက်သွားကာ မေသက်နွယ်၏ အလုပ်များကို ကူညီလုပ်ကိုင်ပေးရင်း စကားတပြောပြောနှင့် နေလေ၏။ နံနက်စာကိုလည်း မေသက်နွယ်နှင့် အတူစားလေ့ရှိပြီး နေ့လည်ဘက်တွင် ကျောင်းစာ (သို့မဟုတ်) စာပေအကြောင်းများ၊ ဗဟုသုတရေးရာများ စသည်တို့ကို ဆွေးနွေးလေ့ရှိလေ၏။ ညနေဘက်တွင်တင်းနစ်ရိုက်လျှင်ရိုက်၊ မရိုက်လျှင်လည်း ပိတောက်ပင်အောက်တွင် ထိုင်ပြီးစကားပြောလေ့ရှိ၏။ ညဘက်တွင် စန္ဒယားတီးလိုက်၊ ကြည်ကြည်တို့နှင့် ရောနှောစကားပြောလိုက်၊ စာကျက်လိုက်၊ တခါတရံ မေသက်နွယ်က ဒေါ်သင်းဝေအား နင်းပေးသည့်အခါ၊ မြင့်နိုင်ကလည်း အားကျမခံ ဦမျိုးဇင်အား နင်းပေးရင်းတစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်လိုက်၊ စကားနိုင်လုလိုက်နှင့် ပျော်ပျော်ပါးပါး နေထိုင်လာခဲ့ကြလေသည်။

တစ်ညနေတွင် ၄င်းတို့နှစ်ဦး ပိတောက်ပင်အောက်တွင်ထိုင်စကားပြောနေကြလေ၏။

"နွယ် ... နွယ်ကြီးလာရင် ဘာလုပ်မလဲ ဟင်"

"နွယ်တော့လေ ... မိန်းကလေးဖြစ်နေလို့၊ ယောကျ်ားလေးသာဆိုရင် ရေတပ်ထဲဝင် အမှုထမ်းမှာပဲ ..."

မြင့်နိုင်ကပြုံး၍ –

"ရေဗိုလ်မကြီး လုပ်ချင်တယ်ပေါ့လေ" ဟု မေးလိုက်ရာ

မေသက်နယ်က ခေါင်းငြိမ့်လိုက်ပြီး ...

"ဟုတ်တယ် ကိုမြင့်နိုင် ... နယ်လေ ဘာ့ကြောင့်မှန်းမသိဘူး၊ ရေတပ်ကို သိပ်သဘောကျတာပဲ၊ သူတို့ရဲ့ အဝတ်အစားကိုကြည့်ရတာ စိတ်ကြည်နူးမိတယ်၊ သိတ်ကျက်သရေရှိတာပဲ၊ နယ့် ဆီမှာ အစ်ကိုဖြစ်ဖြစ် မောင်ဖြစ်ဖြစ်ရှိရင် ရေတပ်ထဲကိုအတင်းဝင်ခိုင်းမှာပဲ"

"ဒါလောက်တောင်ပဲ သဘောကျသလား နယ်၊ အင်း ... ဒါကြောင့် နယ့်အရပ်စာအုပ်ကို ယူကြည့်တော့ အင်္ကီလိပ်နဲ့ အမေရိကန်ရေတပ်ကပုံတွေကို ညှပ်ကပ်ထားတာကိုး၊ ဒီလောက်သဘောကျရင် စိတ်မလျှော့ပါနဲ့လေ၊ ကိုယ်တို့တိုင်းပြည်ဟာလွတ်လပ်တဲ့ တိုင်းပြည်ဖြစ်လာပြီမို့ ကိုယ်တို့ရေတပ်မှာ တခြားနိုင်ငံတွေလို အမျိုးသမီးတွေကို အမှုထမ်းဖို့ခေါ်မှာပဲ၊ အဲဒီအခါကျတော့ နယ်ဝင်နိုင်တာပေါ့၊ ဒါနဲ့ နယ်(၁၀)တန်းအောင်ရင် ဘယ်ဘာသာတွေယူမလဲဟင် ..."

"နယ့်ကိုတော့ ကိုမြင့်နိုင်က ကြီးကျယ်တယ် ထင်မှာပဲ ..."

"ဘာပြုလို့"

"နယ်က ရုံးမှာထိုင်ပြီးလုပ်ရတဲ့ စာရေးစာချီလုပ်ငန်းမျိုးကို မကြိုက်ဘူး၊ နာမကျန်း ဖြစ်နေတဲ့သူကို ကယ်တင်ရတဲ့ဆရာဝန်လုပ်ငန်းကို ပိုသဘောကျတယ်၊ ဒါကြောင့်တကယ်လို့ တက္ကသိုလ်ဝင်ခွင့်ရတယ်ဆိုရင် ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်"

"ဟင် ... ခုနင်က နယ်ပြောတော့ ရေဗိုလ်မကြီး လုပ်ချင်



တယ်ဆို ..."

"ဒါကတော့ နယ်ဖြစ်ချင်တာ ပြောတာ၊ ရေတပ်ကိုလည်း သဘောကျဟယ် ... ဆရာဝန်အလုပ်ကိုလဲ သဘောကျတယ် ..."

"ဒီလိုဆို စစ်တပ်ထဲဝင်ပြီး ဆရာဝန်လုပ်ပေါ့"

"နယ်ဆရာဝန်ဖြစ်ရင် မြို့ကြီးမှာ မနေပဲဆရာဝန်ရှားပါးတဲ့ နေရာမျိုးမှာ သွားပြီးဆေးကုချင်တယ်၊ ပြီးတော့ ဆင်းရဲတဲ့သူတွေကို ပိုက်ဆံမယူပဲ အလကားကုပေးချင်တယ် ..."

"ဟာ .. နယ်က အသပြာဆရာဝန်မဟုတ်ပဲ စေတနာဆရာဝန်မကြီးပေါ့"

"ကဲ ... ကိုမြင့်နိုင်ကရော စာမေးပွဲအောင်ရင်ဘာလုပ်မလဲ"

"ကိုယ်လဲနယ့်လိုပဲ ဆေးပညာဘက်လိုက်ဖို့ ရည်ရွယ်ထားတယ်၊ ဒါပေမဲ့ ကိုယ်က မျက်စိအထူးကုဆရာဝန်လုပ်ချင်တယ်"

"ဘာပြုလို့"

"ဒီလိုနယ် ... ကိုယ်ငယ်ငယ်တုန်းက မြစ်ကြီးနားမှာနေတဲ့ အဖွားဟာ မျက်စိရောဂါဖြစ်ပြီးမသေသင့်ပဲ သေသွားတယ်"

"ဟုတ်လား ... မျက်စိကြောင့်သေတာလားဟင်"

"မဟုတ်ဘူးနယ် ... အဲဒီတုန်းက မြစ်ကြီးနားဆေးရုံမှာ ဆရာဝန်တော့ရှိပါရဲ့၊မျက်စိရောဂါအထူးကုတဲ့ဆရာဝန်မရှိလေတော့ အဖွားကို ရန်ကုန်မှာ ကုဖို့ပြောတာ အဖွားကလဲမလိုက်ဘူး ဇွတ်ပေနေတယ်၊ ဒါကြောင့်လဲ သူ့မျက်စိဟာ နှစ်ဖက်စလုံးကွယ်သွားခဲ့တယ်၊ သူလဲနောက်ဆုံး ဒီစိတ်နဲ့ပဲ သေသွားတာပဲ၊ ကိုယ်လဲ

အဲဒီကတည်းက ကြီးလာရင် မျက်စိဆရာဝန် လုပ်မယ်လို့ စိတ်ကူးထားတယ်၊မြို့ကြီးပြကြီးမှာမနေပဲ မျက်စိဆရာဝန်မရှိတဲ့ ဒေသမှာသွားပြီးဆေးကုပေးမယ်လို့ ရည်ရွယ်ထားတယ်၊ မြစ်ကြီးနားဆေးရုံမှာ အရင်ဦးဆုံး သွားလုပ်မယ်လို့ စိတ်ကူးထားတယ်။

ကိုယ်လဲ နွယ့်လိုပဲပေါ့၊ပိုက်ဆံကို အဓိကထားပြီး မကုပဲ ရောဂါပျောက်ကင်းရေးကိုသာ အဓိကထားတယ်၊ ပြီးတော့ ...စေတနာနဲ့ မေတ္တာထားပြီးကုမယ်။ ချမ်းသာသူထက် ငွေကြေးချို့တဲ့သူကို ဦးစားပေးမယ်၊ အထူးသဖြင့် မဖွံ့ဖြိုးသေးတဲ့ တောင်တန်းဒေသတွေဘက်မှာသွားပြီး ကုပေးချင်တယ်နွယ်"

"ကိုမြင့်နိုင် ရည်မှန်းချက် အောင်မြင်ပါစေလို့ နွယ်ဆုတောင်းပေးပါ့မယ်"

"နွယ့်ဆန္ဒလဲ ပြည့်ပါစေလို့ ကိုယ်ဆုတောင်းပါတယ်"

× × ×

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ထွက်လာသောအခါ မြင့်နိုင်နှင့် မေသက်နွယ်တို့နှစ်ယောက်စလုံးမှာ ပထမဆင့်မှ ဘာသာရပ်သုံးခုစီကို ဂုဏ်ထူးနှင့်အောင်မြင်ကြသဖြင့် အိမ်သားနှစ်စုလုံးဝမ်းသာနေကြလေသည်။ မြင့်နိုင်၏အချစ်ဆုံး သူငယ်ချင်းမောင်မောင်နှင့် မေသက်နွယ်၏ သူငယ်ချင်းတင်တင်အေးနှင့် မေမေလှတို့မှာ ဒုတိယအဆင့်မှ အောင်မြင်ကြလေ၏။ မြင့်နိုင်နှင့် မေသက်နွယ်တို့နှစ်ဦးက ဆေးပညာဘက်လိုက်ပြီး မောင်မောင်က ရိုးရိုးသိပ္ပံပညာဘက်လိုက်၍ တင်တင်အေးနှင့် မေမေလှကဝိဇ္ဇာပညာဘက်လိုက်ကြသဖြင့်လူစုကွဲသွားကြလေသည်။

မေသက်နွယ်မှာ ကျောင်းသွားကျောင်းပြန် မြင့်နိုင်နှင့်အတူသွားလေ့ရှိလေသည်။ မြင့်နိုင်၏ယောကျ်ားပီသပုံ ၊ အကျင့်စာရိတ္တကောင်းမွန်ပုံ၊ စိတ်သဘောထားမြင့်မြတ်ပုံ၊ သူမအပေါ်တွင် အခွင့်အရေးမယူပဲ ရိုးသားစွာဆက်ဆံပုံ၊ အစစအရာရာအလိုလိုက်ပုံများကို တဖြည်းဖြည်း မြင်လာသည့်အတွက် တနေ့တခြား မြင့်နိုင့်အား ယုံကြည်ကိုးစားလာသလို စိတ်ချလက်ချဖြင့် ခင်မင်လေးစားစွာနေထိုင်လာခဲ့လေသည်။

တစ်နေ့ မြင့်နိုင်နှင့်မေသက်နွယ်တို့နှစ်ဦးမှာ သင်တန်းပြီးဆုံးသဖြင့် အိမ်ပြန်ရန် ကားပေါ်တက်မည်အပြု ၄င်းတို့အတန်းမှ ကျောင်းသူတစ်ဦးက လှမ်း၍ မြင့်နိုင်ကိုခေါ်လိုက်လေသည်။ မေသက်နွယ်မှာ ကားပေါ်တွင် မြင့်နိုင်အားထိုင်စောင့်နေရာမှ စိတ်တိုလာကာ ဟွန်းကိုဆင့်ကာဆင့်ကာနှိပ်နေလေ၏။ ကားဟွန်းသံကြောင့် မြင့်နိုင်လည်းစကားကိုအတင်းဖြတ်ကာ ကားရှိရာဆီသို့ပြန်လာလေ၏။

"နွယ် ...ဆောရီးပဲကွယ် ... စိတ်တိုနေသလားဟင်၊ ကိုယ်နဲ့နဲ့ကြာသွားတာ ခွင့်လွတ်ပါကွယ် ..." ဟုကားပေါ်တက်ရင်း

တောင်းပန်လိုက်သော်လည်း မသက်နွယ်မှာ မျက်နှာပုတ်သိုးသိုး
လုပ်ကာ ဘာမှပြန်မဖြေပဲ မျက်နှာလွှဲနေလေသည်။

မသက်နွယ်စိတ်ဆိုးနေသည့်အတွက် မြင့်နိုင်လည်း တစ်
လမ်းလုံး စကားမပြောပဲ ငြိမ်နေလိုက်ရလေ၏။

အိမ်ပြန်ရောက်သည်နှင့် မသက်နွယ်မှာ ကားပေါ်မှဆင်း
ကာ အိမ်ပေါ်တက်ပြေးသဖြင့် မြင့်နိုင်လည်း မသက်နွယ်နောက်
အမီပြေးလိုက်သွားလေ၏။ အိမ်ပေါ်ရောက်သောအခါ မသက်
နွယ် အိမ်ခန်းထဲမဝင်မီ မြင့်နိုင်ကရှေ့မှဆီး၍တားထားကာ –

"နွယ် ... နွယ် .... မကျေနပ်ရင် ကိုယ့်ကိုရိုက်ချင် ရိုက်ပါ
ကွယ် ဒီလိုတော့စကားမပြောပဲ တစိမ်းလို ရန်သူလိုမနေစမ်းပါနဲ့
ကိုယ်တောင်းပန်ပါတယ်နွယ် ...." ဟု တောင်းပန်တိုးလျှိုးသော
လေသံဖြင့် ပြောနေသော်လည်း မသက်နွယ်မှာ အရေးမစိုက်ဟန်
ဖြင့် ဘာမျှပြန်မပြောပဲ မြင့်နိုင်ကိုရှောင်ပြီး အိမ်ထဲဝင်မည်အပြု
မြင့်နိုင်က မသက်နွယ်၏လက်ကိုဆွဲထားကာ –

"နွယ် .... စကားပြောပါအုံးကွယ် ...."

"အို .... လွတ်စမ်းပါ ကိုမြင့်နိုင် ... နွယ်ဘာမှ ပြောစရာ
မရှိဘူး"

"နွယ့်အသံက မာလှချည်လားကွယ် .... ကဲ .... ဒီကုလား
ထိုင်မှာ ထိုင်မှလွတ်မယ် "

"ကဲ .... လွတ် " ဟုပြောကာ အနားမှကုလားထိုင်တွင်
ဝင်ထိုင်လိုက်ရလေသည်။



မြင့်နိုင်မှာ ကြိမ်ထိုင်ခုံကလေးကိုယူကာ မသက်နွယ်ထိုင်
နေသော ကုလားထိုင်ရှေ့တွင် ထိုင်လိုက်ပြီး မျက်နှာညှိုးငယ်စွာနှင့်

"နွယ် ..."

မသက်နွယ်မှာပြန်မထူးပဲ နှုတ်ခမ်းစူထားလေ၏။

"နွယ် ...စိတ်ဆိုးနေတုံးပဲလားဟင် ...ကိုယ့်ကိုခေါ်တုံးက
သွားစရာရှိလို့ စကားမပြောအားဘူးလို့ပြောလိုက်လဲ ပြီးတာပဲ၊
ကိုယ့်အပြစ်ပါပဲကွယ်၊ နွယ် .... မကြိုက်ရင် ကိုယ်ဘယ်သူ့ကိုမှ
စကားမပြောတော့ပါဘူး၊အခုလို စကားမပြောပဲ မနေပါနဲ့နွယ်
ရယ်၊ ကဲ ...မကျေနပ်သေးရင် ကျေနပ်သွားအောင် ကိုယ့်ကိုရိုက်
ပါကွယ် ...." ဟုပြောရင်း သူ့ကိုယ်ခန္ဓာကို ရှေ့သို့တိုးပေးလေ၏။

မသက်နွယ်မှာ မြင့်နိုင်၏အပြုအမူကိုကြည့်ရင်း စိတ်အ
နည်းငယ်ပြေလာလေ၏။ မသက်နွယ်၏တင်းမာမှုတစ်ထစ်လျော့
လာသည်ကိုတွေ့ရသောမြင့်နိုင်မှာ အားတက်လာပြီး မသက်နွယ်
ထိုင်နေသောကုလားထိုင်နားရှိ စားပွဲပေါ်မှ သစ်သားမျှင်းလုံးကိုယူ
လိုက်ပြီး ....

"ကဲလေ .... လက်နဲ့ကိုယ့်ကိုရိုက်ရင် နွယ့်လက်နာသွားလိမ့်
မယ်၊ဒီတော့ ဒီမျှင်းလုံးနဲ့ပဲ ကိုယ့်ဘာသာ ဒဏ်ပေးလိုက်မယ်"
ဟုပြောရင်း ခေါင်းကိုတစ်ချက် "ဒေါင်" ကနဲမြည်အောင် ရိုက်
လိုက်သဖြင့် ....

"အို... ကိုမြင့်နိုင် .... ဘာပြုလို့ဒီလိုလုပ်ရသလဲ၊ ပေးစမ်းပါ"
ဟုပြောကာ ဒုတ်ကိုဆွဲလုလိုက်ပြီးအခန်းဒေါင့်သို့လွှင့်ပြစ်လိုက်

လေသည်။

"ဟင်း ... ဒါပဲနော်၊ နောက်တစ်ခါတခြားမိန်းကလေးတွေနဲ့ သောကောရောကော နေချင်ရင် နွယ်မျက်ကွယ်ရာမှာ နေကြ ... ပြောကြ ... နွယ့်ရှေ့မှာတော့မရောနဲ့. နွယ်မကြိုက်ဘူး၊ တကတည်း .... ဘာတွေများပြောနေလို့ ဒီလောက်တောင်ကြောရသလဲ၊ စကားကြောကိုရှည်တယ် ...."

"နွယ်ရယ် ကိုယ့်ကို ဒီလိုမပြောပါနဲ့.ကွယ် .... သူကစာအကြောင်းတွေမေးတာပါ၊ ဆရာဒီနေ့ သင်တာမရှင်းလို့တဲ့ ...."

"သူမေးချင်ရင် နွယ့်.ကိုမေးပါလား .... နှစ်ယောက်အတူတူလျှောက်လာတာ ယောကျ်ားကလေးကိုမှ မေးရသလား၊ ဒီအမျိုးသမီးက ကိုမြင့်နိုင်ကိုကြိုက်နေတာ သိရဲ့လား ...."

"ဟာ .... နွယ်ကလဲ .... တောက်တီးတောက်တဲ့ ...."

"အောင်မယ် .... တောက်တီးတောက်တဲ့ရော အိမ်မြှောင်ရော လုပ်မနေနဲ့၊ မယုံရင် တင်တင်အေးကိုမေးကြည့်ပါလား .... ဟိုတစ်နေ့က တင်တင်အေးဆီသွားပြီး မေးတယ်၊ကိုမြင့်နိုင်နဲ့. နွယ် ဘာတော်ကြသလဲ .... တဲ့ ၊ ကိုမြင့်နိုင်နဲ့. သူရင်းနှီးချင်တယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲ .... တဲ့"

မြင့်နိုင်လည်း မေသက်နွယ်ပြောတော့မှ မျက်မှောင်အနည်းငယ်ကြုတ်ကာစဉ်စားရင်း ....

"ဟာ .... ဟုတ်တယ်နွယ် .... အခုမှကိုယ်လဲစဉ်းစားမိတယ်၊ ကိုယ့်ကိုတွေ့ရင် ရမယ်ရှာပြီး လိုက်လိုက် စကားပြောတယ်၊ သူ.



အိမ်အလည်လာဘို့လဲ အမြဲခေါ်တယ်၊ တော်ပြီ .... တော်ပြီ .... နောက်ဆိုရင် ဒီအမျိုးသမီးကို ဝေးဝေးကရှောင်မှပဲ၊ ဒီတခါတော့ ငမိုက်သားခမျာမှာ တခါတလေ ပြောမိတာမို့ ခွင့်လွှတ်ပါနော် ဟုတ်လား"

မေသက်နွယ်မှာ မြင့်နိုင်အမူအယာမျိုးစုံနှင့်ပြောဆိုနေသည်ကိုကြည့်ရင်း ပြုံးလိုက်ကာ ....

"ကိုမြင့်နိုင်ဟာလေ ဇာတ်လိုက်လုပ်ဘို့ ကောင်းတယ်၊သူများစိတ်ကောက်ရင် ဘယ်တော့မှ ကြာကြာမကောက်ရဘူး၊ မပြေပြေအောင် သူသိပ်ပြောတတ်တာပဲ၊ ကဲပါ .... နွယ် ဒီနေ့စိတ်လွတ်သွားလို့ပါ၊ ကိုမြင့်နိုင် သဘောကျရင် ပြန်ကြိုက်လိုက်ပေါ့၊ ကိုယ့်အစ်ကိုစွဲသွားတော့ အစ်မတစ်ယောက်တိုးတာပေါ့"

မေသက်နွယ်စကားကြောင့် မြင့်နိုင်မှာမျက်နှာထားချက်ချင်းပြောင်းသွားပြီး မေသက်နွယ် ပခုံးနှစ်ဘက်ကို ဆွဲလှုပ်ရင်း ...

"တော်တော့နွယ် .... ဒီအပြောမျိုးကို နောက်ထပ်ဘယ်တော့မှမကြားရပါစေနဲ့"

" ကဲပါလေ .... မကြိုက်ရင် နောက်မပြောတော့ပါဘူး၊ တကတည်း သူများပခုံးပြုတ်တော့မယ်၊ ဒေါသချည်းပဲ"

"ဆောရီးနွယ် .... ကိုယ့်ကိုခင်ရင် မိန်းကလေးတွေနဲ့ မစပါနဲ့.ကွယ်၊ နွယ်ကလွဲရင် ကိုယ်ဘယ်အမျိုးသမီးကိုမှ စိတ်မဝင်စားဘူး"

"အပြောသိပ်မကြီးနဲ့.အုံးနော် .... နွယ်ကလဲ ဘာကြောင့်

မှန်း မသိဘူး၊ ကိုမြင့်နိုင်ကို မိန်းကလေးအလည်တွေ့ခဲ့ရင်းနှီးသွားမှာ စိုးမိတယ်" မေသက်နွယ်ပူပန်နေပုံကို မြင့်နိုင်သ၊ စောကျသည့်အတွက် ဟက်ဟက်ပက်ပက်ရယ်လိုက်ရင်း ....

"နွယ် .... မိန်းမနဲ့ပတ်သက်ပြီးတော့ ကိုမြင့်နိုင်ကို စိတ်ချစမ်းပါကွယ်"

"ကိုမြင့်နိုင်ကို နွယ်စိတ်ချပါတယ်၊ စိတ်မဝင်စားဘူးဆိုတာလဲ သိပါတယ်၊ ဒါပေမဲ့ မိန်းကလေးတွေက ကိုမြင့်နိုင်ကို စိတ်ဝင်စားနေကြတာကိုး၊ဒါကြောင့်ကိုမြင့်နိုင်အတွက်နွယ်စိုးရိမ်မိတာပါ"

"ဘာလဲ ကိုယ့်ကိုကားတင်ပြေးမှာ စိုးတာလား၊ ဒါမှမဟုတ် အတင်းနသားပါးယားလုပ်မှာ စိုးတာလား"

"တော်စမ်းပါ .... နောက်မနေစမ်းပါနဲ့"

"နောက်နေတာမဟုတ်ပါဘူး၊ နွယ့် ရှေ့ကနေတာပဲ၊ ဒါနဲ့ ကိုယ့်ကိုဘာပြုလို့ သဘောကျနေကြတယ်ထင်သလဲနွယ်"

အော် ... ကိုမြင့်နိုင်က ရုပ်လဲချော၊ အားကစားဘက်မှာလဲ နာမည်ရ၊ စာမှာလဲ ဗိုလ်စွဲနေတော့ 'ပျိုမွေ့အချစ်တော်' ဖြစ်ချင်ကြတာပေါ့၊ ဒါကြောင့်လဲ အသိဖွဲ့ချင်ကြတဲ့ သူတွေပေါများနေတာမဆန်းပါဘူး"

မေသက်နွယ်စကားကြောင့် မြင့်နိုင်မှာနားထင်ကိုလက်နှင့် ဖိရင်း ...

"ဟာ ...ကြားရတာသွေးကြိုးသွားလို့ နားထင်ကသွေးကြောတောင် ပေါက်ထွက်တော့မယ်၊ ကဲပါနွယ်ရယ် .... ကိုယ့်အတွက်



စိတ်ချပါ၊ စိတ်ပူရမှာကကိုယ်ပါ"

"ဘာပြုလို့"

"နွယ်ကချောလဲချော၊ လှလဲလှတော့ ကြိုက်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတာပဲ"

"တော်စမ်းပါ ... နွယ်က ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး"

"ကဲ ... ကိုယ်တစ်ခုမေးမယ်၊ ကိုယ့်ကိုတခြားသူတွေ စိတ်ဝင်စားတာတော့ ထားလိုက်ပါ၊ ကိုယ်သိချင်တာက နွယ်ကရော ကိုယ့်အပေါ်မှာ စိတ်ဝင်စားရဲလား"

"ကဲ ... ကိုရွှေလိပ် ... နွယ့်ကို အဲဒီအထဲ ဆွဲမထည့်ပါနဲ့၊ နွယ်ရေချိုးပါရစေတော့" ဟုမေသက်နွယ်က ချစ်စရာမျက်စောင်းကလေးထိုးကာ ပြောလိုက်သဖြင့် မြင့်နိုင်လည်း မကျေမနပ်နှင့် အောက်ထပ်သို့ ဆင်းသွားလေတော့၏။

× × ×

ကိုမြင့်နိုင် မေသက်နွယ်တို့မှာ ကျောင်းအတူတူတက် စာအတူတူကျက်ရင်း တစ်လပြီး တစ်လကူးပြောင်းလာလေ၏။

၁၉၄၉ ခု၊ ဖေဖော်ဝါရီလ (၉) ရက်နေ့ ....

ထိုနေ့သည်ကား မြင့်နိုင်၏အစွင်းစိတ်ဓာတ်ပေါက်ကွဲလာ

သောနေ့ပင် ဖြစ်လေ၏။

၄င်းတို့နှစ်ဦး စကားတပြောပြောနှင့် အိမ်ပြန်လာကြရာကား ပေါ်မှအဆင်း စုစုကအိမ်ပေါက်ဝမှဆီး၍ ....

"နွယ် .... အိမ်ပေါ်မှ ညီမတို့မိတ်ဆွေတွေ ရောက်နေတယ်၊ မေမြို့က ရာဇဝတ်ဝန်ထောက်ဦးဘချစ်တို့မိသားစုတဲ့၊ သူ့သားက ဘီအေနောက်ဆုံးနှစ်၊ တစ်ဦးတည်းသောသားတဲ့၊မမကြည် ခုနက ဒို့ကိုပြောပြနေတယ်၊ အဲဒီဦးဘချစ်က ဖေဖေတို့နဲ့လဲသိတယ်၊ လာရင်းကိစ္စက သူတို့သားကို နွယ်နဲ့ပေးစားဖို့တဲ့"

"ဟင် ဟုတ်ရဲ့လား မမလေးရယ်" ဟု မြင့်နိုင်က ဝင်မေးလိုက်သဖြင့် မေသက်နွယ်က ...

"ဟုတ်မယ်မထင်ပါဘူး၊ သက်သက်လာလည်တာဖြစ်မှာပေါ့ မမလေးရဲ့"

"ဟဲ့ ... တကယ်ပြောနေတာ၊ သူတို့သားကနွယ့်ကို ကျောင်းမှာတွေ့ဖူးတယ်တဲ့၊နွယ်ကတက္ကသိုလ်ရောက်မှ ပိုပြီးချစ်စရာကောင်းလို့တဲ့၊ သူမိဘတွေကို ပူစာလို့ သူမိဘတွေလဲ ရန်ကုန်လိုက်လာကြတာ၊ ဖေဖေနဲ့မေမေကိုတောင် ဝိုင်းပြောပေးဖို့ အပေါ်ကို အတင်းခေါ်သွားတယ်၊ နေ့လယ်ထဲကရောက်နေတာ၊ နွယ်ပြန်မလာသေးလို့ စောင့်နေကြလေရဲ့"

"ဟုတ်လားမမလေး .... ဒက်ဒီတို့က နွယ်သဘောတူညီချက်မပါပဲ လက်မခံကြပါဘူး၊ နွယ့်ကိုမေးရင် နွယ်ငြင်းလိုက်မှာပါပဲ"



"သူတို့က အခုလာပြီး ပြောထားတာတဲ့၊ လောလောဆယ် လက်ထပ်ဖို့မဟုတ်ပါဘူးတဲ့"

"ခက်တာပဲမမလေးရာ၊ အန်ကယ်ဘချစ်သားကို မေမြို့မှာ ကတည်းက နွယ်မျက်နှာကြောမတဲ့ဘူး၊ ယောကျ်ားကလေးသာဆို တယ် မိန်းမရှာလိုပဲ၊ ပိန်ညောင်ညောင် ကနွဲ့ကလျနဲ့ လေတိုးရင် လဲမဲ့စတိုင်ပဲ" ဟုပြောရင်း အနားလှည့်ကြည့်လိုက်သောအခါ မြင့်နိုင်ကိုမတွေ့ရဖြင့် ...

"ဟင် ... ကိုမြင့်နိုင်တစ်ယောက် ဘယ်အချိန်ကများ အိမ်ထဲဝင်သွားပါလိမ့်" "ကဲ .... မမလေး .... နွယ်အပေါ်တက်လိုက်အုံးမယ်နော်" ဟုပြောကာတက်သွားလေသည်။

စုစုမှာ မေသက်နွယ်ကို ဦးဘချစ်တို့က သူတို့သားနှင့်ပေးစားရန် လာရောက်တောင်းရမ်းသည့်အကြောင်းပြောလိုက်စဉ်က မျက်စိမျက်နှာပျက်နေသော မြင့်နိုင်ကို အကဲခတ်မိလေသည်။ မောင်ဖြစ်သူ စိတ်မကောင်းဖြစ်ကာ အခန်းတွင်းဝင်ပြေးသွားသည်ကိုသိရသဖြင့် မြင့်နိုင်၏အခန်းပေါက်ဝမှ လှမ်းကြည့်လိုက်သောအခါ ကုတင်ပေါ်တွင် စောင်ကိုခေါင်းမြီးခြုံကာ အိပ်နေသည်ကိုမြင်ရသည့်အတွက် တစ်ချက်ပြုံးလိုက်ပြီး ပြန်လှည့်လာလေ၏။

မေသက်နွယ်အိမ်ပေါ်သို့ရောက်သောအခါ စည်သည်များနှင့် ခဏမျှဝင်စကားပြောနေလိုက်သည်။ စုစုထံမှကြိုတင်သိရှိထားပြီးဖြစ်သည့်အတွက် ခေါင်းကိုက်သည်ဟု အကြောင်းပြကာ အိမ်ခန်းထဲသို့ဝင်လာလေ၏။

× × ×

ထိုနေ့ည ...

မေသက်နွယ်မှာ ခါတိုင်းညများကဲ့သို့ စာကျက်ရန် မြင့်နိုင်အလာကို စောင့်နေလေရာ မြင့်နိုင်မပေါ်လာသဖြင့် အောက်ထပ်သို့ ဆင်းလိုက်လာလေသည်။

"မမကြီး .... ကိုမြင့်နိုင်တစ်ယောက်ဘယ်သွားသလဲဟင် ... စာကျက်ဘို့ စောင့်နေတာ ပေါ်မလာလို့ လာခေါ်တာ"

ကြည်ကြည်က အိမ်ခန်းတွင်သို့ မေးတစ်ချက်ငေါ့ပြရင်း ....

အချိုတစ်ယောက်တော့ မမကြီးတို့ လက်လျှော့ထားမြီ ခုနကပဲ နွယ်ဆီသွားဘို့ပြောတာမရဘူး၊ ကျောင်းကပြန်ရောက်ကတည်းက အိပ်ယာပေါ်မှာ စောင်ခေါင်းမြီးခြုံပြီး သပိတ်မှောက်နေတယ်လေ ...ဘာမှလဲမစားးဘူး။ နွယ်ကိုယ်တိုင် ခေါ်ရင်တော့ ရမလားမသိဘူးကွဲ့"

"ဟုတ်လား .... မမကြီး .... ဘယ်သူနဲ့ဘာဖြစ်လို့လဲ"

"ဘယ်သူနဲ့မှ ဘာမှမဖြစ်ဘူး၊နွယ်ကိုယ်တိုင်ဘဲ ဒီရောဂါကို ရအောင်မေးပေတော့" ဟု စုစုကဝင်ပြောလိုက်သဖြင့် ....

"ဘာရောဂါလဲ မမလေးရဲ့"

"ကဲပါ .... နွယ်ရယ် ... လာ ... မမကြီးအခန်းထဲ လိုက်ပို့မယ်"

မေသက်နွယ်လည်း ကြည်ကြည်နောက်မှလိုက်သွားလေ၏။

အခန်းတွင်းသို့ ဝင်လိုက်သောအခါ ကုတင်ပေါ်တွင် စောင်ခေါင်းမြီးခြုံ၍ အိပ်နေသော မြင့်နိုင်ကိုတွေ့ရသည်နှင့် မေသက်နွယ်



လည်း တစ်ချက်ပြုံးလိုက်ကာ ကုတင်နားသွားပြီး စောင်ကို အတင်းဖယ်လိုက်လေသည်။

"ကိုမြင့်နိုင် ... နွယ်စာကျက်ဘို့စောင့်နေတာ ဘာဖြစ်လို့မလာတာလဲ၊ ဒါကဘာဖြစ်ရတာလဲ ပြောစမ်းပါအုံး၊ဒီလိုခေါင်းမြီးခြုံပြီး သပိတ်မှောက် ဆန္ဒပြရင်လဲ လိုလားချက်ကို အရင်တောင်းအုံးမှပေါ့ ... အခုတော့ လိုလားချက် မတောင်းခံပဲ တစ်ယောက်တည်း အသံတိတ်ဆန္ဒပြနေတာကိုး"

မြင့်နိုင်မှာဘာမျှပြန်မပြောပဲ မျက်နှာကိုခေါင်းအုံးအောက်တွင်ထားပြီး မှောက်နေလေသည်။

ကြည်ကြည်မှာမောင်ဖြစ်သူကိုကြည့်ပြီး ရယ်နေရာမှ မေသက်နွယ်အား အမူအယာလုပ်ပြလိုက်သည့်အတွက် မေသက်နွယ်က မြင့်နိုင်၏ခေါင်းအုံးကို အတင်းဆွဲဖယ်ပစ်သော်လည်း မြင့်နိုင်မှာ အတင်းကိုင်ထားသဖြင့် စိတ်တိုသည့် လေသံဖြင့်-

"ကဲ ... ကိုမြင့်နိုင် ၊ နွယ်ကိုယ်တိုင်လာခေါ်တာ မလိုက်ချင်ရင်လဲနေတော့၊ ဒီလောက်တောင်ဈေးကိုင်နေရင်လဲပြန်ရုံရှိတာပဲ.." ဟု ပြောလိုက်တော့မှ မြင့်နိုင်မှာ မနေသာတော့ပဲ မျက်နှာကိုမဖော်ပဲ

"နွယ် ... ကိုယ်ဒီနေ့ စာမကျက်ချင်ဘူး ... နွယ့်ဖာသာတစ်ယောက်ထဲ ကျက်ပေတော့"

"ဟင့်အင်း ... ဟင့်အင်း ... ကိုမြင့်နိုင်မကျက်ရင်နွယ်လဲမကျက်ဘူး .... ဒီည ဓာတုဗေဒပုစ္ဆာတွေ တွက်စရာအများကြီးပါလာတယ်မဟုတ်လား ... မနက်ဖြန် ဆရာမေးရင်မဖြေနိုင်တော့

ဘူး၊ဒီညပုစ္ဆာမပြီးရင်တော့ မနက်ဖြန် ကျောင်းပြေးမှာပဲ"

"ကဲလေ .... ဒီလိုဆိုလဲ နွယ်သွားနှင့်၊ ကိုယ်ရေချိုးပြီးလာခဲ့မယ်"

"ဒါပဲနော် ... နွယ်စောင့်နေမယ်၊ မလာရင်တော့ စိတ်ဆိုးမှာပဲ" ဟု ပြောကာ ထွက်လာလေ၏။

စုစုက ....

"ညီမလေး ... သပိတ်မှောက် သမားတော့ ညနေပြန်လာကတည်းက ဘာမှမစားသေးဘူး၊ မမကြီးချော့ကျွေးတာလဲ မစားဘူး၊ အပေါ်ရောက်ရင်တော့ တစ်ခုခုကျွေးလိုက်ပါအုံး"

"ဟုတ်ကဲ့ မမလေး ... အခု (၈)နာရီ တောင်မထိုးသေးဘူး၊ လာရင်ထမင်းကျွေးလိုက်ပါ့မယ်၊ သူညနေက အန်ကယ် ဦးဘချစ်တို့လာတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စိတ်ကောက်နေတာပေါ့"

"ဒါပေါ့ကွဲ့ ... ဆဲတစ်ပင်တင်း ချစ်ခြင်းမယား ရည်စားလူလု" ဟု စုစု၏စကားမဆုံးခင် ...

"အို ... မမလေးကလဲဘာတွေလျှောက်ပြောနေမှန်းမသိဘူး" ဟု မေသက်နွယ်လည်း ရှက်စနိုးပြန်ပြောကာအိမ်ပေါ်သို့ပြေးတက်သွားလေ၏။

မေသက်နွယ်မှာ စာကြည့်နေရင်း မြင့်နိုင်အားစောင့်နေလေ၏။ (၁၅) မိနစ်မျှကြာသောအခါ မျက်နှာထားသုန်သုန်မှုန်မှုန်နှင့် မြင့်နိုင်ရောက်လာလေ၏။

မေသက်နွယ်မှာ မြင့်နိုင်အားတစ်ချက်လှမ်းကြည့်ပြီးပြုံးမိ



လေ၏။ မြင့်နိုင်မှာ မေသက်နွယ်ကို မကြည့်ပဲ ကုလားထိုင်တွင် ထိုင်လိုက်ပြီး စကားတစ်ခွန်းမျှမပြောပဲ စားပွဲပေါ်သို့ကျောင်းစာအုပ်များတင်၍ ဖွင့်ဖတ်နေလေ၏။

မေသက်နွယ်လည်း မြင့်နိုင်ဖွင့်ဖတ်နေသောစာအုပ်ကို အသာအယာဆွဲယူလိုက်ရင်း ....

"စာတော်မှန်းသိပါတယ်၊ ဇောက်ထိုးဖတ်ပြနေဖို့မလိုပါဘူး၊ ကိုင်း ... ကိုမြင့်နိုင် ဆိုစမ်းပါအုံး၊ မျက်နှာထားတော်ညီဘာအလိုတော်များ မကျသလဲဆိုတာ တဆိတ်ပြောအုံးမှပေါ့"

"ဘာမှမဖြစ်ပါဘူး"

"အင်း .... ဘာမှသာမဖြစ်တာ ညနေကျောင်းကပြန်လာတုန်းက တစ်လမ်းလုံးကားပေါ်မှာ စကားကိုပြောလာလိုက်တာ ရွှန်းရွှန်းကိုဝေနေတာပဲ၊ အိမ်လဲရောက်ရော ... တခါထဲ ဘာဖြစ်သွားမှန်းမသိဘူး၊ နွယ့်မှာတော့ (၇) နာရီကတည်းက စာကျက်ဖို့စောင့်နေတာပေါ်မလာလို့ အောက်ထပ်ကိုလိုက်ခေါ်ရတယ်၊ ဒါတောင် မူလကျို့ လုပ်နေသေးတယ်၊ ဘာလဲ နွယ့်ကိုစိတ်ကောက်နေတာလားဟင်.."

"မဟုတ်ပါဘူး၊ ခေါင်းနဲနဲကိုက်နေလို့ပါ"

မြင့်နိုင်မှာ ယခုချိန်အထိ မေသက်နွယ်ကို မကြည့်ပဲ ဖြေနေသဖြင့် မေသက်နွယ်လည်း အသံထွက်အောင်ရယ်လိုက်ပြီး ...

"အော် ... စိတ်တော့မကောက်ဘူး၊ ကွေးရုံတင်ပဲကွေးနေတယ်ထင်တယ်၊ ခေါင်းကိုက်ရောဂါကလဲ အိမ်ပြန်ရောက်မှ ကိုက်

ပုံထောက်တော့ ဇကွန်တော့ အန်ကယ်ဦးဘချစ်တို့ယူလာတဲ့ခေါင်းကိုက်ရောဂါထင်ပါရဲ့ ... ဟုတ်တယ်မဟုတ်လား"

"ကိုယ်ဘာမှမဖြစ်ပါဘူးနွယ် ... ကဲ ပုစ္ဆာတွေတွက်ရအောင်လေ" ဟုပြောပြီး စာအုပ်ကိုဖွင့်ကာ ငုံ့၍တွက်နေလေ၏။

မေသက်နွယ် (၅) ပုဒ်တွက်ပြီး၍ အဖြေတိုက်ရန် မြင့်နိုင်၏ စာအုပ်ကို ဆွဲယူကြည့်လိုက်ရာ တစ်ပုဒ်မျှမပြီးသေးကြောင်းတွေ့ရသဖြင့် စိတ်မကောင်းဖြစ်သွားကာ မြင့်နိုင်၏မျက်နှာကိုသူမဘက်သို့ ဆွဲလှည့်လိုက်ပြီး ကြင်နာသောလေသံဖြင့် -

"ကိုမြင့်နိုင် ...နေမကောင်းဘူးလားဟင်"

"နေကောင်းပါတယ်နွယ် ..."

"ခါတိုင်းစာလုပ်ရင် ကိုမြင့်နိုင်က အရင်ပြီးတာချည်းပဲ ... အခု နွယ်(၅)ပုဒ်ပြီးတာတောင် ကိုမြင့်နိုင်က တစ်ပုဒ်မျှမပြီးသေးဘူး၊ ဘာမှလဲ မဖြစ်ဘူး၊ နေလဲကောင်းတယ်၊စိတ်လဲမကောက်ဘူးသာပြောတယ်၊ ခါတိုင်းလိုလဲမဟုတ်ဘူး၊ ကဲ ကိုမြင့်နိုင်၊ နွယ်တစ်ခုမေးမယ်၊ ယောကျ်ားပီသတဲ့သူဟာ မှန်တာကို ပြောရမယ် ...ဝန်ခံရဲရမယ်၊ ပြောစရာရှိရင် သတ္တိရှိရှိပြောရမယ်"

"မေးလေ ... ဖြေတာပေါ့"

"ကောင်းပြီ ...ကိုမြင့်နိုင် နွယ်ကိုစိတ်ဆိုးနေသလားဟင်"

"မဆိုးပါဘူး နွယ်"

"ကဲ ... စိတ်မဆိုးဘူးဆိုရင် တစ်ခုတိုင်ပင်ချင်တယ်၊ နွယ်ဟာ ကိုမြင့်နိုင်ကို အစ်ကိုအရင်းလိုပဲ ခင်လဲခင်တယ်၊ အားလဲကိုး



တယ်၊ ယုံလဲယုံကြည်တယ်၊ အဆိုးအကောင်း အမြဲတိုင်ပင်လေ့ရှိတယ်မဟုတ်လား"

"အင်း"

"အခု တိုင်ပင်ချင်တာက ညနေကနွယ်ကိုအန်ကယ်ဦးဘချစ်တို့က သူတို့သားနဲ့လာစေ့စပ်တယ်၊ အဲဒါ ကိုမြင့်နိုင်ဘယ်လိုသဘောရသလဲ"

"အို ... ဒါက နွယ့် ကိုယ်ရေးကိုယ်တာကိစ္စပဲ၊ ကိုယ်နဲ့ဘာမှမဆိုင်ပါဘူး"

"ကဲ .... ကောင်းပြီ .... ဒီလိုဆိုရင် အခုအချိန်ကစပြီး ကိုမြင့်နိုင်ကို ဘာမှမပြောတော့ဘူး၊ နွယ်ကိစ္စနဲ့ပတ်သက်လာရင် ကိုမြင့်နိုင် ထမင်းရည်ပူလာလျှာလွဲတတ်တယ်ဆိုတာ သိရလို့ နွယ်သိပ်ဝမ်းနည်းတာပဲ" ဟုဝမ်းနည်းသံနှင့် ပြောရင်း မျက်ရည်လည်ကာ ငိုတော့မည့်ဟန်ကို တွေ့လိုက်ရသည့်အတွက် မြင့်နိုင်မှာ ပျာပျာသလဲဖြစ်သွားကာ မေသက်နွယ်၏ လက်ကလေးကို ဆွဲဆုတ်လိုက်ပြီး ..

"နွယ် .... ကိုယ့်ကိုတလွဲမထင်ပါနဲ့ကွယ် .... ကဲလေ .... မထူးတော့ပါဘူး၊ ကိုယ်ရင်ထဲမှာ ခံစားရတာတွေကို ဖွင့်ပြောပါ့မယ် ... နွယ် ... စိတ်မဆိုးရဘူးနော် ... ကိုယ်မေးတာကိုလဲ ဖြေရမယ်နော် .."

"ကောင်းပါပြီတဲ့ရှင် ...ဖြေပါ့မယ်"

"ညနေက မမလေးပြောနေတာကိုကြားရတော့ ကိုယ်စိတ်ထဲ

မှာ ဘယ်လိုဖြစ်သွားမှန်းမသိဘူးနွယ် .... သိပ်ခံစားရတာပဲ၊ ဒါတောင်နွယ့်ကို တကယ်လက်လွှတ်ရသေးတာမဟုတ်ဘူး၊တကယ်များ နွယ်လက်ထပ်သွားရင် ကိုယ်ဘယ်လောက်တောင်ခံစားရမလဲ မသိဘူး၊ကိုယ်သာပြောပိုင်ခွင့်ရှိရင် နွယ့်ကို ဘယ်သူနဲ့မှ မပေးစားချင်ဘူး"

"ဟင် ...ဒီလိုဆို နွယ်အပျိုကြီးလုပ်ရမှာပေါ့"

"ဒီလိုလဲမဟုတ်ဘူးနွယ်...ကိုယ့်ရင်ထဲမှာ နွယ့်ကိုသူများရင်ခွင်ထဲရောက်သွားမှာစိုးရိမ်တာပဲ .... ကိုယ့်စိတ်ထဲမှာမနာလိုဝန်တိုစိတ်လဲဖြစ်လာတယ်၊ ကိုယ်ဟာယောကျ်ားတန်မဲ့ ဒီလိုသေးသိမ်တဲ့စိတ်ထားမျိုး ဖြစ်ပေါ်လာတာကို ခွင့်လွှတ်ပါကွယ် .... နွယ်အထင်သေးရင်လဲခံရမှာပဲ၊ညနေကနွယ့်ကို လာစပ်တဲ့လူရဲ့အရည်အသွေးကိုကြည့်ရင် ပိုက်ဆံလဲရှိတယ် တစ်ဦးတည်းသောသားလဲဖြစ် ဘီအေနောက်ဆုံးနှစ်၊မိဘကလဲ ဂုဏ်သရေရှိသူဌေးတွေဆိုတော့ကိုယ်အတော် အားငယ်မိတယ်၊ ပြီးတော့ ကိုယ်နွယ့်ကို တစ်သက်လုံးယမင်းရုပ်ကလေးလို အမြတ်တနိုးအလှကြည့်ထားချင်တယ်၊တခြားလူလက်ထဲအပါမခံနိုင်ဘူး" မြင့်နိုင်စကားကို နားထောင်ရင်းမေသက်နွယ်ကပြုံးလိုက်ကာ ...

"ဖြစ်မှဖြစ်ရလေကိုမြင့်နိုင်ရယ် ... အလကားစိတ်ပင်ပမ်းခံပြီးတွေးနေတာကိုး၊အင်း ...ကိုမြင့်နိုင်ကနွယ့်ကို ယမင်းရုပ်ကလေးလိုကြည့်နေချင်တယ်ဆိုတာ ကြားရတာဝမ်းသာပါတယ်၊ နောင်တော့သာ ရွံရုပ်လို စိတ်ကထင်မြင်လာပြီး ချမနင်းပါစေနဲ့လို့



ဆုတောင်းရမှာပဲ"

"ဒီအတွက်တော့ ရာခိုင်နှုန်းအပြည့် စိတ်ချပါနွယ်၊အော် ... ဒါနဲ့ အခုလိုကြုံကြိုက်တုံး နွယ့်ကိုပြောစရာတွေရှိတယ်၊စိတ်မဆိုးရဘူးနော်"

"မဆိုးပါဘူးကိုမြင့်နိုင်ရယ် ...ဘာများပြောချင်လို့လဲ"

"ဒီလိုပါနွယ် .... ဒီနေ့ညနေလိုအဖြစ်မျိုး ကြုံရခံစားရတော့မှပဲ ကိုယ်ဟာ နွယ့်အပေါ်မှာ ဘယ်လောက်တောင် သံယောဇဉ်တွယ်မိတယ်၊ (၅၂၈) သွယ်မေတ္တာထက် လွန်ကဲပြီးချစ်မိနေတယ်ဆိုတာကို သိရတော့တယ်၊ ကိုယ်ဟာ ... နွယ့်ကို ကိုယ့်ရဲ့ဘဝကြောင်ဖော်အဖြစ် ရည်ရွယ်ထားတော့ သူများလက်ထဲပါသွားမှာ သိပ်စိုးရိမ်မိတာပဲ"

မြင့်နိုင်မှာ ရင်ထဲမျိုသိပ်ကွယ်ဝှက်ထားရသည့်ခံစားချက်ကို ဖွင့်ပြောလိုက်ရသဖြင့် စိတ်ထဲပေါ့သွားသလိုလိုဖြစ်မိလေသည်။

မေသက်နွယ်မှာမြင့်နိုင်ထံမှမမျှော်လင့်သောစကားကို ကြားရသဖြင့် ရုက်သွေးဖြန်းသွားကာ ...

"အော် ...လက်စသပ်တော့ ကိုမြင့်နိုင်က နွယ့်ကိုရည်းစားစကားပြောနေတာကိုး ... ဒီမှာကိုမြင့်နိုင် ... အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး နွယ်-ဆရာဝန်မဖြစ်မချင်း မစဉ်းစားဘူးလို့ သန္နိဋ္ဌာန်ချထားတယ် ၊ဒါပေမဲ့ အခုကိုမြင့်နိုင်ရဲ့ အိမ်ထောင်ရေးအယူအဆဟာ နွယ်နဲ့ဆန့်ကျင်နေတယ်ဆိုတာတွေ့ရတယ်"

"ဘယ်လိုများကွဲလွဲနေလို့လဲနွယ် ..."

"ကိုမြင့်နိုင်ရဲ့သဘောက ဂုဏ်ရှိ ငွေရှိရင် အိမ်ထောင်ဖက်အ ဖြစ်နဲ့ နွယ့်မိဘတွေက လက်ခံလိမ့်မယ်လို့ ထင်နေတာ မှားတာ ပေါ့၊ ဒီမှာ .... ကိုမြင့်နိုင်နွယ်ဟာ အိမ်ထောင်ဘက်ကို ရွေးတဲ့ အခါမှာဂုဏ်တွေ ပကာသနတွေကို အဓိကထားတာမဟုတ်ဘူး၊ နွယ့်မိဘကလဲ ဒီကိစ္စမှာ နွယ်ကို လွတ်လွတ်လပ်လပ် ရွေးပိုင်ခွင့်ပြု ထားတယ်၊ ဒါကြောင့်လဲ နွယ့်ဘဝမှာ ရာသက်ပန် လက်တွဲသွား ရမဲ့ သူဟာ ယောကျ်ားပီသရမယ်၊ စိတ်နေသဘောထား မြင့်မြတ်ရမယ်၊ အရာရာကို ချင့်ချိန်ဆုံးဖြတ်တတ်ရမယ်၊ အလကားနေရင်း မဆင်မခြင်နဲ့ သဝန်မတိုတတ်ရဘူး၊ နွယ့်ကိုတ ကယ့်မေတ္တာစစ်မေတ္တာမှန်နဲ့ ချစ်တဲ့သူဖြစ်ရမယ်၊ အားကစားဝါ သနာပါရမယ်၊အခု-အနာဂတ်ဘချစ်ရဲ့သားဟာ နွယ်လိုချင်တဲ့ အရည်အသွေးတစ်ခုမှမရှိဘူး၊ယောကျ်ားဖြစ်ပြီး ပျော့ညံ့တဲ့စိတ်ရှိ တယ်၊နွယ့်မေတ္တာကို နွယ့်ဆီက ရအောင်မယူပဲ နွယ့်မိဘဆီမှာ လာတောင်းတယ်၊ ဒါမျိုးနွယ်ဘယ်တော့မှ စိတ်မကူးဘူး"

မြင့်နိုင်မှာ မေသက်နွယ်က ကိုထွန်းအောင်အား သဘော မကျသည်ကို ကြားသိရသဖြင့် ဝမ်းသာနေမိလေသည်။

"ကိုယ်ကနွယ်ဆီမှာ တိုက်ရိုက်တောင်းနေပြီလေ ... ပြီးတော့ နွယ်လိုချင်တဲ့အရည်အသွေး ကိုယ့်ဆီမှာရှိတယ်မဟုတ်လားနွယ်"

"နွယ်အခု ပညာသင်နေတဲ့ အချိန်မှာ ဘယ်သူ့ဆီမှာဘာအ ရည်အသွေးတွေ ရှိတယ်ဆိုတာကို ခေါင်းထဲထည့်မစဉ်းစားသေး ဘူး၊ ဘယ်သူတွေဘယ်လောက်ပဲ နွယ့်ကို မေတ္တာရှိနေပေမဲ့



စိတ်မကူးသေးဘူး၊ ကိုမြင့်နိုင်ကို နွယ်ခင်ပါတယ်၊ အစ်ကိုအရင်း တစ်ယောက်လို သံယောဇဉ်ရှိပါတယ်၊ ဒါကြောင့် ဖြူစင်သန့်ရှင်း တဲ့ (၅၂၈) သွယ် မေတ္တာနဲ့ပဲ ခင်ပါနော် ... နွယ်တောင်းပန်ပါ တယ်၊ပညာသင်ချိန်မှာ ဒီစိတ်တွေမဝင်ပါနဲ့အုံး ကိုမြင့်နိုင်ရယ် ... ကဲပါလေ၊ ဒီကိစ္စ ဒီတင်ပဲတော်ကြပါစို့၊ ကိုမြင့်နိုင် ပုစ္ဆာတွေတွက် နှင့်၊ နွယ် ...ကိုမြင့်နိုင်စားဘို့ ထမင်းသွားပြင်အုံးမယ်နော်"

တော်ပါပြီနွယ်ရယ် ...ကိုယ်မစားတော့ပါဘူး ...အိပ်ခါနီးမှ ပဲ ကော်ဖီသောက်တော့မယ်"

"ဘာလဲ ... နွယ်ပြောတာနဲ့ စိတ်ကောက်တော်မူသွားပြန်ပြီ လား ... ဒါမှမဟုတ် ... ကျွဲမြီးတိုသွားလား"

"မဟုတ်ပါဘူး ကိုယ့်ညီမ ပင်ပမ်းနေမှာစိုးလို့ပါ ...ကိုယ် စိတ်မကောက်ပါဘူး၊စိတ်လဲမဆိုးပါဘူး၊ကဲ-ပုစ္ဆာပဲ တွက်ကြပါစို့"

မေသက်နွယ်ကနှုတ်ခမ်းကလေးစူစူလုပ်ရင်း ...

"ဟင့်အင်း ... ဟင်အင်း ... မရဘူး၊ဒါပဲ ကိုမြင့်နိုင်နွယ့်ကို စိတ်မဆိုးဘူးဆိုရင် ထမင်းစားရမှာပဲ မစားရင်တော့နွယ်စိတ်ဆိုး လိုက်မယ်သိလား"

"အမလေး ... စိတ်မဆိုးလိုက်ပါနဲ့ အမိရယ် ...စားပါ့မတဲ့ဗျာ ကဲ...စိတ်မဆိုးခင် အမြန်သွားပြင်ပေတော့" ဟု ပြောလိုက်တော့မှ မေသက်နွယ်မျက်နှာပြုံးလာကာ-

"ဒီလိုမှပေါ့" ဟု ပြောရင်း အိမ်ထဲဝင်သွားလေသည်။

မြင့်နိုင်မှာ မေသက်နွယ်၏ အမူအယာကလေးကြောင့် စိတ်

ထဲမချင့်မရဲဖြစ်မိပြီး နောက်ကျောကိုငေးကြည့်ရင်း သက်ပြင်းချလိုက်မိလေ၏။

(၁၀)မိနစ်မျှကြာသောအခါ မေသက်နွယ်ထွက်လာကာ ... မြင့်နိုင်နားတွင် လာရပ်ပြီးပုစ္ဆာအုပ်ကိုဆွဲယူကြည့်လိုက်လေ၏။

"ကြည့်စမ်းပါအုံး ... စိတ်ကောက်နေတဲ့ အချိန်တုန်းကတော့ တစ်ပုဒ်ကို အကြာကြီး တွက်နေတယ်၊ အခု စိတ်ပါလက်ပါတွက်လိုက်တော့ ခဏလေးနဲ့ (၇) ပုဒ်တောင်ပြီးနေပြီ၊ ကဲ...ထမင်းစားဖို့ အသင့်ဖြစ်နေပြီ"

"နွယ်ရော ကိုယ်နဲ့အတူတူစားပါအုံးလား"

"ဟင့်အင်း ... နွယ်ညနေက စားထားတာဗိုက်ပြည့်နေပြီ၊ မစားပေမဲ့ နွယ်ကိုယ်တိုင်အနားကစောင့်ကျွေးမှာပါ၊အားမနာတမ်းစားရမယ်နော်"

"ကောင်းပါပြီဗျာ ...အားမနာတမ်းအကုန်စားပစ်လိုက်မယ်" ဟု ပြောကာ မြင့်နိုင်လည်း မေသက်နွယ်နှင့်အတူ ထမင်းစားခန်းသို့ လိုက်သွားလေ၏။

ထိုနေ့ညတွင် မြင့်နိုင်မှာမေသက်နွယ်နှင့်အတူ စာကျက်ကာ ည (၁၀) နာရီကျော်မှ အောက်ထပ်သို့ ဆင်းသွားလေ၏။မေသက်နွယ်လည်း မြင့်နိုင်ပြန်သွားတော့မှ အိပ်ယာပေါ်ပစ်လဲလိုက်ကာ မြင့်နိုင်အကြောင်းကို ပြန်လည်တွေးတောနေမိလေ၏။ စောစောက မြင့်နိုင်ရင်ဖွင့်သွားသော စကားများကို ပြန်လည်ကြားယောင်နေသဖြင့် " အော် ... ဘာဖြစ်လို့များ ဆင်အိပ်ရာ ဆိတ်သွားရှိုးရ



တာလဲ ကိုမြင့်နိုင်ရယ်" ဟု ညည်းညူနေမိလေ၏။

× × ×

မြင့်နိုင်နှင့်မေသက်နွယ်တို့ နှစ်ဦးလုံးမှာဥပစာပထမနှစ်တွင် စာမေးပွဲမရှိသဖြင့် ပျော်ရွှင်နေကြလေ၏။သို့သော်ကံကြမ္မာကသူတို့နှစ်ယောက်ပျော်ရွှင်နေကြသည်ကို မရွှစိမ့်ဘိသကဲ့သို့ လည့်ကွက်တစ်ခု ဖန်တီးပေးလိုက်ပုံကား ... ဦးမျိုးဇင်အား မန္တလေးတရားရုံးသို့ ပြောင်းရွှေ့ရန် အမိန့်ကျလာခြင်းပင်ဖြစ်လေသည်။

တစ်အိမ်သားလုံး စိတ်မကောင်းဖြစ်နေကြလေ၏ မြင့်နိုင်နှင့်မေသက်နွယ်တို့နှစ်ဦးမှာ စိတ်အထိခိုက်ဆုံးဖြစ်နေရာမှ နောက်ဆုံးခွဲခွာရမည့်နေ့သို့ ရောက်ရှိလာလေ၏။

မေသက်နွယ်မှာ မန္တလေးမသွားမီ သူငယ်ချင်းများကိုနှုတ်ဆက်လိုကြောင်း မိခင်ထံ ခွင့်တောင်းပြီး ကားမောင်းသူကိုမခေါ်ပဲ မြင့်နိုင်အား လိုက်ပို့ခိုင်းလေသည်။

"နွယ် ... ဘယ်ကိုမောင်းပို့ပေးရမလဲဟင်"

မြင့်နိုင်မှာမေသက်နွယ်အားလှည့်မကြည့်ပဲ စိတ်မချမ်းမြေ့သောလေသံဖြင့် မေးလိုက်လေ၏။

"ကိုမြင့်နိုင်သွားချင်တဲ့ဆီသွား ..နွယ်...ကိုမြင့်နိုင်နဲ့ စကား ပြောချင်လို့ တမင်တကာ ရမယ်ရှာပြီးထွက်လာတာ ... အခုတ လောအေးအေးဆေးဆေး စကားကိုမပြောရဘူး ..."

"ကဲ .... ဒီလိုဆိုရင် အင်းယားကန်စောင်းမှာ သွားထိုင်ပြီး စကားပြောရအောင် နွယ်တို့ (၃) နာရီလောက်မှ ဘူတာကိုသွားမှာ ဆိုတော့ အချိန်ရပါသေးတယ်နော်"

"ကောင်းသားပဲ ... သွားလေ" ဟု မေသက်နွယ်က ပြော လိုက်သည်နှင့် မြင့်နိုင်လည်း မော်တော်ကားကို အင်းယားကန် ဘက်သို့ ဦးတည်လိုက်လေသည်။

× × ×

မြင့်နိုင်သည် မော်တော်ကားကို ကန်စောင်းနားရှိ သစ်ပင် ရိပ်အောက်တွင်ထိုးဆိုက်လိုက်လေ၏။

"နွယ် ... ကန်စောင်းနားမှာထိုင်ပြီး စကားပြောရအောင်နော်"

မေသက်နွယ်က ခေါင်းကလေး ငြိမ့်လိုက်ကာ ကားပေါ်မှ ဆင်းလိုက်လေသည်။ နှစ်ယောက်သားမှာ စကားမပြောနိုင်ကြပဲ ရေပြင်ကိုသာငေးကြည့်နေကြလေ၏။ခေတ္တမျှငြိမ်သက်နေကြပြီး နောက် မေသက်နွယ်က တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။



"ကိုမြင့်နိုင်"

"နွယ်"

"ကိုမြင့်နိုင် အခုလေးငါးရက်အတွင်း ဘာဖြစ်လို့ နွယ့်ကို ရှောင်နေရတာလဲဟင် ... စိတ်ဆိုးနေသလား ... နွယ့်မှာတော့ ပစ္စည်းတွေ သိမ်းရတာနဲ့ လာနှုတ်ဆက်တဲ့ဧည့်သည်တွေ သူငယ် ချင်းတွေကို ဧည့်ခံနေရတာနဲ့ တစ်နေ့တစ်နေ့ အားကိုမအားရဘူး၊ ဒါကြောင့် အောက်ထပ်ကို ဆင်းမလာနိုင်တာ ၊ဒါပေမဲ့ စိတ်က အမြဲရောက်ပါတယ်၊ ကိုမြင့်နိုင်ကရော ပြောစမ်းပါအုံး ဘာပြလို့ အပေါ်ထပ်ကို တက်မလာတာလဲဟင် .... နွယ့်မှာတော့ ပြောင်းရ မယ်လို့ကြားရတဲ့ နေ့ကစပြီး ညတိုင်းအိပ်ရာထဲမှာ ငိုငိုနေရ တယ်သိရဲ့လား .... ကိုတေမိရဲ့"

မေသက်နွယ်၏စကားကြောင့် နှုတ်ဆိတ်နေသော မြင့်နိုင် မှာ စိတ်မကောင်းဖြစ်သွားကာ သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး

"ကိုယ်ဘာမှစိတ်မဆိုးပါဘူးကွယ် ... အပေါ်ကိုလာချင်ပါ တယ်၊နွယ့်ကိုလဲတွေ့ချင်ပါတယ်ကွယ်၊ ဒါပေမဲ့ တွေ့ပြန်ရင် ကိုယ့်ရင်ထဲက ခံစားချက်တွေ ပွင့်ထွက်လာမှာစိုးတဲ့အတွက် ရှောင်နေတာနွယ်"

"ဘာတွေများ ဒီလောက်တောင်ပွင့်ထွက်လာမှာစိုးလို့ရှောင် နေရတာလဲကိုမြင့်နိုင်ရယ် .... နွယ့်ကိုဘာမဆိုပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"အို .... ဒီကိစ္စကနွယ်လက်ခံပြီး ပြောမဲ့ကိစ္စမဟုတ်လို့

မေသက်နွယ်မှာ မြင့်နိုင်အားသနားသွားကာ မည်ကဲ့သို့ပြန်ပြောရမည်ကို စဉ်းစားရင်း ရေထဲသို့ ခဲလုံးတစ်လုံးပြီး တစ်လုံး ပစ်ပေါက်ကစားနေလေ၏။ အတန်ကြာမှ ညင်သာသောလေသံဖြင့် ခေါ်လိုက်လေသည်။

"ကိုမြင့်နိုင်"

"ကိုမြင့်နိုင်ကို နွယ်ခင်ပါတယ်၊သံယောဇဉ်လဲတွယ်မိတယ်၊ နွယ်-ဟိုတလောကပြောသလိုဘဲ အခုလောလောဆယ်မှာတော့ (၅၂၈) သွယ်မေတ္တာနဲ့ပဲ ခင်မင်ပါရစေအုံး ကိုမြင့်နိုင်ရယ်...နွယ် တစ်နေ့ အိမ်ထောင်ရေးကိုစဉ်းစားလာရင် ကိုမြင့်နိုင်ဟာ နွယ့်ဘဝမှာ အတူလက်တွဲသွားရမဲ့ အိမ်ထောင်ဘက်ဖြစ်ဘို့ ရာခိုင်နှုန်းကိုးဆယ်လောက်သေချာပါတယ်၊ဒါကြောင့် ကိုမြင့်နိုင်ဘာမှအားငယ်မနေပါနဲ့၊နွယ် ကိုမြင့်နိုင်လိုချင်တဲ့အဖြေကို တိတိကျကျမဟုတ်တောင် အရိပ်အမြွက်လောက်ပဲပေးနိုင်တာကို ကျေနပ်ပါတော့နော် ဟုတ်လား ..."

"အင်း ... နွယ့်ဆီက ဒီလောက် အာမခံချက်ရထားရင် ကျေနပ်ပါပြီ နွယ် ... အော် ဒါနဲ့ ... နွယ့်ကို ကိုယ်နာမည်ပြောင်း ခေါ်ချင်တယ်ကွယ် ... ခေါ်ခွင့်ပေးမှာလားဟင်"

"ဘယ်လိုခေါ်မှာမို့လို့ ခွင့်တောင်းနေရတာလဲ ကိုမြင့်နိုင်"

"ကိုယ်ဟာ ... နွယ့်ကို အသက်နဲ့ထပ်တူထပ်မျှ ချစ်ခင်တွယ်တာနေမိတဲ့အတွက် 'အသက်' လို့ခေါ်ပါရစေလားကွယ်"

မေသက်နွယ်မှာ မြင့်နိုင်အား တစ်ချက်မျှလှည့်ကြည့်ပြီးပြုံး



ပေါ့နွယ်" မြင့်နိုင်၏စကားကြောင့် မေသက်နွယ်မှာ မျက်မှောင်ကလေးကြုတ်ကာစဉ်းစားရင်း ...

"အော်...ဟိုတလောက ကိုမြင့်နိုင်ရင်ဖွင့်လိုက်တဲ့ကိစ္စလား"

"ဟုတ်တယ်နွယ် ... နွယ်ကပညာသင်ချိန်မှာ ဒါတွေမစဉ်းစားဘူးလို့ ပြောလိုက်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ်ဘာမှနွယ်ကို ထပ်မပြောတာပါ၊ ဒါပေမဲ့ အခုနွယ်တို့ ပြောင်းရတော့မယ်လို့ သိတဲ့နေ့ကစပြီး ကိုယ်တစ်ညမှ အိပ်မရတော့ဘူး၊ နွယ်နဲ့ခွဲရတော့မယ်ဆိုကတည်းက ကိုယ်စိတ်ဆင်းရဲရတော့တာပဲ၊ နွယ်အပေါ်မှာ ကိုယ်သိပ်တွယ်တာမိတာပဲ၊ ကိုယ့်ရင်ထဲမှာ ဘယ်လိုခံစားရမှန်းမသိဘူး၊ နွယ့်ကို မပိုင်သေးတော့လဲ ကိုယ့်ရင်ထဲမှာ မတင်တကျဖြစ်နေတယ်၊ နွယ်-ကိုယ့်အပေါ်မှာ ဘယ်လိုသဘောထားသလဲဆိုတာကို သိပ်သိချင်တာပဲ၊ နွယ့်ဆီကအဖြေပေးမဲ့ရက်ကို အမြန်ရောက်ပါစေလို့ ဆုတောင်းနေရတာပါပဲ"

မေသက်နွယ်မှာ မြင့်နိုင်၏စကားများကိုနားထောင်ရင်း ရေပြင်ဘက်သို့ငေးနေလေသည်။

"နွယ် .... ဖွင့်ဟမပြောစေချင်တဲ့စကားတွေ ကိုယ်ပြောမိလို့ စိတ်ဆိုးသွားသလားဟင် .... ဒီလိုပြောမိမှာစိုးလို့ ကိုယ်နွယ့်ကိုခုတလောရှောင်နေမိတာပါ.... နွယ်နဲ့ခွဲရတော့မယ် ဆိုကတည်းက ကိုယ်သိပ်စိတ်အားငယ်မိတယ်နွယ်ရယ်...ကိုယ်ပြောမိတာကို ခွင့်လွှတ်ပါကွယ် ...."

လိုက်ကာ ... ထိုင်ရာမှထလိုက်ပြီး လက်ပတ်နာရီကိုကြည့်ရင်း-

"ကဲ ... ကိုမြင့်နိုင် ပြန်ကြပါစို့ ...တော်ကြာရထားဆင်းဖို့ အချိန်နောက်ကျနေအုံးမယ်"

"နွယ် ကိုယ်မေးတာကို မဖြေတော့ဘူးလားဟင်"

"အော် ... ကိုမြင့်နိုင်ရယ် ... အခုစောပါသေးတယ်၊တစ်နေ့ ကျရင် ခေါ်ရမှာပေါ့"

မေသက်နွယ်၏အဖြေကိုကြားရသောအခါ မြင့်နိုင်မှာ မချင့် မရဲဖြစ်လာပြီး ...

"နွယ်က သိတ်တွန့်တိုတာပဲကွယ် ... ကိုယ်ချစ်နေမိလို့ခေါ်ပါရစေလို့ ခွင့်တောင်းတာကိုတောင် ခွင့်မပြုနိုင်ဘူး၊ အင်းလေ... ကိုယ်ကနားထောင်ရမှာပေါ့"ဟု ထိုင်ရာမှထရင်း အောင့်သက်သက်လေသံဖြင့် ပြောလိုက်သည့်အတွက် မေသက်နွယ်ကမြင့်နိုင်၏ အမူအယာကို ကြင်နာသောအပြုံးဖြင့် ...

"ကိုမြင့်နိုင်ဟာလေ ... တစ်ခါတစ်ခါ ကလေးဆိုးကြီးလိုပဲ" ဟု ပြောရင်း ကားဘက်ဆီသို့ လျှောက်လာကြလေ၏။

တလမ်းလုံး နှစ်ယောက်သားမှာ အတွေးကိုယ်စီနှင့် ရှိနေသဖြင့် စကားမပြောမိကြပေ၊ အိမ်နားရောက်တော့မှ မြင့်နိုင်က ...

"နွယ် မန္တလေး ရောက်ရင်စာရေးရမယ်နော်၊ ... ကိုယ်က တော့်လွမ်းကျန်ရစ်တော့မှာပဲ၊ ရွှေမန်းမြေနင်းမိတာနဲ့ ကိုယ့်ကိုမေ့ မသွားနဲ့အုံးနော်.."

"ဟင်း ...ဘယ်သူက အရင်မေ့မလဲဆိုတာ မျက်လုံးဒေါက်



ထောက်ကြည့်ရသေးတာပေါ့၊ နွယ့်အတွက်ကတော့ စိတ်ချ၊ ကိုမြင့်နိုင်ကသာ နွယ်ရန်ကုန်မှာမရှိတာနဲ့ မိတ်ဆွေဖွဲ့ချင်သူတွေ၊ စာမေးချင်သူတွေ ဝိုင်းဝိုင်းလည်နေတာနဲ့ နွယ်ရေးလိုက်တဲ့စာတွေ ဖတ်ဖို့အချိန်တောင် ရမှာမဟုတ်ဘူး" ဟု ပြောလိုက်သဖြင့် မြင့်နိုင်မှာ မခံမရပ်နိုင် ဖြစ်သွားကာ မေသက်နွယ်၏နဖူးလေးကိုထုလိုက်ရင်း ...

"ကဲ ... ပြောအုံး ... နောက်တစ်ခါဒီလိုပြောရင်နာအောင်ကို ထုလိုက်မယ်သိလား ... ကိုယ် .... နွယ်ကလွဲရင် ဘယ်မိန်းကလေး ကိုမှ ဂရုစိုက်တာမဟုတ်ဘူး၊ သိရဲ့လား ..."

"သိနိုင်ဘူးလေ ..." ဟု မေသက်နွယ်က ရယ်မောပြောဆိုလိုက်လေ၏။

နှစ်ယောက်သား အိမ်ပြန်ရောက်သောအခါ မေသက်နွယ်၏ သူငယ်ချင်းများ ရောက်နေကြသဖြင့် မြင့်နိုင်နှင့် နောက်ထပ်စကား ပြောချိန်မရတော့ပေ။

ဘူတာရုံသို့ အားလုံးလိုက်လာကြသဖြင့် ရထားထွက်ခါနီး အချိန်အထိမြင့်နိုင်မှာ မေသက်နွယ်နှင့် စကားပြောခွင့်မရတော့ပေ။ မေသက်နွယ်မှာ ရထားထွက်သည့်အချိန်တွင် မြင့်နိုင်အားလုံး ကြည့်လိုက်သောအခါ ဘူတာရုံ စင်္ကြံအစွန်ဆုံးတွင် သွားရပ်နေသည်ကိုတွေ့ရသဖြင့် မြင့်နိုင်အားလက်ဝှေ့ရမ်း၍ နှုတ်ဆက်လိုက်လေ၏။

မီးရထားလည်း တဖြည်းဖြည်း ရန်ကုန်နှင့် အလှမ်းကွာ

## အခန်း ၇

မေသက်နွယ်နှင့်မြင့်နိုင်တို့နှစ်ဦးမှာ တစ်ယောက်နှင့်တစ်ယောက်စာအဆက်မပြတ်ရေးကာ အလွမ်းဖြေနေရလေ၏။ ဧပြီလရောက်သောအခါ မြင့်နိုင်ထံမှပေးပို့သောစာတိုင်းတွင် ပိတောက်ခက်ကလေးတစ်ခက် အမြဲပါလာသလို မေသက်နွယ်ထံမှ ပေးပို့သော ပြန်စာတိုင်းတွင် စံပယ်ပွင့်တစ်ပွင့် အမြဲပါဝင်လေ၏။ ၄င်းတို့နှစ်ဦးမှာ ခွဲခွာပြီးနေရတော့မှ တစ်ဦးပေါ်တစ်ဦးထားရှိသောသံယောဇဉ်မည်မျှကြီးမားကြောင်း သိနားလည်လာကြလေ၏။

× × ×



ဝေးလာသည်နှင့်အမျှ မေသက်နွယ်၏ ရင်မှာလည်း တဖြည်းဖြည်းဆို့နှင့်လာသဖြင့် နောက်ဆုံးမိခင်၏ရင်ခွင်တွင်းသို့ ဝင်လိုက်ပြီး ရှိုက်၍ငိုလိုက်လေ၏။ မေသက်နွယ်၏ မျက်ရည်မှာ မည်သူ့အတွက် ကျသည်ကို သူမကိုယ်တိုင်မှလွဲ၍ မည်သူမျှ မသိနိုင်ချေ။

× × ×

ဖွန်လကျောင်းပြန်ဖွင့်သောအခါ မေသက်နွယ်မှာ မန္တလေးတက္ကသိုလ်တွင် ဆက်နေရလေ၏။ မြင့်နိုင်ထံမှပေးပို့သောစာများတွင် ကိုစိုးလှိုင်နှင့် ကိုစိုးနိုင်တို့ မိန်းမယူသွားကြောင်းနှင့် စုစုလည်းအတွင်းဝန်ကလေးတစ်ဦးနှင့် လက်ထပ်သွားကြောင်း မေသက်နွယ်သိရလေ၏။

× × ×

တစ်နေ့တစ်နေ့နှင့် အချိန်ကုန်လွန်ခဲ့ရာ (၁၉၅၀)ခု၊ ဖေဖော်ဝါရီလသို့ ရောက်လာလေ၏။

ဦးမျိုးဇင်မှာ တရားလွှတ်တော်ချုပ်မှ တရားရေးဝန်ကြီးတစ်ဦး အငြိမ်းစားယူသွားသည့်အတွက် တရားရေးဌာနမှ ၄င်းအားရာထူးတိုးမြှင့်ခန့်အပ်ကာ တရားရေးဝန်ကြီးအဖြစ် ရန်ကုန်မြို့သို့ မမျှော်လင့်ပဲ ပြန်ပြောင်းရမည်ကို ကြားသိရသည့်နေ့မှ စ၍ နှစ်ဖက်စလုံးဝမ်းသာနေကြလေသည်။

မြင့်နိုင်နှင့် မေသက်နွယ်မှာ အားလုံးထက်ဝမ်းသာမဆုံးဖြစ်နေကြလေ၏။ သို့သော် မေသက်နွယ်မှာ မတ်လတွင် ဥပစာဒုတိယနှစ် စာမေးပွဲဖြေဆိုပြီးမှ ရန်ကုန်လိုက်နိုင်မည် ဖြစ်သဖြင့် ဒေါ်သင်းဝေနှင့်အတူ မန္တလေးတွင် ကျန်ရစ်ခဲ့လေ၏။



ဦးမျိုးဇင်လည်း ရန်ကုန်ပြောင်းလာပြီးနောက် အင်းယားလမ်းတွင် ခြံနှင့်နှစ်ထပ်တိုက်တစ်လုံး ဝယ်ယူလိုက်ပြီးနောက်သမီးဖြစ်သူ၏ဆန္ဒအတိုင်းခြံဝင်းတွင် 'စံပယ်မြိုင်' ဟုအမည်တပ်ထားလေ၏။

× × ×

မတ်လရောက်သောအခါ မေသက်နွယ်လည်း စာမေးပွဲဖြေပြီးသည်နှင့် တစ်ပြိုင်နက်မိခင်ဖြစ်သူနှင့်အတူ ရန်ကုန်ပြန်ရန် ပြင်ဆင်လေတော့သည်။

ဧပြီလ(၉)ရက်နေ့ ...

မန္တလေးချမ်းမြသာစည် လေဆိပ်မှ ထွက်ခွာလာသော လေယာဉ်ပျံသည် မေသက်နွယ်တို့သားအမိအပါအဝင်ခရီးသည်တစ်စုအား တင်ဆောင်လာကာ ရန်ကုန်ဘက်ဆီသို့ ဦးတည်ပျံသန်းလာလေသည်။

မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ဆင်းသက်လာသည်နှင့်တစ်ပြိုင်နက် ခရီးသည်များ လှုပ်ရှားစပြုလာလေ၏။

မေသက်နွယ်မှာ မြင့်နိုင်နှင့် ပြန်လည်တွေ့ဆုံရမည်ကိုတွေးကာ ရင်ကလေးဖိုမိလေသည်။

"ခရီးသည်များ ဆင်းနိုင်ပါပြီရှင်" ဟုလေယာဉ်မယ်၏အသံကြားရသဖြင့် မိခင်ဖြစ်သူကို အရင်ဆင်းခိုင်းကာ သူမက ယူစရာ

ရှိသည်တို့ကို ယူဆောင်ပြီး နောက်ဆုံးမှ ဆင်းလိုက်လေသည်။

လေယာဉ်လှေခါးမှ ဆင်းလာသည်နှင့် တစ်ပြိုင်တည်း သင်းပျံ့မွှေးကြိုင်သောပိတောက်ပန်းနံ့ကိုရသဖြင့် လှေခါးရင်းသို့ကြည့်လိုက်သောအခါ၊ ပိတောက်ပန်းများကိုကိုင်ကာ သူမအားပြုံးရွှင်သောမျက်နှာဖြင့်ဆီးကြိုနေသော မြင့်နိုင်ကိုတွေ့ရသဖြင့် စိတ်လှုပ်ရှားသွားလေ၏။ တစ်နှစ်ကျော်မျှ မတွေ့ရသဖြင့် ပြန်လည်ဆုံမိကြသောအခါ နှစ်ယောက်စလုံးမှာ ရုက်အန်းအန်းဖြစ်နေမိလေသည်။

မေသက်နွယ်လေယာဉ်လှေခါးရင်းသို့ ရောက်သောအခါ မြင့်နိုင်ကဝမ်းသာအားရဖြင့် ... "နွယ်နေကောင်းတယ်နော် ... ဒီနေ့မနက် ပန်းတွေပွင့်လို့ကိုယ်ခူးလာတယ်၊ ပိတောက်ပင်က သိပ်အလိုက်သိတတ်တာပဲ နွယ်လာမဲ့နေ့ကိုပွင့်ပေးတယ်" ဟုပြောရင်း မေသက်နွယ်အား ပိတောက်ပန်းများလှမ်းပေးလိုက်ရာ ....

"ရော့ ... ပစ္စည်းတွေကိုင်ပေးပါအုံး .... နွယ်ပန်းပန်မလို့ ကျေးဇူးတင်လိုက်တာကိုမြင့်နိုင်ရယ်၊ ပိတောက်ပန်းနံ့လေးရတော့ အမူးကိုပြေသွားတာပဲ၊ နွယ်ဖြင့်လေယာဉ်အဆင်းမှာ မူးလိုက်တာ မပြောပါနဲ့တော့ နားတွေလဲအူနေတာပဲ၊ ကိုမြင့်နိုင်ရော နေကောင်းရဲလား၊ အန်ကယ်တို့အန်တီတို့ရော လိုက်လာကြသေးသလား"

မေသက်နွယ်မှာ မြင့်နိုင်နှင့်အတူ လေဆိပ်ဆင်ဝင်ဆီသို့ လျှောက်လာရင်း ပန်းများကိုပန်ကာအဆက်မပြတ်မေးမြန်းနေ၏။ "အားလုံးလာကြိုကြတယ်နွယ်... ဟောဟိုမှာကြည့်နေကြတယ်



ကိုယ်ကတော့ တာဝန်ကျတဲ့ အရာရှိတွေဆီ ခွင့်တောင်းပြီး လေယာဉ်ပျံနားကိုလာကြိုတာ နွယ့်ကို အရင်ဦးဆုံးနှုတ်ဆက်ချင်လို့"

"ဘာလဲ ...မန္တလေးသွားတုန်းက နောက်ဆုံးမှ နှုတ်ဆက်ရလို့လား"

"ဟုတ်တာပေါ့နွယ်..ဒီတစ်ခါတော့ ဘာရမလဲ သူများထက်ဦးအောင် စကားပြောချင်လို့ တမင်လေယာဉ်ပျံနားကို လာကြိုတာပဲ"

လေဆိပ်ဆင်ဝင်အောက်သို့ ဝင်လိုက်သည်နှင့် မြင့်နိုင်၏မိသားစုအားလုံးဆူညံစွာဝိုင်း၍နှုတ်ဆက်ကြလေသည်။

အားလုံး "စံပယ်မြိုင်" ခြံသို့လိုက်လာကြပြီး နေစောင်းမှပြန်သွားကြလေ၏။

ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့နှစ်ဦးသည် ခြံထဲဆင်းလာကာ စံပယ်ရုံဘေးရှိ ခုံတန်းလျားတွင် ထိုင်စကားပြောနေသည်။

မြင့်နိုင်မှာ တစ်နှစ်ကျော်မျှမတွေ့ရသော မေသက်နွယ်အားပြန်လည်တွေ့ရသဖြင့် ကျေနပ်သောအပြုံးနှင့် ရွှန်းရွှန်းစားစားကြည့်နေလေရာ မေသက်နွယ်မှာ မနေတတ် မထိုင်တတ် ရုက်ကိုးရုက်ကန်းဖြစ်လာကာ ခေါင်းကလေးငုံ့သွားလေသည်။

"ကိုမြင့်နိုင် ... နွယ့်ကိုမမြင်ဘူးတာကျနေတာပဲ၊ နွယ် ... မနေတတ်ဘူးကွယ်" ဟု လေသံတိုးတိုးဖြင့် ပြောလိုက်သဖြင့်၊ မြင့်နိုင်ကမေသက်နွယ်၏ မေးဖျားကလေးကိုကိုင်ကာ မျက်နှာကို

ဆွဲမော့လိုက်ပြီး ...

"နွယ်ရယ် ...တစ်နှစ်ကျော်ကျော်ခွဲနေရတဲ့ ကိုယ့်ချစ်သူကို အခုလိုပြန်တွေ့ရတော့ အတိုးချပြီးကြည့်မိတာပါကွယ် ... နွယ်နဲ့ ခွဲတဲ့နေ့ကစပြီး နေ့တိုင်းနွယ့်ဓာတ်ပုံကိုကြည့်လိုက် စာဖတ်လိုက်နဲ့ အလွမ်းဖြေနေရတယ် သိရဲ့လား နွယ်"

"ကြည့်စမ်း ... ဘယ်သူက ကိုမြင့်နိုင်ရဲ့အမေးကို လက်ခံသေးလို့လဲ၊ အသားယူပြီး ချစ်သူလေးဘာလေးနဲ့ခေါ်နေလိုက်တာ"

"အို ... နွယ်ကကိုယ့်အချစ်ကို လက်မခံသေးပေမဲ့ ကိုယ့်ဘက်ကချစ်နေတော့ ကိုယ့်ချစ်သူလို့ပြောတာ ဘယ်မှားပါ့မလဲ၊ နွယ်မကြိုက်ရင်ပြန်ပြင်ပြောမယ်လေ ... ကိုယ်တဖက်သတ်ချစ်နေရသူကို ပြန်တွေ့ရလို့ ဝမ်းသာပြီး ကြည့်နေမိတာပါဗျာ" ဟု ပြောလိုက်သဖြင့် မေသက်နွယ်မှာ မြင့်နိုင်အားမျက်စောင်းကလေးတစ်ထိုးလိုက်ပြီး ...

"ကိုမြင့်နိုင်တစ်ယောက်ဟာလေ တတ်လဲတတ်နိုင်ပါပေတယ်၊ စကားတတ်တိုင်း လှည့်ပတ်ပြီး ပြောနေတာပဲ၊ သောကြာသားကျနေတာပဲ၊အပြင်မှာတော့ ဘယ်လိုနေမလဲမသိဘူး၊စာထဲမှာတော့ သဲထားလိုက်တာ ဖတ်ရတဲ့လူ မျက်ရည်ကျမတတ်ပဲ ... တကယ့် အလွမ်းသမားကြီးကျနေတာပဲ"

"နွယ်ရယ် .... ကိုယ့်ရင်ထဲမှာ တကယ်ခံစားရတာတွေ ရေးလိုက်တာပါကွာ၊ နွယ်က မယုံဘူးလားဟင်" ဟုမြင့်နိုင်က မကျေနပ်သောလေသံဖြင့် မေးလိုက်သည့်အတွက် ....



"ယုံပါတယ်ရှင် .... ယုံပါတယ် .... လိပ်တော့မပါဘူး"

"ကြည့်စမ်း .... နွယ်အတော်နောက်တတ်လာပြီပဲ၊ကဲပါလေ ကိုမြင့်နိုင် နွယ့်ကိုဘယ်လောက်ချစ်တယ်၊ဘယ့်လောက်လွမ်းဆွေးနေရတယ်ဆိုတာတွေကိုပြောရင် သမုဒ်မင်ရေဖျော်ရေးတာတောင် ကုန်ဆုံးအုံးမှာမဟုတ်တဲ့အတွက် .... ဒီတင်ပဲ အချစ်စကားရပ်ပြီး နွယ်ရဲ့ ရွှေမန်းတက္ကသိုလ်အကြောင်း နားထောင်ပါရစေအုံး"

မေသက်နွယ်လည်း မြင့်နိုင်အား ကျောင်းအကြောင်း၊သူငယ်ချင်းများအကြောင်းနှင့် စာအကြောင်းများကို ပြောပြနေလေ၏။

× × ×

မေသက်နွယ်ရန်ကုန်ပြန်ရောက်သည့်နေ့မှစ၍ မြင့်နိုင်လည်းနေ့တိုင်း 'စံပယ်မြို့' သို့ရောက်လေ၏။ ၄င်းတို့နှစ် ဦးမှာ ယခင်ကလိုပင် တင်းနစ်ရိုက်လိုက်၊ စန္ဒယားတီးလိုက်၊ စကားပြောလိုက်နှင့် အောင်စာရင်းထွက်မည့်နေ့ကို စောင့်မျှော်နေကြလေ၏။

မေသက်နွယ်မှာ မြင့်နိုင်က ၄င်းအားချစ်ရေးဆိုထားသော်လည်း ပညာသင်နေချိန်တွင် ထပ်မံမပြောရန် ပြောထားသည်ကို

မြင့်နိုင်က လိုက်နာသဖြင့် ပိုမိုလေးစားလာလေသည်။ သူမနှင့်နှစ်ယောက်တည်း တတွဲတွဲနေထိုင်ကြသည့်အခါတိုင်း အခွင့်အရေးမယူပဲ ရိုးသားစွာနေထိုင်သဖြင့် စိတ်ထဲကကျေနပ်နေမိလေသည်။ အပြောနှင့်အလုပ်ညီသည့်အတွက် စိတ်ထဲမှလည်းချီးကျူးနေမိ၏။

မြင့်နိုင်နှင့်မေသက်နွယ်မှာ ပျော်ရွှင်၍မှမဆုံးခင် သောကမုန်တိုင်းဝင်လာလေသည်။ ၄င်းနေ့မှာ ၁၉၅၀–ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့ပင်ဖြစ်လေသည်။

မေသက်နွယ်မှာ မြင့်နိုင်တစ်နေ့လုံးပေါ်မလာသဖြင့် တစ်ညနေလုံး တမျှော်မျှော်ဖြစ်နေလေသည်။ ညနေ (၆) နာရီခွဲအထိခြံထဲသို့ဆင်းစောင့်နေသော်လည်း မပေါ်လာသဖြင့် စိတ်ဆိုးရမလိုလို၊ ဝမ်းနည်းရမလိုလို ဖြစ်နေလေသည်။ဒေါ်သင်းဝေက သမီးဖြစ်သူအားထမင်းစားရန် ခေါ်သော်လည်း မစားသည့်အတွက် မြင့်နိုင်အားစိတ်ကောက်နေသည်ကို သိသော်လည်း မသိယောင်ဆောင်ကာ စိတ်ပြေစေရန် စကားထိုင်ပြောနေလေသည်။

ည (၈) နာရီခွဲလောက်တွင် တယ်လီဖုန်းသံကြောင့်မေသက်နွယ်မှာ ကမ္ဘာကယာ စကားပြောခွက်ကိုယူပြီးနားထောင်လိုက်၏။

"ဟဲလို .... ကိုမြင့်နိုင်လား .... နွယ်စကားပြောနေတယ်"

"....."

"ဟင် .... ဘာပြောတယ် "

"....."

"ဆေးရုံမှာလား .... နွယ်တို့အခုပဲလာခဲ့မယ်"



"....."

"နွယ် .... စိတ်မကောင်းလိုက်တာ ကိုမြင့်နိုင်ရယ်" ဟုပြောကာတယ်လီဖုန်းခွက်ကို ပြန်ချသည်နှင့်တစ်ပြိုင်နက် မိခင်ဖြစ်သူ၏ဒူးပေါ်မှောက်လိုက်ရင်း ....

"မာမီ .... အန်ကယ်ဦးအောင်သန်းဆုံးပြီတဲ့" မမျှော်လင့်သောစကားကို ကြားလိုက်ရသော ဦးမျိုးဇင်နှင့်ဒေါ်သင်းဝေတို့မှာ ပါးစပ်အဟောင်းသားနှင့်အံ့ဩသွားကြလေသည်။

"ဟဲ့ .... ဘယ်တုန်းကလဲ သမီးရဲ့ .... မနက်က ဒက်ဒီနဲ့တောင် ဘုရားအတူသွားကြသေးတာပဲ"

"ဟုတ်တယ်ဒက်ဒီ .... ညနေ (၆) နာရီကျော်လောက်ကလေဖြတ်သွားလို့ ဆေးရုံပို့တာ ဦးနောက်သွေးကြောပြတ်သွားတဲ့အတွက် (၈) နာရီလောက်မှာ အသက်ပါသွားတာဘဲတဲ့"ဟုရှိုက်ငိုရင်း ပြောပြနေလေသည်။

"အင်း .... ဖြစ်မှဖြစ်ရလေကွယ် .... သခါရသဘောတရားကိုဘယ်သူမှမလွန်ဆန်နိုင်ပေမဲ့ ဒီလိုမြန်မြန်ဆန်ဆန်ကြီး ဖြစ်လိမ့်မယ်လို့မထင်ဘူး၊ တယ် တရားကျဘို့ကောင်းတာပဲ" ဟု စိတ်မကောင်းစွာဖြင့် ငြီးငြူလိုက်ရင်း ဆက်၍ ....

"ကဲ .... ကဲ .... ကားထုတ်ခိုင်းလိုက်ကွယ်၊အားလုံးသွားပြီးသတင်းမေးလိုက်ကြရအောင်"

× × ×

"ပိတောက်မြိုင်ရိပ်သာ" ခြံထဲသို့ဝင်ရောက်လာပြီး ဆင်ဝင်အောက်သို့မော်တော်ကားထိုးရပ်လိုက်သည်နှင့် တစ်ပြိုင်နက်အားလုံး ဆီးၖိုကြလေသည်။ မေသက်နွယ်မှာ မြင့်နိုင်အား မတွေ့သဖြင့် လိုက်ရှာရာ အိမ်ဘေးဝရံတာတွင် ထိုင်မှိုင်နေသည်ကိုတွေ့ရသည်။

"ကို ...မြင့် ...နိုင်" ဟုဝမ်းနည်းစွာဖြင့် လှိုက်လှိုက်လဲလဲခေါ်လိုက်ရာ မြင့်နိုင်လည်း မေသက်နွယ်အားတွေ့ရသဖြင့် မျက်ရည်လည်လာပြီး ဆို့နင့်သောလေသံဖြင့် ....

"နွယ် ... ဖေဖေမရှိတော့ဘူးကွယ် .... ကိုယ် နွယ့်ဆီကိုလာမယ်လုပ်နေတုန်း ဗြုန်းကနဲ ဖေဖေ့ကိစ္စက မမျှော်လင့်ပဲဖြစ်လာတာနဲ့ နွယ့်ဆီချက်ချင်းအကြောင်းမကြားနိုင်ပဲ ဆေးရုံကိုလိုက်သွားရတယ်၊ အင်းလေ .... ကံတရားပဲပေါ့၊ဆရာဝန်ကြီးတွေကလဲအတော်ဂရုစိုက်ကြပါတယ်"

"ကိုမြင့်နိုင်ရယ် .... တရားနဲ့ဖြေပါတော့ .... နွယ်တို့လဲကြားကြားချင်းမယုံနိုင်ဘူး၊ ကဲ .... အိမ်ရှေ့မှာသွားထိုင်ပြောကြရအောင်နော် .... ဒက်ဒီတို့လဲပါတယ်၊ကိုမြင့်နိုင်ကိုမေးနေကြတယ်"

မြင့်နိုင်နှင့်မေသက်နွယ်တို့လည်း အိမ်ရှေခန်းဘက်မှ ထွက်လာကြလေ၏။

မေသက်နွယ်တို့မိသားစုမှာ "ပိတောက်မြိုင်ရိပ်သာ"သို့ ရက်လည်ဆွမ်းသွပ်သည့်နေ့ရက်အထိ နေ့ရောညပါ သွားရောက်ကျင်ံနည့်ခံပေးလေ၏

× × ×



၁၉၅၀-ခု၊ ဇွန်လ (၁၈)ရက် ....

တက္ကသိုလ်စာမေးပွဲအောင်စာရင်း ထွက်လာလေ၏။

မေသက်နွယ်မှာ မန္တလေးကောလိပ်မှလည်းကောင်း၊ မြင့်နိုင်မှာ ရန်ကုန်တက္ကသိုလ်မှလည်းကောင်း သုံးဘာသာဂုဏ်ထူးကိုယ်စီဖြင့် အသီးသီးအောင်မြင်ကြလေ၏။ အောင်စာရင်းထွက်ပြီးသည်နှင့် ညနေစောင်းတွင် မြင့်နိုင် မေသက်နွယ်ထံရောက်လာလေ၏။

ခေါ်သင်းဝေ၊မြင့်နိုင်နှင့်မေသက်နွယ်တို့လည်း စကားထိုင်ပြောနေကြပြီးနောက် မေသက်နွယ်က စကားဖြတ်လိုက်ကာ ....

"ကိုမြင့်နိုင်၊ ကားမောင်းလိုင်စင်ပါတယ် မဟုတ်လား"

"ပါပါတယ်နွယ် .... ဘာလုပ်မလို့လဲ"

"အော် .... အပြင်ခဏသွားချင်လို့ပါ" ဟုပြောပြီး မိခင်ဖြစ်သူအား

"မာမီ .... သမီးအပြင်သွားမလို့၊ ကိုမြင့်နိုင်ကိုခေါ်သွားမယ်နော်"

"အေး ...အေး ... သိပ်လဲမိုးမချုပ်စေနဲ့နော်"

"ဟုတ်ကဲ့ မာမီ၊ ကဲလာ ကိုမြင့်နိုင် သွားကြစို့၊ အော် .... ခနနေအုံးနော်၊ နွယ် ....ခေါင်းစည်းပုဝါလေးယူလိုက်အုံးမယ်နော်" ဟုပြောရင်း စားပွဲပေါ်တွင် တင်ထားသော ပိုးပုဝါကလေးကိုယူပြီး အိမ်ရှေ့ဆင်ဝင်အောက်တွင်ရပ်ထားသော မော်တော်ကားဆီသို့ထွက်လာလေသည်။

မြင့်နိုင်မှာ မေသက်နွယ်ထက်ဦးစွာကားဆီသို့ရောက်နှင့်ပြီး

နောက်တံခါးကို မေသက်နွယ်အတွက်ဖွင့်ပေးထားလေ၏။ မေသက်နွယ်မှာ အိမ်ထဲမှထွက်လာပြီး မြင့်နိုင်ဖွင့်ပေးထားသောနောက်ဘက်မှတံခါးကို ပြန်ပိတ်ကာ ရှေ့တံခါးဖွင့်ပြီး မြင့်နိုင်ဘေးတွင်ယှဉ်ထိုင်လိုက်လေသည်။

"နွယ် ... ဘယ်ကိုမောင်းရမလဲဟင်"

"ကိုမြင့်နိုင် သွားချင်တဲ့ဆီသွားလေ၊ နွယ် ကိုမြင့်နိုင်နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့"

"ကဲ .... ဒီလိုဆိုရင် .... အင်းယားကန်စောင်းနားမှာ အရင်ကိုယ်တို့စကားပြောခဲ့တဲ့ နေရာကိုပဲ သွားကြတာပေါ့ ... ကိုယ်လဲ နွယ့်ကို ပြောစရာရှိတာနဲ့ အတော်ပဲပေါ့"

"သွားလေ ....' ဟု မေသက်နွယ်က ပြောလိုက်သဖြင့် မြင့်နိုင်လည်း အင်းယားကန်စောင်းဘက် မောင်းလာလေ၏။

× × ×

အင်းယားကန်စောင်းနားရှိ သစ်ပင်အောက်သို့ ကားထိုးဆိုက်လိုက်သည်နှင့် မြင့်နိုင်လည်း ကားပေါ်မှဆင်းလာကာ မေသက်နွယ်အား တံခါးလာရောက်ဖွင့်ပေးလေ၏။ ကန်စောင်းနားတွင် နှစ်ယောက်သား ထိုင်ချလိုက်ပြီးနောက် အသီးသီးအတွေး



ကိုယ်စီနှင့်ရှိနေသဖြင့် ခဏမျှစကားမပြောဖြစ်ပဲ နေလေ၏။ မြင့်နိုင်မှာခဲလုံးများကိုကောက်ကာ တစ်လုံးပြီးတစ်လုံး ရေထဲသို့ပစ်နေလေ၏။

တအောင့်မျှကြာသောအခါ မြင့်နိုင်လည်း သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး ....

"နွယ် .... ကိုယ့်ကိုဘာပြောစရာရှိသလဲ .... ပြောလေ"

"ဟင့်အင်း .... ကိုမြင့်နိုင် နွယ့်ကိုပြောစရာရှိတယ်ဆိုတာကိုအရင်ပြော .... နွယ့်ကိစ္စကို နောက်မှပြောမယ်"

"နွယ်အရင်ပြောကွယ် .... ကိုယ့်ပြောမဲ့ စကားတွေဟာကိုယ့်ရင်ထဲက အသည်းနှာနှာနဲ့ထွက်ရမဲ့ စကားတွေဖြစ်နေလို့ .... စိတ်ထဲမှာနင့်နေအောင် ခံစားပြီးပြောမှာမို့ ဘယ်ကစပြီးပြောရမယ်မှန်းတောင် မသိတော့ပါဘူး နွယ်ရယ်..." ဟု မျက်နှာညှိုးငယ်စွာနှင့် ဆို့နင့်ကြေကွဲစွာပြောနေသဖြင့် မေသက်နွယ်လည်း မြင့်နိုင်အား သနားကြင်နာစွာဖြင့် ....

"ကိုမြင့်နိုင်ပြောချင်တယ်ဆိုတဲ့အကြောင်းနဲ့ နွယ်ပြောချင်တာတွေတူချင်တူနေမယ်၊ ဒီတော့ .... နွယ်မေးမယ် ကိုမြင့်နိုင် မှန်မှန်ပြောနော်"

"ပြောပါ့မယ် ... နွယ်မေးချင်တာမေးလေ"

"ကောင်းပြီ၊ ဒီလိုဆိုရင်နွယ်မေးမယ်နော် .... မနေ့ညက နွယ့်ကို မမကြီးကပြောလိုက်တယ်၊ ကိုမြင့်နိုင်ကျောင်းဆက်မနေတော့ဘူးတဲ့ အဲဒါဟုတ်လား"

"ဟုတ်တယ် .... နွယ်"

"ဟင် .... ဘာကြောင့်လဲ ကိုမြင့်နိုင်ရယ်၊ ပညာတွေနှမြော စရာကြီး၊ နောက်ပြီး ကိုမြင့်နိုင်ရဲ့ရည်ရွယ်ချက် ပျက်သွားမှာပေါ့"

"ဒီလိုရှိတယ် နွယ် .... ကိုကြီး၊ကိုလေးနဲ့မမလေးတို့သုံးယောက် စလုံး အိမ်ထောင်ကျသွားတော့ သူတို့အိမ်ထောင်နဲ့သူတို့လောက် ရုံပဲရှိတာ၊ ငွေပိုငွေလျှံရယ်လို့ ရှိကြတာမဟုတ်ဘူး၊ ဒီတော့ မမေ ရယ်၊မမကြီးနဲ့ကိုယ့်ညီငယ်သုံးယောက်ရဲတာဝန်ကိုကိုယ်ယူရမယ်၊ ညက ကိုကြီးနဲ့ကိုလေးတို့က ဒီ 'ပိတောက်မြိုင်' ခြံနဲ့အိမ်ကိုရောင်း လိုက်ဖို့တိုက်တွန်းကြတယ်၊ ကိုယ်ကတော့ ဒီခြံနဲ့အိမ်ကို ဘယ်သူ လက်ထဲမှအပါမခံနိုင်ဘူး၊ဒါ့ကြောင့်ကိုယ်ကျောင်းဆက်မနေတော့ ပဲ အလုပ်ထွက်လုပ်တော့မယ်လို့ ညကပြောလိုက်တာပဲ၊ အခုလဲ နွယ့်ကို ဒီအကြောင်းပြောချင်လို့ လာခဲ့တာပဲ"

"ကိုမြင့်နိုင်က ဒီ 'ပိတောက်မြိုင်' ခြံကို ဘာပြုလို့သူများ လက်ထဲရောက်သွားမှာ စိုးရိမ်ရတာလဲ"

"အော် နွယ်ရယ် .... ကိုယ့်ဘဝမှာ အသဲနှင့်အောင်ချစ်နေရ တဲ့ကိုယ့်ငယ်ချစ်ဦးနဲ့ အတူတူနေထိုင်ခဲ့ရတဲ့နေရာလေးကို သူများ လက်ထဲအပါမခံနိုင်လို့ပေါ့"

မြင့်နိုင်၏စကားကြောင့်မေသက်နွယ်မှာ စိတ်မကောင်းဖြစ် သွားလေသည်။

"ကိုမြင့်နိုင် နွယ့်ကိုသိပ်ချစ်လားဟင်"



"မေးနေရသေးလားနွယ်ရယ် .... ကိုယ့်ဘဝတစ်သက်တာမှာ နွယ့်ကိုသေတဲ့အထိ မေတ္တာရှိနေမှာပဲ၊ နွယ့်အပေါ်မေတ္တာရှိနေသမျှ ကာလပတ်လုံး ဒီ 'ပိတောက်မြိုင်ရိပ်သာ' ကိုလည်းဘယ်တော့မှ မခွဲဘူး၊ဒါ့ကြောင့် ကိုယ့်သားစဉ်မြေးဆက် အမှတ်တရထားချင် လွန်းလို့ ကိုယ့်ရည်ရွယ်ချက်ကိုတောင် စွန့်လွှတ်လိုက်ရတာပဲ၊ ဒါတွေဟာ နွယ့်အပေါ်မှာ ခိုင်မြဲတဲ့မေတ္တာထားရှိခဲ့တဲ့ ကိုယ့်ရဲ သက်သေသာဓကတွေပေါ့ ..."

"ကဲ ဒီလိုဆိုရင် နွယ်တစ်ခုပြောချင်တယ်၊ ကိုမြင့်နိုင်တို့ မိသားစုဟာ နွယ့်မိသားစုပါပဲ၊ ကိုမြင့်နိုင်ကိုတော့ နွယ်ကကျောင်း ပြီးအောင်ဆက်တက်စေချင်တယ်၊ ဒီတော့ ကိုမြင့်နိုင်ရည်မှန်းထား တဲ့ မျက်စိအထူးကုဆရာဝန်ဖြစ်လာအောင်သာ ဆက်ကြိုးစားပါ၊ ကိုမြင့်နိုင်မိသားစုရဲ့တာဝန်ကို နွယ်ယူပါရစေလားကိုမြင့်နိုင်ရယ်"

မြင့်နိုင်က ခေါင်းကိုဖြည်းညှင်းစွာရမ်းလိုက်ပြီး ....

"နွယ် ဒီလိုပြောတာကို ကိုယ်အများကြီး ကျေးဇူးတင်ပါ တယ်၊နွယ့်စေတနာကိုလည်း တန်ဘိုးထားပါတယ်၊ ဒါပေမဲ့ ကိုယ့် အစွမ်းအစနဲ့ ကိုယ့်ဘဝကို ရပ်တည်ချင်တယ် ..... ဖြစ်လာသရွေ့ ကို ကိုယ်ရင်ဆိုင်ဝံ့ပါတယ်နွယ် .... အော် ... ဒါနဲ့ ကိုယ်တို့နှစ် ယောက်အတွက် ဘယ်နေ့ရက်ဟာ အမှတ်တရဖြစ်ရပ်ကလေး တွေဖြစ်စေတဲ့ နေ့ရက်လဲဆိုတာ နွယ်သတိထားမိသလား ...."

• မေသက်နွယ်က မျက်မှောင်ကလေးကြုတ်ကာ စဉ်းစားရင်း

"ဟင့်အင်း .... နွယ် .... အမှတ်တမဲ့ပဲ ကိုမြင့်နိုင် ... ဘယ်

နေ့လဲဟင် .... "

"နံပါတ် (၉)ပဲ နွယ် ... (၉)ရက်ဟာ ကိုယ်တို့နှစ်ယောက် အတွက် ဖြစ်ရပ်တွေကြုံကြိုက်တဲ့နေ့ပဲ .... ဝမ်းသာစရာကောင်းတဲ့ ဖြစ်ရပ်တွေနဲ့. ဒီနေ့ရက်မှာရင်ဆိုင်ရသလို ... ဝမ်းနည်းစရာ ကောင်းတဲ့ အဖြစ်မျိုးနဲ့.လဲ ကြုံကြိုက်ခဲ့ရတာပဲ .... "

"ဟင် ... ဟုတ်လား၊ ကိုမြင့်နိုင်က သေသေချာချာ မှတ်ထား တယ်နော်"

"မှတ်ထားတာပေါ့နွယ် .... ကိုယ်လဲအစက သတိမထားမိပါ ဘူး၊ ဒိုင်ယာရီမှာ ရေးထားတာတွေ ပြန်ပြန်ဖတ်တော့မှ (၉)ရက် နေ့တွေမှာ ဖြစ်တဲ့အကြောင်းကလေးတွေ သတိထားလိုက်မိတာပဲ နွယ်...."

"အော် .... ဟုတ်လား ... ဘယ်လိုအကြောင်းတွေလဲ ပြောပြ စမ်းပါအုံး ကိုမြင့်နိုင် ... "

"ကိုယ်ပြောပြမယ် နွယ် .... သတိထားပြီးမှတ်ကြည့်စမ်း၊ နွယ်တို့မိသားစု " ပိတောက်မြို့ရိပ်သာ"ကို ပြောင်းလာတော့ ဘယ် နေ့ဘယ်အချိန်လဲဆိုတာ မှတ်မိသလား" မေသက်နွယ် ခေတ္တ စဉ်းစားလိုက်ပြီး ....

"မှတ်မိသားပဲကိုမြင့်နိုင် .... ၁၉၄၅ခု စက်တင်ဘာလ (၉) ရက်နေ့ မနက်ပေါ့ .... အချိန်တော့ တိတိကျကျ သတိမထားမိခဲ့ ဘူး ...."

"အင်း .... နေ့ကတော့ဟုတ်ပြီ .... အချိန်က (၉)နာရီကျော်



ကျော်လောက်မှာပေါ့ .... ကိုယ်က စာကောင်းကောင်း ရေးတတ် တဲ့အရွယ်ကတည်းက ဒိုင်ယာရီမှာ ရေးမှတ်ထားတဲ့ အလေ့အကျင့် ရှိတယ် "

"ကိုမြင့်နိုင်ပြောမှပဲ နွယ်မှတ်မိလာပြီ၊ နွယ် ... ကိုမြင့်နိုင် ကျောင်းကို ပြောင်းပြီးတက်တဲ့နေ့ဟာ .... နိုဝင်ဘာလ (၉)ရက်နေ့ ပဲ .... နွယ်ကတော့ ကိုမြင့်နိုင်လို ဒိုင်ယာရီထဲ မရေးထားပေမဲ့ ခေါင်းထဲမှာပဲ တချို့.နေ့ရက်တွေကို မှတ်ထားတယ် ...."

"အင်းလေ ... နွယ်က ကျောင်းအသစ်မှာစပြီး တက်ရတဲ့နေ့ ရက်ဆိုတော့ မှတ်မိမှာပေါ့ .... နောက်ပြီး ပြောရအုံးမယ် .... ၁၉၄၈ ခု ဧပြီလ (၉) ရက်နေ့က ပိတောက်ပန်းတွေစပွင့်တဲ့နေ့ .... ကိုယ်အန်တီဆီကို ပန်းတွေလာပို့တော့ နွယ်နဲ့ဘုကျလို့ ကိုယ်ပန်း တွေနဲ့. အပေါက်ခံခဲ့ရတာလေ .... မှတ်မိသေးလား .... "

"မှတ်မိတာပေါ့ .. အဲဒီတုန်းက ကိုမြင့်နိုင်က လွန်တာပဲ ... နွယ်က ကောင်းကောင်းမွန်မွန် ဆက်ဆံသားပဲ"

"ဟုတ်ပါတယ်နွယ် ကိုယ့်အလွန်ပါပဲ .... နောက်ပြီးရှိသေး တယ် ... နွယ်ရေလာလောင်းလို့ ကိုယ်နွယ့်လက်ကို အရမ်းဆွဲလိုက် လို့ လက်ဆစ်လွဲသွားတဲ့နေ့လေ .... ဘယ်နေ့လဲသိလား .... "

"ဟင့်အင်း ... မသိဘူး ကိုမြင့်နိုင်"

"အဲဒီနေ့ဟာ ဗမာလို (၉)ရက်နေ့ပေါ့၊ လဆန်းလား လဆုတ်လားဆိုတာတော့ ဒိုင်ယာရီကို ပြန်ကြည့်မှသိမယ် ... နောက်တစ်ခုကတော့ နွယ့်ကို ကိုထွန်းအောင်နဲ့. သူမိဘလာ

တောင်းရမ်းတဲ့နေ့ကော သတိရသေးသလား"

"ရတာပေါ့ .... အဲဒီနေ့က ကိုဂေါက်တေးကွေးနေအောင် ကောက်တဲ့နေ့ မဟုတ်လား"

"ကိုယ်စိတ်ကောက်တာ မဟုတ်ပါဘူးနွယ် .... အဲဒီနေ့က ကိုယ့်အတွင်းစိတ်ဓာတ်တွေ ပြောင်းလဲနေတာကို ပွင့်ထွက်လာတဲ့နေ့ပဲ"

"အဲဒါလဲ (၉)ရက်နေ့ပဲလား"

"ဟုတ်တယ်နွယ် .... ၁၉၄၉ ခု ဖေဖော်ဝါရီလ (၉)ရက်နေ့ပဲ ကိုယ်စိတ်မကောင်းဖြစ်ပြီး ခေါင်းမြီးခြုံ အိပ်နေတာကို နွယ်အတင်းလာခေါ်တာလေ၊ အဲဒီနေ့မှာ ကိုယ်နွယ့်ကို ရင်ဖွင့်ပြတဲ့နေ့ ဆိုတော့ ကောင်းကောင်းမှတ်မိတာပေါ့"

"မကုန်သေးဘူးလားကိုမြင့်နိုင် .... (၉)ရက်နေ့ အကြောင်းပြောနေတာနဲ့ ဒီအင်းယားကန်မှာ ည (၉) နာရီအထိ နေနေရအုံးမှာလားဟင်"

"နွယ် .... ငြီးငွေ့သွားပြီလားကွယ်၊ ကိုယ်ကအမှတ်တရထားတာကို ပြောနေတာပါ၊ ည (၉) နာရီထိ မနေရပါဘူး၊ အရင်တစ်ခါ နွယ်နဲ့ ကိုယ်ဒီအင်းယားကန်မှာ လာထိုင်ပြီး စကားပြောတဲ့နေ့ဟာ ဇူလိုင် (၉) ရက် .... ဒီတစ်ခေါက် လာထိုင်စကားပြောတဲ့နေ့ ဇွန်လ (၁၈)ရက်၊ ဒီရက်နှစ်ခုဟာ ကိုးဂဏန်းပေမဲ့ ဆန့်ကျင်ဘက်ခံစားချက်ကို ပေးတယ်နွယ်"

"ဟာ ... ကိုမြင့်နိုင်ပြောတာ နွယ်နားမလည်ဘူး"



"ဒီလိုနွယ် အရင်တစ်ခေါက် ဒီနေရာမှာ နွယ့်ကို ကိုယ့်ဘဝကြင်ဖော်အဖြစ်တောင်းခံခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ .... နွယ်မှတ်ထားပါတယ်"

"အင်း .... ဒါပေမဲ့ ဒီနေ့ (၁၈)ရက်၊ တစ်နဲ့ရှစ်ပေါင်းရင် ကိုးရတဲ့နေ့မှာ နွယ့်ကိုဆန့်ကျင်ဘက်စကားကို ပြောရမှာပဲ"

"ဘယ်လို့ ဆန့်ကျင်ဘက်လဲ ကိုမြင့်နိုင်ရယ် နွယ်တော့ နားရှုပ်သွားပြီ ... "

"ဒီလိုပါနွယ် .... မမျော်လင့်ပဲ ဖေဖေဆုံးသွားခဲ့တော့ ... ကိုယ့် ဘဝအခြေအနေဟာလဲ တစ်မျိုးတစ်ဖုံပြောင်းလဲသွားပြီးနွယ်"

"ဟင် .... ဘယ်လိုပြောင်းလဲသွားလို့လဲ ကိုမြင့်နိုင်ရယ်"

မြင့်နိုင်မှာ သက်ပြင်းတစ်ချက် ချလိုက်ကာ စိတ်မချမ်းမြေ့သော လေသံဖြင့် ....

"ကိုယ်ဟာ ရှေ့လျှောက်ဘဝကို ရုန်းကန်တော့မယ်နွယ် .... ကိုယ် နွယ့်ကို ခရီးကြမ်းလျှောက်ရမဲ့ ကိုယ့်ဘဝထဲကို ဆွဲမခေါ်ချင်ဘူး၊ ကိုယ်ဟာ ပညာတစ်ပိုင်းတစ်စနဲ့ အလုပ်ထွက်လုပ်ရတော့မယ်၊ ဒါကြောင့်လဲ ရည်မှန်းချက်ကို စွန့်လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ်စိတ်ကူးယဉ်တည်ဆောက်ထားတဲ့ "ချစ်ဖိမာန်" ကလေးဟာလဲ လေထဲမှာပဲ ကြွေလွင့်ရပြီပေါ့ .... အင်းလေ ...ကိုယ့် ရည်ရွယ်ချက် မအောင်မြင်ပေမဲ့ နွယ့်ရည်မှန်းချက် အောင်မြင်အောင်သာ ကြိုးစားပါကွယ် ... ကိုယ်လဲ နှမအရင်းကလေးတစ်ယောက်လို စောတနာသန့်သန့်နဲ့ တတ်နိုင်တဲ့ဘက်ကကူညီပါ့မယ်"

ငြိမ်သက်စွာ နားထောင်ရင်း နဖူးကြောကလေးများ တွန့်နေအောင် စဉ်းစားနေသော မေသက်နွယ်မှာ မြင့်နိုင်စကားကို ကြားဖြတ်၍ ....

"နေစမ်းပါအုံး ကိုမြင့်နိုင် ... ကိုမြင့်နိုင် ဘယ်လိုစိတ်ကူးနဲ့. ဒီစကားမျိုးကို ပြောနေရတာလဲဟင်"

"အော် ... နွယ့်ကို ကိုယ့်ဘဝ ကြင်ဖော်အဖြစ်နဲ့. တောင်းခံထားတာကို ကိုယ်ပြန်ရုပ်သိမ်းပါတယ်နွယ်၊ နွယ် ... ကိုယ့်မေတ္တာကို ပြန်တုန့်ပြန်ဘို့. မလိုတော့ဘူး၊ နွယ့်ကို ဂုဏ်မငယ်စေချင်ဘူး ... နွယ့်ဘဝခရီးမှာ ပန်းတွေခင်းထားတဲ့ လမ်းကိုပဲ လျှောက်စေချင်တယ် ခယောင်းတောကို မဖြတ်သန်းစေချင်ဘူး"

ဝမ်းနည်းကြေကွဲစွာပြောလိုက်သော မြင့်နိုင်၏စကားသံကြောင့် မေသက်နွယ်မှာ မျှားစွာစိတ်ထိခိုက်သွားလေသည်။ ခေတ္တမျှ ငြိမ်သက်နေကြပြီးနောက် မေသက်နွယ်က လက်ပတ်နာရီကို ငုံ့ကြည့်ရင်း မတ်တပ်ရပ်လိုက်ကာ ....

"ကိုမြင့်နိုင် ပြန်ကြပါစို့၊ နေစောင်းသွားပြီ၊ မိုးလဲစွာတော့မယ် ထင်တယ်၊ မာမီစိတ်ပူနေအုံးမယ်၊ နွယ်တစ်ခုပြောမယ်ကိုမြင့်နိုင် တစ်သက်တာအရေးကို အရင်စလိုဆုံးဖြတ်တာဟာ နည်းလမ်းမမှန်ဘူး၊ နောက်ပြီး "လူသားနှစ်ဦးရဲ့ခံစားချက်"တွေကို တစ်ယောက်ထဲ တစ်ဖက်သတ် ဆုံးဖြတ်တာဟာ မတရားပါဘူး ကဲလေ ... ခေါင်းအေးအေးထားစဉ်းစားပြီး နောက်ဆွေးနွေးကြသေးတာပေါ့" ဟု မေသက်နွယ်ကပြောရင်း ကားဘက်ဆီသို့



လျှောက်သွားလေရာ ... မြင့်နိုင်လည်း မေသက်နွယ်ပြောလိုက်သော "လူသားနှစ်ဦးရဲ့ခံစားချက်တွေ" ဟူသော စကားကို သုံးသပ်ရင်း နောက်မှာ ဖြည်းညှင်းစွာ လိုက်သွားလေသည်။ မေသက်နွယ်ကား ရှေ့တံခါးဖွင့်ကာဝင်ထိုင်လိုက်သည့်အတွက် မြင့်နိုင်လည်း ကားမောင်းသည့်နေရာတွင် ဝင်ထိုင်လိုက်ကာ စက်နိုးမည်အပြု မေသက်နွယ်က လက်ကိုလှမ်းဆွဲထားလိုက်သဖြင့် မြင့်နိုင်အံ့အားသင့်သွားကာ မေသက်နွယ်အား လှည့်ကြည့်လိုက်လေသည်။ မေသက်နွယ်လည်း မျက်ရည်ကလေးလည်ကာ မြင့်နိုင်အား ကြည့်လိုက်ပြီး သက်ပြင်းကလေးချရင်း ....

"ကိုမြင့်နိုင် .... နွယ့်ကို မုန်းသွားပြီလားဟင်"

"ကိုယ့်အသက်နဲ့. ခန္ဓာတည်နေသရွေ့. နွယ့်ကိုမမုန်းဘူး၊ ချစ်နေမှာပဲ၊ ဒါပေမဲ့ .... မမျှော်လင့်ပဲ ရင်ဆိုင်လာရတဲ့ အကြောင်းတွေကြောင့် ကိုယ်နွယ့်ကို လက်လျှော့ရတာပါနွယ် .... နွယ်လည်း ဂုဏ်ရည်တူထဲက အိမ်ထောင်ဘက်အဖြစ်ရွေးပေါ့" ဟု ပြောလိုက်သဖြင့်မေသက်နွယ်မှာ ရင်ထဲမှခံစားချက်များကို သတိနှင့်မထိန်းချုပ်နိုင်တော့ပဲ မြင့်နိုင်၏ရင်ခွင်တွင်းသို့အတင်းဝင်ကာ ....

"အို ... မကြားချင်ဘူး ... မကြားချင်ဘူး၊ ကိုမြင့်နိုင် ဘာပြုလို့ ဒီလိုစိမ်းစိမ်းကားကားပြောလိုက်ရတာလဲဟင် .... ကိုမြင့်နိုင် ဘယ်ဘဝရောက်ရောက်၊ အခြေအနေဘယ်လိုပြောင်းပြောင်း နွယ့်မေတ္တာဟာ မပြောင်းလဲပဲ ထာဝရတည်မြဲနေမှာပဲ .... ကိုမြင့်နိုင် အခုလို ဘဝကို ရင်ဆိုင်နေရတဲ့အခါမှာ နွယ်ဟာ ကိုမြင့်နိုင်နဲ့

အကူလက်တွဲပြီး ရင်ဆိုင်ဝံ့ပါတယ်" ဟုပြောလိုက်သဖြင့် မြင့်နိုင်မှာ မမျှော်လင့်ပဲ သူ့ရင်ခွင်တွင်းသို့ ရောက်လာသော မေသက်နွယ်ကြောင့် အံ့သြဝမ်းသာသွားကာ မေသက်နွယ်၏ ကိုယ်လုံးကလေးကို ပွေ့လိုက်ပြီး ....

"နွယ် တကယ်ပြောတာလားဟင်" ဟု မေသက်နွယ်၏ မျက်နှာကလေးကို ကြင်နာစွာဆွဲမော့ရင်းမေးလိုက်ရာ၊ မေသက်နွယ်မှာ ရှက်သွေးဖြန်းနေသော မျက်နှာကလေးဖြင့် ...

"တကယ်ပြောနေတာပါ ကိုမြင့်နိုင်ရယ်" ဟု ပြန်ဖြေလိုက်သဖြင့် ....

"ကိုယ် ဝမ်းသာလိုက်တာနွယ်ရယ်" ဟု ပြောရင်း မေသက်နွယ်၏ ပါးပြင်ကလေးကို ယုယစွာနမ်းလိုက် လေတော့၏။

ချစ်သူနှစ်ယောက်စလုံးမှာ စိတ်လှုပ်ရှားနေကြလေ၏။ မျိုသိပ်ထားသော အတွင်းသဘောထားများလည်း ပွင့်ပွင့်လင်းလင်းထွက်လာကြသည့်အတွက် တစ်ဦးကိုတစ်ဦး မလွတ်တမ်းဖက်ထားမိလေ၏။ တစ်ဦးမျက်နှာကိုတစ်ဦး ချစ်ရည်လျှံသော မျက်လုံးဖြင့် ကြည့်နူးစွာ ကြည့်မိကြလေ၏။ နှလုံးသားမှ ပေါက်ဖွားလာသော အပြုံးနှင့် အပြုံးချင်းဖလှယ်နေကြလေ၏။ မေသက်နွယ်မှာ မျက်နှာကြည်လင်ရွင်မြူးနေသော ချစ်သူ မြင့်နိုင်အားကြည့်ကာ ကျေနပ်နေလေ၏။ မြင့်နိုင်၏ ရင်ခွင်တွင်းမှ ထွက်မည်အပြု မြင့်နိုင်က မေသက်နွယ်၏ ပါးပြင်ကလေးကို



သူ့ပါးဖြင့် ကပ်ထားလိုက်ပြီး ...

"အသက်" ဟု ညင်သာစွာခေါ်လိုက်ပြီးနောက်" မောင့်ကို ချစ်တယ်နော်" ဟု မေးလိုက်ရာ မေသက်နွယ်က မြင့်နိုင်၏ မျက်နှာကို အသာအယာတွန်းဖယ်လိုက်ပြီး ချစ်မျက်စောင်းကလေးထိုးကာ ....

"ရင်ခွင်ထဲ ရောက်နေမှတော့ ဒီအမေးကို ဖြေဘို့လိုသေးသလား ကိုမြင့်နိုင်ရယ်၊ ကဲပါ .... တော်ကြာမှောင်လာတော့မယ်၊ ပြန်ကြပါစို့နော်"

"အသက်မောင်မေးတာကို မဖြေရင်မလွတ်ဘူး ... ဟောဒီက မောင့်ချစ်သူရဲ့ နှုတ်ဖျားက "မောင့်ကို ချစ်ပါတယ်" ဆိုတဲ့ စကားကလေးငါးလုံးထွက်လာတာကို ကြားရမှလွတ်မယ် .... ကိုမြင့်နိုင်လို့လဲ မခေါ်ရဘူးနော်" ဟု အကျပ်ကိုင်နေသဖြင့် မေသက်နွယ်လည်း ဇွတ်တရွတ်နိုင်လှသော ချစ်သူ၏နဖူးကိုလက်ညိုးကလေးဖြင့် ထောက်ကာ ....

"ဟောဒီက မောင်တော်ဘုရားကို နှမတော်ကလေးက ချစ်ပါတယ်တဲ့ .... ကဲ ... ကျေနပ်ပြီလား"

"ဟင့်အင်း ... ဟင့်အင်း ... မကျေနပ်သေးဘူး ... တိုက်ရိုက်ပြောတဲ့ စကားကိုပဲ ကြားချင်တယ် ... ချစ်ပါတယ်လို့ ပြောရမှာ ဘာပြုလို့ 'တဲ့ ..... ' ဆိုတဲ့ စကားလုံးကပါလာတာလဲ တစ်ယောက်ယောက်က ပြောခိုင်းတာမှမဟုတ်ပဲ၊ သက်ကမောင့်ကို တိုက်ရိုက်ပြောတာပဲဟာ၊ ပြန်ပြော" ဟု အထွန့်တက်နေသည့်

အတွက် မေသက်နွယ်လည်း စကားကပ်ဖိုးကပ်ဖဲ့ပြောပြောနေသော မြင့်နိုင်အား ပြုံးပြုံးကလေး ကြည့်လိုက်ပြီး ညာဘက်လက်သီးဖြင့် မြင့်နိုင်၏ နဖူးကို ဖွဖွကလေး ထုလိုက်ရင်း ....

"သိပ်ကိုကဲတဲ့ ကိုကဲပိုပဲ၊ ကဲ ... မောင့်ကိုနွယ်ရင်ထဲက နှစ်နှစ်ကာကာ ချစ်နေပါတယ်ရှင်" ဟု ရွက်ပြုံးကလေးပြုံးရင်း ပြောလိုက်သော အမူအယာကြောင့် မြင့်နိုင်မှာ မချင့်မရဲဖြစ်လာပြီး မေသက်နွယ်၏ ပါးပြင်ကလေးကို နောက်ထပ်နမ်းလိုက်မိလေ၏။ မေသက်နွယ်လည်း မြင့်နိုင်၏ ရင်ခွင်မှ ထွက်လိုက်ကာ ....

"နွယ် .... မောင့်ကို အစကတည်းက ချစ်ပါတယ်၊ ပညာသင်ချိန်မို့လို့ အချိန်ဆွဲနေတာပါ၊ နွယ် မောင့်ရဲ့ စိတ်နေသဘောထားနဲ့ အကျင့်သိက္ခာကို ချစ်တာပါ၊ ခနဂုဏ်တို့ ဒီဂရီတို့ ရာထူးတို့ကို မမက်မောပါဘူး၊ နွယ့်ကိုပစ်မသွားပါနဲ့နော် .... နွယ့်တစ်သက်မှာ မောင်ကလွဲရင် ဘယ်သူ့ကိုမှလဲမယူဘူး၊ ချစ်လဲမချစ်ဘူးဆိုတာ ကတိပေးဝံ့ပါတယ်"

"ဒါပဲနော် မောင် .... နွယ် အခု မောင့်ဆီကမေတ္တာကို တိတိလင်းလင်းလက်ခံလိုက်ပြီ .... ဒီတော့နွယ် ... မောင့်ဆီက ကတိလေးချက်လိုချင်တယ်၊ ပေးနိုင်ပါ့မလားမောင်"

"အမယ်လေး သက်ရယ် ... သက် လိုချင်ရင် ဘာမဆိုပေးနိုင်ပါတယ် ကောင်းကင်ကြယ်ကိုတော့တက်ပြီး မဆွတ်နိုင်ပေမဲ့ ဒီကမ္ဘာတစ်ဝန်းက လိုချင်သရွေ့တော့ ရအောင်ယူပေးနိုင်တယ်ဗျာ"



"ကောင်းပြီ .... မောင်နားထောင်နော် ... နံပါတ်(၁) နွယ် အမ် -ဘီ - ဘီ- အက်စ် ဘွဲ့မရခင် အတွင်း မောင်လက်ထပ်ဘို့ မပူဆာရဘူး"

"မပူဆာပါဘူးဗျာ ..."

"နောက်ပြီးတော့ နွယ်အောင်ပြီးလို့ရှိရင် ရည်မှန်းထားတဲ့အတိုင်း မဖွံ့ဖြိုးသေးတဲ့ ဒေသမှာ နွယ်သွားပြီ ဆေးကုချင်သေးတဲ့အတွက် နွယ်ဆရာဝန်ဖြစ်ပြီး (၄)နှစ်လောက်နေမှ လက်ထပ်ချင်တယ်၊ အဲဒါကို သဘောတူနိုင်ပါ့မလား ...."

"ဟင် .... သက်က အခုဒီနှစ်မှာ ဆေးကျောင်းဝင်ခွင့်ရတော့ ဆရာဝန်ဖြစ်ဖို့ (၅) နှစ်လိုသေးတယ်၊ နောက်ဆရာဝန်ဖြစ်ပြီး (၄) နှစ်စောင့်ရအုံးမယ်၊ စုစုပေါင်းအသက်ကို မောင် (၉) နှစ်တောင် လက်ထပ်ဖို့ စောင့်ရမယ်ဆိုတော့ နဲနဲလောက်လျှော့နိုင်ရင် လျှော့ပါအုံးအသက်ရယ် .... မောင်မစောင့်နိုင်လို့ မဟုတ်ပါဘူး ... ဘိုးဘွားရိပ်ဆာလူအိုရုံရောက်တဲ့အထိ စောင့်နိုင်ပါတယ်... ဒါပေမဲ့အချိန်တွေ နမြောလို့ပါ" မေသက်နွယ် ခေတ္တစဉ်းစားပြီး ...

"ကဲလေ...နွယ်...ဆရာဝန်ဖြစ်ပြီး(၃)နှစ်လောက်ဆိုရင်ကော"

"ဒါလောက်ဆိုရင် ကျေနပ်ပါပြီဗျာ ... ကဲ (၈) နှစ်အတွင်း မောင်လက်ထပ်ဖို့မပူဆာဘူးဆိုတာ ကတိပေးပါတယ်"

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ နံပါတ် (၂) ကတော့ လက်မထပ်ခင်အတွင်း အသက်မကြိုက်တဲ့ အနေအထိုင် အပြုအမူမျိုးတွေကိုရှောင်ကြဉ်ပြီး မေတ္တာသန့်သန့်နဲ့ နေထိုင်ရမယ် ....

"ကဲပါလေ ... ခွင့်ပြုပါ့မယ် .... ဒါပဲနော် မောင် .... ခဏ ခဏမဟုတ်ဘူးနော် ... တစ်ခါတစ်လေမှ" ဟု မေသက်နွယ်က ခေါင်းကလေးငဲ့ကာ ပြောလိုက်သဖြင့် ....

"ကောင်းပါပြီဗျာ .... မောင့်အချစ်က သန့်ရှင်းတော့ ကျေနပ်ပါတယ်၊ ကဲ .... ကဲ .... နောက်ပေးရမဲ့ ကတိကိုလဲပြောပါအုံးအော် .... ဒါနဲ့နေပါအုံး ... မောင်အသက်ရဲ့အနားမှာတော့ ကပ်ထိုင်ခွင့်ရှိတယ်နော် ... အခုကတည်းက ရှင်းရှင်းမေးထားရတာ၊ တော်တော်ကြာတစ်လဲကွာက စကားပြောနေရအုံးမယ်"

"မောင်လဲမိကျောင်းနဲ့ အမျိုးတော်နေပြီထင်တယ် .... တော်တော့ကို လျှာရှည်လာပြီ .... ထိုင်နိုင်ပါသတဲ့ရှင် .... ကဲ .... နောက်တစ်ခုက မောင်နဲ့လူသိရှင်ကြား စေ့စပ်ကြောင်းလမ်းပွဲ မလုပ်ခင် နှစ်ယောက်ထဲ အပြင်ခဏခဏလျှောက်လည်ဘို့ မခေါ်ရဘူးနော်၊ မပူဆာရဘူး .... အဲဒါတော့ ကတိပေးနိုင်မလား"

"ကောင်းပါပြီဗျာ ...."

"မောင့်အချစ်က သန္ဓါချစ်ကိုးလို့ ပြောအုံးမလို့လား"

"မောင့်ကိုယ်စားအသက်ကပြောလိုက်လို့ မပြောလိုတော့ပါဘူးဗျာ .... "

နှစ်ယောက်သားပြိုင်တူ ရယ်မောကြလေသည်။

"နောက်ဆုံးတစ်ခုပြောမယ်နော် မောင်"

"ပြောပါဗျာ နားထောင်လျက်ပါပဲ"

"အိမ်ပြန်ပို့ပေးဘို့ပဲ ... နဲနဲတောင်မှောင်လာပြီ၊ တော်တော်



အဲဒါကတိပေးနိုင်ပါ့မလား"

"ဒီအချက်ကို မောင်နားမရှင်းလို့ မေးပါရစေအုံး .... မောင်အသက်ကို လက်မထပ်ခင်အတွင်းမှာ လွန်လွန်ကျူးကျူးမနေပါဘူးကွယ် ... ဒါကိုတော့ ယုံကြည်စိတ်ချထားစေချင်တယ်၊ မောင်အချစ်က အသက်ပေါ်မှာ (၅၂၈)သွယ်မေတ္တာကို အရင်းခံတဲ့အတွက် 'တဏှာမညစ်တဲ့ သန္ဓါချစ်"ပါ၊ ဒါပေမဲ့ အသက်ရယ် မောင်ဟာ ဈာန်ရနေတဲ့ သူတော်စင် သူတော်မြတ် မဟုတ်သေးတော့ အသက်နဲ့တွေ့တိုင်း ကြည့်ပြီးကသိုဏ်း မရှုနိုင်သေးဘူး၊ အာသဝေါတရား မကုန်ခမ်းသေးတဲ့ မြင့်နိုင်ဖြစ်နေလို့ တစ်ခါတစ်လေတော့ ချစ်သူတို့သဘာဝ ယုယပိုက်ထွေးပြီး ဟောဒီရှက်သွေးဖြန်းနေတဲ့ ပါးကလေးကို နမ်းမိမှာပဲ .... အဲဒီလိုပြုမူမိတဲ့အခါမှာ အရှက်တော်ပိုပြီး အမျက်တော်မထားပဲ"

"အော် .... သူလဲလေ လောကီသားပေမို့ ဆိုတဲ့စိတ်နဲ့ ခွင့်လွှတ်ပါနော် ...

မေသက်နွယ်ဟာ မြင့်နိုင်လက်မောင်းကို ထုလိုက်ပြီး ...

"မောင်ဟာ သိပ်စကားတတ်တာပဲ အပြောကလဲ လိမ္မာပါပေတဲ့ယ်၊သူလိုချင်တာကို အဓမ္မမတောင်းပဲ သွယ်ဝိုက်ပြီး ပြောနေတာပဲ"

"ဘာလဲ အသက်က ဒါလောက်ကလေးတောင် ခွင့်မပြုနိုင်ဘူးလား ...."

## အခန်း ၈

မေသက်နွယ်၏ ပူဆာချက်ကြောင့် ဦးမျိုးဇင်မှာ မြင့်နိုင်အတွက် စာတိုက်နှင့်ကြေးနန်းဌာနတွင် အထက်တန်းလက်ထောက်အဖြစ်ဖြင့် ညဘက်တာဝန်များကို ထမ်းဆောင်ရန် အလုပ်သွင်းပေးထားလေသည်။ ကျောင်းမဖွင့်ခင်ရက်များတွင် မြင့်နိုင်မှာ မေသက်နွယ်နှင့် နေ့တစ်ဝက်သာလာနေ၍ ညအလုပ်ဆင်းပြီးကျောင်းများ ပြန်ဖွင့်သောအခါ ညနေဘက်တွင်သာ နေရလေ၏။ မြင့်နိုင်က ကျောင်းဆင်းပြီးသည်နှင့် မေသက်နွယ်၏ အိမ်တွင် မေသက်နွယ်ဆေးကောလိပ်မှအပြန်ကို စောင့်နေရလေ၏။ မြင့်နိုင်မှာ ကတိပေးထားသည်အတိုင်း နေထိုင်သည်ကို တွေ့ရသဖြင့် မေသက်နွယ်မှာ ကတိတည်သော ချစ်သူမြင့်နိုင်အပေါ်တွင် တစ်နေ့တစ်ခြား ယုံကြည်လေးစားလာလေတော့၏။ မြင့်နိုင်မှာ မေသက်နွယ်၏ စိတ်ကြိုက်နေရုံတွင် မကသေးပဲ မေသက်နွယ်အား အစစအရာရာ လိုလေသေးမရှိအောင် အလို



ကြာ လူကြီးတွေစိတ်ပူနေအုံးမယ် ... မောင် ဒီည နွယ်တို့ဆီမှာပဲ ထမင်းစားပြီးမှ ပြန်ရမယ်နော်"

"ကောင်းပါပြီဆရာမကြီးရယ်" ဟု ပြောကာ အိမ်သို့ပြန်လာကြလေ၏။

တစ်လမ်းလုံးနှစ်ယောက်သားမှာ အတွေးကိုယ်စီနှင့် တိတ်ဆိတ်စွာနေလာရင်းမှာ "စံပယ်မြိုင်" ခြံနားသို့ ရောက်ကာနီးတွင် မြင့်နိုင်က မေသက်နွယ်ဘက်လှည့်ပြီး ....

"တိတ်ချက်သားကောင်းလှချည်လား အသက် ... ဘာတွေများ ဒီလောက်တောင် စဉ်းစားနေရတာလဲ"

"အော် .... မောင့်အတွက် စဉ်းစားနေတာပါ .... နေ့မှာ ကျောင်းတက်ပြီး ညဘက်ကျတော့လဲ အလုပ်လုပ်ရအုံးမယ် ဆိုတော့ သိပ်များပင်ပန်းနေမလားလို့ပါ"

"အမလေး အသက်ရယ် ... အလကားခေါင်းရှုပ်ခံပြီး စဉ်းစားနေတယ် .... မောင်ဟာ ယောကျ်ားပါကွယ် ... ဒီလောက်ပင်ပန်းတာလေးတော့ အပျော့ပေါ့ ... အော် ....ဒါနဲ့ ဒီနေ့ဟာ အစကစိတ်မကောင်းဖြစ်ရမဲ့နေ့လို့ ထင်ခဲ့ပေမဲ့မမျှော်လင့်ပဲ မောင့်တစ်သက်တာမှာ ဝမ်းသာရမဲ့ ... မင်္ဂလာရှိတဲ့ နေ့ဖြစ်လာတယ်နော် ... ဒါကြောင့် လောကမှာ မမျှော်လင့်ပဲ ဖြစ်လာတာတွေ တစ်ပုံကြီးဘဲနော် ..." ဟု ပြောရင်းကားလည်း ဆင်ဝင်အောက်သို့ ထိုးဆိုက်လာလေ၏။ မြင့်နိုင်မှာ ကားပေါ်မှဆင်းကာ မေသက်နွယ်အား ကားတံခါးဖွင့် ပေးလိုက်လေ၏။

× × ×

လိုက်သည့်အတွက်ကြောင့်လည်း မေသက်နွယ်မှာ တစ်ခါတစ်ရံ မြင့်နိုင်အပေါ်တွင် ကလေးငယ်ပမာ နွဲ့ဆိုးဆိုးပြီး တစ်ခါတစ်ရံ လူကြီးပမာ ဆက်ဆံနေထိုင်လေ၏။ ၄င်းတို့နှစ်ယောက်မှာ တစ်ဦးအကြိုက်တစ်ဦးလိုက်ကြသဖြင့် သံယောဇဉ်လည်း တစ်နေ့တစ်ခြား ပိုမိုရစ်နှောင်မိကြလေ၏။

× × ×

၁၉၅၂ ခုနှစ်သို့ ရောက်လာလေ၏။

မြင့်နိုင်မှာ ဘီအက်(စ်)စီ နောက်ဆုံးနှစ်ကို ထူးချွန်စွာ အောင်မြင်ပြီး မေသက်နွယ်မှာလည်း ဆေးသိပ္ပံကောလိပ်တွင် ဒုတိယနှစ် (အထက်တန်း)ကို ဂုဏ်ထူးနှင့် အောင်မြင်လေသည်။

တစ်နေ့တွင် မြင့်နိုင်ဘွဲ့ရသည့် အထိမ်းအမှတ်ဖြင့် မေသက်နွယ်တို့ မိသားစုအား "ပိတောက်မြို့ရိပ်သာ"သို့ ညစာဖိတ်ကျွေးလေ၏။ ထမင်းစားသောက်ပြီးသောအခါ ဦးမျိုးဇင်၊ ဒေါ်သင်းဝေ၊ ဒေါ်လှခင်၊ ကြည်ကြည်တို့မှာ စကားလက်ဆုံကျနေလေ၏။ ညီညီ၊ အေးအေးနှင့် ဖိုးထွေးတို့ သုံးဦးသားမှာ မြင့်နိုင်က (၆)နာရီခွဲပွဲ ရုပ်ရှင်လက်မှတ်ဝယ်ပေးထားသဖြင့် ထမင်းစားပြီးသည်နှင့် ထွက်သွားကြလေ၏။

မြင့်နိုင်နှင့် မေသက်နွယ်မှာ ပိတောက်ပင်ခြေရင်းတွင် ထိုင်စကားပြောနေလေ၏။



"မောင် ... ဒီနေ့ (၉) ရက်နေ့မို့လို့ မောင်တမင်တကာရွေးပြီး ကျွေးတာလားဟင် ...."

"ဟာ ... ဟုတ်ပါရဲ့၊ မောင်ဖြင့် သတိမထားမိဘူး ..."

"ကြည့်စမ်း .... ဒါတော့ မောင်ညာတာပဲ၊ နွယ်ဖြင့် မယုံပေါင် ...."

"အသက်ရဲ့ ဝမ်းထဲမှာ ပုဏ္ဏားကလေးရှိတယ်ထင်တယ်၊ မောင်က အသက်သတိမထားဘူးလို့ အော်မနေတော ...."

"သတိမထားမိလို့ ည (၉) နာရီကျမှ လာမလို့တောင် စိတ်ကူးမိသေးတယ်၊ ဒါပေမဲ့ မောင်နဲ့တွေ့ရတဲ့ အချိန်တွေနဲ့ သွားမှာစိုးလို့ ...." ဟု ချစ်စဖွယ်အမူအယာကလေးလုပ်၍ ပြောနေသဖြင့် မြင့်နိုင်မှာ မချင့်မရဲဖြစ်သွားကာ ....

"ဒီအပြောကလေးတွေကြောင့် မောင် တစ်နေ့တစ်ခြား ချစ်လာရတာပေါ့ ...." ဟုပြောရင်း မေသက်နွယ်၏ ပုခုံးကလေးကို ဖက်လိုက်သဖြင့် မေသက်နွယ်က မြင့်နိုင်၏လက်ကို ဖယ်ချလိုက်ကာ ....

"ဆောရီး အသက် မောင်စိတ်လွတ်သွားလို့ပါကွယ်၊ အော် .... ဒါနဲ့ အသက်နဲ့မောင် ချစ်လာတာကတော့ နှစ်တွေကြာပါပြီလေ၊ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်းချစ်ခဲ့ကြတာ (၂) နှစ်ရသွားပြီ မဟုတ်လား၊ မောင်လေ ဟောဒီအသက်ပါးကလေးကို ၁၉၅၀ခု၊ ဇွန်လ (၉)ရက်နေ့ မောင့်ကို ခွန်းတုံ့ပြန်တဲ့နေ့ရယ်၊ အသက်မွေးနေ့တုန်းကရယ်၊ ၁၉၅၁ ခုနှစ်နှစ်သစ်ကူးရယ်၊ မောင့်မွေးနေ့ရယ်၊

စာမေးပွဲ အောင်တဲ့နေ့ရယ်၊ အသက်ရဲ့မွေးနေ့ရယ်၊ အားလုံးပေါင်း ခြောက်ခါ .... ဟော .... အခု ၁၉၅၂ ခုကျပြန်တော့ နှစ်သစ်ကူးရယ်၊ မောင့်မွေးနေ့ရယ်၊ နှစ်ခါပဲရသေးတယ်၊ အသက်မှောင့်ကို ဘဝကြောင်ဖော်အဖြစ် သတ်မှတ်ပြီးမှ ရှစ်ခါပဲ ခွင့်ပြုသေးတယ်၊ ဒါကြောင့် .... ဒီနေ့မှာလဲ မောင် .... အသက်မွှော်လင့်ချက်ထားတဲ့ အတိုင်း ဘီအက်(စ်)စီ အောင်အောင် ဖြေခဲ့ပြီးပြီမို့လို့ လိုလားချက်တောင်းရမှာပဲ"

မေသက်နှယ်မှာ (၂) နှစ်အတွင်း ကတိအတိုင်းနေခဲ့သော မြင့်နိုင်အား ကြည်နူးသော အပြုံးကလေးနှင့်ကြည့်ရင်း ....

"မောင်က .... ခဏခဏမပေးရလို့ စိတ်ဆိုးသလားဟင် ... ဝမ်းထဲမှာ မကျေနပ်ဘူးလား ...."

"အသက် .... အဲဒီလိုမပြောပါနဲ့ ... မောင်မကျေနပ်လို့ ပြောနေတာမဟုတ်ပါဘူး အသက် .... မောင့်အချစ်က သဒ္ဓါချစ်ပါလို့ ပြောထားတယ်မဟုတ်လား ... အသက်တလွဲထင်နေရင်တော့ မောင်မတောင်းတော့ပါဘူး ..."

"ကြည့်စမ်း .... မျက်နှာက ဘာပြုလို့ ညှိုးသွားရပြန်တာလဲ၊အသက်က တမင်တကာ မောင့်စိတ်ကိုစမ်းတာပါ .... မောင်ရဲ့ နေပုံထိုင်ပုံစည်းကမ်းရှိလို့လဲ ယုံယုံကြည်ကြည်နဲ့ နေခဲ့တာပဲ မဟုတ်လား .... တစ်ချို့ယောကျ်ားကလေးများဟာ မိန်းကလေးတွေနဲ့ နီးနီးကပ်ကပ်နေရထိုင်ရရင် အခွင့်အရေးယူလိုက်ကြတာပဲ၊ ဒါကြောင့်လဲ မမှားသင့်ပဲ မှားကြတာပေါ့ .... မောင်ကတော့ တစ်ခြားယောကျ်ားကလေးတွေနဲ့ မတူပဲ အကျင့်စရိတ္တနဲ့



ပတ်သက်ပြီး စည်းကမ်းရှိတာကို တွေ့ရလို့လဲ အသက်ချစ်ခဲ့တာပဲပေါ့ .... မောင့်အကျင့်စရိတ္တနဲ့ စိတ်နေသဘောထားဟာ မွန်မြတ်သန့်ရှင်းလို့လဲ အသက်ရဲ့ချစ်မေတ္တာကို မောင်ပိုင်နိုင်ခဲ့တာပဲ မဟုတ်လား မောင်"

"အသက်က မောင့်ကို ချီးမွမ်းနေလို့ မောင် ဘယ်လိုမျက်နှာထားရမှန်းတောင်မသိဘူး၊ သိပ်လဲမချီးမွမ်းနဲ့အုံး၊ တော်တော်ကြာယောက်မမြင်းစီးထွက်လာအုံးမယ်"

"ထွက်ရဲထွက်ကြည့်ပါလား၊ ယောက်မမြင်းစီးထွက်လာယင် ငရုတ်ကျည်ပွေ့နဲ့ထောင်းချလိုက်မှာပေါ့" ဟု ပြောလိုက်သဖြင့် မြင့်နိုင်လည်း သဘောကျကာ ရယ်မောမိလေတော့၏။

"အသက် .... မောင်အခု ဒီဂရီရပြီလေ .... အသက်မောင့်ကို ဘယ်လိုအလုပ်မျိုး လုပ်စေချင်သလဲ"

"မောင်ဝါသနာပါတာကိုပဲ လုပ်ပါမောင်ရယ် ...."

"မဟုတ်ဘူးလေ .... အသက်လုပ်စေချင်တဲ့ အလုပ်ကိုပဲ လုပ်မယ် ... မောင့်ဘဝအသက်ကိုအပ်ထားတာပဲ မဟုတ်လား"

"မောင်.... နွယ့် စိတ်ကြိုက်ကို လိုက်လျောပြီးမေးတာကို ဝမ်းသာပါတယ်၊ ဒါပေမဲ့ နေရာတကာတိုင်း အသက်အလိုချည်းပဲ လိုက်နေလို့ ဘယ်ဖြစ်အုံးမလဲ .... မောင်လုပ်ချင်တဲ့ အလုပ်လုပ်ပါ၊မောင်ဟာ နောက်ဆိုရင် အိမ်ထောင်တစ်ခုကို ရှေ့ဆောင်ဦးစီးရမဲ့ သူမဟုတ်လား .... ဒီတော့အသက်ရဲ့ သြဇာကနေရာတကာမှာ လွှမ်းမိုးနေလို့မဖြစ်သေးဘူး၊ မောင့်သဘော မောင့်စိတ်ကြိုက်လဲလုပ်အုံးမှပေါ့.... ဒါကြောင့် မောင်တစ်သက်လုံးလုပ်ကိုင်သွားရမဲ့

အလုပ်ကိစ္စမှာ အသက်ဝင်မစွက်ချင်ဘူး၊ မောင့်ဖာသာ မောင်ဆုံးဖြတ်ပြီး ရွေးချယ်ပါမောင်" ဟု ပြောလိုက်သဖြင့် မြင့်နိုင်လည်း မေသက်နွယ်အား ရွန်းရွန်းစားစားကြည့်ကာ ....

"စကားပြော လိမ္မာပါးနပ်လှချည်လားအသက်ရယ်၊ ကဲ-ဒီလိုဆိုရင် မောင်စိတ်ကူးထားတာပြောမယ် .... အသက် ငယ်ငယ်တုန်းက ပြောတာတွေ မောင်နားထဲမှာကြားနေတယ် .... မှတ်မိသေးလား အသက် .... အသက်ဟာ ရေတပ်မတော်ကို သိပ်သဘောကျစိတ်ဝင်စားတယ်ဆိုတာလေ ခဏခဏပြောဘူးတယ်မဟုတ်လား .... ဒါကြောင့် အသက်ခွင့်ပြုမယ်ဆိုရင် မောင်ရေတပ်ထဲဝင်ပြီး အမှုထမ်းမယ်လို့ စိတ်ကူးတယ်၊ အသက်သဘောကျရဲ့လား .... အဲသက်သဘောကျ နှစ်ခြိုက်တဲ့ ရေတပ်ထဲကိုဝင်ပြီး မောင်ရေတပ်မတော်ရဲ့ ဂုဏ်ကို မြှင့်တင်ပါရစေလား၊ အသက် ....ဘယ့်နဲ့လဲ သဘောတူရဲ့လား ဟင်"

"မောင်ကလဲ .... အသက်သဘောကျတာကို မကြည့်ပါနဲ့၊ မောင်ကိုယ်တိုင်ရော ဝါသနာပါရဲ့လား"

"မောင် ဝါသနာပါပါတယ်အသက် .... ကိုယ့်လူမျိုးနဲ့ တိုင်းပြည်အတွက် အကျိုးရှိစေမဲ့ အလုပ်မျိုးကို မောင်ဆောင်ရွက်ဖို့ အသင့် ရှိပါတယ် .... နောက်ပြီးတော့ အသက်ရဲ့ စိတ်ကူးယဉ်ချက်ကလေးတွေကိုလဲ မောင်အကောင်အထည်ဖော်ချင်လို့ပါ"

"မောင်ဝါသနာပါတယ်ဆိုရင် အသက်သဘောတူပါတယ် မောင် .... အသက်ကလဲ မောင်စိတ်ကူးယဉ်ခဲ့တာကို တစ်ဖက်တစ်လမ်းကနေ အကောင်အထည်ဖော်ပေးပါ့မယ် ...."



မေသက်နွယ်၏ စကားကြောင့် မြင့်နိုင် မျက်မှောင်ကလေးကြုတ်ကာ စဉ်းစားလိုက်ပြီး -

"ဘာများပါလိမ့် အသက်ရယ် ...."

"အော် ... မောင်ကလဲ မေ့တတ်ရန်ကော၊ မောင်ရည်မှန်းချက်ထားခဲ့တာလေ ..... ကြီးလာရင် မျက်စိအထူးကုဆရာဝန်ကြီးဖြစ်ချင်တယ်ဆို၊ အခု .... မောင်ဟာ မမျှော်လင့်ပဲ ဆရာဝန်ဖြစ်မဲ့အစား ရေတပ်ဗိုလ်ဖြစ်တော့မယ် မဟုတ်လား၊ ဒီတော့ အသက်လဲ မောင်ဖြစ်ချင်တဲ့ ရည်ရွယ်ချက်အတိုင်း အသက် ဆရာဝန်ဘွဲ့ ရပြီးရင် နိုင်ငံခြားမှာ မျက်စိရောဂါဘက်ကို အထူးလေ့လာ သင်ကြားမယ် လို့ စိတ်ကူးထားတယ် ....."

"ဟာ .... မောင်ဖြစ်ချင်တာကို အသက်ဝါသနာပါမှ လုပ်ပါအသက်ရယ် .... အသက် ငယ်ငယ်တုန်းကတော့ နှလုံးရောဂါဘက်ကို လေ့လာလိုက်စားမယ်ဆို ....."

"မောင်ရယ် ... အသက်ဆရာဝန်ဖြစ်ပြီးတဲ့နောက် ဘာကိုပဲ လုပ်ရ လုပ်ရ ဝါသနာပါတာချည်းပါပဲ၊ ဒီတော့ အသက်မြတ်နိုးပြီးချစ်ခင်လေးစားတဲ့ မောင်ရဲ့ ပါရမီကို ဖြည့်ဆွဲရတာကိုပဲ ဝမ်းသာ လှပါပြီမောင်" ဟု ပြောရင်း မြင့်နိုင်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သဖြင့် မြင့်နိုင်လည်း မေသက်နွယ်၏ လက်ကလေးကို ယုယစွာကိုင်လိုက်ပြီး -

"အသက် .... မောင်လေ မောင်တို့နှစ်ယောက်ရဲ့ ချစ်မေတ္တာအကြောင်းကို ရည်ရွယ်ပြီး သီချင်းစပ်မယ် .... ကိုယ်တိုင်မစပ်တတ်ပေမဲ့ ကိုယ်လိုချင်တဲ့ စာသားတွေကို ပြောပြပြီး စပ်ခိုင်းမယ်၊

ပြီး သမီးတို့ ကားယူသွားပေါ့" ဟု ပြောလိုက်သဖြင့် ကိုမြင့်နိုလည်း အဝတ်အစားသွားလဲလေ၏။

မေသက်နွယ်က ကြည်ကြည်အနားသွားကာ ....

"မမကြီးကော လိုက်ခဲ့ပါအုံးလား ....."

"တော်စမ်းပါ ညီမရယ် .... မမကြီးလိုက်ရင် သာသနာဖျက်ဖြစ်နေမှာပေါ့၊ နောက်ပြီး မမကြီးကို ပါးစပ်ဖျားက လောကွတ်ချော်နေပေမဲ့ စိတ်ထဲက မလိုက်ပါစေနဲ့လို့ ဆုတောင်းနေတယ်မဟုတ်လား ...." မေသက်နွယ် မခံချင်အောင် ပြောလိုက်သဖြင့် မေသက်နွယ်မှာ ရှက်ပြုံးကလေးပြုံးကာ ကြည်ကြည်အား ထုလိုက်လေ၏။ မြင့်နိုင် ဆင်းလာသဖြင့် အားလုံးနှုတ်ဆက်ကာ ထွက်လာကြလေ၏

× × ×

မေသက်နွယ်နှင့် မြင့်နိုင်လည်း ရုပ်ရှင်ပြီးသည်နှင့် "စံပယ်မြို့ငှက်" သို့ပြန်လာကြသည်။ မြင့်နိုင်မှာကားကို ဆင်ဝင်အောက်တွင်မဆိုက်ပဲ ကားရုံတွင်းသို့ တခါတည်းမောင်းဝင်သွားလေ၏။ မြင့်နိုင်မှာ အရင်ဆင်းကာ မေသက်နွယ်အား တံခါးဆွဖွင့်ပေးသဖြင့် မေသက်နွယ်လည်း ကားပေါ်မှ ဆင်းလိုက်သည်နှင့် မြင့်နိုင်က မေသက်နွယ်၏ ပုခုံးကလေးနှစ်ဘက်ကို ကိုင်လျက်

"အသက်" ဟု ညင်သာစွာခေါ်လိုက်ပြီး မေသက်နွယ်ကို ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်လေသည်။ မေသက်နွယ်မှာ မြင့်နိုင်၏ကျောပြင်ကို ပြန်လည်သိုင်းဖက်ထားလိုက်ပြီး ....



ပြီးတော့ အသက်ကစားရေးကောင်းသူဆိုတော့ မောင်တို့ အကြောင်းကို ဝတ္ထုရေးပေါ့ ...."

"ကောင်းပါပြီ မောင်ရယ် .... အသက်လဲ မောင့်အတွက် ရည်ရွယ် ပြီး ဝတ္ထုတစ်ပုဒ်ရေးပေးပါ့မယ်၊ ရေးဘို့သာ ကတိပေးနိုင်မယ်မောင်၊ ဘယ်တော့ရေးဖြစ်မလဲဆိုတာတော့ မပြောနိုင်ဘူးနော်"

"အသက် မောင့်အတွက် ရေးပေးမဲ့ဝတ္ထုကို မောင်မသေခင် တွေ့ရရင် တော်ပါပြီအသက်ရယ် ...."

"ဖွဟဲ့ .... လွဲပါစေ .... ဖယ်ပါစေ .... မောင်ဘာဖြစ်လို့ "သေစကား" ပြောရတာလဲကွယ်၊နောက်ဘယ်တော့မှ ဒါမျိုးမကြားပါရစေနဲ့နော်မောင် ....."

"အသက်မကြိုက်ရင် နောက်မပြောပါဘူးကွယ်၊ ကဲ .... မောင်တို့နှစ်ယောက် ကတိပြုတဲ့နေ့အတွက် အထိမ်းအမှတ် ..." ဟု ပြောရင်း စကားဖြတ်လိုက်ကာ မေသက်နွယ်အား ပြုံးပြုံးကလေးကြည့်နေသဖြင့် မေသက်နွယ်က ခေါင်းကလေးစောင်းကာ

"ဒီမှာတော့ မရဘူးဆရာကြီး .... လာ မာမီ့ဆီ အခွင့်တောင်းပြီး ရုပ်ရှင်သွားကြည့်မယ်၊ အပြန်မှာ မောင် အိမ်လိုက်ပို့ပေတော့၊ အခု(၆)နာရီ ရှိနေပြီ သွားကြစို့ ...." ဟု ပြောလိုက်ပြီး နှစ်ယောက်သား အိမ်ထဲဝင်လာကြလေသည်။

"မာမီ .... သမီး ကိုမြင့်နိုင်ကို ရုပ်ရှင်ပြခိုင်းမလို့ မာမီတို့ ပြန်နှင့်ပေါ့၊ အပြန်ကိုမြင့်နိုင်ကို အိမ်ပြန်ပို့ခိုင်းမယ်နော်" ဟု မေသက်နွယ်က ဒေါသင်းဝေအား ပြောနေသည်ကို ဦးမျိုးဇင်က

"ဒီလိုလုပ်လေ သမီး .... ဒက်ဒီနဲ့မာမီကို အခု အိမ်မှာချခဲ့

"မောင် .... အသက်လေ မောင့်ကို တစ်နေ့တစ်ခြားပိုပြီး ခင်တွယ်လာမိပြီမောင်ရယ် .... သက်ကို ဘယ်တော့မှ မရက်စက်ပါနဲ့နော် ... မောင်ရက်စက်စိမ်းကားသွားမှာ "သိပ်ကြောက်တာပဲ" ဟု ပြောလိုက်သဖြင့် မြင့်နိုင်လည်း မေသက်နွယ်၏ မျက်နှာကို ဆွဲမော့လိုက်ကာ ....

"စိတ်ချပါ၊ အသက်ရယ် မစိုးရိမ်ပါနဲ့ မောင် သေတစ်ပန်သက်တဆုံး အသက်ကိုချစ်သွားပါ့မယ်၊ ဘယ်တော့မှ မမုန်းဘူး၊ အမြဲချစ်နေမှာပဲ .... အသက်အနားက မခွဲမခွာပဲနေလွန်းလို့ အသက်ကတုတ်နဲ့ ကလော်ချတာတောင် တုတ်ပေါ်မှာ ကပ်နေမှာပါ၊ မောင်ဘယ်တော့မှ အသက်ကို မပစ်ပယ်ပါဘူးဆိုတာ ထပ်လောင်းပြီး ကတိပေးပါတယ် အသက်ရယ်" ဟုပြောရင်း ရင်ခွင်တွင်းမှမော့ကြည့်နေသော မေသက်နွယ်အားကြည့်ကာ အားမလိုအားမရဖြစ်လာပြီး နဖူးနှင့် ပါးပြင်ကလေးကိုယုယစွာ ဖွဖွကလေးနမ်းလိုက်ရုံ တွင်မက နှုတ်ခမ်းကလေးကိုပါ ဆက်၍ နယ်လွန်သွားလေတော့သည်။

မေသက်နွယ်မှာ မငြင်းဆန်တော့ပဲ ချစ်သူ၏အလိုသို့ လိုက်လေသည်။ ချစ်သူနှစ်ဦးမှာ မိနစ်ပိုင်းမျှ လောကကြီးကို မေ့ပစ်လိုက်ပြီးနောက် မေသက်နွယ်က မြင့်နိုင်၏မျက်နှာကို တွန်းဖယ်လိုက်ရင်း ရုတ်ပြုံးကလေးပြုံးကာ ....

"ကြည့်စမ်း .... မောင် တော်တော် ကဲလာပြီ ... သဒ္ဓါချစ်ဆိုပြီးတော့ နယ်လွန်လာပြီနော် .... ဟင်း" ဟု မြင့်နိုင်၏နဖူးကို သူမ၏ လက်ညှိုးကလေးဖြင့်ထောက်ကာ ပြောလိုက်တော့မှ မြင့်နိုင်က ရယ်လိုက်ကာ ....



"အသက်ကလဲကွာ .... မောင်က သဒ္ဓါချစ်ပါ .... ဒါပေမဲ့ အသက်ကသိပ်လှ ... သိပ်ချစ်စရာကောင်းနေတော့ မောင်လဲ စိတ်လွတ်သွားတာပေါ့ကွယ်....."

"တော်စမ်းပါ .... ဒါပဲ နောက်တစ်ခါ .... မောင် စိတ်လွတ်မသွားရအောင် မောင်နဲ့တွေ့တဲ့အခါ မျက်နှာမမြင်ရအောင် အိမ်တွင်းပုန်း ကုလားမတွေလို ဝတ်ထားမယ်လေ ...."

"အောင်မာ ... ဘာရမလဲ .... မောင် .... အတင်းဆွဲဖွင့်လိုက်မှာပေါ့ ...."

"ဟင်း .... သိပ်ကဲတာပဲ ...." ဟု မေသက်နွယ်ကပြောရင်း ရင်ခွင်တွင်းမှ ထွက်လိုက်ကာ "မောင် .... အသက်တို့ ပြန်လာပြီးကားရုံထဲမှာ ဘာပြုလို့ ကြာနေသလဲလို့ လူကြီးတွေကမေးရင် ဘယ့်နဲ့ပြောမလဲဟင် ...."

"အို .... ခက်တာလိုက်လို့ .... ကားသူတ်နေတာလို့ ပြောလိုက်ရုံပေါ့" ဟု မြင့်နိုင်၏ အဖြေကြောင့် မေသက်နွယ်မှာ သဘောကျစွာ ရယ်မောလိုက်လေ၏။

× × ×

မြင့်နိုင်မှာ ရေတပ်မတော် ဗိုလ်လောင်းအဖြစ် ရွေးချယ်ခံရသဖြင့် သင်တန်းတက်ရလေ၏။ သင်တန်းတက်နေသည့်အတွင်း ချစ်သူနှစ်ဦးမှာ လွမ်းတေးဖွဲ့ကာ ချစ်သဝဏ်လွှာများကိုသာ ပေးပို့ရင်း အလွမ်းဖြေနေကြရလေသည်။

ယခုလတွင် သင်တန်းရက် ကုန်ဆုံးပြီဖြစ်သဖြင့် နှစ်ဦးသား

မှာ ပြန်လည်တွေ့ဆုံမည့်ရက်ကို လက်ရေချိုးကာ မျှော်လင့်နေကြလေ၏။

ယနေ့သည် မေသက်နွယ်၏မွေးနေ့ဖြစ်သဖြင့် မေသက်နွယ်မှာ မြင့်နိုင်မရှိသည့်အတွက် ပို၍သတိရမိလေသည်။ ကျောင်းမတက်ပဲ အိပ်ယာထဲတွင် ခွေနေသည်ကို တွေ့ရသော ဒေါ်သင်းဝေမှာ သမီးဖြစ်သူနားလာပြီး ကျောကလေးကို သပ်ကာ ....

"သမီး .... နေမကောင်းဘူးလားဟင် .... ဒီနေ့ သမီးရဲ့မွေးနေ့မဟုတ်လား .... ဘာပြုလို့ သူငယ်ချင်းတွေနဲ့ လျှောက်မလည်သလဲ သမီးရယ်"

"သမီးနေကောင်းပါတယ် မာမီ ... ဘယ်မှ သွားချင်စိတ်မရှိပါဘူး ... အော်ဒါနဲ့ မာမီစာပို့သမားများ လာသေးသလားဟင် ..... ကိုမြင့်နိုင်တို့များ သမီးမွေးနေ့အတွက် စာမပြောနဲ့ ကတ်ကလေးတောင်မပို့ဘူး .... မေ့နေပြီထင်တယ် မာမီရယ် ..... "

"အော် .... သမီးရယ် .... သူ့ခမျာ အလုပ်များနေလို့ဖြစ်မှာပေါ့ .... မောင်မြင့်နိုင်ဟာ မေ့လွယ်တတ်တဲ့အစားထဲက မဟုတ်ပါဘူးကွယ်၊ ကဲ .... သမီးဒါတွေတွေးမနေပါနဲ့ကွယ်၊ ဘယ်မှ မသွားချင်ယင်လဲ တစ်မှေးလောက် အိပ်လိုက်အုံးနော် ...."

"ဟုတ်ကဲ့ မာမီ .... သမီး ခဏလောက် အိပ်လိုက်အုံးမယ်၊ စာပို့သမားလာရင် နှိုးပါနော် .... အခု (၁၂) နာရီခွဲနေပြီ (၁)နာရီလောက်ဆိုရင် စာပို့သမားလာမှပဲ မာမီ ...."

"အေးပါ ... မာမီ နှိုးပါ့မယ်" ဟုပြောကာ အခန်းတွင်းမှ ထွက်သွားလေ၏။



မေသက်နွယ်မှာ အိပ်မပျော်နိုင်ပဲ .... မြင့်နိုင်အကြောင်းကိုသာ တွေးတောနေလေသည်။ သူမ၏မွေးနေ့တိုင်း ချစ်သူနှင့်ပျော်ရွှင်စွာ လျှောက်လည်ပုံကို ပြန်ပြောင်း တွေးတောရာမှ ယခုမွေးနေ့တွင် ချစ်သူနှင့် ဝေးကွာနေသဖြင့် ဝမ်းနည်းနေလေသည်။ တောင်တွေးမြောက်တွေးနှင့် အိပ်မပျော်နိုင်ပဲ ဖြစ်နေရာမှ အောက်ထပ်မှ ကားဆိုက်သံကြားပြီး မိခင်ဖြစ်သူ၏ စကားပြောသံကိုပါ ကြားရသဖြင့် တစ်ခြားစည်သည်ထင်မှတ်ကာ အောက်ထပ်သို့မဆင်းပဲနေသည်။ တစ်အောင့်မျှကြာသောအခါ မေသက်နွယ်၏ အခန်းတံခါးကို တစ်စုံတစ်ယောက်လာခေါက်သည့်အတွက် အိပ်ယာပေါ်မှ ကမန်းကတန်းထပြီး အပေါက်ဝသို့ ထွက်လာရာ ရေတပ်မတော် စစ်ဝတ်စုံနှင့် မေသက်နွယ်အား ပြုံးကာရပ်ကြည့်နေသော မြင့်နိုင်ကိုတွေ့ရသဖြင့် မေသက်နွယ်မှာ ဝမ်းသာအားရဖြစ်သွားကာ "မောင်" ဟုခေါ်ရင်း မြင့်နိုင်ရင်ခွင်တွင်းသို့ ပြေးဝင်လိုက်လေ၏။ မြင့်နိုင်လည်း မေသက်နွယ်အား ပြန်လည်ဖက်ထားလိုက်ပြီး မျက်နှာကလေးကို ဆွဲမော့လိုက်ကာ နဖူးကိုအသာငုံ့နမ်းလျက် ....

"မင်္ဂလာရှိသော မွေးနေ့ပါ အသက် ... ဟင် ... ကြည့်စမ်းပါအုံး .... အသက်ဘာပြုလို့ မျက်ရည်ကျရတာလဲ၊ မောင့်ကို ဘာမကျေနပ်လို့လဲကွယ်" ဟု မေးရင်း လက်ကိုင်ပုဝါထုတ်ကာ မျက်ရည်ကို သုတ်ပေးနေလေ၏။

မေသက်နွယ်လည်း မျက်ရည်အကြားမှ မြင့်နိုင်အားပြုံးပြလိုက်ပြီး ....

"စောစောကတော့ အသက်မွေးနေ့မှာ မောင်နဲ့တကွဲစီဖြစ်နေလို့ မောင့်ကို သတိရလို့ လွမ်းတာနဲ့ ငိုနေမိတယ်၊ အခုတော့ မမျှော်လင့်ပဲ မောင့်ကိုတွေ့ရလို့ ဝမ်းသာပြီး မျက်ရည်ကျမိတယ် ...." ကလေးငယ်ပမာပြောနေသဖြင့် မြင့်နိုင်လည်း အားရပါးရရယ်လိုက်ကာ ....

"အောင်မယ်လေး .... ဖြစ်ရလေ အသက်ရယ် .... မျက် ရည်တွေ မနုမြောဘူးလား .... အသက်မျက်ရည်ကလဲ ဝမ်းသာလဲကျ၊ ဝမ်းနည်းလဲ ကျရသလားကွယ်၊ ကဲ .... တိတ်တော့နော်၊ မောင်လေ အမှန်တော့ သဘက်ခါမှပြန်ရမှာ၊ မောင်တို့သင်တန်းက ဗိုလ်မှူးက သိပ်သဘောကောင်းတာ၊ သူ့ကို မောင်တောင်းပန်ပြီး တစ်ရက်စောပြန်ခဲ့ရတာ၊ မောင့် အသက်ကလေးရဲ့ မွေးနေ့အမှတ်အောင်လဲ မနဲကြိုးစားရတယ်၊ မနက်ကပြန်ရောက်ရောက်ချင်း၊ သန်လျက်စွန်း ရတနာပုံစခန်းမှာ အလုပ်တန်းဝင်ရတယ်၊ ဒီတစ်ရက်တော့ ခွင့်တောင်းပြီး လာခဲ့တာပဲ၊ ကဲ ... အသက်မျက်စိခဏမှိတ်ထားလိုက်စမ်း ...."

မေသက်နွယ်လည်း မြင့်နိုင်ခိုင်းသည့်အတိုင်း မျက်စိမှိတ်ထားလေသည်။ မြင့်နိုင်မှာ ဘောင်းဘီအိတ်ထဲမှ ဘူးကလေးတစ်ခုကို ထုတ်ယူလိုက်ပြီးနောက် အထဲမှ ' မြ ' ဘယက်ကလေးကို မေသက်နွယ်၏ လည်ပင်းတွင်ဆွဲပေးရင်း ....

"ကဲ ... မျက်စိပြန်ဖွင့်တော့ မှန်ထဲမှာကြည့်စမ်းအသက် "

မေသက်နွယ်မှာ အခန်းထဲဝင်ကာ မှန်တင်ခုံရှေ့တွင် ရပ်



ကြည့်ပြီး ဝမ်းသာစွာနှင့် -

"ဟာ .... လှလိုက်တာမောင်ရယ်၊ အရည်အသွေးသိပ်ကောင်းတာပဲ၊ မောင် ..... ဘယ်ဆိုင်က ဝယ်လာတာလဲဟင် ...."

"ဒါ ဆိုင်ကဝယ်တာမဟုတ်ဘူး၊ အသက်ရဲ့ မွေးနေ့မှာ ပေးဘို့အတွက် မောင့်ပထမဆုံးရတဲ့လခနဲ့ မိုးကုတ်က မောင့်သူငယ်ချင်းဆီမှာ လက်ရွေးစင်စပယ်ရှယ်မှာလုပ်ခိုင်းထားတာ၊ အသက်ကြိုက်တာကို တွေ့ရလို့ မောင်ဝမ်းသာလိုက်တာ အသက်ရယ်" ဟု ပြောနေသဖြင့် မေသက်နွယ်လည်း မြင့်နိုင်နားလာရပ်ကာ ....

"ကဲ .... မောင်လဲ ခရီးပမ်းလာတယ် .... အောက်သွားကြို့၊ အသက်လဲ ဒီမနက်မောင့်ကို လွမ်းနေတာနဲ့ ဘာမှဟုတ်တိပတ်တီမစားရသေးဘူး၊ အခုမှပဲ ဆာမှန်းသိတော့တယ်၊ လက်ဖတင်နင်ကြီးက အခုလို ရေတပ်အဝတ်အစားနဲ့ဆိုတော့ ကြည့်ရတာသိပ်ကျက်သရေရှိတာပဲ၊ ခန့်လဲခန့်၊ ချောကလဲချောတော့ ဒါပဲနော် 'ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်' ဖြစ်နေလို့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်ပြီး အသက်ကျန်ရစ်ဖြစ်နေအုံးမယ် .... "

မြင့်နိုင်မှာ အားရပါးရ ရယ်လိုက်ပြီး မေသက်နွယ်၏နဖူးကလေးကို အသာကလေးထုလိုက်ကာ ....

"ကိုယ်ထင်ရင် ကုတင်ရွေနန်းပေါ့ အသက်ရယ် .... မောင်ဟာ အရုပ်ဆိုးပါတယ်၊ အသက်က ချစ်တဲ့မျက်စိနဲ့ ကြည့်လို့ပါ၊ ကပ္ပလီတွေ တောင်ကြည့်ပါလား ရိုးရိုးမျက်စိနဲ့ ကြည့်ရင် အရုပ်

ဆိုးပေမဲ့ ဟော ... သူတို့ချစ်သူရဲ့အမြင်မှာတော့ နှုတ်ခမ်းထူထူ တွဲတွဲကြီးကိုပဲ ကြည့်ရတာ ချစ်စရာကောင်းနေတာပေါ့၊ အသက်ထင်သလို မောင်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် မဟုတ်ပါဘူး၊ ဟောဒီ အသက်လေးကြိုက်တဲ့ ပိတောက်ခိုင်ပါ" ဟု ပြောလိုက်သဖြင့် မေသက်နွယ်လည်း မြင့်နိုင်ဖြေပုံကို သဘောကျကာ ... ရယ်မောမိလေ၏။

"လာ .... အောက်သွားကြစို့၊ ဗိုလ်ပိတောက်ခိုင်ကြီးရယ်" ဟု မေသက်နွယ်က ပြောလိုက်သဖြင့် နှစ်ယောက်သားရယ်မောကာ အောက်ထပ်သို့ဆင်းလာကြလေသည်။

"တွေ့လား .... မောင်မြင့်နိုင်လာမှပဲ သမီးကလေးလဲ ပျော်နေတော့တာပဲ၊ သူ့ခမျာ တော်တော်ချစ်ရာတယ် ...."

"အို .... မသင်းကလဲ မသိချင်ယောင်ဆောင်နေစမ်းပါ... တော်တော်ကြာ သမီးကလေးရှက်နေပါအုံးမယ် ... မောင်မြင့်နိုင်ကို သမီးချစ်နေတာမဆန်းပါဘူးကွယ် ... ဒီသူငယ်ကလေးကကိုယ်တို့ မျက်စိအောက်မှာ ကြီးလာတာပဲ၊ ပညာရော အကျင့်စာရိတ္တ ဘက်မှာရော ပြောစရာမရှိဘူး .... ယောကျ်ားလဲ ပီသတယ်၊ ငါ့သမီးကိုလဲ သည်းခံတယ်၊ သမီးဟာ သူကိုပိုးပန်းတဲ့ သူတွေထဲက မောင်မြင့်နိုင်ကိုရွေးလိုက်တာ မှန်တယ်" ဟု ပြောနေစဉ် မေသက်နွယ်အနားရောက်လာပြီး ....

"ဒက်ဒီ .... ဒီမှာကြည့်စမ်းပါအုံး ... သမီးမွေးနေ့အတွက် ကိုမြင့်နိုင် လက်ဆောင်ပေးတာ မလှဘူးလားဟင် ...."

"ဟာ ... လှတာပေါ့ ...သမီးနဲ့သိပ်လိုက်တာပဲ .... ကဲ မောင်မြင့်နိုင်က လက်ဆောင်ပေးပြီးပြီ၊ ဒီတော့ သမီးက ဘာပြန်



ပေးမလဲ"

"ကိုမြင့်နိုင်က မြဘယက်ကလေး လက်ဆောင်ပေးလို့ သမီးက သူ့ကိုသုံးနာရီခွဲပွဲ ရုပ်ရှင်ပြခိုင်းမလို့" ဟုပြောလိုက်သဖြင့် ကလေးလုံးက ဝိုင်းရယ်ကြလေ၏။

ဒေါ်သင်းဝေက ....

"မောင်မြင့်နိုင် .... ဒီကောင်မလေးကို သိပ်အလိုမလိုက်နဲ့နော်၊ ဆိုးရင်ဆုံးမပါ" ဟု ပြောလိုက်သည်ကို မြင့်နိုင် ပြန်မဖြေခင် မေသက်နွယ်က ....

"အောင်မယ် .... သမီး ကိုမြင့်နိုင်အပေါ်မှာ အရမ်းမဆိုးပါဘူး မာမီရယ် .... သမီးကလိမ္မာပြီးသားပါ၊ ကိုမြင့်နိုင်ကိုသာ သမီးကဆုံးမရမှာပါ မာမီရယ်"

"ဟုတ်ပါတယ်အန်တီရယ် .... သူက ကျွန်တော့်အစ်မကြီးလေ ... ကျွန်တော်က သူ့စကားကို အမြဲနားထောင်နေရတယ်"

မြင့်နိုင်၏ စကားကြောင့် မေသက်နွယ်က ....

"ကဲ ... ဒီလိုဆို နားထောင်လား၊ နားမထောင်ဘူးလား သိရအောင်၊ လာ .... ကော်ဖီသောက်မယ် .... ပြီးရင် ရုပ်ရှင်သွားကြည့်မယ်၊ ပြန်လာရင် နွယ်တို့အိမ်မှာ ညစာစားပြီးမှ ပြန်ရမယ်ဒါပဲ ...." ဟု ပြောလိုက်သဖြင့် မြင့်နိုင်က ခြေနှစ်ဖက်စုရုပ်ကာ ခါးကိုညွတ်လိုက်ပြီး ....

"ကောင်းပါပြီခင်ဗျာ၊ အစ်မကြီးရဲ့ အမိန့်တော်မြတ်အတိုင်းပါပဲ" ဟု ပြောလိုက်သည့်အတွက် ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့လည်း ရယ်မောကြလေ၏။

မေသက်နွယ်နှင့် မြင့်နိုင်တို့နှစ်ဦးလည်း ကော်ဖီသောက်ပြီး

သည်နှင့် မြင့်နိုင်၏ လင့်ရိုဗာကားနှင့်ပင် ရုပ်ရှင်သို့ ထွက်လာကြလေသည်။ မသက်နွယ်လည်း ဖြူစင်သော စစ်ဝတ်စုံနှင့် ပဏ္ဍာရနေသော ချစ်သူအားကြည့်၍အားမရနိုင်အောင် ရှိနေလေ၏။ စိတ်ထဲ တွင်လည်း အပျော်ကြီး ပျော်နေမိသည်၊ ချစ်သူနှစ်ဦးသည် သင်တန်းရက်အတွင်း ခွဲနေခဲ့ကြရသည့်အချိန်အတွက် အတိုးချကာ တစ်ဦးကိုတစ်ဦး ကြင်နာစွာဖြင့် စကားပြောမဆုံး ဖြစ်နေကြလေ၏။

× × ×

နေ့ကိုလစား၊ လကိုနှစ်စားကာ အချိန်လည်းတဖြည်းဖြည်း ကုန်လာခဲ့ရာ (၁၉၅၅) ခုနှစ်သို့ ရောက်လာလေ၏။ မြင့်နိုင်သည် အလုပ်ကြိုးစားရုံသာမက လုပ်ရည်ကိုင်ရည်ထက်မြက်မှုကြောင့် ဒု–လက်ဖတင်နှင်ဘဝမှ လက်ဖတင်နှင်အဆင့်သို့ပင် တိုးမြှင့်လာလေ၏။ မသက်နွယ်လည်း ဆရာဝန်ဘွဲ့ကို ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သဖြင့် ချစ်သူနှစ်ဦးမှာ ပျော်တပြုံးပြုံးနှင့် မော်မဆုံးဖြစ်နေ၏။ ဦးမျိုးဇင်မှာ သမီးဖြစ်သူ ဆရာဝန်ဘွဲ့ရသည့် အတွက် ဝမ်းသာသည့်အထိမ်းအမှတ်ဖြင့် ဂုဏ်ပြုပွဲကလေး တစ်ခုကျင်းပပေးလေသည်။

လူငယ်များ လွတ်လွတ်လပ်လပ် ပျော်နိုင်အောင် ဒေါ်သင်းဝေကိုခေါ်ပြီးလျှင် မြင့်နိုင်အိမ်သို့သွားနေလေ၏။ မသက်နွယ်လည်း ရင်းနှီးသော မိန်းကလေး (၁၀)ယောက်လောက်သာ ဖိတ်ကြွေးလေသည်။ မြင့်နိုင်အားလည်း ရုံးဆင်းပြီးချိန်တွင် လာရန်



တယ်လီဖုန်းနှင့် အကြောင်းကြားထားလေ၏။

ညနေ(၄)နာရီလောက်တွင် မသက်နွယ်တို့သူငယ်ချင်း တစ်စုလည်း ပျော်ရွှင်စွာစကားပြောလိုက်၊ ဓါတ်ပြားဖွင့်လိုက်၊ မသက်နွယ်အား စနှယားတီးခိုင်းလိုက်နှင့် ဆူညံစွာပျော်ရွှင်နေကြလေ၏။ မမေလှက ဝင်းဝဘက်သို့ တစ်မျှော်မျှော်ဖြစ်နေသော မသက်နွယ်အား ....

"နွယ်ရယ် ... မောင်တော်ကို ဒီလောက်တောင်လဲ မျှော်မနေပါနဲ့ကွယ်...လည်ပင်းကလေးရှည်ထွက်လာလို့ ပဒေါင်းအမျိုးသမီးကလေးနဲ့ တူသွားအုံးမယ်" ဟု ပြောလိုက်သဖြင့် သူငယ်ချင်းတစ်စုလည်း တစ်ယောက်တစ်ပေါက် ဝိုင်းစနေကြလေ၏။

မသက်နွယ်က ....

"ကိုမြင့်နိုင်နဲ့ နွယ်တို့နှစ်ဦးဟာ မင်းတို့ထင်သလို မဟုတ်ပါဘူးကွယ် .... မောင်နှမအရင်းလို သန့်သန့်ရှင်းရှင်းနဲ့ ခင်မင်နေကြတာပါကွယ်" ဟုငြင်းကွယ်နေသည့်အတွက် မမေလှက ...

"နွယ်ရယ် ...ငြင်းမနေစမ်းပါနဲ့၊ မျက်လုံးကိုကြည့်လိုက်တာနဲ့ ဘယ်လိုအချစ်မျိုးဆိုတာ သိနိုင်ပါတယ်ကွာ"ဟု ပြောလိုက်သည့်အား လုံးက လက်ခုပ်လက်ဝါးတီးကြကာ...

"ဟုတ်တယ် ... အချစ်ပါရဂူဆရာမကြီး ဒေါ်မေမေလှပြောတာ မှန်တယ်"ဟု ဝိုင်းထောက်ခံကြသဖြင့် မသက်နွယ်လည်း ရှက်ကိုးရှက်ကန်း ဖြစ်နေလေ၏။ တင်တင်အေးက ...

"ကဲ ... နွယ်က ... ကိုမြင့်နိုင်ကို အစ်ကိုတစ်ယောက်လို ခင်မင်နေတာပါလို့ ပြောတယ်နော် .... ကောင်းပြီ ကိုမြင့်နိုင်ကို

ကိုယ်တို့လူသိုက်ကတော့ ကိုမြင့်နိုင်လိုလူစားကို မငြင်းပါဘူး၊ သူကြိုက်တဲ့သူကိုသာ ခေါင်းခေါက်ယူပါစေ၊ ကိုယ်တို့ လက်ခံပါမယ်"ဟု ပြောလိုက်သဖြင့် မေသက်နွယ်မှာ မျက်နှာကလေး တစ်မျိုးဖြစ်သွားကာ မျက်ရည်ကလေးများပင် လည်လာမိလေ၏။

အားလုံးက မေသက်နွယ်ကိုကြည့်ကာ သဘောကျသဖြင့် ဝိုင်းရယ်နေစဉ် မြင့်နိုင်ရောက်လာလေ၏။ မြင့်နိုင်မှာ မျက်ရည်သုတ်နေသော မေသက်နွယ်ကို တွေ့ရသဖြင့် စိုးရိမ်စွာနှင့် ...

"ဟင် ... အသက်ဘာဖြစ်လို့လဲ"ဟု မေးလိုက်တော့မှ မေသက်နွယ်လည်း ချက်ချင်းပြုံးလိုက်ကာ ....

"ဘာမှမဖြစ်ပါဘူး၊ နွယ့်ကို အားလုံးဝိုင်းစ ... နေကြတယ်" ဟု ပြောသောအခါ မေမေလှက ....

"တိုင်တစ်လုံး သုံးမတ် မဝယ်နိုင် ပြန်သွား"ဟု စလိုက်ရာ မေသက်နွယ်က မေမေလှကျောပြင်ကို တအုံးအုံးနှင့်ထုလိုက်လေ၏။

တင်တင်အေးကတဖန် ...

"ငိုရီ ငိုရီ ဆန်တစ်ပြည် ငိုမဲ့ငိုမဲ့ဆန်တစ်ခွက်"ဟု စနေပြန်သဖြင့် မြင့်နိုင်က ...

"ဘာဖြစ်နေကြတာလဲ... နွယ်ကလဲခင်လို့စတာ ဘာဖြစ်လို့ မျက်ရည်ကျတာလဲကွယ်" ဟု မေသက်နွယ်အနားတွင် သွားထိုင်လိုက်ကာ ပြောသဖြင့် လူစိုက ...



"တခြားဟာကိုစရင် ဒီလောက်ဖြစ်မှာမဟုတ်ဘူး၊ ကိုမြင့်နိုင်နဲ့ သူနဲ့မေတ္တာရှိနေတာကိုဝန်မခံပဲ၊ ရိုးရိုးခင်တာပါပြောလို့ ဟောဟိုအမိုက ကိုမြင့်နိုင်ကို သူနဲ့ပေးစားဖို့ အောင်သွယ်ခိုင်းလို့ နွယ်မျက်ရည်ထွက်လာတာပါ"ဟု တင်တင်အေးကို လက်ညိုးထိုးပြီးပြောလိုက်သဖြင့် ...

တင်တင်အေးက ...

"အောင်မယ် ... ကိုယ့်အတွက် တောင်းတာမဟုတ်ပါဘူး၊ အားလုံးအတွက်ပါ၊ ယူ ကိုယ့်ကိုနာမည်မဖျက်ပါနဲ့ကွာ"ဟု ပြောသည်ကို မြင့်နိုင်က ...

"ဟုတ်သားပဲ နွယ်ကလဲ ကိုယ့်သူငယ်ချင်း အရင်းတွေပဲ၊ မှန်တာကို ဝန်ခံလိုက်ပေါ့၊တစ်နေ့မသိ တစ်နေ့သိမှာပဲ" ဟု ပြောလိုက်တော့မှ ....

"ဒါမှ ... ဒို့ဗိုလ်ကြီးမြင့်နိုင်ကွ ... မှန်တာကို သတ္တိရှိရှိပြောရဲတယ်၊ ဗိုလ်ကတော်လောင်းက အမှန်ကို မပြောရဲဝန်မခံရဲဘူး" ဟုလူစီကဖောက်လိုက်ရာ မေသက်နွယ်လည်း ရှက်ကိုး ရှက်ကန်းဖြစ်သွားကာ အားလုံးကိုလိုက်ထုနေသဖြင့် ဆူညံသွားလေတော့၏။ (၅) နာရီထိုးသောအခါ ဝိုင်းဖွဲ့၍ တစ်ယောက်တစ်ခွန်းထိုင်စကားပြောနေကြပြီး ပျော်ရွှင်စွာစားသောက်နေကြလေ၏။ စားသောက်ပြီးသောအခါ မေမေလှကထ၍ ...

"ကဲ ... အလှူဒါယိကာမလေး မေသက်နွယ် .... ယခုလို သူငယ်ချင်းတွေကို ဖိတ်ကျွေးတာ ကျေးဇူးတင်ဝမ်းသာပါတယ်၊

ဒါကြောင့်လဲ ကျမက ယခုကြွလာကြတဲ့ သူတွေရဲ့ကိုယ်စား ဒေါက်တာ မေသက်နွယ်တစ်ယောက် အလုပ်အကိုင်တိုးတက်ပြီး ချစ်သူနဲ့ခလုတ်မထိ ဆူးမငြိပဲ မြန်မြန်ဆန်ဆန် ပေါင်းရပါစေသားလို့ ဆုတောင်းမေတ္တာပို့သပါတယ်၊ နောက်တစ်ချက်က အလွန်တရာမှ ရက်ကြောက်တတ်တဲ့ နွယ်ဟာ ...ဒီနေ့မှ ကိုမြင့်နိုင်ကို သူ့ကြင်ယာလောင်းဖြစ်ကြောင်း ဘွင်းဘွင်းကြီးဖွင့်ပြော လိုက်တဲ့အတွက် ကျမတို့ကလဲ ကိုမြင့်နိုင်ကို ဒေါက်တာပူပူနွေးနွေး မေသက်နွယ်ကလေးရဲ့ ကြင်ဘက်သက်နဲ့အဖြစ် အသိအမှတ်ပြုကြရမယ်၊ ကျမတို့အားလုံးဟာ နွယ်ရဲ့သူငယ်ချင်းအရင်းအချာတွေ ဖြစ်တယ်၊ တနွယ်ငင် တဇင်ပါဆိုသလိုပဲ .... တနည်းအားဖြင့် ကိုမြင့်နိုင်ရဲ့ မိတ်ဆွေရင်းတွေဆိုလဲ မမှားပါဘူး၊ဒါကြောင့် နွယ့်ကို ရော ကိုမြင့်နိုင်ကိုပါ ပြောချင်တာရှိပါတယ်၊ နွယ့်ကွယ်ရာမှာ ကိုမြင့်နိုင်တစ်ယောက် တခြားမိန်းကလေးတွေနဲ့ ရင်းရင်းနှီးနှီး အရောတဝင်နေတာကိုတွေ့ရင် ကုတ်ဆွဲပြီးနွယ် ရှေ့တော်မှောက် အရောက်လာပို့ပေးပါ့မယ်၊ ပြီးတော့ နွယ့်ကို တခြားယောကျ်ားလေးတွေက ရိသဲ့သဲ့လုပ်ရင်လဲ ကျမတို့ကာကွယ်ပေးမယ်၊ စောင့်ရှောက်ပေးပါမယ်ဆိုတာ ကိုမြင့်နိုင်စိတ်ချပါ၊ ဒါကြောင့် ကိုမြင့်နိုင်နဲ့ နွယ်တို့နှစ်ယောက်ကို ချစ်သူနှစ်ဦးအဖြစ်နဲ့ အသိအမှတ်ပြုထားပြီမို့ ကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ စုံတွဲသီချင်းတစ်ပုဒ်လောက် ဆိုတီးပြပါဆိုတာကို တောင်းပန်ပါရစေ"

မေမေလှ၏ စကားဆုံးသည်နှင့် အားလုံးလက်ခုတ်ဝိုင်းတီးကာ ထောက်ခံကြလေ၏။ မေသက်နွယ်က ရှက်နေသဖြင့်



တင်တင်အေးနှင့် မေမေလှက အတင်းဆွဲပြီး စန္ဒယားခုံနားသို့ ပို့ပေးကြလေ၏။

မြင့်နိုင်လည်းစန္ဒယားခုံနားသို့လာရပ်ပြီး မေသက်နွယ်အားကြည့်လိုက်ရာ မေသက်နွယ်က ရှက်ပြုံးကလေးပြုံးရင်း "မောင်က သိပ်ကျေနပ်နေတယ်ပေါ့လေ ... နွယ့်မှာတော့ ရှက်လို့ မျက်နှာဘယ်လိုထားရမယ်မှန်းတောင် မသိတော့ဘူး"

"အော် .... အသက်ရယ် .... မောင်ကအလှူ့ရှင်မှန်းသိအောင် မဏ္ဍာပ်တိုင်တက်ပြရတာပေါ့ ... အဲဒီတော့မှ တခါထဲကြော်ငြာပြီးသားဖြစ်သွားတာပေါ့"

"တော်စမ်းပါ မောင်ရယ်၊ အခုလဲ သူတို့ရှေ့မှာ မောင်နဲ့သီချင်းတွဲဆိုရမှာ ရှက်စရာကြီး" ဟု မေသက်နွယ်က ပြောနေစဉ် မေမေလှက မြင့်နိုင်နှင့်မေသက်နွယ်တို့ တီးတိုးစကားပြောနေကာသို့ လှမ်းကြည့်လိုက်ပြီး ... "အားလုံးပြေးဖို့သာ ပြင်ထားကြနော် ... နွယ်ကသူ့မောင်တော်နဲ့တိုင်ပင်ပြီး ကိုယ်တို့လူသိုက်ကို ရိုက်ထုတ်ဖို့ တိုးတိုးတိုးတိုးနဲ့ ကြံစည်နေကြတယ်" ဟု ပြောလိုက်သည်ကို မြင်နိုင်က ....

"မဟုတ်ပါဘူးဗျာ .... နွယ်ကသီချင်းတွဲဆိုရမှာကို ရှက်နေလို့တဲ့"

"ဘာရမလဲဆရာ .... ကဲ .... ကျမပဲတောင်းဆိုပါ့မယ်၊ လက်ဦးတို့စုံတွဲ 'သက်ဝေ'သီချင်းဆိုပြပါ" ဟု ရင်ရင်က ထပြောလိုက်ရာအားလုံးက ဝိုင်းထောက်ခံကြလေ၏။

"မြင့်နိုင်နှင့်မေသက်နွယ်တို့မှာလည်း ငြင်းဆန်၍ရမည်

မဟုတ်တော့မှန်းသိရသဖြင့် သူငယ်ချင်းများ အကြိုက်ကိုလိုက်လျောရလေတော့၏။

ည(၉)နာရီလောက်မှာင် မေသက်နွယ်၏သူငယ်ချင်းများ ပြန်သွားကြလေ၏။ မြင့်နိုင်နှင့် မေသက်နွယ်လည်း ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့ ပြန်မရောက်သေးသည့်အတွက် ခြံထဲတွင်ကုလားထိုင်တစ်လုံးစီနှင့် ထိုင်၍စကားပြောနေကြလေ၏။

"အသက် .... မောင်အလုပ်ဝင်တုန်းက (၃)နှစ်အတွင်းလက်မထပ်ပါဘူးလို့ စာချုပ်လက်မှတ် ထိုးထားတာ ဒီနေ့စေ့သွားပြီ၊ အသက်လဲ ဆရာဝန်ဖြစ်ပြီ၊ ဒီတော့လက်ထပ်ဖို့ မောင်ဘယ်လောက်စောင့်ရအုံးမှာလဲ .... ဟင်"

"မောင့်ကတိအတိုင်းဆိုရင်တော့ အသက်ဆရာဝန်ဖြစ်ပြီး (၃) နှစ်နေမှ လက်ထပ်ရမှာပဲ၊ ဒီတော့ အခု အသက်အောင်ပြီးတာနဲ့ နိုင်ငံခြားကို တစ်ခါတည်းသွားပြီး မျက်စိရောဂါပညာကို ဆက်လေ့လာသင်ယူချင်သေးတယ်၊ အဲဒါ မောင်ခွင့်ပြုမယ်ဆိုရင် ရှေ့လထဲမှာ အစီအစဉ်လုပ်ချင်တယ်၊ အသက်က မောင်နဲ့လက်မထပ်ခင်မှာ သွားချင်တယ်၊ လက်ထပ်ပြီးမှတော့လည်း မောင့်ကို မခွဲချင်တော့ဘူး၊ အသက်လေ .... မောင့်ရဲ့ဆန္ဒကို သိပ်ဖြည့်ပေးချင်တာပဲ၊ ဒါပေမဲ့ တစ်ဖက်က ကိုယ့်တိုင်းပြည်အတွက် အကျိုးပြုစေမဲ့ပညာကိုလည်း ဆက်ပြီးဆည်းပူးချင်သေးတယ်၊ လက်မထပ်ခင် တောင်တန်းဒေသမှာ သွားပြီးအလုပ်လုပ်ချင်သေးတယ် မောင်ရယ် ...."

မြင့်နိုင်မှာ မေသက်နွယ်၏လက်ကလေးကို ဆွဲကိုင်လှုပ်



လိုက်ရင်း ....

"အသက်ရယ် .... မောင်နဲ့လက်ထပ်ပြီးရင်လဲ အလုပ်ကိုဆက်လုပ်နိုင်သားပဲ" ဟုပြောလိုက်ရာ မေသက်နွယ်လည်း ချစ်သူအားအသနားခံသောမျက်နှာကလေးဖြင့်ကြည့်ကာ ....

"မောင်ရယ် .... မောင် ဟိုတုန်းကပေးခဲ့တဲ့ကတိကိုဖျက်ချင်ပြီလားမောင်၊ အသက်ကတော့ ဒီဆရာဝန်ပညာကိုသင်ပြီး လွတ်လွတ်လပ်လပ်ဘဝနဲ့ တိုင်းပြည်နဲ့လူမျိုးအတွက်ကို ရာခိုင်နှုန်းပြည့် လုပ်အားပေးချင်သေးတယ်၊ မောင်နဲ့လက်ထပ်ပြီးရင် အသက်အနေနဲ့ ကိုယ့်လင်သားကိုပြုစုဘို့ မယားဝတ္တရားကိုကျေပွန်အောင်ထမ်းဆောင်ဘို့ အချိန်ပေးရမှာမို့ အခုလိုလွတ်လပ်တဲ့ဘဝလောက် အလုပ်ကိုအချိန်ပြည့်ရာခိုင်နှုန်းပြည့် တာဝန်ကိုထမ်းဆောင်နိုင်မှာ မဟုတ်လို့ပါ၊ ဒါ့ကြောင့် အချိန်ရခိုက်မှာ နိုင်ငံခြားကိုသွားပြီး ပညာဆက်သင်ချင်လို့ မောင့်ဆီကခွင့်တောင်းတာပါ၊ ဘယ့်နဲ့လဲ .... အသက်ကို သွားခွင့်ပြုမှာလား မောင် ...."

မြင့်နိုင်မှာ သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အင်းလေ ... အသက်က တိုင်းပြည်နဲ့လူမျိုးအတွက်တောင်းဆိုနေတော့ စစ်သားတစ်ယောက်ဖြစ်တဲ့ မောင်က လိုက်လျောရမှာပေါ့လေ၊ အသက်သွားရင် အစိုးရပညာတော်သင်အဖြစ်နဲ့သွားမှာလား ...."

"ဟင့်အင်း .... ဒုက်ဒီက အစိုးရပညာတော်သင်အဖြစ်နဲ့သွားရင်စာချုပ်လဲချုပ်ရမယ်၊ ကိုယ့်ကို ရွေးမရွေးဆိုတာလဲမပြောနိုင်ဘူး၊ ဒါကြောင့် ကိုယ့်စရိတ်နဲ့ကိုယ်ပဲ သွားရမယ်တဲ့"

"အသက်ရယ် .... မောင်တော့လေ အမှန်အတိုင်းပြောရရင် အသက်ကို တစ်မြို့တစ်ရွာနိုင်ငံရပ်ခြားကို တစ်ယောက်ထဲ မလွှတ်ချင်ဘူး၊ မောင်သင်တန်းသွားတက်ခဲ့တဲ့ အချိန်အတွင်းမှာ အသက်ကို ခွဲသွားရတာတောင်လွမ်းလှပြီ၊ ဒါကြောင့် ရိုးရိုးတန်းတန်းပဲ အလုပ်ဝင်လုပ်ချင်လုပ်ပါလား၊ အသက်အလုပ်မလုပ်လဲ မောင်က အသက်ကို တင့်တောင့်တင့်တယ်ထားနိုင်ပါတယ် အသက်ရယ်"

"မောင်က အသက်ကို တစ်ခြိုကွယ်ရင် တစ်မယ်မေ့မယ် များအောက်မေ့လို့ စိတ်မချဖြစ်နေတာလားဟင်"

"မဟုတ်ပါဘူး အသက်ရယ်၊ အသက်ကိုမောင်ယုံကြည်ပါတယ်၊အသက်သစ္စာဖောက်မှာကို စိတ်မချဖြစ်နေတာမဟုတ်ပါဘူး၊ အသက်နဲ့မောင် မြန်မာပြည်အတွင်းမှာ တစ်ယောက်နဲ့တစ်ယောက်တစ်နေရာစီ ခွဲနေရတာတောင် ဘယ်လောက်စိတ်ပင်ပန်းကြရသလဲ၊ ခုတော့ ရေခြားမြေခြား တိုင်းတစ်ပါးမှာ တစ်ယောက်တစ်ကွဲစီ ခွဲနေကြရမယ်ဆိုတော့ မောင်တို့ဘယ်လောက်စိတ်ပင်ပန်းကြရမလဲဆိုတာ အသက်ပဲ တွေးကြည့်စမ်းပါအုံး"

"မောင်လွမ်းသလို အသက်လဲလွမ်းနေမှာပါ မောင်ရယ်၊ ဒါပေမဲ့ (၃) နှစ်လောက် သည်းခံပြီးစောင့်နိုင်ရင် စောင့်ပါအုံးလား မောင်ရယ်၊ အသက်ကတော့ လန်ဒန်မှာ ပညာသွားသင်ချင်သေးတယ်၊ ဒါပေမဲ့ မောင်သဘောမတူဘူးဆိုရင်လဲ အသက်မသွားတော့ပါဘူး၊ သွားဖို့မသွားဖို့ မနက်ကျမှ ဒက်ဒီကို အကြောင်းပြန်ရမှာ၊ ဒီတော့ မောင်ပဲဆုံးဖြတ်ပါ"ဟု ပြောလိုက်သဖြင့် မြင့်နိုင်းညည်း မေသက်နွယ်အားကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချ



လိုက်ကာ ...

"အသက်စိတ်ထဲမှာ အရမ်းသွားချင်နေလားဟင်"

"ဒါကတော့ မောင်ရယ် .... အသက် အစကတည်းက ဆရာဝန်ဖြစ်ရင် မျက်စိရောဂါပညာကို အထူး ကျွမ်းကျင်တဲ့သူဖြစ်အောင် ကြိုးစားမယ်လို့ ရည်ရွယ်ထားခဲ့တာပဲမဟုတ်လား မောင်"

"ကောင်းပြီလေ ...အသက်သိပ်သွားချင်တဲ့ ဆန္ဒရှိနေတော့ မောင်မဖျက်ချင်ပါဘူး၊ မောင်လက်ထပ်ဖို့လောတာကို စိတ်မဆိုးပါနဲ့၊မောင့်ကိုလဲ အမေရိကန်က 'အနာပိုလစ်မြို့' (Annapolis) မှာရေတပ်အုပ်ချုပ်ရေးနဲ့ပတ်သက်ပြီး လေ့လာဖို့လွှတ်မယ်လို့ပြောတယ်၊ အသက်နဲ့ရှေ့ဆင့်နောက်ဆင့် ဖြစ်မှာပါပဲ၊ မောင်ကအသက်နဲ့မခွဲချင်သေးလို့ နိုင်ငံခြားကို မသွားချင်သေးဘူးလို့ ပြောထားတာ၊ အခုတော့ အသက်လဲသွားမယ်ဆိုတော့ မောင်လဲသွားမယ်လို့ မောင့်ဗိုလ်မှူးကို ပြန်ပြောလိုက်တော့မယ်"ဟု မျက်နှာညှိုးငယ်စွာဖြင့်ပြောနေသဖြင့် မေသက်နွယ်မှာလည်း ချစ်သူကိုကြည့်ကာ စိတ်မကောင်းဖြစ်သွားပြီး ကုလားထိုင်ကို မြင့်နိုင်အနားသို့ရွှေ့ပြီး ထိုင်လိုက်ကာ လက်မောင်းကို လက်တစ်ဖက်မှ ဆုတ်ကိုင်၍ ကျန်လက်တစ်ဖက်ဖြင့် မြင့်နိုင်၏မျက်နှာကို သူမဘက်ဆွဲလှည့်လိုက်ပြီး ...

"မောင်သဘောမတူရင် အသက်မသွားတော့ပါဘူးလို့ ပြောထားပြီးပြီပဲ၊ ဘာလို့မျက်နှာမကောင်းဖြစ်သွားရတာလဲဟင်၊ လောကမှာ အသက်အတွက် အရေးအကြီးဆုံးက မောင့်မေတ္တာနဲ့စေတနာတွေပါပဲမောင်ရယ်... မောင်ဘာမှ စိတ်ညစ်မနေနဲ့နော်၊

မနက်ကျရင် ဒက်ဒီကိုပြောလိုက်မယ်၊ အသက်မသွားချင်တော့ဘူးလို့၊ မောင်လက်ထပ်ချင်လဲပြောလေ၊ အသက် ဒက်ဒီကိုပူဆာလိုက်မယ်"

မေသက်နွယ်၏စကားကို ကြားရတော့မှ မြင့်နိုင်မှာ သူ့အလိုကိုလိုက်လျောသော ချစ်သူ့အား သနားသွားပြီး စောစောကညှိုးငယ်နေသော မျက်နှာကို ချက်ချင်းပြင်လိုက်ပြီး ကျွန်ုပ်ဆည်လိုက်ကာ ရယ်မောပြီး ....

"လိမ္မာလိုက်တာ အသက်ကလေးရယ်၊ မောင်က အသက်ရဲ့စိတ်ကိုသိချင်လို့ တမင်တကာမေးနေတာပါ၊ အခုလို မောင့်သဘောကို လိုက်လျောပြီးပြောတာကြားရတော့ မောင်သိပ်ဝမ်းသာပါတယ် အသက်ရယ်၊ အသက်ရဲ့ စိတ်ကူးယဉ်ကလေးတွေကို မောင်အကောင်အထည်ဖော်ပြပြီးခဲ့လို့ မောင့်စိတ်ကူးယဉ်ချက်ကလေးတွေကိုလဲ အသက်ကအကောင်အထည်ဖော်တာ နောက်ဆုံးအဆင့်ကိုရောက်တော့မယ်ဆိုတာကိုတွေ့ရတော့ မောင်ကျေနပ်မိပါတယ်အသက်၊ အသက်သွားမယ်ဆိုရင် (၂) နှစ် လောက်ကြာမှာပဲ၊ မောင်လဲအမေရိကန်ကို အသွားရောအပြန်ရော အသက်ရှိတဲ့မြို့ကိုဝင်လာမယ်၊ အဲဒီတော့မှ မောင်တို့ ပျော်ပျော်ကြီးလျှောက်လည်ကြတာပေါ့၊လက်မထပ်ခင် အရင် "ပျားရည်ဆမ်းကြတာပေါ့နော်"

"ဟင်...မောင်ပြောတဲ့စကားကလဲ အသက်နားရှုပ်လိုက်တာ"

"အော် ... အသက်အလဲ လက်မထပ်ခင် ပျားရည်းဆမ်းခရီး (ဟန်းနီးမွန်း)ထွက်မှာကိုပြောတာပါ" ဟုပြောလိုက်မှ မေသက်နွယ်



လည်းရယ်မောမိလေ၏

"ကဲ .... မောင်၊ဒက်ဒီကိုမနက်ကျရင် နိုင်ငံခြားသွားဘို့ကိစ္စကိုဆောင်ရွက်ခိုင်းလိုက်တော့မယ်နော်"

"ကောင်းပါပြီ၊ အသက်ရယ် မြန်မြန်သွားမှ မြန်မြန်ပြန်လာနိုင်မှာ ...."ဟု ပြောနေစဉ် ဦးမျိုးဇင်တို့ ပြန်ရောက်လာကြသဖြင့် မြင့်နိုင်လည်း သန်လျက်စွန်းသို့ ပြန်သွားလေသည်။

× × ×

မြင့်နိုင်မှာ ချစ်သူအား အလိုလိုက်ကာ နိုင်ငံခြားသို့ စေလွှတ်ရမည်ဖြစ်သော်လည်း စိတ်မကောင်းဖြစ်နေလေ၏။ မေသက်နွယ်နှင့်တွေ့သောအခါဟန်ဆောင်ပြီး ပြုံးပြုံးရွှင်ရွှင်နေသော်လည်း သန်လျက်စွန်းအရာရှိရိပ်သာသို့ပြန်ရောက်တိုင်း စိတ်မကောင်းဖြစ်ကာ သူငယ်ချင်းဖြစ်သူဗိုလ်ကြီးမောင်မောင်အား ဖွင့်ဟညည်းညူမိလေသည်။ မောင်မောင်မှာမြင့်နိုင့်နှင့် ကျောင်းနေစဉ်ကတည်းက အစစအရာရာ တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်သည်။ မြင့်နိုင် ရေတပ်ထဲဝင်သည်နှင့် မောင်မောင်လည်း ၄င်းမိဘပိုင်သစ်စက်တွင် အလုပ်မလုပ်တော့ပဲ ရေတပ်ထဲလိုက်ဝင်လေသည်။ မြင့်နိုင်မှာ မောင်မောင်ထက်အသက်ငယ်သော်လည်း ပညာဉာဏ်ထက်မြက်သဖြင့် မောင်မောင့်အား စာအမြဲပြပေးသည်။ မောင်မောင်မှာ မြင့်နိုင်နောက်မှ ရေတပ်ထဲဝင်သည့်အတွက် အလုပ်ဝတ္တရားထမ်းရွက်ချိန်တွင် မြင့်နိုင်အား ရိသေစွာဆက်ဆံပြီး အလုပ်ပြင်ပအချိန်

တွင် ငယ်စဉ်ကလိုပင် ခင်မင်ရင်းနှီးစွာနေကြလေသည်။ မြင့်နိုင်သည် မေသက်နွယ်နှင့်သူ၏အကြောင်းများကို မောင်မောင်အားအမြဲပြောပြတိုင်ပင်လေ့ရှိ၏။ယခုလည်း မြင့်နိုင်ပြောသမျှကို မြင့်နိုင်နေရာမှ စဉ်စားကြည့်သောအခါ မြင့်နိုင်အယူအဆ မှန်နေသော်လည်း မေသက်နွယ်နေရာမှ စဉ်စားကြည့်ပါက မေသက်နွယ်၏ယူဆပုံ မှန်နေကြောင်းတွေ့ရပြန်သဖြင့် အကြံဉာဏ်ပေးရန် အခက်ကြုံနေသည်။

မေသက်နွယ်အနေနှင့်လည်း မြင့်နိုင်ကိုမချစ်၍မဟုတ်၊သူမငယ်စဉ်ကပင် ရည်ရွယ်ထားသောအစီအစဉ်အတိုင်း လုပ်ကိုင်ခြင်းသာဖြစ်သည်။ရည်ရွယ်ချက်ပြင်းပြသော်လည်း ချစ်သူမြင့်နိုင်က မသွားစေချင်လျှင် သူမ၏ရည်ရွယ်ချက်ကို စွန့်လွှတ်ရန် အသင့်ဖြစ်ကြောင်းကိုလည်း အတိအလင်း ထုတ်ဖော်ပြောပြီးဖြစ်သည်။ မြင့်နိုင်ကလည်း တစ်ကိုယ်ကောင်းမဆန်ချင်သဖြင့် မေသက်နွယ်အားမတားမြစ်လိုပေ။ မချိသောနှလုံးကို အပြုံးနှင့်ဟန်ဆောင်ကာမျိုသိပ်ထားရလေသည်။မောင်မောင်လည်း ၄င်းတို့အကြောင်းကို စဉ်စားရင်း ချာလပတ်လည်နေသဖြင့် ....

"မြင့်နိုင်ရာ .... မင်းတို့နှစ်ယောက်စလုံးဟာ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ရုံသာမကဘူး၊တစ်ယောက်အလိုကိုလည်း တစ်ယောက်ကလိုက်တယ်၊တစ်ယောက်အပေါ်လည်း တစ်ယောက်ကညှာနေတယ်၊ အခုကိစ္စကိုကြည့်လိုက်ရင် နှစ်ယောက်စလုံးက တစ်ယောက်အလိုကို တစ်ယောက်ကလိုက်ဘို့အသင့်ပဲ၊ ဒါကြောင့် တစ်ယောက်ယောက်ကတော့ အလျှော့ပေးရမယ်၊ အလျှော့ပေးတဲ့



နေရာမှာလည်း မသိမသာပေးရမှာ၊ ဒီတော့ မင်းဆုံးဖြတ်ဘို့ကမင်းက ဒီကိစ္စကို အလျှော့ပေးမှာလား အနိုင်ယူမှာလား"

"ကိုမောင်မောင် ကျွန်တော်ညက တစ်ညလုံးစဉ်းစားတယ်၊ အသက်အလိုကိုပဲ လိုက်လျောမယ်လို့၊ ဒါကြောင့်လဲ ကျွန်တော်သူ့ကိုပြောမိတာပဲ၊ ကျွန်တော့်စိတ်ထဲက ခံစားချက်တွေ မသိရအောင်လဲ ကျွန်တော်နေခဲ့ပါတယ်"

"အေးဗျာ .... ခင်ဗျားကို ကျွန်တော်ချီးမွမ်းပါတယ်၊ နွယ်ကလဲ ခင်ဗျားကိုအတော်ချစ်ရာတာပဲဗျာ .... ခင်ဗျားထက်သာတဲ့လူတွေကိုတောင် သူ့စိတ်ကူးထဲတောင်မထည့်ဘူး၊ သစ္စာလဲရှိတယ်၊ သူ့စိတ်ထဲမှာ ဒီလောကကြီးထဲ ချစ်ရမဲ့သူက ခင်ဗျားတစ်ယောက်တည်းရှိတယ်လို့ထင်နေတာ"

"ဟုတ်တယ် ကိုမောင်မောင် .... ကျွန်တော်လဲငယ်ငယ်ကလေး ဘဝကချစ်လာရတဲ့ အချစ်ဦး ဖြစ်နေလို့ အစစအရာရာမှာသူ့စိတ် ကြိုက်နေထိုင်လာခဲ့တာပဲ"

"ကဲ ... ဒီလိုဆိုရင်လဲ ပို့မဲ့ပို့ကူးတို့ရောက်အောင်သာပို့ပေတော့ ကိုမြင့်နိုင်ကလေးရယ်"ဟုပြောလိုက်လေသည်။

× × ×

မေသက်နွယ်မှာ နိုင်ငံခြားသွားရန်အတွက် အလုပ်များနေလေသည်။ တကယ်သွားရမည်ဆိုသောအခါ ချစ်သူအားမခွဲနိုင်ပဲရှိနေသည်။ မြင့်နိုင်နှင့်တွေ့သည့်အခါတိုင်း သွားမည့်ကိစ္စကို ဖျက်လိုက်ရန် စိတ်ကူးပေါက်မိလေသည်။သူမအလိုကိုလိုက်လျောသော

မြင့်နိုင်အား ပို၍သနားမိသည်။ မနေ့က မြင့်နိုင်နှင့် စကားပြောနေစဉ် သူမက မြင့်နိုင်အားလက်ထပ်ရန် နောက်ထပ် (၃) နှစ်လိုသေးကြောင်းပြောစဉ်အခါက မျက်နှာမကောင်းဖြစ်သွားသော မြင့်နိုင်ကို ပြန်လည်မြင်ယောင်မိကာ စိတ်မကောင်းဖြစ်သွားသည်။ ယနေ့လဲ မြင့်နိုင်အား တစ်နေကုန်အောင်စောင့်နေသော်လည်း မပေါ်လာသဖြင့် သူမအားစိတ်ဆိုးသွားပြီထင်ကာ စိုးရိမ်ပူပန်နေသည်။

ညနေ (၆)နာရီခွဲသည့်အထိ မြင့်နိုင်မပေါ်လာပေ၊မေသက်နွယ်မှာ တစ်ညနေလုံး ခြံထဲတွင်ထိုင်ကာ မှိုင်နေသည်။ ဒေါ်ချစ်ကထမင်းစားရန်ခေါ်သော်လည်း မလာသည့်အတွက် ဒေါ်သင်း ဝေကိုယ်တိုင် ခြံထဲဆင်းလာကာ သမီးဖြစ်သူအနားတွင်ထိုင်ရင်း ...

"သမီး .... မာမီမေ့နေလိုက်တာကွယ်၊နေ့လည်ကမောင်မြင့်နိုင်ဖုန်းဆက်တယ်၊ သူပင်လယ်ဘက်ကို သွားစရာရှိလို့ ဒီညနေမလာနိုင်တဲ့အကြောင်း သမီးကိုပြောပေးပါတဲ့၊သမီးအပြင်ကပြန်လာလာချင်း မာမီပြောမလို့ မေ့နေတယ်၊စောစောကသတိရတော့လဲ သမီးအိပ်နေတာတွေ့တော့မှ မာမီသတိရတယ်ကွယ်၊ ကဲ... လာ သမီး ထမင်းရအောင်"

"ဟင့်အင်း မာမီ .... သမီးမစားချင်သေးဘူး"

"သမီးရယ် .... အလကားစိတ်ညစ်မခံပါနဲ့ မောင်မြင့်နိုင် အလုပ်မအားလို့ မလာနိုင်တာပဲကွယ် .... သမီးစိတ်ကောက်နေရင် သူဘယ်စိတ်ကောင်းမလဲကွယ်"

"မာမီ .... သမီးစိတ်ကောက်တာမဟုတ်ပါဘူး၊ သူဒီမနက် ပင်လယ်ဘက်သွားရမှာကို ညကသမီးကိုဘာမှမပြောဘူး၊ သမီးတွေးနေတာက သူ သမီးကိုများ စိတ်ခုသွားသလားလို့ပါ"

"သမီးကလဲ မောင်မြင့်နိုင်က သမီးကို ဘာကြောင့်စိတ်ခုရမှာလဲကွဲ့ သူခများ သမီးစိတ်ကြိုက်ကို အတော်လိုက်သားပဲ"

"မာမီရယ် ... သူကသဘောကောင်းလွန်းလို့ခက်နေတာပေါ့၊ ကိုမြင့်နိုင်လိုလူစားတော့ သမီးတစ်သက်မှာတွေ့တော့မှာမဟုတ်ပါဘူး၊ ယောကျ်ားလဲပီသတယ်၊ ကိုယ်ကျင့်တရားလဲမြင့်မြတ်တယ်၊အကျင့်စာရိတ္တရော အနေအထိုင်ရော တကယ်တော်တယ်၊ သမီးနဲ့ဆက်ဆံတဲ့အခါမှာလဲ ဘာမှအခွင့်အရေးမယူရှာဘူး၊ သမီးစိတ်ကြိုက်အတိုင်း လိုက်နေတာပဲ"

"အင်း .... မောင်မြင့်နိုင်လိုသူငယ်မျိုးကတော့ ရှာမှရှားပဲ၊ အော် .... ဒါနဲ့ သမီးတို့ ဘယ်အချိန်ကတည်းက မေတ္တာမျှနေခဲ့ကြတာလဲ၊ သမီးတို့နေတာထိုင်တာက သိပ်သည်းတော့ မာမီဖြင့်အကဲခတ်လို့တောင် မရခဲ့ပါဘူး"

"မန္တလေးကိုပြောင်းရတဲ့နှစ်က သူသမီးကိုမေတ္တာရှိကြောင်းဖွင့်ပြောခဲ့တယ်၊ သမီးက ပညာသင်နေတုန်း ဒါမျိုးတွေမပြောရဘူးဆိုတော့ သမီးစကားကို နားထောင်ပြီးထပ်မပြောတော့ဘူး၊နောက်အနှစ်ကယ်ဦးအောင်သန်းဆုံးတော့ သူလဲစိတ်ဓာတ်အတော်ကျပြီး သူ့အခြေအနေနဲ့ သမီးနဲ့မတန်တော့ဘူးဆိုပြီး သူပြောထားတဲ့စကားကို ပြန်ရုတ်သိမ်းဖို့ပြောတော့ သမီးလည်း သူ့ကိုသနားသွားပြီး မေတ္တာတုန့်ပြန်မိတယ်၊ ကိုမြင့်နိုင်ဟာလေ မမျှော်လင့်ပဲ သမီးကသူ့ကို မေတ္တာရှိကြောင်းကြားရတော့ သိပ်ဝမ်းသာ သွားရှာတယ်၊ သမီးကလည်း ကတိတွေတောင်းခဲ့လို့ သူ့ခမျာ ကြည်

ကြည်ဖြူဖြူနဲ့ပေးခဲ့ရာတယ်၊ ဒီနေရာမှာ သမီးသူ့ကို ချီးမွမ်းမိခဲ့တယ်၊ ဘာပြုလို့လဲဆိုတော့ သူပေးထားတဲ့ ဂဟတိအတိုင်းနေထိုင်ခဲ့တာ သိရလို့ပဲ၊ ဒါကြောင့်မို့ သမီးဟာ တစ်နေ့ တစ်ခြားသူ့ကို ချစ်ခင်လေးစားလာတာပဲ၊ အခုဆိုရင် (၅) နှစ်ရှိလာပြီ၊ မနေ့က သူကမေးတယ် မာမီရဲ့၊ သမီး သူ့ကိုဘယ်တော့ လက်ထပ်မှာလဲတဲ့၊ သမီးကလဲ သူ့ကို ကတိပေးတားတဲ့ နှစ်စေ့မှ လက်ထပ်မယ်လို့ ပြန်ပြောတော့ သူက စကားနာထိုးတာလား မသိပါဘူး မာမီရယ်၊ သမီးက စောင့်ဆိုရင်စောင့်ပါ့မယ်တဲ့၊ နောက်ဆုံး လူအိုရုံရောက်တဲ့အထိ စောင့်ပါ့မယ်တဲ့၊ ဒီနေ့ တစ်နေ့ လုံး ပေါ်မလာ ပုံ ထောက်တော့ သမီးကို စိတ်ဆိုးသွားပြီလားဆိုပြီး စိတ်မကောင်းဖြစ်နေမိတာပါ မာမီရယ် ....”

“အင်း .... ဒီလိုဆိုတော့လဲ မောင်မြင့်နိုင်ဟာ သနားစရာပါပဲကွယ် .... သမီး သူ့မေတ္တာကို လက်ခံတုန်းက ဘယ်လိုကတိမျိုးတောင်းခဲ့လို့လဲကွယ် .... မာမီကို ပြောပြပါအုံးလား”ဟု ဒေါ်သင်းဝေက မေးလိုက်သည့်အတွက် မေသက်နွယ်လည်း မြင့်နိုင်ထံမှ တောင်းခဲ့သော ကတိ(၄)ချက်ကို ပြန်လည်ပြောပြလိုက်လေသည်။ မေသက်နွယ်၏စကားဆုံးသည်နှင့် ဒေါ်သင်းဝေက သက်ပြင်းတစ်ချက်ချကာ ....

“အင်း .... ငါ့သမီးကလဲ ဒီလောက်တောင်တုတ်နှောင်မထားပါနဲ့ကွယ် .... သူ့ခမျာ သမီးကိုမေတ္တာရှိရှာလွန်းလို့သာ သမီးစိတ်ကြိုက်လိုက်ခဲ့တာပဲ၊ သမီးနိုင်ခြားမသွားခင် လက်ထပ်လိုက်ပါလား”



ဒေါ်သင်းဝေစကားကြောင့် မေသက်နွယ် ရုတ်ပြုံးကလေးပြုံးလိုက်ပြီး ...

“မာမီကလဲ .... သမီးအပျိုဘဝနဲ့ပညာသင်ချင်တယ် .... တော်တော်ကြာကိုယ်ဝန်ကြီးနဲ့ နိုင်ငံခြားသွားရမှာ ရုက်စရာကြီး၊ သမီးတို့ ကောလိပ်မှာတောင် ကိုယ်ဝန်ဆောင်မိန်းမတွေ ဗိုက်ကြီးတကားကားနဲ့ ကျောင်းလာတက်တာ သမီးမျက်စိထဲ ကြည့်ရတာ တစ်မျိုးပဲ .... ဒါကြောင့် သမီးသူ့ကို နိုင်ငံခြားက ပြန်လာတော့မှ လက်ထပ်နိုင်မယ်လို့ ပြောတာပေါ့ မာမီရဲ့”

“အင်းလေ .... သမီးစိမ်ကိန်းကလဲ တယ်ကြီးတာကိုးကွဲ၊ ဒါနဲ့ မာမီမေးပါရစေအုံး၊ သမီး မောင်မြင့်နိုင်ကို တကယ်ချစ်တယ်မဟုတ်လား”

“မေးမှမေးရက်ပလေတယ် မာမီရယ် .... သမီးတစ်သက်မှာ ကိုမြင့်နိုင်ကလွဲရင် ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး၊ ဘာပြုလို့မေးတာလဲဟင်”

“အော် .... မာမီကစိတ်ပူလို့ပါ၊ တော်ကြာ မောင်မြင့်နိုင်က မစောင့်နိုင်လို့ တခြားမိန်းကလေးကိုယူသွားရင်သမီးဘယ်နဲ့ လုပ်မလဲ”

ဒေါ်သင်းဝေ၏ ပြောစကားကိုကြားရသော မေသက်နွယ်မှာ စိတ်တုန်လှုပ်ချောက်ချားသွားသဖြင့် မိခင်ဖြစ်သူ၏ ပေါင်ပေါ်သို့ မျက်နှာအပ်ပြီး ....

“မာမီရယ် ... တကယ်လို့များ အခုပြောသလို ဖြစ်သွားရင် သမီးတော့ ဒီလောကမှာ မနေတော့ဘူး၊ ကိုယ့် ကိုယ်ကိုသတ်သေ

လိုက်မှာပဲ၊ သမီးစိတ်ညစ်တော့ မခံနိုင်ဘူးမာမီ"ဟုမျက်ရည်လည်ကာ ပြောနေသဖြင့် ဒေါသင်းဝေလည်း သမီးဖြစ်သူအား ဆွဲထူလိုက်ပြီး ....

"ကဲပါ သမီးရယ် ... မောင်မြင့်နိုင် သမီးကို စိတ်မဆိုးပါဘူး၊ သူအလုပ်မအားလို့ မလာတာပေါ့၊ သမီးအပေါ်မှာ သူဘယ်တော့မှ မဖောက်ပြန်ဘူးဆိုတာ မာမီသိပါတယ်၊ ကဲ သမီးထမင်းစားလိုက်အုံးနော်၊ သူပြန်ရောက်ရင် သမီးဆီလာမှာပေါ့၊ သမီးဒီလောက်တောင်မှ မခွဲနိုင်ရင် နိုင်ငံခြားကို ဘယ်လိုလုပ်သွားမှာလဲ"

"သမီးက မလွဲသာလို့သာ သွားရမှာ၊ ခွဲတော့ဘယ်ခွဲနေချင်ပါ့မလဲမာမီရယ်"ဟု ပြောနေသဖြင့် ဒေါသင်းဝေလည်း သမီးဖြစ်သူအား ချော့မော့ကာ အိမ်ထဲသို့ ခေါ်သွားလေတော့၏။

မေသက်နွယ်မှာ မိခင်ဖြစ်သူ စိတ်မကောင်းဖြစ်မည်ကို စိုးသဖြင့် ထမင်းမစားချင်ပဲ ဟန်လုပ်စားကာ အိပ်ယာထဲသို့ အစောကြီးဝင်လေ၏။ စောစောက မိခင်ပြောသကဲ့သို့ ကိုမြင့်နိုင် တခြားမိန်းကလေးတစ်ယောက်ကိုသာ ယူလိုက်ပါက သူမမည်ကဲ့သို့ ခံစားရမည်ကို တွေးတောရင်း မအိပ်နိုင်ပဲ ဖြစ်နေလေသည်။

မေသက်နွယ်လည်း တစ်ညလုံး အိပ်မပျော်နိုင်ပဲ မနက်မိုးလင်းကာနီးမှ မှေးကနဲ အိပ်ပျော်သွားသဖြင့် နောက်တစ်နေ့ နံနက် (၈)နာရီထိုးကာနီးမှ နိုးလာလေ၏။ မျက်နှာသစ်ပြီးနောက်ကော်ဖီသောက်ရန် အောက်ထပ်သို့ဆင်းလာရာ ဧည့်ခန်းတွင် မိခင်ဖြစ်သူနှင့် ထိုင်စကားပြောနေသော ကိုမြင့်နိုင်ကိုတွေ့ရသဖြင့် အိမ်ပေါ်ထပ်သို့ ပြန်လှည့်တက်သွားလေ၏။ဒေါသင်းဝေနှင့် မြင့်နိုင်လည်း



မေသက်နွယ် ပြန်တက်သွားသည်ကို တွေ့လိုက်ရသဖြင့် ဒေါသင်းဝေက ရယ်မောရင်း ....

"ကဲ .... အဲဒါသာကြည့်ပေတော့ မောင်မြင့်နိုင်ရေ .... သမီးဟာ မင်းအပေါ်မှာ ကလေးတစ်ယောက်လိုပဲ အခုလဲ စိတ်ကောက်နေလေရဲ့၊ မနေ့ကလဲ တစ်နေ့လုံး ဘာမှမစားဘူး၊မင်းစိတ်ဆိုးသွားတယ်ဆိုပြီး တစ်နေ့လုံး တဖွဖွပြောနေတာ၊ကဲ...အန်တီအပြင်သွားစရာရှိလို့ မင်းနှမကို မင်းပဲဖြေရှင်းပြလိုက်ပါကွယ်၊ အန်တီက မင်း အလုပ်များနေလို့မလာဖြစ်တာပါလို့ ပြောတာကိုမယုံဘူးလေ"

"ကျွန်တော် အကျိုးအကြောင်း ရှင်းပြလိုက်ပါ့မယ် အန်တီ" ဟုပြောရင်း မြင့်နိုင်က အိမ်ပေါ်ထပ်သို့ တက်လာခဲ့လေ၏။

အိမ်ပေါ်ထပ်သို့ရောက်သောအခါ ပြူတင်းပေါက်ဝနားရပ်ကာ ခြံထဲသို့ငေးနေသော မေသက်နွယ်အား တွေ့ရသဖြင့်အနားသို့ သွားရပ်ကာ ပခုံးလေးကိုကိုင်ရင်း ....

"အသက် ... မောင့်ကို စိတ်ကောက်နေသလားဟင်၊ မောင်လဲ မနေ့က တပ်ထဲရောက်ရောက်ချင်း ပင်လယ်ဘက်မှာ မောင်တို့တပ်က မော်တော်တစ်စင်းမြုပ်တယ်လို့ သတင်းရလို့ ချက်ချင်းပဲဗိုလ်မှူးတွေနဲ့ လိုက်သွားရလို့အသက်ဆိမလာနိုင်တာပါ၊ကိုယ်တိုင်လာပြောဖို့အချိန်မရလို့ ဖုန်းဆက်လိုက်တော့ အသက်အပြင်သွားနေတယ်ဆိုလို့ အန်တီ့ကိုပဲ မှာထားခဲ့ရတယ်၊ ညက (၁၂) နာရီကျော်မှ တပ်ထဲ ပြန်ရောက်ကြတယ်၊ ရောက်ရောက်ချင်း အသက်ဆီ ဖုန်းဆက်ဖို့စိတ်ကူးသေးတယ်၊ညကြီးသန်းခေါင် အန်ကယ်တို့ကို အားနာတာနဲ့ မဆက်တာ၊ ဒါကြောင့် အခုမနက်အစောကြီးထ

လာခဲ့တာ၊ မောင် (၆) နာရီမထိုးခင်ကတည်းက ရောက်နေတာ၊ အန်တီက အသက်ကို နှိုးအုံးမလို့၊ ညက အသက်တစ်ညလုံးမအိပ်ဘူးလို့ အန်တီက ပြောတာနဲ့ မောင်လဲ မနှိုးခိုင်းတော့ဘူး၊ မောင်ရောက်တော့ အန်တီက ကော်ဖီတိုက်သေးတယ်၊ မောင်ကအသက်နဲ့မှ နှစ်ယောက်အတူသောက်မယ်လို့ ပြောထားပြီး မသောက်သေးတာ၊ မနေ့ကလဲ ညစာငတ်တယ်၊ အခုလဲ ကော်ဖီအတူတူသောက်မဲ့သူက စိတ်ကောက်နေတော့ မောင် .... လာဘက်ရည်ဆိုင်မှာပဲ သွားသောက်ရတော့မှာပေါ့လေ၊ အစကတော့ အသက်တို့အိမ်မှာပဲ ထမင်းပါစားမလားလို့ စိတ်ကူးလာတာ၊ တပ်မှာတောင် ပြောထားခဲ့ပြီ၊ ဒီနေ့ မနက်စာရော ညစာပါ အပြင်မှာစားမယ်လို့ .... အခုပုံဆိုရင် ထမင်းဆိုင်ပဲ ပြေးရမှာပဲထင်တယ်၊ စကားပြောပါအုံးလား အသက်ရဲ့ ... အသက်နိုင်ငံခြားမသွားခင် မောင်နဲ့အတူနေရတဲ့ အချိန်လေးမှာ စိတ်ကောက်ပြီး စကားမပြောတော့ ကုန်သွားမဲ့ အချိန်တွေကို နှမြောမိတယ်ကွယ်၊ မောင့်ကို အသက်တကယ်ချစ်တယ်ဆိုရင် ပြုံးပြစမ်း .... မချစ်တော့ဘူးဆိုရင် မပြုံးနဲ့၊ စကားလဲ မပြောနဲ့၊ မောင်လဲပြန်တော့မယ်"ဟု ပြောလိုက်သဖြင့် မေသက်နွယ်လည်း မနေနိုင်တော့ပဲ မြင့်နိုင်၏ ရင်ခွင်တွင်းသို့အတင်းတိုးဝင်လိုက်ပြီး ....

"မောင် .... အသက်စိတ်ထဲမှာ မောင်ရက်စက်သွားမှာကို တွေးပူနေတယ်မောင်... အသက်ကိုစိတ်ဆိုးပြီးမောင်တခြားမိန်းကလေးကို လက်ထပ်သွားရင် အသက်တော့ ရင်ကွဲမှာပဲ"

"ဖြစ်မှဖြစ်ရလေ အသက်ရယ် .... ဘာပြုလို့ မဟုတ်တာ



တွေတွေးပူနေရတာလဲ၊ မောင်အလုပ်မအားလို့ မလာတာနဲ့ ထင်ရာတွေရောက်တွေးနေတာကိုး .... မောင့်အချစ်ကလေးကို ဘယ်တော့မှ မပစ်ပယ်ပါဘူးကွဲ့" ဟုပြောကာ မေသက်နွယ်၏နဖူးနှင့် ပါးကလေးကို ယုယစွာနမ်းလိုက်လေ၏။

"မောင် .... မာမီကလေ အသက်ကို မတရားဘူးတဲ့ မောင့်ကို ဒီလောက်တောင် အချိန်ဆွဲနေရင် မောင်တခြားမိန်းခလေးကို လက်ထပ်သွားလိမ့်မယ်တဲ့၊ ဒါကြောင့် အသက်စိတ်ပူသွားတာပေါ့ .... ညကတစ်ညလုံး အသက်ဒါပဲတွေးနေတယ်၊ တစ်နေ့ကလဲ မောင်ကလက်ထပ်သွားဘို့ အကြောင်းမေးတာကို အသက်တော့ လေ.. မောင့်ကို စိတ်မချလို့ နိုင်ငံခြားမသွားတော့ပဲ တစ်ခါထဲ လက်ထပ်လိုက်တော့မယ်လို့တောင် စိတ်ကူးမိသေးတယ်"

မြင့်နိုင်မှာ မေသက်နွယ်၏ စကားကြောင့် သဘောကျစွာ ရယ်မောလိုက်ရင်း ....

"အသက်ရယ် ... ကြဲကြဲဖန်ဖန်စိုးရိမ်စရာမရှိတာ တွေးပြီးစိုးရိမ်နေတာကိုး၊ ကဲ .... တွေ့ရတဲ့ပျော့ပျော့ပါးပါး နေစမ်းပါကွယ် မောင် .... အသက်ကလွဲရင် ဘယ်သူ့ကိုမှ မချစ်ပါဘူးဗျာ .... စိတ်ချစမ်းပါ" ဟု ပြောတော့မှ မေသက်နွယ်လည်း မြင့်နိုင် ရင်ခွင်ထဲမှ ထွက်၍ ....

"လာ .... အောက်သွားကြစို့မောင်"

"အင်း ... အသက်ရဲ့ မိဘတွေက တော်တော်ပညာရှိတယ် အသက်နဲ့ မောင်နဲ့ချစ်နေကြတာကို သိနေကြပေမဲ့ ဘာမှမသိသလိုပဲ နေကြတယ်နော် ....." ဟု ပြောလိုက်သည်ကို မေသက်နွယ်

က မျက်စောင်းကလေးထိုးလိုက်ကာ ....

"အောင်မယ် .... မောင်က သိပ်ပါးတာပဲ .... မာမီတို့က သူဘက်ပါမှန်းသိတော့ ပညာရှိလေး .... ဘာလေးနဲ့ .... သဘော မျှားမတူရင် ဘယ်လိုပြောမလဲမသိဘူး"

"ဒါနဲ့ .... အသက်မာမီက မောင်နဲ့ သဘောတူတာ သေချာ တယ်နော်"

"သေချာလို့ ဘာမှမကန့်ကွက်တာပေါ့ .... မောင့်အကျင့် စာရိတ္တကို ယုံကြည်စိတ်ချလို့သာ မောင်နဲ့အတူတူသွားလာတာကို ခွင့်ပြုတာပေါ့ .... ကဲ မောင်ကစ္ဆေးတက်မနေနဲ့အုံး၊ ဒါပဲနော် .... မောင် အသက်ကို ပစ်သွားရင်တော့လား အသက်ကိုယ့်ကိုယ်ကို သတ်သေလိုက်မှာပဲ"

"အသက်ရယ် .... မောင့်အသက်နဲ့ ခန္ဓာကိုယ်ဒွန်တွဲနေသ ရွေ့အသက်ကို ချစ်နေမှာပဲလို့ ပြောတယ်မဟုတ်လား အသက် မောင့်ကိုစိတ်ဆိုးရင်လဲ မောင် အသက်စိတ်မပြေမချင်း ချော့ နေမှာ ပဲ၊ ဒါကကိစ္စမရှိဘူး .... အန်တီကမောင်တို့နှစ်ယောက်အကြောင်း ကို ဖွင့်မေးတယ်ဆိုတာ သိရလို့ မောင်တော့ လူကြီးတွေနဲ့ တွေ့ရမှာ မျက်နှာပူစရာကြီးပဲ"

"တော်စမ်းပါ .... ရှက်ရမှာကအသက်ပါ .... မောင်က မျက်နှာပူစရာမလိုပါဘူး၊ ကဲပါမောင်ရယ် .... အသက်တို့နှစ် ယောက် ဘယ်သူကသစ္စာရှိတယ်၊ ဘယ်သူ့မေတ္တာကခိုင်မြဲ တယ် ဆိုတာ တစ်ဖြေးဖြေးအချိန်က ဆုံးဖြတ်ပေးမှာပေါ့ မောင် ... အခုလောလောဆယ်တော့ အချစ်အကြောင်းမသိကုံးပဲ အစားအ



ကြောင်း ပြောကြရအောင်နော်"

"ကောင်းပါပြီဗျာ ...."

ချစ်သူနှစ်ဦးမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စကားတပြောပြောနှင့် မုန့်များကို စားသောက်နေကြလေ၏။ မေသက်နွယ်က လက်ပတ်နာရီကို ကြည့်လိုက်ပြီး ....

"မောင် .... စောစောက မောင်ပြောတယ်မဟုတ်လား .... အသက်မောင့်ကို စိတ်မပြေသေးရင် ဒဏ်ပေးလို့ပြောတယ်မဟုတ် လား ... ဒါကြောင့်မောင့်ကို ဒီနေ့ ဒဏ်ပေးရလိမ့်မယ်"

"ပေးပါဗျာ .... အသက်ကြိုက်သလို ဒဏ်ပေးနိုင်ပါတယ်"

"ကဲ ... ဒီလိုဆိုရင် မောင်မနေ့ကမလာတဲ့အတွက် ဒီနေ့ မောင်ရုံးတက်ရမဲ့အချိန်အထိ အသက်နဲ့အတူတူနေရမယ် .... ရုံးတက်ခါနီးမှ အိမ်ကကားနဲ့ မောင်တို့အရာရှိရိပ်သာကို လိုက်ပို့ ပေးမယ် ...."

"မောင် ကားပါလာတယ်အသက် .... အသက်ရဲ့ ဒဏ်ပေး ချက်အတိုင်းဆိုရင် မောင်အသက်နဲ့အတူ ညအိပ်ရလိမ့်မယ် ထင်တယ်"

မေသက်နွယ်မျက်လုံးကလေးဝိုင်းပြီး ရှက်သွေးဖျန်းသွားကာ

"ဟင် .... ဘာပြုလို့လဲ မောင်"

"အသက်က မောင်ရုံးတက်ရမဲ့ အချိန်အထိ အသက်နဲ့ အတူတူနေရမယ်ဆိုတော့ မောင်ကမနက်ဖြန်နေ့လယ်မှ ရုံးတက်ရ မှာ၊ ဒီနေ့တစ်နေ့လုံးနဲ့ မနက်ဖြန်နေ့တစ်ဝက်ရက်အား ရတယ် ... ကဲဘယ့်နဲ့လဲ၊ ခုနကအမိန့်အတိုင်း နေရမလားပြောလေ"

"ဘွာ .... ဘွာ .... အခြေအနေအရ အစီအစဉ်ကို ပြန်ရုပ်သိမ်းလိုက်ပြီ ၊ မသိလို့ အမိန့်ကို အရမ်းထုတ်လိုက်မိတာပါ ဗိုလ်ကြီးရယ် .... တောင်းပန်ပါတယ်၊ ကဲ ဒီလိုဆိုရင် မောင်ညကျမှ ပြန်ရမယ်၊ အသက် ဒီနေ့အစီအစဉ်ကို ပြောမယ်၊ အခု မနက်မှာ အသက်လုပ်စရာ အလုပ်ရှိသေးတယ် .... မောင်သီချင်းဖွင့်နေပေါ့၊ မနက်စာစားပြီးရင် ထိုင်စကားပြောကြမယ် .... ညနေကျရင် ခြံထဲမှာလမ်းလျှောက်ချင်လျှောက် .... တင်းနစ်ရိုက်ချင်ရိုက် .... ညစာစောစောစားပြီး (၆) နာရီခွဲပွဲသွားကြည့်မယ် ... ရုပ်ရှင်ပြီးရင် ရေခဲမုန့်ကျွေးရမယ် .... နောက်ပြီး အသက်ကို အိမ်ပြန်ပို့ ... မောင်လည်းတပ်ထဲပြန်ပေတော့ .... ဘယ်နဲ့လဲဗိုလ်ကြီး ကျေနပ်တော်မူရဲ့လား ...."

"ဗိုလ်ကတော်လောင်းကလေး ချမှတ်တဲ့အစီအစဉ်ကို ဗိုလ်ကြီးက သဘောကျ ကျေနပ်ပါတယ်ဗျာ" ဟု ပြောလိုက်သဖြင့် မေသက်နွယ် ထိုင်ရာမှထပြီး မြင့်နိုင်၏ကျောကိုမနာအောင် လက်သီးနှင့်ထုကာ ....

"ကြည့်စမ်း .... အသားယူပြီးသူများကို ခေါ်နေလိုက်တာ"

"မဟုတ်ဘူးလား လို့ .... ကဲ ဗိုလ်ကတော်လောင်းခေါ်တာ မကြိုက်ရင် ဇနီးလောင်းလို့ခေါ်မယ်လေ .... "

"ကဲ ... အသက်လုပ်စရာတွေရှိသေးတယ်၊ မောင်အိမ်ရှေ့သွားထိုင်ပြီး တစ်ယောက်ထဲ ကြိုက်သလိုခေါ်နေပေတော့ ...." ဟု ပြောလိုက်သဖြင့် မြင့်နိုင်လည်းရယ်မောကာ အိမ်ရှေ့ထွက်သွားလေ၏။



## အခန်း ၉

မေသက်နွယ်မှာ ဖခင်ကြီး၏ စီစဉ်ပေးချက်အရ အင်္ဂလန်နိုင်ငံတွင် မျက်စိရောဂါဘက်ဆိုင်ရာပညာရပ်များကို ဆည်းပူးရန် အစိုးရထံမှ ခွင့်ပြုချက်ရသဖြင့် သွားခါနီးအလုပ်များနေလေ၏။ နိုင်ငံခြားသွားခါနီး လာနှုတ်ဆက်သောသူများကို ဧည့်ခံရသည်ကတစ်မျိုး၊ လိုအပ်သောပစ္စည်းများကို ထွက်ဝယ်ရသည်ကတစ်ဖုံ၊ ကျန်းမာရေးစစ်ဆေးရန်နှင့် ဆေးထိုးရသည်ကတစ်သွယ်နှင့် အမျိုးမျိုး အလုပ်များနေသဖြင့် ချစ်သူမြင့်နိုင်နှင့်ပင် စကားအေးအေးဆေးဆေးမပြောနိုင်ပေ။ မေသက်နွယ်မှာ အင်္ဂလန်နိုင်ငံသို့မသွားခင် တစ်ရက်အချိန်ယူပြီးချစ်သူမြင့်နိုင်နှင့်နေကာ မှာစရာရှိသည်ကို တွတ်တွတ်မှာကြားနေလေသည်။ မေသက်နွယ်မှာ မြင့်နိုင်ကို တွေ့တိုင်းငိုငိုနေသဖြင့် မြင့်နိုင်ကချော့မော့နေရလေ၏။

"မောင်ရယ် ... ဘာကြောင့်မှန်းမသိဘူးအခုလိုမောင်နဲ့ တယ်ကန်းခွဲရတော့မယ်ဆိုတော့ အသက်စိတ်ထဲမှာလေးနေ တယ်"

"အသက်ရယ် ယာယီခွဲနေရတာပဲ စိတ်ကိုဖြေမှပေါ့ကွယ်"

"ဒါပေမဲ့မောင်ရယ် ... အသက်စိတ်ထဲမှာ ဘယ်လိုဖြစ်နေမှန်း မသိဘူး .... မောင့်ကိုတွေ့တိုင်းစိတ်ထဲမှာ တစ်မျိုးကြီးပဲ ... မောင်နဲ့ အသက်ပြန်ပြီးတော့ ဆုံကြပါအုံးမလား မောင်ရယ်"

"တော်စမ်းပါ အသက်ရယ် ... နိမိတ်မရှိတဲ့ စကားတွေ မပြော စမ်းပါနဲ့" ဟု မြင့်နိုင်ကမေသက်နွယ်၏ ပါးစပ်ကိုပိတ်လိုက်သည်။ မေသက်နွယ်၏စကားကြောင့် သူ့စိတ်ထဲတွင်လည်း တစ်မျိုးဖြစ် သွားလေ၏။

× × ×

၁၉၅၆ ခု၊ အောက်တိုဘာလ (၉) ရက် ....

မင်္ဂလာဒုံလေယာဉ်ကွင်းတွင် မေသက်နွယ်အား လိုက်ပို့သူ များ ပြည့်လျှံနေလေ၏။ ချစ်သူနှစ်ဦးမှာ လူအများရှေ့တွင် ဟန်လုပ်ကာ နေကြရသော်လည်း နှစ်ဦးစလုံး၏ရင်ထဲမှခံစား နေရသော ဝေဒနာမှာ မျက်နှာပေါ်တွင်ပေါ်လွင်နေ၏။ အသံချဲ့စက်မှ လေယာဉ်ပျံထွက်ခါနီး ဖြစ်ကြောင်းကို ပြောကြားလိုက်သော လေယာဉ်မယ်၏ အသံကြောင့် မေသက်နွယ်မှာ မျက်ရည်များလည် လျက် အားလုံးကို နှုတ်ဆက်လိုက်ပြီးနောက်၊ မြင့်နိုင်အား တစ်ချက်ကြည့်ကာ အသံထွက်အောင်ပင် နှုတ်မဆက်နိုင်တော့ပဲ ချာကနဲလှည့်ထွက်သွားလေသည်။ လိုက်ပို့ သူများလည်း မျက်ရည် အကြားမှ လေယာဉ်ပေါ်သို့တက်သွားသော မေသက်နွယ်အား ကြည့်ကာ လက်ဝှေ့ရမ်းပြီး ကျန်ရစ်ခဲ့လေ၏။



မေသက်နွယ်မှာ နိုင်ငံခြားတွင် ပညာသင်ကြားရင်း ချစ်သူထံ ရောက်ရှိလာသော စာများကိုဖတ်လျှက် အလွမ်းဖြေနေရလေ၏။ သက်နွယ် အင်္ဂလန်ရောက်ပြီး (၂) နှစ်အကြာတွင် မြင့်နိုင်မှာလည်း ခွန်ပြည်သို့ အလုပ်ကိစ္စနှင့် တစ်လကြာမျှသွားရောက်ပြီးနောက် မေရိကန်ပြည်သို့ ဆက်လက်ထွက်ခွာသွားရသဖြင့် မေသက်နွယ် ထံသို့ မဝင်ရောက်နိုင်တော့ပေ။ မြင့်နိုင်မှာ အမေရိကန်ပြည် အနာ ပိုလစ်မြို့ (Annapolis) ၌ ရေတပ်သင်တန်းကျောင်း (United States Naval Academy) တွင် (၆)လကြာမျှ လေ့လာဆည်းပူး သွားရောက်ရလေသည်။

မေသက်နွယ်မှာချစ်သူမြင့်နိုင် အမေရိကန်ပြည်မှအပြန် ကိုလန်သို့ ဝင်လာမည်ဟု ကြားရကတည်းက ဝမ်းသာနေလေ၏။ မြင့်နိုင်မလာခင်ကျောင်းပိတ်ရက်အတွင်း စကော့တလန်ပြည်သို့ သွားလိုလှစ်လကြာမျှ သွားရောက်လည်ပတ်နေရာမှ စကော့တလန်မှ ပြန်ခန်သို့ပြန်ရောက်လာသောအခါသူမနေထိုင်သော အခန်း ဖော်ပါတ်ဝန်ကြီး စာထည့်သော သေတ္တာကလေးကို ဖွင့်ကြည့်လိုက် လေ၏။ တစ်လအတွင်းရောက်ရှိခဲ့သော မြင့်နိုင်ထံမှစာများ၊ သူထံမှစာများ၊ သူငယ်ချင်းများထံမှစာများမှာ စုပုံနေလေ၏။ မေသက်နွယ်မှာ တစ်လကြာမျှ မဖတ်ရသော ချစ်သူထံမှစာများကို တိုးချဲ့၍ ဖတ်လိုက်မည်ဟု စိတ်ကူးကာ ကုလားထိုင်တွင် ထိုင်မည်အပြု၊ တံခါးမှ လူခေါ်ခေါင်းလောင်းသံ ကြားရသဖြင့် သားဖွင့်ပေးသောအခါ စာပို့လုလင်တစ်ယောက် ကြေးနန်းစာ တစ်စောင်လာပို့သည်ကို တွေ့ရသည့်အတွက် နေမကောင်းနေသော ခြင်အားစိတ်ပူပန်မိပြီး တုန်ယင်စွာလက်မှတ်ထိုး၍ ကြေးနန်းကို

ကဗျာကရာ ဖေါက်ယူကြည့်လိုက်လေသည်။

မေသက်နွယ်မှာ ကြေးနန်းဖတ်လိုက်ရသည်နှင့် အသည်
နှလုံး ကြွေပြုန်းမတတ် ခံစားလိုက်ရပြီး မူးလဲမသွားအောင် သ
ထားနေရ လေ၏။ မယုံကြည်နိုင်သောစိတ်နှင့် ကြေးနန်း
နောက်ထပ်သေချာ စွာဖတ်လိုက်လေ၏။

အသက် ....

မောင်လက်ထပ်လိုက်ရပြီ၊ ကိုယ်တိုင်လာရောက်ပြော
သည့်အတွက် တစ်ပတ်ကြာလျှင်လာမည်။

အချစ်များစွာနှင့် .....
မြင့်နိုင်
၁၂ - ၁၂- ၅၈။

ဟူသော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ကြေးနန်
စာကလေးမှာ မေသက်နွယ်အကြိမ်ကြိမ် အထပ်ထပ်ဖတ်သော်
လည်း အဓိပ္ပါယ်ပြောင်းလဲ၍ မသွားပေ၊ ဖတ်ရင်းဖတ်ရင်း ရင်ထဲ
မှဆို့နင့်လာကာ "ရက်စက်လှချည်လား မောင်ရယ်" ဟု ကုလား
ဟိုင်ပေါ်မှောက်၍ ငိုကြွေးလိုက်လေ၏။

× × ×

မေသက်နွယ်မှာ မြင့်နိုင်အတွက် စိတ်သောကရောက်ကာ
တစ် ပတ်လုံးလုံးကျောင်းမတက်ပဲ အိပ်ယာထဲတွင် ခွေနေလေ၏
သူငယ်ချင်းဖြစ်သူ ဒေါက်တာမေမြရီလည်း မေသက်နွယ်ထံလာ



ရောက်နေထိုင်ကာ ချောမွေ့နေရလေ၏။ အမေရိကန်ပြည်တွင်
ရောက်နေသော ဦးမျိုးဇင်တို့ဇနီးမောင်နှံမှာ သမီးဖြစ်သူအတွက်
စိတ်ပူကာ လန်ဒန်သို့ အမြန် လိုက်လာကြလေသည်။ မေသက်နွယ်
မှာ မမျှော်လင့်ပဲ မိဘများကို တွေ့လိုက်ရသဖြင့် ဝမ်းသာဝမ်းနည်း
ဖြစ်ကာ မိခင်ဖြစ်သူ၏ရင်ခွင်တွင်းဝင်၍ ငိုကြွေးလိုက်လေ၏။
ဦးမျိုးဇင်နှင့်ဒေါ်သင်းဝေတို့မှာ သမီးဖြစ်သူအား ဖျောင်းဖျပြောဆို
နေကြရလေသည်။ မေသက်နွယ်မှာ မြင့်နိုင်အပေါ် စိတ်အနာကြီးနာ
သွားသဖြင့် မြင့်နိုင်နှင့် ပတ်သက်သော စကားကိုပင်မပြောတော့ချေ၊
မိဘနှစ်ဦးက စကားစလိုက်တိုင်း မေသက်နွယ် နားပိတ်ထား
လိုက်လေ၏။

ဦးမျိုးဇင်တို့ ရောက်ပြီး(၃)ရက်အကြာတွင် မြင့်နိုင်ရောက်လာ
လေ၏။ မေသက်နွယ်မှာ မြင့်နိုင်အား အတွေ့မခံပေ။ မြင့်နိုင်လည်း
ဦးမျိုးဇင်နှင့်သာစကားပြောပြီး ပြန်သွားရလေသည်။ ၄င်းမှာ
(၁၅)ရက်သာခွင့်ရသဖြင့် နေ့စဉ်မေသက်နွယ်ထံတွေ့ဆုံရန်
လာရောက်သော်လည်း ခွင့်ရက်ကုန်ဆုံးသည့်တိုင် မေသက်နွယ်အား
မတွေ့ရပေ။ မြင့်နိုင်မှာ အမေရိကန်ပြည်သို့ ပြန်သွားရမည့်နေ့
ရောက်သောအခါ လေယာဉ်ကွင်းမဆင်းမီ ဦးမျိုးဇင်ထံလာရောက်
နှုတ်ဆက်ပြီး ဒေါ်သင်းဝေထံခွင့်တောင်းကာ မေသက်နွယ်၏
အခန်းတွင်းသို့ဝင်သွားလေ၏။

မေသက်နွယ်မှာ အခန်းတွင်းသို့ ဝင်ရောက်လာသော မြင့်နိုင်
အားတွေ့ရသည့်အတွက် ဒေါသထွက်လာလေ၏။ အခန်းထဲမှနှင်
ထုတ်သော်လည်း ထွက်မသွားပဲ မေသက်နွယ်နားသို့လာရောက်ကာ
"အသက် .... မောင်ရှင်းပြပါရစေအုံးကွယ် .... မောင့်ကို

အသက်မကျေနပ်ရင် သတ်လိုက်ပါကွယ် .... ဒီရောက်တော့ မမမြပြောပြမှ အသက်မောင့်စာတွေ ဘာမှမဖတ်ရပဲ ကြေးနန်းစာကို သာ ဖတ်လိုက်ရတယ်ဆိုတာ သိရတော့တယ်၊ ကြေးနန်းစာတစ်စောင်ထဲနဲ့ အကြောင်းစုံမသိတဲ့အသက်ရဲ့ အမုန်းကို မောင်မခံပါရစေနဲ့ကွယ် .... မောင်ကိုယ်တိုင်ပြောချင်ရင်းချင်လို့ လာခဲ့တာပါ"

မေသက်နွယ်မှာ နားနှစ်ဘက်ကို ပိတ်လိုက်ပြီး ....

"တော် .... တော် ... ကိုမြင့်နိုင် .... ကျွန်မအခန်းထဲက အခုထွက်သွားပါ၊ ကျွန်မဘာမှနားမထောင်ချင်ဘူး၊ ရှင်းပြစရာလဲ မလိုဘူး၊ ရှင့်မျက်နှာလဲ မကြည့်ချင်ဘူး၊ ဒီတစ်သက်မှာ ရှင့်ကိုလဲ ပြန်မတွေ့ပါရစေနဲ့ .... ရှင့်လို့သစ္စာမရှိ ကတိမတည်တဲ့သူကို ကျွန်မလက်ခံ စကားမပြောနိုင်ဘူး၊ ကျွန်မကို တွေ့ဘို့ဘယ်လိုမှမကြိုးစားပါနဲ့၊ ရှင်ဟာ အိမ်ထောင်သည်တစ်ယောက်ဖြစ်နေလို့ ကျွန်မကို ဆက်သွယ်စရာမလိုတော့ပါဘူး .... အခု ချက်ချင်းအခန်းထဲက ထွက်သွားပါ၊ ကျွန်မကိုလာပြီး မနှိပ်စက်ချင်ပါနဲ့တော့၊ ကျွန်မ ဒီလောက်လက်ခံစကားပြောတာတောင်လွန်လှပြီ"

မြင့်နိုင်မှာ ထွက်မသွားသည့်အပြင် မေသက်နွယ်အနားတွင် ဖွတ်တေပေပြီးရပ်နေသဖြင့် မေသက်နွယ်လည်း မှန်တင်ခုံပေါ်ရှိ ပေါင်ဒါဘူး၊ စာအုပ်စသည်ဖြင့် တွေ့ကရာပစ္စည်းကိုဆွဲယူကာ ကောက်ပေါက်သော်လည်း ထွက်မသွားပဲ မေသက်နွယ်၏ ပခုံးကို လာကိုင်သဖြင့် မေသက်နွယ်မှာ ဘာမျှမစဉ်းစားတော့ပဲ ဒေါသဖြစ်ဖြစ်နှင့် မြင့်နိုင်၏ပါးကို ဖြန်းကနဲနေအောင် လွဲရိုက်လိုက်လေ၏။ မြင့်နိုင်မှာ စိတ် ဆိုးသည့် အမူအယာကိုမပြပဲ ကျန်ပါးတစ်ဖက်ကို တိုးပေးရင်း ....



"အသက် မကျေနပ်သေးရင် ကျန်တဲ့ပါးတစ်ဖက်ကိုပါ ရိုက်လိုက်စမ်းပါ အသက်ရယ် ..... " ဟု ကြေကွဲဆို့နှင့်သော လေသံဖြင့် ပြောလိုက်လေ၏။

မေသက်နွယ်မှာ ယခင်ကကဲ့သို့ အသားအရေစိုစိုပြည်ပြည်မရှိတော့ပဲ ပိန်နေသော မြင့်နိုင် ၊ သူမပြုသမျှကို ခံနေသော မြင့်နိုင်၊ ရှင်းလင်းခွင့်စကားပြောခွင့်ကို မျက်နှာညှိုးငယ်စွာနှင့် တောင်းခံနေသောမြင့်နိုင်ကို ကြာရှည်စွာ မကြည့်ရက်တော့ပဲ စားပွဲပေါ်တွင် မျက်နှာမှောက်ကာ ငိုချလိုက်လေ၏။ မြင့်နိုင်မှာ မေသက်နွယ်အားကြည့်ရင်းသနားသွားပြီး ရှိုက်ကြီးတစ်ငင် ငိုကြွေးနေသော ချစ်သူ၏ပခုံးကလေးကို အသာအယာကိုင်လိုက် သောအခါ မေသက်နွယ်ကဆတ်ကနဲပုတ်ချလိုက်ကာ ခေါင်းထောင် လာပြီး

"ကိုမြင့်နိုင် ... ရှင်အခုထွက်သွားပါ၊ ကျွန်မ ဒေါသသိပ်ထွက်လာရင် သတ်ပစ်လိုက်မိလိမ့်မယ်"

"သတ်ပစ်လိုက်စမ်းပါ အသက်ရယ် .... မောင်လဲသေချင်နေတာပါ၊ ဒါပေမဲ့ အသက်ကို အကြောင်းစုံရှင်းမပြရသေးသရွေ့ အသက်ဆီက ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားကို မကြားသရွေ့ မောင်မသေသေးတာပါ၊ ဒါကြောင့်လဲ အခုအသက်ကို အတင်းဖွတ်လာတွေ့တာပါ .... " ဟု ပြောရင်း မေသက်နွယ်၏ လက်ကို ဆွဲကိုင်လိုက်ရာ မေသက်နွယ်မှာ စိတ်ဆိုးစွာဖြင့် ....

"လွှတ်နော် ... ကိုမြင့်နိုင် .. ကျွန်မအသားကို လာမထိနဲ့ ပြောနေတာမရဘူးလား" ဟုပြောရင်း စားပွဲပေါ်မှ သားလီးခါးကိုယူကာ သူ့ကိုယ်သူ ထိုးလိုက်မည်အပြု မြင့်နိုင်က အတင်းပြန်လုရာမှ ခါးသွား ဖြင့် မြင့်နိုင်၏ ဘယ်ဘက်လက်မောင်းကို ရှမိသွားသဖြင့်

သွေးများဖြာကနဲထွက်လာတော့မှ မေသက်နွယ်လည်း ခါးကိုလွတ်လိုက်လေ၏။

"ကိုမြင့်နိုင် ... ကျွန်မကို ဇွတ်မလုပ်ပါနဲ့ ပြန်ပါတော့"

"မပြန်နိုင်ဘူး အသက် .... မောင်ရှင်းပြတာနားထောင်စမ်းပါ"

"အို ... နားမထောင်ချင်ဘူး၊ ကျွန်မ ရှင့်ကိုမမြင်ချင်ဘူး" ဟု ပြောရင်းခေါင်းအုံးအောက်မှာ မိန်းမကိုင်သေနတ်ကလေးကို ထုတ်ယူကာ ပြောင်းဝကို သူမရင်ဝဆီသို့ လှည့်ချိန်ထားပြီး ....

"ကဲ ... ကိုမြင့်နိုင် ... အနားကပ်မလာနဲ့နော် ... ရှေ့တစ်လှမ်းတိုးလိုက်တာနဲ့ ကျွန်မကိုယ်ကို ကျွန်မသတ်သေလိုက်မယ် ... အခု ဒီအခန်းထဲကထွက်သွားပါ"

"အသက်ရယ် .... ဒီလိုတော့မလုပ်ပါနဲ့ကွယ် ... ထွက်သွားဆိုသွားပါ့မယ်ကွယ်" ဟု ပြောကာ ချာကနဲလှည့်ထွက်သွားလေသည်။

မြင့်နိုင်လည်း ဦးမျိုးဇင်တို့အား နှုတ်ဆက်ကာ ပြန်သွားလေ၏ ၄င်း၏လက်မောင်းမှ သွေးများကို မြင်ရသဖြင့် ဦးမျိုးဇင်တို့က မေးမြန်းပြီး ဒဏ်ရာကိုဆေးထည့်ပြီးမှ ပြန်ရန်ပြောဆိုသော်လည်း လက်မခံပဲ ပြန်သွားလေ၏။

"အင်း ... တယ်လဲစိတ်ကြီးတဲ့သမီးပဲ" ဟု ဦးမျိုးဇင်မှာ ညည်းညူလိုက်သဖြင့် .....

"ဒါကတော့ရှင် .... အချစ်ကြီးတော့ အမျက်ကြီးတာပေါ့" ဟု ဒေါ်သင်းဝေက ပြောလိုက်လေ၏။

ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့မှာ လန်ဒန်မှတွင် နေထိုင်စဉ်အတွင်း သမီးဖြစ်သူ၏ တောင်းပန်ထားချက်အရ မြင့်နိုင်အကြောင်းကို လေသံမျှပင်မဟကြရပေ။ မေသက်နွယ်မှာ စိတ်ညစ်နေသော်



လည်း မိမိထံသို့ တကူးတကရောက်လာကြသော မိဘနှစ်ပါးအား ထောက်ညှာပြီး မချိသောနှလုံးကို အပြုံးနှင့် ဖုံးကာထားရလေသည်။

ဦးမျိုးဇင်တို့မြန်မာပြည်သို့ ပြန်ရောက်သောအခါ မေသက်နွယ်မှာ စိတ်အားငယ်စွာနှင့် ကျန်ရစ်ခဲ့လေ၏။ ပညာဆက်သင်ချင်စိတ် မရှိသလောက် ခံစားလိုက်ရသော်လည်း မိမိအား အစစအရာရာ အလို လိုက်ကာလိုလေသေးမရှိအောင်ထားသော မိဘ၏စေတနာကို ကျေးဇူးတုံ့ပြန်လိုသည်ကတစ်ကြောင်း၊ အချစ်ရေးတွင် ရှုံးနိမ့်သော်လည်း အများအကျိုးပြုရေးတွင် အောင်မြင်နိုင်စေရန်အတွက် မြင့်နိုင်အကြောင်းကို မစဉ်းစားတော့ပဲ ပညာကိုသာ ဖိကြိုးစားလေ၏။

ဦးမျိုးဇင်တို့၏ မေတ္တာရပ်ခံချက်အရ ဒေါက်တာမေမြရီလည်း မေသက်နွယ်နှင့်အတူ လာရောက်နေထိုင်ပေးလေ၏။

× × ×

တစ်နေ့ ဆေးရုံမှနေအိမ်သို့ ပြန်လာသောအခါ မေမြရီကဆီး၍ ...

"နွယ်ရေ ... မမကျောင်းက ပြန်လာတော့ နွယ့်အတွက်ပါဆယ်တစ်ထုပ်ရောက်လာလို့ လက်မှတ်ထိုးပြီး ယူထား လိုက်ရတယ်၊ မြန်မာပြည်ကပဲ၊ လိပ်စာတော့ သေသေချာချာ တပ်မထားဘူး၊ နွယ့်အိမ်ကဖြစ်မှာပဲ" ဟုပြောရင်း အထုပ်ပြားကလေးတစ်ခုလှမ်းပေးလိုက်သည်နှင့် မေသက်နွယ်လည်း ကမန်းကတန်းဖောက်ကြည့်လေရာ ဓာတ်ပြားနှစ်ချပ်ထွက် လာလေ၏။ မေသက်နွယ်မှာ မျက်မှောင်ကလေး တစ်ချက်ကြုတ်လိုက်ပြီး ဓာတ်ပြားအမည်ကို

ဖတ်ကြည်လိုက်သောအခါ စန္ဒယားချစ်ဆွေနှင့် ထားတို့သီဆိုသော "မုန်းအဆက်ဆက်မရှယ်"နှင့် ဝင်းဦးသီဆိုသော "ပိတောက်ရိပ်ဝယ်" ဟု ဖတ်လိုက်ရသဖြင့် မြင့်နိုင်ထံမှ ပို့လိုက်မှန်းသိ သည်နှင့် တစ်ပြိုင်နက် ဒေါသထွက်လာကာ ....

"လူပါးဝလိုက်ကာ သူ့ဆီက အပ်တစ်ချောင်းတောင် လက်ခံချင် တာမဟုတ်ဘူး၊ ဒါတွေ နားထောင်နေလို့ အဟောင်းက အသစ်ပြန်ဖြစ် လာမှာပဲ၊ ကဲ .... သွားပေတော့ .... " ဟုပြောကာ ဓာတ်ပြားများကို ပစ်ပေါက်ခွဲလိုက်မည်အပြု ဒေါက်တာမေမြရီ အတင်းဝင်လုရင်း ....

"အို နွယ်ရယ် ... နွယ်မလိုချင်ရင် မမကိုပေးပါကွယ် ... သူ့ခမျာ ရေမြေရပ်ခြားကနေပြီး တကူးတကပို့ပေးလိုက်ရတာကို ညီမလေးက တစ်မိနစ်အတွင်း ပေါက်ခွဲလိုက်မယ်ဆိုတော့ မတရားပါဘူးကွယ် .... မမကိုပေးနော် ...."

"ဟုတ်ပါတယ်မမရယ် ... နွယ်က မတရားပါဘူးတဲ့ ... သစ္စာ ဖောက်သွားတဲ့သူကရော တရားသလားဆိုတာ စဉ်းစားကြည့်ပါအုံး၊ သူအိမ်ထောင်ပြုသွားတဲ့နေ့ကစပြီး နွယ်နဲ့ဘာမှမဆိုင်တော့ဘူး၊ နွယ့်ကိုလဲ ဘာမှအဆက်အသွယ်လုပ်နေဘို့မလိုဘူး၊ နွယ်ဒီတစ်သက် သူ့ကိုဘယ်တော့မှ ပြန်ပြီးမဆက်ဆံပါရစေနဲ့တော့၊ နွယ်ဟာ အသက် ရှင်နေလျက်နဲ့ သေနေတဲ့သူပါ မမရယ်၊ နွယ့်အသည်းနှလုံးကို သူထုတ် ယူသွားပြီးတော့မှ နောက်ထပ်ဘာမှ ထပ်လောင်းတောင်း ခံနေ စရာမလိုပါဘူး၊ ပြောစရာလဲမလိုဘူး၊ ရှင်းစရာလဲမလိုဘူး၊ သူ့အိမ် ထောင်သာယာပါစေ၊ သူပျော်ပျော်နေနိုင်ပါစေလို့သာ နွယ်ဆု တောင်းပါတယ်မမရယ် ... အခုတော့နွယ့်စိတ်ဓာတ်ဟာ မာကြော လာပါပြီ မမ၊ ဖြစ်ချင်သလိုမဖြစ်တဲ့ နွယ့်ဘဝဟာ ဖြစ်လာသလိုပဲ



ရင်ဆိုင်ခံပါတယ်၊ ကံတရားအတိုင်းပဲပေါ့ ... သူလဲ အချစ်သစ်တွေ့လို့ နွယ့်ကိုမေ့ပစ်ဘို့တော့ ကောင်းပါပြီ ..."

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ ညီမရယ် ... သူ့မှာ မလွဲသာမရှောင် သာလို့ လက်ထပ်လိုက်ရပေမဲ့ နွယ့်အပေါ်မှာ အချစ်မလျော့သေးတာ ကြောင့် မမေ့နိုင်တာပေါ့ .... ကဲပါ ညီမရယ် ... မမတို့လဲ ဝမာသီချင်းသစ်တွေ မကြာခဏရတာကြပြီ၊ လာပါ ... နွယ်အသည်းနှလုံး မရှိတော့ဘူးဆိုရင် ဘာပြုလို့ နားမထောင်ရဲရသလဲ၊ နွယ့်စိတ်ဓာတ်ဟာ လဲ မာကြောလာပြီမဟုတ်လား၊ နွယ်သီချင်းကို နားမထောင်ရဲပုံထောက် တော့ ဇကန္တသူ့အပေါ် စိတ်ပြန်လည်သွားမှာစိုးလို့လားဟင်..."ဟု မေမြရီက မခံချင်အောင် ပြောလိုက်သဖြင့် ....

"အောင်မယ် ... နွယ်သူ့ကို စိတ်မကုန်သေးဘူးလို့ ထင်ရင်မှား မှာပေါ့၊ နွယ်တကယ်ကို စိတ်ပြတ်သွားပါပြီ မမရယ်၊ သီချင်းနား မထောင် ရဲလို့ မဟုတ်ပါဘူး၊ သူ့ဆီကပို့လိုက်တဲ့ဟာကို လက်မခံချင် တာပါ ..."

"ကဲ ... ဒီလိုဆိုရင် မမဖွင့်နားထောင်မယ်နော် ..." ဟု ပြောကာ ဓာတ်စက်သွားဖွင့်လိုက်လေ၏။

မေသက်နွယ်လည်း အဝတ်အစားလဲရန် အိမ်ခန်းထဲဝင်လာ လေသည်။ တစ်အောင့်မျှကြာသော် အိမ်ရှေ့ဆီမှာ သီချင်းသံပေါ်လာ သဖြင့် နားကိုပိတ်ထားလိုက်လေ၏။ မေသက်နွယ်မှာ သီချင်းကို နား ထောင်ချင်သေးသည့်အတွက် အိပ်ယာပေါ်တွင် လှဲလိုက်ကာ နားစွင့် နေမိလေ၏။

"နှစ်ကိုယ်တူ ... အသက်ချင်းဆက်လို့ လက်ချင်းယှက်ကာရယ် ... ဘဝခရီးလမ်းမများအလယ် ... နုနုကြမ်းကြမ်း .... လမ်း ဖြောင့်လမ်း

ကောက် .... ရဲရဲတင်းတင်းလျှောက်ကြရာဝယ် .... စိတ်လဲအတူတူ ... သဘောလဲအတူတူ ... အတွေးတွေလဲ အတူတူပဲမို့ .... အသည်းချင်းညီညာထပ်လို့ ကြည်ကြည်ဖြူဖြူ အပ်ကြမယ်ကွယ်၊ မေကလဲ ပြုံးတသက်ဝယ် .... မောင်ကလဲ မုန်းအဆက်ဆက်မရှယ်" အစချီသော စန္ဒားယားချစ်ဆွေ၏ အောင်မြင်ပြတ်သားသော သီချင်းသံက မေသက်နွယ်၏ နားဝသို့ပျံ့လွင့်လာသဖြင့် မေသက်နွယ်မှာ မြင့်နိုင်အား မြင်ယောင်လာမိသည်၊ သီချင်းမှာ စန္ဒယား ချစ်ဆွေတစ်လှည့်၊ အဆိုကျော် 'ထား'က တစ်လှည့် သီဆိုနေသည်ကို မေသက်နွယ်၏ စိတ်ထဲတွင် မြင့်နိုင်နှင့် သူစုံတွဲသီဆိုနေကြသည်ဟု ထင်မြင်လာလေ၏။ နားထောင်ရင်း .... နားထောင်ရင်း စိတ်ထဲမှ ယူကျုံးမရခံစားရသည့် အတွက် ခေါင်းအုံးပေါ်တွင် မျက်နှာ အပ်ကာ ငိုရှိုက်မိလေသည်။ "မုန်းအဆက်ဆက်မရှယ်" သီချင်းပြီးသည်နှင့် ဝင်ဦး၏ "ပိတောက်ရိပ်ဝယ်" သီချင်းသံက ဆက်လက်ပေါ်ထွက်လာလေ၏။

"... လေယူရာ တလွင့်လွင့် .... ပိတောက်ပွင့်လေး ... ချစ်သူနဲ့ ဝေးရလို့ အသည်းနာသေး ..."

ဤသီချင်းသံကြောင့် မေသက်နွယ်မှာ "ပိတောက်မြိုင်ရိပ်သာ" ကို ပြန်လည်မြင်ယောင်လာမိလေသည်။

မေမြရီမှာ အခန်းတွင်းသို့ ဝင်ရောက်လာသောအခါ အိပ်ယာပေါ် တွင် တစ်ကိုယ်လုံးသိမ့်သိမ့်တုန်အောင် ငိုရှိုက်နေသော မေသက်နွယ်ကိုတွေ့ရသဖြင့် စိတ်မကောင်းဖြစ်သွားကာ လာရောက်ချော့မော့နေလေသည်။

"တိတ်ပါ နွယ်လေးရယ် .... မမက နွယ်တကယ်ပဲ စိတ်



ပြတ်သလား၊ မာကြောသလားဆိုတာကိုသိချင်လို့ ဖွင့်ကြည့်တာပါကွယ်၊ နွယ် အခုလို စိတ်ထိခိုက်နေတာကို တွေ့ရတော့ မမ ဒီမေါ်တ်ပြားတွေကို မဖွင့် တော့ပါဘူးကွယ် ..."

"မမရယ် ... စောစောက နွယ်တစ်ကယ်ပဲ သူ့အပေါ်မှာ စိတ်ပြတ်သွားပြီလို့ထင်နေတာ .... အခု ဒီသီချင်းတွေကြားရတော့ ကိုမြင့်နိုင်ဟာ နွယ့်ဘဝထဲမှာပဲရှိနေသေးတယ် ဆိုတာသိရတယ်၊ တကယ်တော့ နွယ့်ကိုယ်နွယ် လိမ်နေတာပဲဆိုတာ မမပြောတာမှန်နေပါပြီ မမရယ်၊ သူဟာ နွယ့်အပေါ်မှာ ကတိမတည်သစ္စာဖောက်သွားတာ တစ်ခုပဲ အပြစ် ပြောစရာရှိတာပဲ .... နွယ့်တစ်သက်မှာ ဘယ်သူ့ကိုမှ နောက်ထပ်ချစ်လို့ မရ တော့ပါဘူးမမရယ် ... ဒါကြောင့်လဲ မမတို့က်တွန်းနေတဲ့ ကိုအောင်သန်းနဲ့ ကိုတင်အောင်ကြွယ်ကို လက်မခံနိုင်တာပေါ့ ... နွယ့်မှာ ချစ်တတ်တဲ့ စိတ်လဲမရှိတော့ပါဘူး၊ အချစ်ကိုလဲမရှာချင်တော့ဘူး ... နွယ့်မိဘနဲ့ပဲ တစ်သက်လုံးနေသွားတော့မယ် ... နွယ့်အလုပ်မှာပဲ နွယ့်စိတ်ကို နှစ်မြှုပ်ထားလိုက်တော့မယ်"

"ကဲ ညီမရယ် .... စိတ်ထောင်းတော့ကိုယ်ကြေလိမ့်မယ် ... လာ အပြင်ဘက် လမ်းလျှောက်ထွက်ရအောင် မျက်နှာသစ်လိုက်နော်" ဟု ချော့မော့ပြောနေသဖြင့် မေသက်နွယ်လည်း သွေးသား မတော်စပ်ပဲ သူမအား ညီမရင်းပမာ ပြုစုစောင့်ရှောက်သော မေမြရီကိုအားနာသဖြင့် စကားနားထောင်လိုက်ရလေတော့၏။

× × ×

၁၉၆၂ ခု၊ စက်တင်ဘာလ (၉)ရက်၊

မေသက်နွယ်မှာ ဖခင်ဖြစ်သူ နေထိုင်မကောင်းဖြစ်နေကြောင်းကို စာရသည်နှင့် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိ လာသည်။ (၆)နှစ်နီးပါးမျှ ခွဲခွာခဲ့ရသော နေရပ်ဌာနီသို့ ပြန်ရောက်သည်နှင့် ဆွေမျိုးမိတ်သင်္ဂဟတစ်စုနှင့် ပြန်လည်ဆုံကြရသဖြင့် ဝမ်းသာမိလေ၏။ သို့သော် မေသက်နွယ်အဖို့ မြင့်နိုင်၏ အမေ ဒေါ်လှခင်နှင့် မြင့်နိုင်၏ မောင်နှမ များအား စုံစမ်းမရသည့်အတွက် စိတ်ထဲတွင်စနိုးစနောင့် ဖြစ်နေမိလေ၏။ "ပိတောက်မြိုင်ရိပ်သာ" ခြံတွင်လည်း သွားရောက်စုံစမ်းကြည့်သောအခါ လူသစ်များ ကိုသာတွေ့ရပြီး ဒေါ်လှခင်တို့အကြောင်းကို မေးမြန်းမရကြောင်း မိဘ ထံမှ ကြားသိရလေ၏။

မေသက်နွယ်လည်းပြန်ရောက်သည့်နေ့မှာပင် ကျန်းမာရေးဌာန သို့ သွားရောက်ကာ တောင်တန်းဒေသတွင် အလုပ်ဝင်ရောက်လုပ်ကိုင် လိုကြောင်း လျှောက်လွှာကို တင်ထားသဖြင့် အလုပ်ခန့်အပ် သည့် အမိန့်စာကိုစောင့်ရင်း နေအိမ်၌ပင် အချိန်ဖြုန်းနေလေ၏။

မြန်မာပြည်လာပြီး (၅)ရက်မြောက်သောနေ့တွင် စစ်ရုံးမှ တစ်ဆင့်ရောက်ရှိလာသော ကျန်းမာရေးဌာနမှ စာတစ်စောင်ကြောင့် မေသက်နွယ်မှာ ခေါင်းရွှပ်သွားတော့သည်၊ အကြောင်းမှာ မင်္ဂလာဒုံစစ်ဆေးရုံတွင် မျက်စိရောဂါကုသရန်အတွက် သူမ၏ အကူအညီကို ရယူလိုကြောင်း မျက်စိရောဂါအထူးကုဆရာဝန်ကြီး ဗိုလ်မှူးမြတ်သူ၏ မေတ္တာရပ်ခံထားချက်နှင့်ပတ်သက်၍ ဒေါက်တာ မေသက်နွယ်က ဗိုလ်မှူးမြတ်သူအား ယာယီစေတနာ့ဝန်ထမ်း ကူညီဆောင်ရွက်ပါက ဤဌာနမှ ကန့်ကွက်ရန်မရှိကြောင်း ဖေါ်ပြထားသော စာဖြစ်



လေသည်။

"ဒက်ဒီ .... သမီးကို စစ်ဆေးရုံက ဘာကြောင့်ခေါ်သလဲဆို တာ တွေးလို့ကိုမရဘူး ဒက်ဒီ"

"အော် .... သမီးရယ် ... သမီးလဲ အားနေတာပဲမဟုတ်လား၊ သူတို့သမီးရဲ့လုပ်အားကို လိုချင်လို့ဖြစ်မှာပေါ့၊ လက်ခံတဲ့အကြောင်း ပြန်ကြားလိုက်ပါကွယ် ..."

"ဟုတ်ကဲ့ ... ဒက်ဒီ ..."

× × ×

## အခန်း (၁၀)

၁၉၆၂ ခု၊ စက်တင်ဘာလ (၁၈)ရက်၊

"ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက်" ဟု အဆက်မပြတ် ပေါ်ထွက်လာသော တံခါးခေါက်သံကြောင့် မေသက်နွယ်မှာ အတွေးရေ ယဉ်ကြောတွင်နစ်မျောနေရာမှ ပြန်လည်အသက်ဝင်လာလေသည်။ တံခါးကို သွားရောက် ဖွင့်ပေးသောအခါ မိခင်ဖြစ်သူကို တွေ့လေ၏။

"သမီး ... နေကောင်းရဲ့လား ... ညကတစ်ညလုံး မအိပ်ဘူးထင် တယ်၊ဒီနေ့ ဆေးရုံသွားလို့ဖြစ်ပါမလား .... ခွင့်ယူလိုက်ပါလား သမီးရဲ့"

"ဟာ .... မာမီကလဲ မနေ့ကမှ အကူအညီစပေးတယ်၊ ဒီနေ့ခွင့် ယူမယ်ဆိုတော့ တာဝန်မဲ့ရာ ကျလွန်းနေမှာပေါ့ မာမီရဲ့"

"မဟုတ်ပါဘူး သမီးရယ် ...မာမီ့ သမီးကလေးစိတ်ပင်ပန်းနေ မှာ စိုးလို့ပါ၊ သမီး ဆေးရုံသွားရင် ဒက်ဒီနဲ့မာမီတို့လဲ မောင်မြင့်နိုင် ဆီကိုလိုက်ကြမလို့ကွဲ့၊ ကဲ .... သွားမယ်ဆိုရင်လဲ ရေချိုးလိုက်အုံး။ အခု (၇)နာရီခွဲတော့မယ်၊ မာမီတို့ ကော်ဖီသောက်ဖို့ စောင့်နေကြ တယ်"



"အော် ... မာမီတို့ကလဲ သောက်နှင့်ရောပေါ့ .... သမီးကို ဘာဖြစ်လို့များစောင့်နေရတာလဲမာမီရယ်၊ ကဲ ... သမီး မြန်မြန် ရေချိုးပြီး ဆင်းလာခဲ့မယ်နော်" ဟု ပြောကာ ရေချိုးခန်းသို့ ပြေးဝင်သွားလေ၏။

မေသက်နွယ်မှာ အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာရာ ဧည့်ခန်းဘက်တွင်ရှိသော ရေဒီယိုမှ ကိုရဲမင်းသီဆို သော "ငယ်ချစ်ဦး" သီချင်းသံ ပေါ်ထွက်လာသဖြင့် လှေခါးနားတွင် ရပ်ကာ နားထောင်နေလေသည်။သီချင်းဆုံးတော့မှ မေသက်နွယ် လည်း သက်ပြင်းတစ်ချက် ချကာ "အင်း ... ငယ်ချစ်ဦး ... ငယ်ချစ်ဦး နွယ်မသေသေးသမျှ စိတ်ကိုညှဉ်းဆဲနေအုံးမှာပဲ"ဟု တစ်ယောက် တည်း ညည်းညူရင်း ထမင်းစားခန်းသို့ ဝင်ရောက် သွားလေ၏။

× × ×

မာစီဒီးကားနက်ကလေးသည် မေသက်နွယ်တို့ မိသားစုအား တင်ဆောင်လာကာ မင်္ဂလာဒုံ စစ်ဆေးရုံသို့ ဆိုက်ရောက်လာလေ၏၊ မေသက်နွယ်လည်း ဗိုလ်မှူးမြတ်သူနှင့် သူမ၏ မိဘကို မိတ်ဆက် ပေးပြီးနောက် မြင့်နိုင်ထံ မလိုက်လိုသဖြင့် ရုံးခန်းဘက်သို့ လျှောက် သွားလေ၏။ ရုံးခန်းနား ရောက်သောအခါ ရေတပ် အဝတ်အစားနှင့် လူတစ်ယောက် အခန်းပေါက်နားတွင် ရပ်စောင့် နေသည်ကို တွေ့ ရသဖြင့် သေသေချာချာ ကြည့်လိုက်ရာ –

"ဒေါက်တာ ... ကျွန်တော်ကို မှတ်မိသလား၊ ကိုမြင့်နိုင်ရဲ့ ငယ်ချင်းမောင်မောင်လေ .... ဒေါက်တာနွယ် ဒီဆေးရုံမှာ

အကူအညီလာပေးနေတယ်ဆိုတာသိရလို့ ကျွန်တော်သိပ်ဝမ်းသာပါတယ်၊ ကျွန်တော်ဒေါက်တာနွယ့်ကို ကိုမြင့်နိုင်အကြောင်းပြောပြချင်လို့ ခဏလောက် စကားပြောခွင့်ပြုနိုင်မလား ဒေါက်တာ"

"နွယ် ကိုမောင်မောင့်ကို မှတ်မိပါတယ်၊ ဒါပေမဲ့ နွယ်တစ်ခုတောင်းပန်ပါရစေ၊ ကိုမြင့်နိုင်ဟာ နွယ်နဲ့ ဘာမှမပတ်သက် တော့လို့ ကိုမောင်မောင် သူနဲ့ပတ်သက်ပြီး ဘာမှရှင်းပြနေစရာ ပြောပြစရာ မလိုပါဘူး၊ ကိုမောင်မောင်ကို နွယ်ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက်အနေနဲ့ ခင်မင်ပါတယ်၊ အကူအညီ လိုရင်လဲပြောပါ" ဟု ပြောလိုက်သဖြင့် ဗိုလ်မှူးမောင်မောင်လည်း တောင်းပန်တိုးလျိုးသော လေသံဖြင့် ....

"ဒီလိုတော့ မပြောလိုက်ပါနဲ့ နွယ်ရယ်၊ ကိုမြင့်နိုင်ဟာ တကယ်တော့ တန်ဆာခံပါ၊ သိပ်သနားစရာကောင်းတာပဲ၊ အင်းလေ ... နွယ် မပြောစေချင်ဘူးဆိုရင်လဲ ကျွန်တော်အတင်းဇွတ်မပြောလိုပါဘူး၊ ဒါပေမဲ့ ကိုမြင့်နိုင်ရဲ့အကြောင်းရင်းအမှန်ကို သိချင်နားထောင်ချင်ရင်တော့ ကျွန်တော် အချိန်မရွေးလာပြီးပြောပါ့မယ်၊ အခုလဲ သူ့မှာ အပြင်ရောဂါရော စိတ္တဇရောဂါပါသေမလောက်ခံစားနေရလို့ ကျွန်တော်စိုးရိမ်နေတာပါ၊ သူ့အခြေအနေကို နွယ်လဲတွေ့ပြီးရောပေါ့ ...."

"ဒီမှာ ကိုမောင်မောင် .... ကိုမြင့်နိုင်ဟာ နွယ်ရဲ့ ချစ်သူ မဟုတ်ပေမဲ့ နွယ်ရဲ့ လူနာဆိုရင် မမှားပါဘူး၊ ဒီတော့ နွယ်ဟာ ဆရာဝန်တစ်ယောက် အနေနဲ့ လူနာတစ်ယောက်ကို ဂရုစိုက်သင့် တာ ထက် မလျော့ပါဘူး၊ သူ့အသက်ရော၊ သူ့မျက်လုံးရော မဆုံးရှုံးရအောင် နွယ်တက်အားသရွေ့ အကူအညီပေးဘို့ ဆုံးဖြတ်ပြီးပါပြီ၊ ဒါကြောင့်



ကိုမောင်မောင့် သူငယ်ချင်းအတွက် စိတ်ချနေပါ ..."

"ဒီလိုကြားရတာ ဝမ်းသာလှပါပြီဗျာ၊ ကဲ ... ကျွန်တော့်ကို ခွင့်ပြုပါအုံး၊ ကျွန်တော်နေ့တိုင်းလာမှာပါ ...." ဟု ပြောကာ ထွက်သွားသဖြင့် မေသက် နွယ်လည်း မောင်မောင်၏ ကျောပြင်ကို ငေးကြည့်ရင်း သက်ပြင်းကလေးချလိုက်မိလေ၏။ ခေတ္တမျှကြာသောအခါ ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေလည်း ဗိုလ်မှူးမြတ်သူနှင့်အတူ မေသက်နွယ်ရှိရာသို့ ရောက်ရှိလာကြလေသည်။ ဦးမျိုးဇင်က –

သမီး ... ဒက်ဒီပြောတာတွေကို မမေ့နဲ့နော် ..."

"ဟုတ်ကဲ့ ဒက်ဒီ ... သမီးမမေ့ပါဘူး ..."

"အေး ... အေး .... သာဓုကွယ် ... သာဓု၊ ကဲ ... ဒက်ဒီတို့ ပြန်တော့မယ် ..."

ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့လည်း ပြန်သွားကြလေ၏။

ဗိုလ်မှူးမြတ်သူမှာ မေသက်နွယ်နှင့် အတူ လူနာများကို လျှောက် ကြည့်ပြီး မြင့်နိုင်ကုတင်သို့ ရောက်သောအခါ လူနာအား တိုက်ရန် ဆေးများကို ညွှန်ကြားပေးနေလေ၏။ မေသက်နွယ်မှာ မြင့်နိုင်၏ ဘယ်ဘက်လက်ကောက်ဝတ်ကိုယူပြီး သွေးစမ်းကြည့်သောအခါ သွေးအားအလွန်နည်းနေသည်ကို တွေ့ရသဖြင့် မျက်စိကို တော်တော်နှင့် ခွဲစိတ်ကုသပေးနိုင်မည်မဟုတ်ဟု တွေးတောမိလေ၏။

× × ×

မေသက်နွယ်မှာ မြင့်နိုင်အပေါ် မည်မျှပင် စိတ်ကုန်နေပြီဟု ပြောသော်လည်း မျက်စိနှစ်ဖက် ပတ်တီးစည်းထားကာ သတိမရ တစ်ချက်၊ ရတစ်ချက်ဖြစ်နေသော မြင့်နိုင်ကိုတွေ့သည့်အခါတိုင်း မျက်ရည်လည်မိလေ၏။ မေသက်နွယ် ဆေးရုံတွင်လာရောက် ကူညီသည်မှာ တစ်ပတ်နီးပါးရှိသွားပြီ ဖြစ်သော်လည်း စစ် ဘက် မှအရာရှိနှင့် တပ်သားများမှ လွဲ၍ မြင့်နိုင်၏အိမ်သားများနှင့် သူ၏ ဇနီးမှာ ယနေ့တိုင်လာရောက်ကြည့်ရှုခြင်း မရှိသည်ကို တွေ့ရ သဖြင့် မနေသာတော့ပဲ ဗိုလ်မှူး မြတ်သူအား ထုတ်ဖော် မေးမိလေတော့၏။

"ဗိုလ်မှူးမြင့်နိုင်ရဲ့ အိမ်သားတွေ လာမကြည့်ဘူးလားဆရာ၊ ဒီနေ့အထိ ကျွန်မတော့်တစ်ယောက်မှ မတွေ့မိဘူး"

"ဗိုလ်မှူးမောင်မောင်တော့ သွားပြောပါတယ် .... ဒါပေမဲ့ သူ့အိမ်သားတွေ ဘယ်ပြောင်းသွားမှန်းမသိဘူး .... သူနဲ့ အဆက်ပြတ်နေ တာ အတော်ကြာပြီ "ဗိုတောက်မြိုင်" ခြံမှာနေတဲ့ သူတွေသွားမေးကြည့် တော့လဲ သေသေချာချာ မပြောနိုင်ဘူး ... ကျွန်တော်လဲ အခုထက်ထိ စုံစမ်းတုန်းပဲ၊ ဗိုလ်မှူးမောင်မောင်ကတော့ သတင်းစာထဲ ကြေငြာထားတာပဲ၊ အခုထက်ထိတော့ ဘယ်သူမှ မလာသေးဘူး"

"အော် ... ဒီလိုဆိုရင် သူ့အိမ်သားတွေဟာ ရန်ကုန်မှာမရှိဘူး ထင်တယ်"

"အဲဒါတော့ ကျွန်တော်လဲမသိဘူး ဒေါက်တာနွယ် .... ဒီလူနာကို ကူညီမယ်နော်"

"ကူညီပါ့မယ် ဆရာ..."

"ဒေါက်တာနွယ် ကူညီမယ်ဆိုတာ သာမန်လူနာတစ်ယောက် အနေနဲ့ကူဖို့ပြောတာမဟုတ်ဘူးနော်၊အထူးလူနာတစ်ယောက် အနေ နဲ့ကူဖို့ပြောတာ" ဟု ဗိုလ်မှူးမြတ်သူက ခပ်ပြုံးပြုံးကလေး ပြော လိုက်သဖြင့် မေသက်နွယ်လည်း မျက်မှောင်ကလေးကြုတ်သွားကာ

"ဆရာပြောတာကို ကျွန်မနားမလည်ဘူးဆရာ ... ဆရာ ဘာကိုဆိုလိုတာလဲ"

"အင်း ... ကျွန်တော်ရှင်းရှင်းပဲ ပြောတော့မယ်လေ၊ဒေါက်တာ နွယ်က သိပ်ကျန်ခဲ့ကောင်းနေတော့ ဆရာလဲ မေးရမှာ အားနာနေ တယ်၊ ဒေါက်တာဘယ်လိုပဲ ဟန်ဆောင်နေပေမဲ့ ကျွန်တော် သိပါ တယ်၊ အစကတော့ မပြောတော့ဘူးလို့ နေတာပါပဲ၊ ဒေါက်တာရဲ့ ကိုယ်ရေး ကိုယ်တာကိစ္စဖြစ်နေလို့ ဝင်စွက်တယ်လို့ တော့ သဘောမ ထားပါနဲ့နော်၊ ဗိုလ်မှူးမြင့်နိုင်ရောက်လာတဲ့နေ့က သူ့အိတ်ထဲက ပစ္စည်းတွေကို ကျွန်တော်ထုတ်ယူလိုက်တော့ ဗိုလ်မှူးရဲ့ ဘဝမှတ် တမ်း ဒိုင်ယာရီနဲ့ ဒေါက်တာနွယ်ရဲ့ ဓာတ်ပုံကို တွေ့ရတယ်၊ ကျွန်တော်လဲ ဓာတ်ပုံထဲက မိန်းကလေးကို မြင်ဖူး ပါတယ်လို့ တွေး နေတာ၊ဒေါက်တာနွယ် နိုင်ငံခြားက မျက်စိ ရောဂါပါရဂူဘွဲ့ကိုရရှိပြီး ပြန်ရောက်လာတဲ့အကြောင်းသတင်း စာတွေထဲ မှာရေးထားတာ ကိုတွေ့ရတော့မှ မှတ်မိတော့တယ်၊ ကျွန်တော်လဲ ဗိုလ်မှူး စိတ် ဝေဒနာခံစားနေရတယ်ဆိုတာ အကဲခတ် မိတာနဲ့ သူ့ကိုကုသရာမှာ အထောက်အကူပေးနိုင်တဲ့ သူ့ဘဝမှတ် တမ်းကလေးကို ယူဖတ်ကြည့်လိုက်တော့ ဒေါက်တာနွယ်ဟာ သူ့ရဲ့စိတ်ချမ်းသာမှုကို အများဆုံးပေးနိုင်တဲ့သူ တစ်ယောက် ဖြစ်နေတဲ့အပြင် သူအင်မ တန်မြင်ချင်တွေ့ချင်နေတဲ့သူကို မြင်ရ တွေ့ရအောင် ကျွန်တော်တို့လဲ သက်ဆိုင်တဲ့သူတွေနဲ့တိုင် ပင်ပြီး အကူအညီတောင်းရတာပဲ ..."

"တော်ပါတော့ ဆရာရယ်၊ ကိုမြင့်နိုင်ဟာ တစ်ချိန်တုံးကတော့ ကျွန်မရဲ့ချစ်သူပါပဲ၊ ဒါပေမဲ့ သူဟာ သစ္စာမရှိပဲ ဖောက်ပြန်သွားတဲ့အတွက် ကျွန်မအသေအလဲခံလိုက်ရတယ်၊ ဒက်ဒီနဲ့ မာမီကိုသနားလို့ ကျမလဲဇမာပြည်ပြန်လာတာပဲ၊ အခုတော့ မမျှော်လင့်ပဲလာကြုံနေရပြန်တယ်၊ ရှင်းရှင်းပြောရရင် ကျွန်မသူနဲ့ ဒီတစ်သက်မှာ ရင်မဆိုင်တော့ဘူးလို့တောင် စိတ်ဆုံးဖြတ်ထားတာ၊ ဒါပေမဲ့ ကျွန်မကဆရာဝန်၊ သူကလူနာဆိုတော့ ဆရာဝန်ကောင်း တစ်ယောက်ရဲ့ကျင့်ဝတ်ကို ကျွန်မမပျက်ရအောင် ကူညီပါ့မယ်၊ သူ့အသက်ရှင်ရေးကို ကျွန်မကြိုးစား ဆောင်ရွက်သွားမှာပဲ၊ ချစ်သူ အနေနဲ့ တော့ ကျွန်မပြန်လက်မခံနိုင်တော့တာမို့ မတိုက်တွန်းပါနဲ့လားဆရာရယ် ..."

"ကောင်းပါပြီလေ .... ဒေါက်တာနွယ်၊ တက်အားသရွေ့ ကူညီမယ်လို့ကြားရတာ ဝမ်းသာပါတယ်၊ ဒီလိုစိတ်မျိုးထားနိုင်တာကို ချီးမွမ်းပါတယ်၊ ကဲ .... ကျွန်တော်ပြန်လိုက်အုံးမယ်နော်" ဟုပြောကာ နှုတ်ဆက်ပြီး ထွက်သွားလေ၏။

မေသက်နွယ်လည်း ညနေပိုင်းဆေးရုံမှ အလုပ်ဆင်းပြီး အိမ်ပြန်ရန်အတွက် ကားပေါ်တက်မည်အပြု ဆေးရုံဝင်းပေါက်မှ ထွက်သွားသောမိန်းမတစ်ဦးကို တွေ့မြင်လိုက်ရသဖြင့် ကားပေါ်သို့ အလျင်အမြန်တက်ကာ ၄င်းအမျိုးသမီးနောက်သို့ အမီလိုက်ခိုင်းလေသည်။ မေသက်နွယ်၏ကားလည်း လမ်းမအပြင်ဘက်ဘတ်(စ်)ကားမှတ်တိုင်တွင် ရပ်နေသော အမျိုးသမီးအနားသို့ ထိုးရပ်လိုက်လေ၏။

"မမကြီး ဘာပြုလို့ နွယ့်ကိုမြင်တာနဲ့ လစ်ပြေးတာလဲဟင်"



ဟု မေသက်နွယ်က ကားပေါ်မှဆင်းကာ ကြည်ကြည်အားပြေးဖက်၍ ပြောလိုက်သဖြင့် ကြည်ကြည်မှာ မေသက်နွယ်က ယခင်ကကဲ့သို့ ဒွေးရွေစွာဆက်ဆံသည်ကို တွေ့ရသည့်အတွက် ဝမ်းသာဝမ်းနည်းဖြစ်သွားကာမျက်ရည်များကျလာလေ၏။ မေသက်နွယ်လည်း ကြည်ကြည် ငိုနေသည်ကို တွေ့ရသောအခါ ကားပေါ်အတင်းဆွဲခေါ်လာပြီး ....

"ကဲ .... မမကြီးရဲ့မောင်ကို တွေ့ခဲ့ပြီးပြီလား၊ ဒက်ဒီတို့လဲ နေ့တိုင်း မမကြီးတို့ သတင်းကို လိုက်စုံစမ်းနေတာပဲ .... တကတည်း မမကြီးတို့မိသားစု ခြေရာဖျောက်ထားလိုက်ကြတာ သတင်းအစအန တောင် မသိရမကြားရဘူး ... လာ အခုအိမ်ကို တခါတဲလိုက်ခဲ့ရမယ်၊ ပြောစမ်းပါအုံး မမကြီးရယ် ... အခုဘယ်မှာနေကြသလဲ"

ကြည်ကြည်လည်း မေသက်နွယ်၏လက်ကလေးကိုဆုပ်ကိုင်လိုက်ရင်း ....

"အင်း ... မမ မောင်လုပ်ပုံ မဟုတ်လို့ ညီမလေးတို့ကို အတွေ့မခံကြတာပါ၊ နောက်ပြီးတွေ့ရင်လဲ အဟောင်းက အသစ်ပြန် ဖြစ်ပြီးရင်နာလွန်းလို့ အားလုံးနဲ့ဝေးတဲ့ တောပိုင်းမှာသွားနေကြ တာပဲ"

"မမကြီးရယ် .... လက်မ မကောင်း လက်မပေါ့၊ ခြေမ မကောင်း ခြေမပေါ့၊ သူ ... နွယ့်အပေါ်မှာ သစ္စာဖောက်သွားပေမဲ့ နွယ် မမကြီးတို့ကို အခင်မပျက်ပါဘူး၊ ဒက်ဒီတို့ကလဲ သိပ်တွေ့ချင်နေကြတယ်၊ မမကြီး အိမ်လိုက်ခဲ့ရမယ် ... ဒါနဲ့ မမကြီးဘာဖြစ်လို့ အခုမှလာသလဲ"

"မမကြီးတို့ တောမှာ သတင်းစာမရဘူး၊ အခု ရန်ကုန်ပြန်လာတာ (၃) ရက်ပဲ ရှိသေးတယ်၊ ဒီနေ့ပဲ သတင်းစာထဲမှာ တွေ့လို့

လာခဲ့တာပဲ၊ ဒီရောက်မှ ညီမလေးရှိတာ သိရတယ်"

"ကိုမြင့်နိုင်အတွက်တော့ စိတ်ချပါ၊ နွယ်တက်နိုင်သလောက် ကြိုးစားကုသပေးနေတာပဲ၊ ဒါနဲ့ အန်တီကောနေကောင်းရဲ့လား မမကြီးလဲ ပိန်သွားလိုက်တာ၊ ညည်တို့ကော အလုပ်လုပ်နေပြီလား၊ မမကြီးရယ် .... ပြောစမ်းပါအုံး၊ ပိတောက်ပန်းတွေကော အရင်လိုပွင့်သေးသလားဟင်..."

"ကိုစိုးလှိုင်က မြစ်ကြီးနားမှာ၊ မောင်စိုးနိုင်ကတောင်ငူမှာ၊ ညီညီက ဥပစာတန်းအောင်ပြီး အလုပ်ထွက်လုပ်နေတယ်၊ မမတို့ မိသားစုအားလုံး မြင့်နိုင်ကို အဆက်အသွယ်ဖြတ်ထားကြတာ သူ့အစ်ကိုတွေ ညီတွေကလဲ နွယ့်အပေါ် သစ္စာဖောက်သွားလို့ဆိုပြီး မခေါ်ကြဘူး၊ သူလဲ အမေရိကန်က ပြန်လာကတည်းက အိမ်ကို တစ်ခါပြန်လာတယ်၊ သူ့မြင်မြင်ချင်း မေမေလဲ ဒေါသထွက်ပြီး ရိုက်ပုတ်နှင်ချလိုက်တယ်၊ အခု မုန့်ထုတ်လာတဲ့ သတင်းစာထဲမှာ မောင်မောင်ထည့်ကြေငြာထားတာကိုဖတ်ရလို့ စိတ်ပူသွားတာ၊ အသက်မှမပါတော့မလားဆိုပြီး ကမန်းကတန်းနဲ့ လိုက်လာတာပဲ၊ မေမေ့ကိုတောင် အသိမပေးခဲ့ဘူး၊ မေမေ မမာတာ (၂) နှစ်လောက် ရှိသွားပြီ ...." ဟု ပြောလိုက်သဖြင့် မေသက်နွယ်မှာ ကြည်ကြည်တို့မိသားစု၏ အခြေအနေကို သိလိုသဖြင့် ပိတောက်မြိုင်ရိပ်သာခြံအကြောင်းကိုသာ မေးနေလေ၏။

"မမကြီးတို့ ခြံထဲမှာရော ပန်းတွေတော်တော်ပွင့်သေးလား"ဟု ထပ်မံမေးလိုက်သောအခါ ကြည်ကြည်မှာ ဘာမှမပြောပဲ ငေးနေသဖြင့် မေသက်နွယ်က –

"မမကြီး ... မမကြီးကို ကြည့်ရတာ နွယ့်ကိုအရင်တုန်းကလို



မချစ်တော့သလိုပဲ၊ ကောင်းပါတယ်လေ .... နွယ့်ကို တစ်ယောက်ကရက်စက်၊ မမကြီးတို့က စိမ်းကားကြတာပေါ့နော်" ဟု မျက်ရည်ကလေးလည်ကာ ပြောနေပြန်သဖြင့် ကြည်ကြည်လည်း မေသက်နွယ်၏ ပခုံးလေးကိုဖက်လိုက်ပြီး ....

"ညီမလေးကို အချစ်မပျက်ပါဘူးကွယ် ... မမကြီးတို့ မိသားစုအားလုံးက ညီမအတွက် စိတ်မကောင်းဖြစ်နေကြတယ်၊ ကဲပါလေညီမကိုမမအားလုံးပြောပြပါ့မယ်၊ မမတို့အခု "ပိတောက်မြိုင်ခြံ"မှာ မနေတော့ဘူး၊ မေမေကလဲ သူ့သားတစ်ခြားမိန်းမယူသွားလို့ စိတ်ထိခိုက်ပြီး မမာနေတာအခုထက်ထိပဲ၊ သူ့ကို အဆက်ဖြတ်ထားတော့ သူထောက်ပံ့တာကိုလဲလက်မခံတော့ဘူး၊ ဒါကြောင့် စီးပွားရေးလဲ ကျပ်တည်းလာတာနဲ့ "ပိတောက်မြိုင်" ခြံကို ပေါင်ထားလိုက်ရတယ်၊ ရှေ့လကုန်မှာ စာချုပ်စေ့မယ်၊ ညည်နဲ့ အေးအေးတို့နှစ်ယောက်ရဲ့လစာနဲ့ပဲ စားသောက်နေရတယ်၊ မမကြီးလဲ အိမ်စရိတ်ကာမိအောင် အားတဲ့အခါ အကျီလေးဘာလေး ချုပ်တယ်၊ မေမေ့ဆေးဘိုးနဲ့ စားစရိတ်နဲ့တစ်လလောက်ယုံ ပဲရှိတယ်"

"ဖြစ်မှဖြစ်ရလေ မမကြီးရယ် .... ဒီလောက် ကသီလင်တဖြစ်နေတာ ဘာပြုလို့ မာမီတို့ဆီလာမပြောတာလဲ ... နွယ်တို့မိသားစုကတော့ မမကြီးတို့မိသားစုကို အရင်းအချာတွေလို သဘောထားကြပေမဲ့ မမတို့က တစိမ်းလိုသဘောထားတာကို နွယ်သိရတာ သိပ်ဝမ်းနည်းတာပဲ "ပိတောက်မြိုင်" ကို ပေါင်ထားတာ ကိုမြင့်နိုင်သိသလား"

သူနဲ့အဆက်အသွယ်ပြတ်နေကြတာ ငါးနှစ်ကျော်ကျော်ရှိနေပြီ၊ သူ ဒီအကြောင်းတွေကို ဘာမှမသိဘူး"

"ကဲ ... မမကြီး၊ အခု နွယ်တို့အိမ်မှာထမင်းစားပြီးရင် နွယ်ကိုယ်တိုင် မမတို့အိမ်ကိုလိုက်လာပြီး အန်တီ့ရောဂါကို ကြည့်အုံးမယ်" ဟုပြောနေစဉ် မော်တော်ကားလည်း "စံပယ်မြို့" ရိပ်သာထဲသို့ ရောက်လာလေ၏။ မေသက်နွယ်လည်း ကြည်ကြည့် ကို 'အိမ်ထဲသို့ အတင်းဆွဲခေါ်လာပြီး ....

"မာမီရေ ... မာမီတို့ အလွန်တွေ့ချင်နေတဲ့ တော်ပုန်းကို မိလာပြီမာမီ" ဟု ပြောကာ အိမ်ထဲဝင်လာသဖြင့် ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့လည်း အိမ်ပေါ်မှ ဆင်းလာကာ ကြည်ကြည့်ကို တွေ့ရသည့်အတွက် အားရဝမ်းသာ နှုတ်ဆက်ကြလေ၏။ ကြည်ကြည်မှာ မေသက်နွယ် တို့မိသားစုနှင့် စကားလက်ဆုံကျရင်း ထမင်းစားသောက်ပြီးနောက် ည (၇) နာရီကျော်မှ မေသက်နွယ်တို့မိသားစုက လိုက်ပို့လေ၏။

× × ×

မေသက်နွယ်လည်း ကြည်ကြည်တို့ နေထိုင်ရာ သာကေတသို့ လိုက်ပို့ပေးပြီး ပြန်ရောက်လာကတည်းက စိတ်မကောင်းဖြစ်နေလေ၏။ မေသက်နွယ်နည်းတူ ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့မှာလည်း စိတ်မကောင်းဖြစ်နေကြလေ၏။ မေသက်နွယ်မှာ အိပ်ယာထဲသို့ အစောကြီးဝင်၍ "ဝိတောက်မြို့" မိသားစုကို စဉ်းစားနေမိလေ၏။ မြင့်နိုင် အလွန်နှစ် သက်သော "ဝိတောက်မြို့" ခြံကိုတခြားသူ၏လက်ထဲသို့ ရောက်သွားမည်ကိုလည်း စိုးရိမ်နေလေ၏။ မေသက်နွယ်မှာတစ်စုံတစ်ခုကို ဆုံးဖြတ်ချက်



ချလိုက်ပြီးနောက် ဖခင်ရှိရာစာဖတ်ခန်းသို့ ဆင်းလာလေ၏။

အောက်ထပ်သို့ ရောက်သောအခါ စာဖတ်ခန်းထဲတွင် ဖခင်ဖြစ် သူမှာ မိခင်နှင့် စကားပြောနေကြသဖြင့် မေသက်နွယ်က

"ဒက်ဒီ ... ဒက်ဒီ့ဆီမှာ သမီးအကူအညီတစ်ခု တောင်းချင်တယ် ဒက်ဒီ ..."

"ဆိုစမ်းပါအုံး၊ ဘာကူ ညီပေးရမှာလဲ သမီးလိုတာ ကိုပြော"

မေသက်နွယ်မှာ ဖခင်ဖြစ်သူက ကူညီမည်ဟု ကြားရသဖြင့် ဝမ်းသာသွားကာ ကြိမ်ခုံကလေးကိုယူကာ ဖခင်၏ရှေ့တွင် ထိုင်လိုက်ပြီး ....

"ဒက်ဒီ ... ဒက်ဒီလဲ ညနေကတွေ့ခဲ့ပြီးလို့ သမီးဘာမှ ထပ်မပြောချင်တော့ဘူး ... သမီးတော့ အန်တီဒေါ်လှခင်တို့အိမ်က ပြန်လာကတည်းက သူတို့ဆင်းဆင်းရဲရဲနေထိုင်ကြရတာကိုတွေးပြီး စိတ်မကောင်းဖြစ်မိတယ်"

"ဒက်ဒီတို့လဲ စိတ်မကောင်းပါဘူး သမီးရယ် ... ဒါကြောင့် ညနေက ဒက်ဒီ ကြည်ကြည့်ကို လောလောဆယ်သုံးဘို့ ပိုက်ဆံငါးရာပေးထားခဲ့တယ်၊အကိုအောင်သန်းသေပြီးတဲ့နောက် ဒက်ဒီတို့မှာ ကြည့်ရှုစောင့်ရောက်ရမဲ့ ဝတ္ထရားရှိတယ်သမီး၊ သမီးလဲ အချိန်ရတိုင်း သူတို့မိသားစုကို ကူညီပေါ့သမီးရယ် ... သမီး ငယ်ငယ်ကတည်းက သူတို့ဆီမှာ နေခဲ့တာကို ထောက်ရှုပြီး ကျေးဇူး ဆပ်ရမယ် သမီး၊ သူတို့ အိမ်မှာ အိမ်လခမယူပဲ သွေးရင်း သားရင်းလို သဘောထားကြတယ်မဟုတ်လား၊ ဒါနဲ့ ... သမီး အန်တီ့ ကြည့်ရတာ ဘယ့်နှဲ့လဲ"

"အန်တီ့ကြည့်ရတာ စိတ်ရောဂါပါပဲ ဒက်ဒီ ... တဖြည်းဖြည်း

ကုယူရင်တော့ရပါတယ်"

"ကဲ ...သမီးဒက်ဒို့ဆီကဘာအကူအညီလိုချင်သလဲပြောလေ"

" သမီး ဒက်ဒို့ဆီက တောင်းသင့်မတောင်းသင့် စဉ်းစားပြီး ပါပြီ၊ ဒီလိုပါဒက်ဒီ၊ ဒက်ဒီတို့ သမီးအတွက်နဲ့ပတ်သက်ပြီး ပိုက်ဆံတော်တော် ကုန်ကျခဲ့တယ်ဆိုတာ သမီးသိပါတယ် ... ဒါပေမဲ့ ဒက်ဒီရယ် သမီးစိတ်ထဲမှာ "ပိတောက်မြိုင်" ခြံကြီးကို သူများ လက်ထဲပါသွားမှာ သိပ်စိုးရိမ်မိတယ်၊ ဒီလကုန်ရင် စာချုပ်စေ့ တော့မယ် ... သူတို့ ကြည့်ရတာ ပြန်ရွေးနိုင်မယ့်ပုံမပေါ်ဘူး၊ အဆုံးခံရတော့မှာပဲ၊ ဒါကြောင့် ဒက်ဒီခွင့်ပြုမယ်ဆိုရင် သမီးအတွက် လုပ်ပေးထားတဲ့ လက်ဝတ်လက်စားတွေကို ဒက်ဒီတို့ ပြန်ယူထားပြီး "ပိတောက်မြိုင်" ခြံကိုရွေးဖို့အတွက် ငွေတစ်သောင်း လောက်ပေးနိုင်မလား ဒက်ဒီ ..." ဟု သနားစဖွယ် ပြောနေသဖြင့် ဖခင်ဖြစ်သူလည်း သမီးအား ကရုဏာသက်စွာ ကြည့်လိုက်ပြီး တစ်ချက်ပြုံးလိုက်ကာ ....

"သမီး ... ဒက်ဒီတို့မှာ သားသမီးဆိုလို့ သမီးတစ် ယောက် ထဲပဲရှိတယ်မဟုတ်လား ... ဒက်ဒီတို့ဆီမှာရှိတဲ့ ပစ္စည်း အားလုံးဟာ သမီးအတွက်ပါပဲ .... သမီးကလေးစိတ်ချမ်းသာဖို့ ဆိုရင် ဒက်ဒီတို့ရှိတဲ့ ပစ္စည်းကုန်ပါစေ ယူပေးပါ့မယ် .... ကဲ ဒီတော့ သမီးရဲ့ဆန္ဒအတိုင်း "ပိတောက်မြိုင်" ခြံကို ပြန်ရွေးဖို့ ဒက်ဒီ ငွေတစ်သောင်းပေးမယ်၊ သမီး လက်ဝတ်လက်စားတွေကို ပြန် အပ်ထားဘို့ မလိုပါဘူးကွယ်၊ အိမ်ကိုရွေးပေးပါဆိုရင်လဲ မနက်ဖန်မြို့ထဲကိစ္စနဲ့သွားရင်း ဝင်ရွေးပေးပါ့မယ်"

"ဝမ်းသာလိုက်တာ ဒက်ဒီရယ်၊ ဒီလိုဆိုရင် ဒက်ဒီပဲ ရွေးပေးပါနော်" ဟု ဝမ်းသာအားရပြောကာ ဖခင်နှင့်မိခင်အားထဖက်



လိုက်လေ၏။

ဒေါ်သင်းဝေမှာ သမီးဖြစ်သူ ရွှင်ရွှင်ပြုံးပြုံးဖြစ်သွားသည်ကို တွေ့ရသဖြင့် ကျေနပ်မိလေ၏။ မြင့်နိုင် မိန်းမယူသွားသည်ကို ကြားရ ကတည်းက တမှိုင်မှိုင် တတွေတွေဖြစ်နေသော သမီးက လေးအား ယခုလို လှိုက်လှိုက်လဲလဲ ပြုံးရွှင်သည်ကို ပထမဆုံး အကြိမ် တွေ့လိုက်ရသဖြင့် ကြည်ကြည်တို့ကိုပင် ကျေးဇူးတင်မိနေလေ၏။ ဒေါ်သင်းဝေက

"ကဲ ... သမီး မာမီ တစ်ခုမေးမယ် သမီးစဉ်းစားပြီးဖြေနော်"

"ဟုတ်ကဲ့ မာမီမေးပါ၊ သမီးစဉ်းစားပြီး ဖြေပါမယ့်"

"သမီး ... ပိတောက်မြိုင်ရိပ်သာကို ဘာပြုလို့ သူများလက်ထဲ အပါ မခံနိုင်တာလဲဟင်" ဟု မေးလိုက်သဖြင့် မေသက်နွယ်လည်း အတန်ကြာစဉ်းစားပြီး မျက်နှာညှိုးကျသွားလေ၏။ ဒေါ်သင်းဝေက ချက်ချင်း အဖြေမပေးနိုင်သော သမီးအား အကဲခတ်လိုက်ပြီး ...

"သမီးမဖြေချင်ရင် မာမီမေးမယ် ... သမီးဟာ သမီးကို သမီးညှဉ်းဆဲနေတာနဲ့တူနေတယ်၊ သမီးစိတ်ထဲမှာ မောင်မြင့်နိုင်ကို မေတ္တာရှိနေတုံးပဲဆိုတာ မာမီသိတယ် ... မောင်မြင့်နိုင်ဟာ သမီးနဲ့သူနဲ့ အတူတူနေလာခဲ့ကြတဲ့ "ပိတောက်မြိုင်"ကို သူများလက်ထဲ ပါသွားမှာစိုးလို့အလုပ်ထွက်လုပ်ခဲ့တယ် မဟုတ်လား၊ သမီးကိုယ်တိုင်ဘဲ မာမီ့ကို ပြောခဲ့တာပဲ မောင်မြင့်နိုင်ဟာ ပိတောက်မြိုင်ကို မရောင်းရအောင် သူရည်ရွယ်ထားတဲ့ ဆရာဝန်ဘွဲ့ကိုတောင် စွန့်လွှတ်ခဲ့တာပဲ၊ အခုကြည့်လေ သမီးစိတ်ထဲမှာ မောင်မြင့်နိုင်နှစ်သက်စုံမက်တဲ့ ခြံကြီးကို သူများလက်ထဲပါသွားမှာ စိုးရိမ်တာကြည့် ခြင်းအားဖြင့် သမီးဟာ "ပိတောက်မြိုင်"ကို

သံယောဇဉ်ရှိသလို မောင်မြင့်နိုင်အပေါ်မှာလဲ သံယောဇဉ်ရှိနေသေး တယ်လို့ မာမီပြောတာပေါ့ .... သမီးတကယ် စိတ်မပြတ်သေးဘူး မဟုတ်ဘူးလား ... သမီး" ဟု မေးလိုက်သဖြင့် မေသက်နွယ်မှာ ငိုင်ကျသွားလေ၏။

ခေတ္တမျှ သားအမိသုံးယောက်မှာ စကားမပြောပဲ ကိုယ့်အတွေးနှင့်ကိုယ်ရှိနေကြလေ၏။

မေသက်နွယ်မှာ သက်ပြင်းရှည်တစ်ချက်ချလိုက်ရင်း ....

"မာမီပြောတာ ဟုတ်ပါတယ် မာမီ ... တကယ်တော့ ကိုမြင့်နိုင်အပေါ်မှာ အချစ်ကြီးလို့ အမျက်ကြီးခဲ့တာပဲ ... သမီးစိတ်ထဲမှာ သူအလွန်နှစ်သက်တဲ့ "ပိတောက်မြိုင်" ကို သူများလက်ထဲပါသွားမှာ စိုးရိမ်မိတယ်၊ ဒါကြောင့် ဒီခြံကို ရွေးပေးဘို့ ဒက်ဒီကို ပူဆာတာပဲ၊ မာမီပြောသလိုပဲ သမီးဟာ သူ့အပေါ်မှာ သံယောဇဉ်ကွယ်နေတုန်းပါပဲ၊ သမီးတစ်သက်မှာသူ့ကိုဘယ်တော့မှမေ့မရတော့ပါဘူး မာမီရယ်" ဟု မျက်ရည်ကလေးလည်ကာပြောနေသဖြင့် ဖခင်ဖြစ်သူက သမီး၏ ခေါင်းကလေးကို လာသပ်ပေးရင်း ....

"ကဲ .... သမီး ဒက်ဒီ့နားလာထိုင်အုံး၊ သမီးကို ပြောစရာရှိတယ်၊ ပြောချင်တာတော့ကြာပြီ၊ ဒက်ဒီတို့ ဘိလပ်ကို လိုက်လာကတည်းက ပြောချင်တာ၊ ဒါပေမဲ့ သမီးက လက်မခံတော့ လက်လျှော့ခဲ့ရတယ်၊ သမီးစိတ်ညစ်နေတဲ့အခါ အတင်းဇွတ်မလုပ်ချင်တာနဲ့ သွေးအေးအေးထားပြီး နားထောင်နိုင်တဲ့ အချိန်ကျမှ ပြောပြမယ်လို့ ဆုံးဖြတ်ထားတာ ကဲ .... သမီး ဒီအနားမှထိုင်" ဟု ပြောလိုက်သဖြင့်၊ မေသက်နွယ်လည်း ဖခင်၏ အမိန့်အတိုင်း အနားသွားထိုင်လိုက်လေ၏။ ဦးမျိုးဇင်သည် ဆေးတံကို တစ်ချက်ဖွာလိုက်ပြီး



"သမီး .... ဒက်ဒီ့မှာ မောင်မြင့်နိုင်နဲ့ သမီးကိစ္စဟာ ခုတ်ရာတခြား၊ ရှရာတခြားဖြစ်သွားတာတွေ့ရတော့ တော်တော်စိတ်မကောင်း ဖြစ်မိတယ်၊ ဒဏ်အခံရဆုံးကတော့ မောင်မြင့်နိုင်ပဲ ... သမီးနဲ့ မောင်မြင့်နိုင်တို့ လူငယ်ချင်းမေတ္တာရှိနေကြတာသိခဲ့ပေမဲ့ မစွက် ဖက် ခဲ့ဘူး၊သမီးရဲ့ အိမ်ထောင်ဖက်ကို ရွေးတို့ ဒက်ဒီခွင့်ပြုထားတာပဲ မဟုတ်လား၊ အင်း ... သမီးရွေးချယ်လိုက်တဲ့ မောင်မြင့်နိုင်ဟာ လူတော်တစ်ယောက်ပဲ၊ ဒါပေမဲ့ ... ဒက်ဒီမွေးလိုက်တဲ့ မီးကြောင့် သမီးတို့ ရှင်ကွဲကွဲခဲ့ကြရတာကို တွေးမိတိုင်း စိတ်မကောင်းပါဘူးကွယ် .... ဒီကိစ္စကို သမီးမောင်မြင့်နိုင် အပေါ်မှာ အထင်မလွဲရအောင် စီမံခဲ့ကြပေမဲ့ မအောင် မြင်ဘူး .... သမီးရဲ့ အဆုံးအဖြတ်ကိုတော်းတဲ့ မောင်မြင့်နိုင်ရဲ့စာနဲ့ ဒက်ဒီဆီက စာတွေကို မဖတ်ရပဲ ကြေးနန်းစာပဲ ဖတ်ရလေတော့ မောင်မြင့်နိုင်အပေါ်မှာ အကြောင်းရင်းမှန်မသိပဲ သမီးကစိတ်အနာကြီး နာသွားတာပဲ ... အစက ဒက်ဒီသမီးဟာ ဒက်ဒီပြောရင်ရလိမ့်မယ်လို့ ထင်နေတာ"

"နေစမ်းပါအုံးဒက်ဒီ .... သမီးနားမရှင်းလို့ မေးပါရစေအုံး၊ သမီးနဲ့လက်ထပ်မဲ့သူဟာ တခြားမိန်းကလေးတစ်ယောက်ကို လက်ထပ်သွားတာဟာ သူ့အပြစ်ပေါ့ ဒက်ဒီရဲ့"

"မဟုတ်ဘူးသမီး ... ကဲလေ သမီးခေါင်းအေးအေးထားပြီး စိတ်ရှည်ရှည်နဲ့နားထောင်ပေတော့၊ ဒက်ဒီအစကနေ ပြီးပြောပြမယ်၊ သမီးနားထောင်ပြီးရင် မောင်မြင့်နိုင် အပေါ်မှာ သဲသယ ရှင်း သွားလိမ့်မယ်.... မောင်မြင့်နိုင်နဲ့ မောင်မောင်" ဟုပြော နေစဉ် တယ်လီဖုန်းလာသဖြင့် ဦးမျိုးဇင်လည်း စကားဖြတ်လိုက်ကာ တယ်လီဖုန်း

ခွက်ကို ကောက်ကိုင်လိုက်လေ၏။ ဒေါသင်းဝေက ...

"ညကြီးအချိန်မတော် .... ဘယ်ကတယ်လီဖုန်းများပါလိမ့်၊ (၁၀) နာရီတောင်ကျော်သွားပြီ" ဟုပြောကာ ဦးမျိုးဇင်နားတွင် သွားရပ်နေလေ၏။

"ဟဲလို .... အော် .... ဒေါက်တာမေသက်နွယ်လား ... မအိပ်သေးပါဘူး၊ ရှိပါတယ် ... အခုခေါ်ပေးပါ့မယ်" ဟု ဖြေလိုက်ပြီး သမီးဖြစ်သူအား တယ်လီဖုန်းခွက်ကို လှမ်းပေးလိုက်လေ၏။ မေသက်နွယ်လည်း မြင့်နိုင်အတွက် စိတ်ပူသွားကာ ကဗျာကယာ တယ်လီဖုန်းခွက် ကိုယူလိုက်ပြီး ...

"ဟဲလို ... ကျွန်မမေသက်နွယ်ပါ ... အော် ... အခုပြောနေတာ ဖိုလ်ကြီးတင်အောင်လား ... ပြောပါ၊ ဘာ ... ဖိုလ်ဓှါးမြှောင့်နိုင် ထွက်ပြေးလို့၊ ဆရာရှိသလား၊ ဟုတ်ကဲ့ .... ကျွန်မ အခုပဲ လာခဲ့ပါ့မယ်" ဟုပြောလိုက်ပြီးနောက် ဖခင်နှင့် မိခင်အားလှမ်း၍

"ဒက်ဒီ ... ကိုမြင့်နိုင် ဆေးရုံကထွက်ပြေးလို့တဲ့ အဲဒါ လှေခါးနားက ထရံနဲ့ဝင်ဆောင့်မိပြီး သတိမေ့သွားတယ်တဲ့၊ အခုဖိုလ်မှူးမြတ်သူက သမီးကို အခေါ်ခွင့်တောင်းခိုင်း လိုက်တယ် ... အသက် စိုးရိမ်ရတယ်တဲ့ .... အခုအောက်စီဂျင်ပေးထားရတယ်တဲ့ ... ဖိုလ်ကြီးတင်အောင်ပြောတော့ မနက်ထိအောင် ခံမယ်မထင်ဘူးတဲ့" ဟု တုန်တုန် ရီရီနှင့်ပြောလိုက်သဖြင့် ဦးမျိုးဇင်နှင့် ဒေါသင်းဝေတို့လဲ ပျာပျာသလဲဖြစ်သွားကာ ဒရိုင်ဘာအား ကားထုတ်ခိုင်းပြီး မေသက်နွယ်နှင့်အတူ စစ်ဆေးရုံသို့လိုက်လာခဲ့ကြလေ၏။

× × × ·



ဒေါသင်းဝေမှာ တလမ်းလုံး ဘုရားစာရွတ်ပြီး လိုက်ပါလာခဲ့လေ၏။ ဦးမျိုးဇင်နှင့် မေသက်နွယ်မှာ အတွေးကိုယ်စီနှင့်ရှိနေကြလေ၏။ ဦးမျိုးဇင်လည်း တစ်စုံတစ်ရာကို တွေးနေပြီး ...

"သမီး .... သမီးဒီဆေးရုံမှာရှိမှန်း မောင်မြင့်နိုင်သိသလား"

"သိပါတယ်ဒက်ဒီ ... သမီးရောက်ပြီး (၂)ရက်လောက်နေတော့ သူ .... ကိုမောင်မောင့်ကို မေးတယ်တဲ့ ... အဲဒီမနက်က သမီးသုံးနေကျ ရေမွှေးအနံ့နဲ့ သမီးအသံကို သူမှတ်မိတယ်ဒါကြောင့်ဆရာမကလေးကို မေးကြည့်တော့ သမီးမှန်းသူ သိသွားတယ်လေ၊ ညနေကျတော့ ကိုမောင်မောင်ကိုသူ မေးကြည့် တယ်၊ သမီးကိုလဲ တွေ့ချင်လို့ ခေါ်ခိုင်းတယ် ... သမီးကလဲ အဟောင်းကို အသစ်ပြန်မဖြစ်ချင်လို့ သွားမတွေ့ဘူး ... သူ့ကို သွားကြည့်တိုင်း ကိုယ်ရေးကိစ္စပြောခွင့်မပြုခဲ့ဘူး ... ဒီညနေကလဲ ကိုမောင်မောင်ကို ထပ်ခေါ်ခိုင်းလိုက်တယ် ... သမီးကလဲ အသစ်ပြန်မဖြစ်ချင်လို့ သွားမတွေ့ဘူး .... သူ့ကို သွားကြည့်တိုင်း ကိုယ်ရေးကိစ္စ ပြောခွင့်မပြုခဲ့ဘူး .... ညနေကလဲ ကိုမောင်မောင်ကို ထပ်ခေါ်ခိုင်းတယ်၊ သမီးကို သူတောင်းပန်ချင်လို့တဲ့ ... သမီးက သမီးအနေနဲ့ သူ့ကို လူနာနဲ့ဆရာဝန်သဘောပဲထားနိုင်မယ်၊ ကိုယ်ရေး ကိုယ်တာကိစ္စကို ဘာမှပြောစရာမလိုဘူးလို့ ပြောလိုက်တယ် ... သူ့ရောဂါ ပျောက်ကင်း ရေးကိုပဲ ကုပေးနိုင်မယ် သမီးမှာလည်း လူနာ တစ်ယောက် အနေနဲ့ သဘောထားပြီးကုဖို့ ကြိုးစားနေရတဲ့ အချိန်မှာ ကိုယ်ရေး ကိုယ်တာကိစ္စကို ထပ်မဆွ ချင်ပါနဲ့လို့ ပြောလိုက်တယ်"

"အင်း ... သမီးကလဲ စနေသမီးပီပီ တယ်ပြီး စိတ်ကြီးတာကိုးကွဲ့ ... စိတ်ကလဲ မာလိုက်တာ ... သမီးဘယ်လို ခံစားရသလဲ

ဆိုတာ ဒက်ဒီကိုယ်ချင်းစာမိပါတယ် ... ဒါပေမဲ့သမီး... မောင်မြင့်နိုင်ဟာ သေခါနီးလူတစ်ယောက်ပါ၊ သေပြီးမှ သူ့ကိစ္စအမှုန်ကို သမီးသိရရင် တစ်သက်လုံးပူဆွေးလို့ ပြီးတော့မှာမဟုတ်ဘူး၊ သေပြီးမှ ငိုနေလို့လဲ အပိုပဲ"

"ဒက်ဒီကလဲ သမီးကိုပဲ အပြစ်တင်နေတာပဲ၊ မာမီကလဲ ဒီလိုပဲ၊ သူ့ကိုတော့ ဘယ်သူမှ အပြစ်မတင်ကြဘူး၊ ဒက်ဒီ စဉ်းစားကြည့်ပါအုံး၊ သမီးအူထဲအသည်းထဲက နှစ်နှစ်ခါခါ ချစ်နေတဲ့သူဟာ သမီးကိုပစ်ပြီး တခြားမိန်းကလေးတစ်ဦးကို လက်ထပ်ယူတာကို သမီးက သစ္စာမရှိ ကတိမတည်တဲ့သူအဖြစ် သတ်မှတ်ပြီး စိတ်နာတာကို သမီးအဆိုးလား ဒက်ဒီရဲ့ ... သူ့သဘောနဲ့ သူပြုလုပ်သွားပြီးမှ သမီးကိုသူ ဘာမှထပ်တောင်းပန်နေစရာမလိုဘူးလို့ သမီးယူဆတယ် ... ဘုန်းကြီး ထိပ်ခေါက်ပြီးမှ ကန်တော့တဲ့သူနဲ့ မတူပေဘူးလား ဒက်ဒီ ... သူဟာ အိမ်ထောင်ပြုပြီးမှတော့ သမီးကို ဘာမှထပ်ဆက်သွယ်နေစရာမလိုဘူး၊ သမီးလေ ... အခုကိုယ့်စိတ်ကို ကိုယ်လျော့ထားတယ်၊ အစကသူ့ကို သမီးဒီတစ်သက်ရင်မဆိုင်တော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ အခုတော့ သမီးမျက်စိအောက်မှာ လူနာတစ်ယောက်အနေနဲ့ ယူဆပြီး ကူညီနေရတာပါ ဒက်ဒီရယ်၊ သမီးကို ဆရာဝန်အဖြစ်နဲ့ ဆက်ဆံသင့်ပါတယ်၊ သူ့မှာ မိန်းမနဲ့ကလေးနဲ့ဖြစ်နေတော့ သမီးကို အချစ်ရေးနဲ့ပတ်သက်ပြီး ဘာမှမပြောသင့်ပါဘူး၊ သမီးနဲ့ပတ်သက်တဲ့ အတိတ်ကဖြစ်ရပ် တွေအားလုံးမေ့ပစ်လိုက်ပါပြီ၊ သမီးမှာ အတိတ်ကာလဆိုတာ မရှိတော့ပါဘူး၊ ပစ္စုပ္ပန်နဲ့ အနာဂါတ်ကာလတွေပဲရှိတယ်၊ ကဲပါ ... ဒက်ဒီရယ် ... သမီးကို ချစ်ရင်ဆရာဝန်ကောင်းတစ်ယောက် ဖြစ်ဖို့ စိတ်



ခါတ်မွေးမြူနေတဲ့ အချိန်မှာ သမီးရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စကို မပြောပါနဲ့လား ဒက်ဒီရယ် ... သမီးတောင်းပန်ပါတယ်၊ ကိုမြင့်နိုင်ကို သမီးတတ်တဲ့ပညာနဲ့ အစွမ်းကုန်ကုပေးပါ့မယ်၊ သူ့ကို သမီးအိမ်ထောင်သည် တစ်ယောက်အနေနဲ့ပဲ မြင်ထားပါတယ်၊ ကလေးအဖေဆိုတဲ့ အချက်ကိုလည်း မမေ့ပါဘူး ဒါကြောင့် သူ့ကို လူနာတစ်ယောက် အပေါ်မှာ ထားအပ်တဲ့ စိတ်ထားပဲရှိတဲ့အတွက် ပြီးခဲ့တဲ့သူ့အကြောင်း ကို ဒက်ဒီရှင်းပြမနေပါနဲ့တော့ဒက်ဒီရယ် ..." ဟုပြောနေသဖြင့် ဦးမျိုးဇင်လည်း သက်ပြင်းရှည်တစ်ချက်ချကာ

"ကဲပါလေ .... သမီးကလဲ ဒက်ဒီကို ဘယ်လို့မှ ရှင်းလင်းခွင့်မပေးတော့ သမီးသဘောပါပဲ၊ ဒက်ဒီကတော့ သမီးတို့နှစ်ယောက် အခင်အမင်မပျက်စေချင်တဲ့ စေတနာနဲ့ ပြောတာပါကွယ် ... ပြီးတော့ သူ့အကြောင်းနဲ့ပတ်သက်ပြီး နိုင်ငံခြားကို ပို့တဲ့စာတိုင်း သမီးမဖတ်ပဲ ဆုတ်ဆုတ်ပစ်တယ်လို့ ဒေါက်တာမေမြရီက စာရေးပြောတယ်၊ မောင်မြင့်နိုင်အပေါ်မှာ သမီးအထင်လွဲနေတာကို ရှင်းပြတာ လက်ခံနားထောင်ဖို့ကောင်းပြီ သမီး"

"တော်ပါတော့ ဒက်ဒီရယ် .... အရေးထဲ ဒီအကြောင်းတွေ မပြောပါနဲ့တော့နော် .... အခုဆေးရုံရောက်ရင် သူဘယ်လို နေအုံးမလဲမသိဘူး၊ သမီးတော့ သူ့အတွက် ဆုတောင်းပေးပါ တယ်ဒက်ဒီ" ဟု ပြောနေစဉ် မော်တော်ကားလည်း ဆေးရုံဆင် ဝင်အောက်သို့ ထိုးဆိုက်လိုက်လေသည်။ မေသက်နွယ်မှာ မြင့်နိုင်အား စိတ်နာနေသော်လည်း သံယောဇဉ်ငြိတွယ်နေသေး သဖြင့် စိတ်ပူပန်မိလေ၏။ ကားဆိုက်လိုက် သည်နှင့် တစ်ပြိုင်နက် မေသက်နွယ်မှာ ရှေးဦးစွာဆင်းသွားပြီး ကတိုက်ကရိုက်နှင့် မြင့်နိုင်အခန်းဘက်

သို့ဝင်သွားလေ၏။ အခန်းဝသို့ရောက် သည်နှင့် တစ်ပြိုင်နက် မြင့်နိုင်ကုတင်သို့ လှမ်းကြည့်လိုက်သောအခါ မြင့်နိုင်ကို မတွေ့ရ တော့ပဲ ကုတင်လွတ်ကိုသာတွေ့ရပြီး သူနာပြုဆရာမကလေး တစ်ယောက်အိပ်ယာခင်းနှင့် ခေါင်းအုံးစွပ်များလဲနေသဖြင့် မေသက်နွယ်မှာ ရင်ထဲတွင် ဒိန်းကနဲဖြစ်သွားကာ ခေါင်းထဲမှ မူးဝေသွားသည့်အတွက် အနားတွင်ရှိသော ကုလားထိုင်ကို ကိုင်ထားလိုက်ရလေ၏။ မေသက်နွယ်မှာ ကုတင်လွတ်ကို ကြည့်ပြီး ရင်ထဲဆို့နစ်လာကာ မငိုနိုင်ပဲငေးကြောင်ကြောင် ဖြစ်နေခိုက် တစ်စုံတစ်ယောက်က မေသက်နွယ်၏ပခုံးကို လာရောက် ကိုင်လိုက်တော့မှ မေသက်နွယ်လည်း လှည့်ကြည့်လိုက်ရာ ဗိုလ်မှူး မြတ်သူကိုတွေ့မြင်ရလေ၏။

"ဆ ... ရာ .... သူ .... သူ .... ဘယ် ... အချိန်က ဆုံး ... ဆုံး သွားသလဲ ... ဟင်" ဟု ငိုသံကလေးနှင့် မေးလိုက်ရာ ....

"အင်း ... ဒေါက်တာနွယ် သိပ်စိတ်ပူသွားသလားဟင် ... သူမသေသေးပါဘူး၊ ဒေါက်တာနွယ် သူ့ကို စိတ်နာနေတုန်းပဲဆိုတာ သိလို့ သူတော်တော် စိတ်မကောင်းဖြစ်နေတယ်၊ သူလဲ စိတ်ညစ်ညစ်နဲ့ သေချင်သေပစေဆိုတဲ့စိတ်နဲ့ မျက်စိပတ်တီးကို အတင်းဆွဲဖြေလိုက်ပြီး ထွက်ပြေးတာပါပဲ၊ မျက်စိမမြင်တော့ ဒီအခန်းထဲကအထွက်မှာ ထရံနဲ့ဝင်တိုက်ပြီး လဲကျသံကို ညဘက် တာဝန်ကျတဲ့ ဗိုလ်ကြီးတင်အောင်ကြားလို့ပေါ့ .... သူပြေးပြီးလာ ကြည့်တော့ ဗိုလ်မှူးဟာ သတိမေ့လဲနေတာကို တွေ့ရတယ် ကျွန်တော့်ဆီဖုန်းနဲ့အကြောင်းကြားတာနဲ့ချက်ချင်း လာတာပဲ၊ ကျွန်တော် ရောက်လာပြီးမှသတိပြန်ရတယ်၊ သူ ... ကယောင်ကတမ်းနဲ့



ပြောဆိုပုံကိုကြည့်ရတာ ဒေါက်တာနွယ် သူ့အပေါ်သိပ် မုန်း သွားမှန်းသိလာလို့ စိတ်လျှော့လိုက်တာနဲ့ တူတယ်၊ ကျွန်တော်လဲ စိတ်ပူတာနဲ့ ဒေါက်တာနွယ့်ဆီအကြောင်း ကြားခိုင်းလိုက်တာပဲ"

"သူ အခု ဘယ်မှာလဲ ဆရာ ..."

"ဒေါက်တာနွယ် စိတ်စောပြီး ကားပေါ်ကအပြေးဆင်းလာတော့ ကျွန်တော်လှမ်းခေါ်တာ ဘယ်ကြားမလဲ ... အနံတိနဲ့ အန်ကယ်တို့တော့ သူ့အခန်းမှာရောက်နေကြပါပြီ၊ ဗိုလ်မှူးမြင့်နိုင်ကို ဒေါက်တာနွယ်ထိုင်တဲ့အခန်းနဲ့ ကပ်ရက်ကအခန်းမှာ ရွှေ့ထားလိုက်တယ် .... အင်းဒီညမှာ ကျေနပ်စရာတွေ့ရတယ်ကွဲ့"

"အရေးထဲ ဘာကို ကျေနပ်စရာတွေ့နေတာလဲဆရာ"

"ဒီလိုလေ ဒေါက်တာနွယ် စိတ်ဆိုးရင်လဲဆိုးပေတော့၊ ကျွန်တော်တော့ သူများကိုယ်ရေးကိုယ်တာကိစ္စကို စပ်စုလိုက်တာပဲ၊ ဗိုလ်မှူးက ခင်ဗျားကို အခုထက်ထိ မေတ္တာမပျက်တွေ့ရတယ် ... ဒါပေမဲ့ ခင်ဗျားက ဗိုလ်မှူးကို စိတ်နာနေပြီး ပြန်မဆက်သွယ် တော့ ခင်ဗျားစိတ်ရင်းကိုသိချင်တာနဲ့ အခန်းပြောင်းထားလိုက် တာပါ"

"အခန်းပြောင်းထားတော့ ဘာသိရသလဲဆရာ"

"ဟာ ... သိရတာပေါ့၊ ကြည့်လေ ခင်ဗျားပါးစပ်က စိတ်နာတယ်၊ စိတ်ပြတ်တယ်လို့ပြောနေပေမဲ့ အတွင်းစိတ်သဘောက မေတ္တာမပျက်သေးကြောင်းတွေ့ရတာပဲ ... ဒါပေမဲ့ ခင်ဗျားက ဝန်မခံခဲ့ဘူး၊ ဖြေရှင်းတာကိုလဲ လက်မခံခဲ့ဘူး ... ဗိုလ်မှူးအသက် စိုးရိမ်ရတယ်ဆိုတာ ကြားရတော့ ခင်ဗျားဘယ်လောက် စိတ်ပူသွားသလဲဆိုတာ ကျွန်တော် ရိပ်မိတယ်" ဟုပြောလိုက်သဖြင့် မေသက်နွယ်လည်း မျက်မှောင်ကလေးကြုတ်ကာ ....

"ဘယ်လို ရိပ်မိတာလဲဆရာ"

"အင်း ... ကြည့်စမ်းပါအုံး ... ကျွန်တော်တို့ဆီက တယ်လီဖုန်းလာတော့ စိတ်တွေကယောင်ကတမ်းဖြစ်ပြီး၊ ကသောကမျှော ထွက်လာလိုက်တာစီးလာတဲ့ဖိနပ်ကို ကြည့်ခြင်းအားဖြင့် သိသာနိုင်ပါတယ်"ဟု ပြောလိုက်သည့်အတွက် မေသက်နွယ်မှာ သူမ၏ ဖိနပ်ကို ငုံကြည့်လိုက်ရာ ညှပ်ဖိနပ်အဖြူ တစ်ဖက်နှင့် ကွင်းစွပ် ဖိနပ်အနက် တစ်ဖက်စီးလာသည်ကို တွေ့ရသဖြင့် ရှက်ကိုး ရှက်ကန်းဖြစ်သွားကာ ...

"ဒါတော့ဆရာရယ် ...."

"ကဲပါလေ ... ဆင်ခြေတက်မနေပါနဲ့တော့ ... ဆေးရုံရောက်တာတောင် ကျွန်တော်ခေါ်နေတာကိုမကြားပဲ ကားပေါ်က ဆင်းဆင်းချင်း ဒီအခန်းကို အပြေးဝင်လာတာ သာကြည့်၊ ဒီရောက်တော့ ကုတင်မှာမ တွေ့ရတာနဲ့ သေပြီထင်ပြီး စိတ်အ တော် ထိခိုက်သွားတယ်မဟုတ်လား ဒါတွေကို ကြည့်ခြင်း အားဖြင့် ခင်ဗျားဟာ ဗိုလ်မှူး အပေါ်မှာ စိတ်မပြတ် သေးဘူး၊ တကယ်စိတ်နာပြီးစိတ်ပြတ်သွားတဲ့သူဆိုရင် အိမ်ကထွက်က တည်းက ဖိနပ်ကိုအရမ်းစီးမလာပဲ ဆေးရုံရောက်လာတော့လဲ သွေးအေးအေးနဲ့ ဆင်းလာမှာပေါ့၊ ကျွန်တော်အပေါက်ဝက ရပ်စောင့်ပြီး ခေါ်နေတာတောင်မကြားနိုင်ပဲ ဗိုလ်မှူးအခန်းထဲကို သာဝင်သွားတာကိုး"

"ကဲပါဆရာရယ် .... ဒီအကြောင်းတွေ ဒီနေရာပြောမနေပါနဲ့ ဆရာဘယ်လိုဘဲထင်ထင် နွယ်သူ့ကို ပြန်လက်မခံနိုင်ဘူး၊ နွယ် ... ဆရာဝန်တစ်ယောက်အနေနဲ့ သူ့အသက်အန္တရာယ်ကို စိုးရိမ်ပုံမျိုး စိုးရိမ် တာပါဆရာ" ဟု ပြောလိုက်သည့်အတွက် ဗိုလ်မှူးမြတ်သူက



တစ်ချက်ပြုံးလိုက်ကာ ...

"ကဲပါလေ ... ဒေါက်တာနွယ် ဘယ်လိုပဲ သဘောထားထား သူစိတ်ချမ်းသာပြီး ရောဂါကိုလက်ခံကုသဖို့ကလိုရင်းပဲ၊ လာ .... လာ.... သူ့အခန်းသွားကြစို့" ဟု ပြောကာထွက်လာကြလေ၏။

× × ×

မေသက်နွယ်၏အခန်းနှင့် ကပ်ရက်တွင် သီးသန့်လူနာတစ်ယောက်ခန်းရှိသည်။ မြင့်နိုင်မှာ ၄င်းအခန်းတွင် ရောက်ရှိနေလေသည်။မေသက်နွယ်နှင့် ဗိုလ်မှူးမြတ်သူ ဝင်သွားသောအခါ မြင့်နိုင်မှာသတိရနေပြီဖြစ်သော်လည်း စကားကောင်းစွာ မပြောနိုင်သေးပေ၊ ဗိုလ်မှူး မြတ်သူမှာ လူနာအားစမ်းသပ်ကြည့်ရှုပြီး သူနာပြုဆရာမကလေးအား ဆေးတိုက်ရန် ညွှန်ကြားနေလေ၏။ ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့မှာ လူနာအား စိုးရိမ်ကြီးစွာဖြင့် ကြည့်နေလေရာ မေသက်နွယ်က ....

"ဒက်ဒီ ... သမီး ဒီညတော့ ဆေးရုံမှာစောင့်နေလိုက်အုံးမယ်၊ ဒက်ဒီတို့ပြန်နှင့်ကြပါ၊ မနက်ကျမှပဲ ကားအကြိုလွှတ်လိုက်ပါနော်" ဟု ပြောသဖြင့် ဦးမျိုးဇင်က သမီးဖြစ်သူအားအနားသို့ ခေါ်ပြီး ...

"မောင်မြင့်နိုင်ကြည့်ရတာ ဒက်ဒီတော့ သိပ်အားမရဘူး၊ သူ့အမေ နဲ့ကြည်ကြည့်ကို အခေါ်လွှတ်လိုက်ရမလား"

"ကိစ္စမရှိပါဘူးဒက်ဒီ .... သူတို့လာလဲ လူနာကိုစကားပြောခွင့်

ရမှာမဟုတ်ဘူး"

"အေးကွယ် ... ဒက်ဒီသမီးက လိမ္မာပါတယ်၊ မောင်မြင့်နိုင်ကိုဂရု စိုက်ပါကွယ် ... အရေးကြီးရင် တယ်လီဖုန်းဆက်လိုက်ပေါ့ သမီးသူ့ကို ဂလန်ဂဆန်မပြောပါနဲ့ကွယ် ... အားပေးစကား ပြောပါနော်" ဟု မှာကြားကာ ပြန်မည်ပြုစဉ်၊ ဒေါ်သင်းဝေက လက်တွင်ကိုင်ထားသော စိပ်ပုတီးကိုမေသက်နွယ်အား လှမ်းပေး လိုက်ပြီး၊

"သမီး ... မာမီ့ စိပ်ပုတီးယူထားလိုက်၊ မောင်မြင့်နိုင်ကို ပြုစုပါ သမီးရယ် .... ပုတီးစိပ်ပြီး ဆုတောင်းမေတ္တာပို့ပေးပါကွယ်.... ပရိတ်ကလေးဘာလေးလဲ အနားမှာထိုင်ပြီး ရွတ်ဖတ်သရဇ္ဈာယ် ပေးပါအုံးနော်သမီး၊ သူစိတ်ချမ်းသာစေမဲ့ စကားတွေလဲ ပြောပါကွယ်၊ ကဲ .... မာမီတို့ ပြန်မယ်နော်သမီး" ဟု ပြောဆိုပြီး ဗိုလ်မှူးမြတ်သူ ကို နှုတ်ဆက်၍ ပြန်သွားကြလေ၏။

× × ×

မေသက်နွယ်လည်း မိခင်ကြီးပေးသွားသော ပုတီးကိုလက်တွင် ပတ်ပြီး ဗိုလ်မှူးမြတ်သူတို့နှင့်အတူ လူနာအတွက် အစီအစဉ်ကို တိုင်ပင်နေစဉ် လက်ထောက်ဆရာဝန်တစ်ဦး ဝင်ရောက်လာပြီး အရေးကြီးသော လူနာရောက်ရှိလာကြောင်းကို လာပြောသဖြင့် ဗိုလ်မှူးမြတ်သူက

"ဒေါက်တာနွယ် ... ဒီမှာ ဗိုလ်မှူးကို စောင့်နေအုံးနော် ... ထွက်လဲပြေးအုံးမယ် ... ကျွန်တော်တို့ အရေးပေါ်ခန်းဘက်သွားလိုက်ပါအုံးမယ်၊ ပြီးတော့ ပြန်လာပါ့မယ်" ဟုပြောဆိုကာ ဗိုလ်ကြီး



တင်အောင်နှင့်အတူ ထွက်သွားကြလေ၏။

မေသက်နွယ်မှာ အခန်းထဲတွင် တစ်ယောက်တည်း ကျန်ခဲ့တော့မှ ကုကင်နားသို့ ကပ်သွားကာ လူနာအား အကဲခတ်ကြည့်နေလေ၏။ မြင့်နိုင်မှာ စောစောက လဲထားရာမှ ရရှိသော ဒဏ်ရာများကို ဆေးထည့် ရန်အတွက် ဗိုလ်မှူးမြတ်သူက မျက်စိကိုပတ်တီးမစည်းသေးသဖြင့် မြင့်နိုင်၏ မျက်နှာကိုကောင်းစွာ တွေ့မြင်ရလေ၏။ ၁၉၅၆ခု၊ အောက်တိုဘာလ (၉) ရက်၊ သူမ မြန်မာနိုင်ငံမှ အင်္ဂလန်သို့ ထွက်ခွာသွားသည့်နေ့မှစ၍ ချစ်သူမျက်နှာကို ယနေ့အထိ စေ့စေ့စပ်စပ် မကြည့်ခဲ့မိချေ။

(၆) နှစ်အတွင်း ယနေ့ည ပထမဆုံးအကြိမ်ကြည့်မိရာတွင် အရိုးပေါ်အရေတင်ဖြစ်နေသော ချစ်သူအားကြည့်ကာ ဝမ်းနည်းလာပြီး မျက်ရည်ဖြိုင်ဖြိုင်စီးကျလာလေ၏။ မေသက်နွယ်မှာ စောစောက ဗိုလ်မှူးမြတ်သူ ဆေးထိုးပေးထားသဖြင့် အိပ်ပျော်နေသော မြင့်နိုင်၏ ကုတင်စွန်းတွင် ဝင်ထိုင်လိုက်ပြီး ချစ်သူ၏ လက်တစ်ဖက်ကိုကိုင်ကါ သွေးကြောစမ်းကြည့်နေမိလေ၏။ မေသက်နွယ်မှာ မြင့်နိုင်အပေါ်တွင် စိတ်နာသော်လည်း မုန်းမေ့မရနိုင်ပေ၊ အိမ်ထောင်သည် ဘဝသို့ ရောက် ရှိနေသောချစ်သူအား ခွင့်မလွှတ်နိုင်သည့်အတွက် မျက်နှာချင်းမဆိုင် ခဲ့ပေ။ ယခုလိုကြည့်မိပြန်တော့လည်း အချစ်စိတ်များပြန်ပေါ်ပေါက်လာသဖြင့် ချက်ချင်းသတိတရားပြန်ရကာ သက်ပြင်းတစ်ချက်ချ လိုက်ပြီး ...

"အင်း ... မောင့်ကိုငါမမုန်းနိုင်၊ မမေ့နိုင်သရွေ့ ငါ့ကိုယ်ငါ ညှဉ်းဆဲ နေတာနဲ့အတူတူပဲ ... ဒီလိုသာ နှစ်ယောက်စလုံးကြာရှည် ခံကွဲခံစားနေရရင် တစ်ယောက်ယောက်တော့ သေမှာပဲ" ဟု တိုးတိုး

"ဆရာ ... ဒီကိစ္စကိုမပြောပါနဲ့ဆရာ၊ နွယ်အခုဆေးရုံလာတာ ဆရာဝန်ဝတ္ထရားနဲ့ လာတာပါဆရာ၊ ကိုမြင့်နိုင်နဲ့ ချစ်ခဲ့တဲ့ မေသက်နွယ်အနေနဲ့ လာတာမဟုတ်ပါဘူး"

"ဆောရီးပါ၊ ဒေါက်တာနွယ် ကျွန်တော်ပြောမိတာတောင်းပန်ပါတယ်"ဟု ပြောနေစဉ် မြင့်နိုင်ကုတင်ဆီမှ လူပ်ရှားသံကြားရသဖြင့် နှစ်ယောက်သားပြိုင်တူ ကုတင်နားသို့ သွားရောက်ကြည့်ရှုကြ လေ၏။ မြင့်နိုင်ကလေသံကလေးဖြင့် ရေတောင်းနေသည့် အတွက်မေသက်နွယ်လည်း ရေကိုဇွန်းကလေးနှင့်ခပ်ကာ ဗိုလ်မှူးမြတ်သူ အားပေးလိုက်လေ၏။ ဗိုလ်မှူးမြတ်သူမှာ မေသက်နွယ်ကို တစ်ချက်ကြည့်လိုက်ပြီး ဇွန်းလှမ်းယူကာ လူနာအား တိုက်ပေး ပြီးနောက်မေသက်နွယ်အနား သွားရပ်လျက် လေသံတိုးတိုးဖြင့်...

"ဒေါက်တာနွယ် ... ကျွန်တော်တစ်ခုလောက် တောင်းပန်ချင်တယ်၊ လူနာအတွက် စိတ်မချရမချင်း သူစိတ်ချမ်းသာစေမဲ့ စကားလုံးကို သုံးစေချင်တယ် ဒီလိုတောင်းပန်နေတဲ့ကြားက ဒေါက်တာနွယ် ကျွန်တော်စကားကို နားမထောင်ရင်တော့ စိတ် ဆိုး ရလိမ့်မယ်" ဟုပြောသဖြင့် မေသက်နွယ်လည်း လူနာအားငေး စိုက်ကြည့်ရင်း သက်ပြင်းရှည်တစ်ချက်ချလိုက်ကာ ....

"ကောင်းပါပြီဆရာ ... သူမျက်စိပြန်မမြင်မချင်း နွယ်အလိုက်အထိုက်နေပါ့မယ်" ဟုခပ်ညည်းညည်းကလေး ပြောလိုက်လေ၏။

ဗိုလ်မှူးမြတ်သူနှင့် ဒေါက်တာမေသက်နွယ်တို့နှစ်ဦးလည်း လူနာအား ခေတ္တမျှလှမ်း၍ ငေးကြည့်နေမိကြလေ၏၊ မေသက်နွယ်၏မျက်နှာမှာတစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက် သကဲ့သို့ အမူအရာ ပြောင်းသွားပြီး ....



ကလေး ညည်းညူကာ ကုတင်မှထလိုက်ပြီး အခန်းပေါက်ဝသို့ လာရောက်ရပ်နေလေ၏။ ထိုအခိုက် ဗိုလ်မှူးမြတ်သူနှင့်အတူ သူနာပြုဆရာမကလေး လိုက်လာပြီး ဟောလစ်တစ်ခွက် ယူလာကာ မေသက်နွယ်အားလှမ်းပေးလိုက်လေ၏။ မေသက်နွယ်က မသောက်ချင်ကြောင်းငြင်းဆန်နေသဖြင့် ဗိုလ်မှူးမြတ်သူက ...

"ဒေါက်တာနွယ် ... ဟောလစ်ပူပူကလေး သောက်လိုက်အုံး၊ နေကောင်းရဲ့လား၊ ဒေါက်တာ့ကြည့်ရတာ မျက်နှာဖြူဖပ်ဖြူရော်ဖြစ် နေတယ်၊ဒေါက်တာနွယ့်ကို နေ့တိုင်းအကဲခတ်ကြည့်နေတယ်၊ ဒီဆေးရုံ ရောက်လာတဲ့နေ့က စိုစိုပြည်ပြည်ရှိတယ် ... နောက်တစ်နေ့က စပြီး ဒီနေ့အထိဟာ ဟန်ဆောင်သာနေတယ် ... စိတ်ပင်ပန်းရလွန်းလို့လားမသိဘူး၊ တစ်နေ့တခြား ပိန်ပိန်လာတယ်ဆိုတာ ကိုယ့်ကိုယ်ကို သတိထားမိရဲ့လား"

"ဆရာ ... ကျွန်မနေကောင်းပါတယ်၊ ကျန်းမာရေးကို ဂရုစိုက်ပါတယ်ဆရာ၊ နွယ် ဘဝကိုရင်ဆိုင်ရဲပါတယ်၊ နွယ့်အသိဉာဏ်နဲ့ဦးနောက်ကို အမြဲသုံးနေပါတယ်၊ နှလုံးသားရဲ့အလိုကို ဘယ်တော့ မှမလိုက်ရဘူး၊ နွယ်ဟာ ဆရာဝန်တစ်ယောက်ပါဆရာ၊ တာဝန်နဲ့ ကိုယ်ရေးကိုယ်တာကို မရောရှက်ဘူး၊ ဆရာပြောသလို နွယ် စိတ်ပင်ပန်းနေတယ်ဆိုတာတော့ ဝန်ခံပါတယ်၊ ဒါပေမဲ့ နွယ့်စိတ်ကို နွယ်နိုင်ပါတယ်ဆရာ"

"အင်း ... ဒေါက်တာနွယ်လောက် အသည်းမာတဲ့မိန်းကလေးကို ကျွန်တော်မတွေ့ဖူးသေးဘူး၊ အခုလိုကြုံကြိုက်တုန်း ဗိုလ်မှူးမြင့်နိုင်ဟာ ဘာဖြစ်လို့ အိမ်ထောင်ပြုသွားရသလဲဆိုတာရှင်းပြ ..."

မေသက်နွယ်မှာ ဗိုလ်မှူးမြတ်သူ၏ စကားကိုကြားဖြတ်ပြီး

## အခန်း ၁၁

"ကဲ ... ဒေါက်တာနွယ် ကျွန်တော်ဘာအကူအညီများ ပေးရမလဲ ကျွန်တော်တတ်နိုင်သလောက် ဆောင်ရွက်ပေးပါ့မယ် ...."

မေသက်နွယ်လည်း ဗိုလ်မှူးမြတ်သူ ရုံးခန်းနံရံတွင် ချိတ်ဆွဲထားသော လူအရိုးစုံစံကားချပ်ကို ခေတ္တငေးကြည့်လိုက်ပြီးနောက် သက်ပြင်းကလေး တစ်ချက်ချလိုက်ကာ ....

"ဒီလိုပါဆရာ ... ဆရာ စောစောက ပြောထားသလိုပဲ နွယ့်အနေ နဲ့ကိုမြင့်နိုင် မျက်စိပြန်မမြင်မချင်း သူစိတ်ချမ်းသာစေမဲ့စကား ကိုပြောဆိုပြီး ကူညီပါ့မယ် ... ဒါပေမဲ့ ဆရာတို့ ကိုမြင့်နိုင် မျက်စိ ခွဲစိတ်ကုသပေးပြီးတာနဲ့ နွယ်ရန်ကုန်မှာ မနေချင်ဘူး၊ ဒါကြောင့် နွယ်လျှောက် ထားတဲ့ နေရာကိုရအောင် သက်ဆိုင်ရာကို ဆရာ ထောက်ခံပြောဆိုကူညီပေးပါနော်"

ဗိုလ်မှူးမြတ်သူမှာ မေသက်နွယ်၏ စကားကြောင့် နားထင်ကြောများတွန့်သွားကာ ...



"ဆရာ .... ဆရာ့ဆီမှာ နွယ် အကူအညီတောင်းချင်လို့ ဆရာပေးနိုင်ပါ့မလား"

ဗိုလ်မှူးမြတ်သူလည်း မေသက်နွယ်၏စကားကိုကြားလိုက်ရသဖြင့် မျက်မှောင်ကြုတ်လိုက်ကာ ....

"ဘယ်လိုအကူအညီမျိုးပေးရမှာလဲ ဒေါက်တာနွယ်"

"ဆရာ .... အခုအချိန်ပေးနိုင်မယ်ဆိုရင် နွယ်အခုပဲ ပြောပါ့မယ်ဆရာ၊ ဒါပေမဲ့ ဒီအခန်းထဲမှာတော့ မပြောချင်ဘူး"

"ကောင်းပြီလေ .... ဆရာ့ရုံးခန်းမှာ သွားထိုင်ပြောကြတာပေါ့၊ ဒီမှာ သူနာပြုဆရာမလေးကို ခဏစောင့်ခိုင်းထား လိုက်မယ်လေ" ဟု ပြောဆိုပြီးနောက် လူနာကုတင်နားတွင် ရပ်နေသော ဆရာမကလေးအားခေါ်ကာ ညွှန်ကြားချက်များ ပေးပြီးနောက် မေသက်နွယ်နှင့်အတူ ရုံးခန်းဘက်သို့ ထွက်လာကြ လေ၏။

× × ×

"ဟင် ... ဒေါက်တာနွယ် ... တခြားမြို့ကြီးကဆေးရုံမှာ ဘာပြုလို့လဲ"

"အော် ...ဆရာရယ် တိုးတက်ပြီးသား မြို့ကြီးပြကြီးမှာအရေး ဆိုရင် ဆရာကောင်း သမားကောင်းတွေ အများကြီးရှိတယ် မဟုတ် လားဆရာ၊နွယ် ဒီဆေးပညာဘက်ကိုလိုက်စားတာဟာ ကြီးပွား ဖို့ လဲမဟုတ်ဘူး၊ ပိုက်ဆံများများရဖို့လဲမရည်ရွယ်ဘူး၊ နာမည် ကြီးဘို့လဲ စိတ်မကူးဘူး၊(၁၀) တန်းအောင်ပြီး ဆရာဝန် ဘက်ကို လိုက် မယ်လို့ စိတ်ကူးကတည်းကနွယ်ဆရာဝန် နည်းပါးတဲ့ အရပ် ဒေသမှာသွားပြီး လုပ်မယ်လို့ စိတ်ပိုင်းဖြတ်ထားပြီးသားပါ ဆရာ၊ အထူးသဖြင့် မဖွံ့ဖြိုးမတိုး တက်သေးတဲ့ အရပ်ဒေသမျိုးမှာ နွယ် သွားပြီး လုပ်ကိုင်ချင်ပါတယ် ဆရာ ... ဒါကြောင့် နွယ် မြစ်ကြီးနား ဘက်ကို ရွေးချယ်တာပါ"

"မဝေးဘူးလား ... ဒေါက်တာနွယ်"

"ဟာ ... ဆရာရယ် .. နွယ်တို့ တိုင်းပြည်လွတ်လပ် ရေးရပြီး ကတည်းက လူတွေရဲ့ အတွေးအခေါ်အယူအဆတွေ ဟာလဲ ပြောင်း လဲလာပါပြီ၊ ကိုယ့်နိုင်ငံတွင်းမှာ ဘယ်နေရာမှာပဲလုပ်လုပ် ဝေးတယ် နီးတယ် မရှိတော့ပါဘူး ဆရာရယ် ... ပြီးတော့ နွယ်တို့လို အတတ် ပညာရှင်တွေဟာ အစိုးရကချမှတ်ထားတဲ့ "လမ်းစဉ်" ကို တစ်ဖက် တစ်လမ်းက တတ်နိုင်သလောက် ပါဝင် ဆင်နွှဲဖို့ လိုအပ်နေတယ် မဟုတ်လားဆရာ၊ ဒါဟာ နွယ်ရဲ့ စိတ်ခံစား ချက်တွေကိုလဲ နွယ် တတ်နိုင်သလောက် မေ့ပျောက်အောင်ကုစား ချင်သေးတယ်ဆရာ၊ နွယ်ဟာ ဒီလောကမှာ လူလာဖြစ်ရတာ နေရတဲ့လူ့ဘဝ သက်တမ်း တစ်လျှောက်မှာ အလဟဿရေသာခိုပြီး မနေချင်ဘူးဆရာ၊



"ဘာပြုလို့ နယ်ကိုသွားရမှာလဲ ဒေါက်တာနွယ် ... ရန်ကုန် မှာလုပ်ပါလား၊ ဆေးရုံကြီးကိုရအောင်ပြောပေးမယ်လေ .... နယ် မှာဆိုရင်တော့ ရန်ကုန်မှာလို ကောင်းကောင်းနေရမှာမဟုတ်ဘူး နေရေးကိုင်ရေးဒုက္ခရောက်နေအုံးမယ် ..."

"နွယ် ... နယ်ကိုပဲသွားချင်တယ်ဆရာ"

"ဘယ်လိုရည်ရွယ်ချက်ကြောင့် ဒေါက်တာနွယ်ဒီလောက် တောင် နယ်ဘက်ကိုသွားချင်ရတာလဲ၊ သူများတကာတွေများနယ်မှာ မနေချင်လို့ ရန်ကုန်ရအောင် ကြိုးစားကြရသေးတာ ဒေါက်တာနွယ် သေသေချာချာစဉ်းစားပြီးမှ ဆုံးဖြတ်ပါ"

"နွယ်သေသေချာချာ စဉ်းစားကြည့်ပြီးပါပြီ ... နွယ့်ကို ကူညီနိုင်မယ် မဟုတ်လားဆရာ"

"ဒေါက်တာနွယ် ... နယ်ကိုပြောင်းရရင် စိတ်ချမ်းသာလိမ့်မယ် လို့ ထင်နေသလား"

"နွယ်ဟာ ကိုယ်ကျိုးစွန့်ပြီး အလုပ်ကို ခြေစုံပစ်ဝင်ထားသူ တစ်ယောက်ပါဆရာ၊ နွယ်ရဲ့စိတ်ချမ်းသာမှုစိတ်ဆင်းရဲမှုဟာ နွယ် လုပ်ကိုင်နေတဲ့လုပ်ငန်းနဲ့ မဆိုင်ပါဘူးဆရာ"

ဗိုလ်မှူးမြတ်သူလည်း နွယ့်အားကြည့်ရင်း ခေါင်းတငြိမ့်ငြိမ့် လုပ်ကာ ...

"ကောင်းပြီလေ .... ကျွန်တော် အတတ်နိုင်ဆုံးကူညီပါ့မယ် ဒေါက်တာနွယ် ဘယ်ဆေးရုံမှာ လုပ်ချင်သလဲ"

"မြစ်ကြီးနားဆေးရုံမှာ လုပ်ချင်တယ် ဆရာ"

ဗိုလ်မှူးမြတ်သူမှာ မေသက်နွယ်စကားကြောင့် အံ့အားသင့် သွားကာ ....

နောက်ပြီး နွယ်နားလည်ထားတာက နွယ်ဟာ လောကကြီးမှာ အချစ်ကိစ္စတစ်ခုအတွက်နဲ့ အသက်တည်နေတာ မဟုတ်ဘူး၊ အချစ်ရေးကိစ္စ အဆင်မပြေတာနဲ့ လူဖြစ်ရှုံးရတာတွေ၊ အသက် စွန့် လွတ်လိုက်တာတွေဟာ လမ်းမှားတယ်လို့ နွယ်ယူဆ တယ်၊ အချစ်ရေးကိစ္စတစ်ခု အဆင်မပြေပေမဲ့ တခြား အကျိုးရှိစေမဲ့ ကိစ္စတွေ အများကြီး အဆင်ပြေအောင် လုပ်နိုင်ပါသေးတယ်၊ လူတိုင်း လူတိုင်းဟာ လူ ရယ်လို့ဖြစ်လာရင်တိုင်းပြည်က ကိုယ့် အတွက်ရမဲ့ အမြတ်အစွန်းကိုမတွက်ပဲ ကိုယ်ကသာတိုင်းပြည်ကို ဘယ်လိုအကျိုးအမြတ်ပေးမလဲ၊ တိုင်းပြည်အတွက် ကိုယ့်ကိုယ်ကို ဘယ်နေရာမှာ ဘယ်လိုအသုံးချမလဲဆိုတာကို စဉ်းစားမိကြရင် ကောင်းမှာပဲ၊ဒီတော့ ဆရာ နွယ်ဟာ တိုင်းပြည်အတွက် လုပ်အားအပြည့် အဝပေးဖို့ ဆုံးဖြတ်ပြီးသားမို့လို့ မဖွဲ့ဖြိုးမတိုးတက်သေးတဲ့ ဒေသမှန်သရွေ့ ကိုသွားဖို့ ဦးမလေးပါဘူး၊ ပြီးတော့ဆရာ ကိုမြင့်နိုင်နဲ့ နွယ်ဟာတစ်ချိန်တုန်းက တစ်ဦးကို တစ်ဦး အသက်ပေးပြီး ချစ်ခဲ့ကြတဲ့သူတွေပါ၊ ဒါပေမဲ့ သူမိန်းမယူ သွားတဲ့အချိန်ကစပြီး နွယ်သူ့ကို လုံးဝအဆက်အသွယ်ဖြတ်ခဲ့တယ်၊ သူ့မှာ မိန်းမနဲ့ကလေးနဲ့ဖြစ်နေတော့ သူ့ အိမ်ထောင်ရေးသာယာ အောင် နွယ်ဆုတောင်းပေးရမယ်၊ နွယ့်ကြောင့် သူ့အိမ်ထောင်ရေးမှာ အနှောက်အယှက်မဖြစ်စေချင်ဘူး၊ ကိုမြင့်နိုင်ဟာ နွယ့်အပေါ်မှာ မေတ္တာရှိနေတုန်းပဲဆိုတာ နွယ်သိပါတယ်ဆရာ၊ ဒါကြောင့် သူ့အတွက်လဲ ပိုဆိုးမသွားအောင် သူ့မျက်စိ ပြန်မမြင်ခင် နွယ် သူနဲ့ ဝေးတဲ့နေရာကို ပြောင်းနေချင်တာပါပဲ ဆရာ ...."

ဗိုလ်မှူးမြတ်သူလည်း မေသက်နွယ်ပြောသောစကားများကို သေချာစွာနားထောင်နေရင်း .... မေသက်နွယ်အား ကရုဏာသက်စွာ



ကြည့်နေမိလေ၏။ ခေတ္တမျှငြိမ်သက်နေပြီးမှ

"အင်း ... ဒေါက်တာနွယ်ရဲ့ ဆန္ဒနဲ့ စိတ်သဘောထားကိုကြားရတာ ကျွန်တော်ချီးကျူးပြီး လေးစားမိပါတယ်၊ ကျွန်တော် အနေနဲ့ ဒေါက်တာနွယ်နဲ့ ဗိုလ်မှူးမြင့်နိုင်တို့နှစ်ယောက် အချစ်ရေး အဆင်မပြေကြတာကို တကယ့်ကိုစိတ်မကောင်းဖြစ်မိ ပါတယ်၊ တကယ်တော့ ကိုမြင့်နိုင်ဟာ ဒေါက်တာနွယ့်အပေါ်မှာ တော်တော့်ကိုမေတ္တာရှိရှာပါတယ်။ သူလက်ထပ်လိုက်ရတာကတော့..."

မေသက်နွယ်က ကြားဖြတ်၍ ....

"ကဲပါ ဆရာရယ်၊အဟောင်းကို ပြန်ပြောနေရင်လဲအလကားအသစ်ဖြစ်နေပါ့မယ်၊နွယ့်ရဲ့ ဆန္ဒကိုဖြည့်မယ် မဟုတ်လား... "

"ဖြည့်ပါ့မယ် ဒေါက်တာနွယ်၊ ဒါပေမဲ့ ကျွန်တော်ပြောသလိုပဲ၊ သူ့မျက်စိခွဲလို့မပြီးခင် အချိန်အတွင်းတော့လူနာ စိတ်ချမ်းသာအောင် အလိုက်အထိုက်နေစေချင်တယ်၊ အိုလေ ... တတ်နိုင်ရင် သူ့မျက်စိဖြေတဲ့နေ့အထိ နေစေချင်တာပါပဲ ..."

"ဆရာပြောသလို သူ့ကိုခွဲစိတ်ပြီး စိတ်ချရတဲ့နေ့အထိ တော့နွယ်တတ်နိုင်သလောက် သူစိတ်ချမ်းသာအောင် နေပါမယ့်၊ ဒါပေမဲ့ဆရာ သူမျက်စိပြန်မြင်တဲ့နေ့အထိတော့ နွယ်မနေရပါစေနဲ့၊ နွယ့်ဘက် က လဲ စဉ်းစားကြည့်ပါအုံးဆရာ၊ ဒါကြောင့် သူ့အတွက်စိတ်ချရပြီဆိုတာ နဲ့ နွယ်နယ်ကိုပြောင်းတော့မယ် ... နောက်ပြီး ဒီကိစ္စကိုတတ်နိုင်သလောက် လျှို့ဝှက်ထားစေချင်တယ်၊ အထူးသဖြင့်သူနား ကို ပြန်မပေါက်ကြားနိုင်အောင် သူနဲ့သက်ဆိုင်တဲ့ သူတွေကိုအသိ မပေးစေချင်ဘူးဆရာ၊ နွယ့်မိဘကိုတောင် နီးမှ ပြောမယ်လို့စိတ်ကူးထားတယ်၊ ဆရာလဲ ဘယ်သူ့မှမပြောပါနဲ့ နော် ...."

"ကောင်းပါပြီ ဒေါက်တာနွယ်၊ ဒေါက်တာနွယ်သာ လူနာကို စိတ်ချမ်းသာအောင်ထားနိုင်ပါစေ၊ ဒေါက်တာနွယ့်ကိစ္စလဲ ချောချောမောမောအောင်မြင်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်ကွယ် ..."

"ကျေးဇူးတင်ပါတယ်ဆရာ၊ နွယ့်ကိုသွားခွင့်ပြုပါအုံး...."ဟု ပြောဆိုနှုတ်ဆက်လိုက်ပြီး မေသက်နွယ်လည်း လူနာခန်းဘက်သို့ ပြန်လာလေ၏။

× × ×

မေသက်နွယ်လည်း ဗိုလ်မှူးမြတ်သူ၏ အခန်းမှပြန်၍ မြင့်နိုင် အခန်းသို့ဝင်မည်အပြု သူနာပြုဆရာမ မခင်ကြည်ထွက်လာ သည်နှင့် ရင်ဆိုင်မိကြသဖြင့် ...

"ဆရာမ၊ ဘာကိစ္စရှိလို့လဲ"

"အတော်ပဲ၊ဒေါက်တာ ကျွန်မအခုပဲ ဒေါက်တာ့ဆီကို လာမလို့ပါ၊ ဗိုလ်မှူးက ဒေါက်တာ့ကို တမေးထဲမေးနေတာပဲ၊ဇာတလောက် ဖြစ်ဖြစ် ခေါ်ပေးပါပြောလို့"

"ကောင်းပြီလေ ... သူတစ်ချိန်လုံး မအိပ်ဘူးလား"

"အိပ်ပါတယ်ဒေါက်တာ ... အခု ... နီးနီးချင်း ဒေါက်တာ့ကိုပဲ ခေါ်ခိုင်းနေလို့ပါ"

"ကဲ ... မခင်ကြည်ဆေးထိုးပေးရအောင် ဗိုလ်မှူးမြတ်သူကို အကြောင်းကြားပြီး ဆေးထိုးဖို့ပြင်ဆင်လိုက်ပါနော်"

"ဟုတ်ကဲ့ ဒေါက်တာ" ဟု ပြောကာ ထွက်သွားလေ၏။

မေသက်နွယ်လည်း မြင့်နိုင်၏ကုတင်ဘေးတွင်သွားရပ်ကာ...



"ကိုမြင့်နိုင် .... နွယ့်ကိုခေါ်တယ်ဆို ဘာလိုချင်လို့လဲ"

"အော် ... အသက်ပြန်သွားပြီထင်လို့ပါ၊ ဒါနဲ့ အသက်အရွယ်နှစ်နာရီရှိပြီလဲဟင်"

"သန်းခေါင်ကျော်သွားပြီ၊တစ်နာရီထိုးဖို့ ငါးမိနစ်ပဲလို တော့တယ်"

"ဟင် ... တော်တော်မိုးချုပ်နေပြီ၊ အသက်ဒီည အိမ်မပြန်ဘူးလား"

"မပြန်ဘူး ကိုမြင့်နိုင်၊ ဒီမှာတစ်ညလုံးရှိမယ်"

"အို ... ဒီလိုဆိုရင် အိပ်ပျက်ပြီး နေမကောင်းဖြစ်နေအုံးမယ်"

"ကဲ ... ကိုမြင့်နိုင် လူနာနဲ့ဆရာဝန်ဟာ ဆရာဝန်ကသာလူနာအတွက်တာဝန်ရှိတာ၊ လူနာက ဆရာဝန်အတွက် ဘာမှပူစရာ မလိုဘူး၊ အခု ကိုမြင့်နိုင် မအိပ်ချင်သေးဘူးလား၊ ခေါင်းကဘယ့်နဲ့နေသေးသလဲဟင် ...."

"ဟင့်အင်း ... မအိပ်ချင်သေးဘူး၊ခေါင်းကတော့နဲနဲမူးနေသေးတယ်"

"ဒီလိုဆိုရင် နွယ်ဆေးတစ်လုံးထိုးပေးမယ် ..."

"ဒါတွေ အသာထားစမ်းပါအုံး အသက်ရယ်၊ မောင် ရှင်းပြတာကို နားထောင်စမ်းပါ၊ ပြီးတော့ အသက်ပါးစပ်က "မောင့်ကို ခွင့်လွှတ်ပါတယ်" ဆိုတဲ့စကားကို ကြားချင်တယ် အသက်ရယ် ..."

"ကဲပါ ကိုမြင့်နိုင်၊ အခုလိုအချိန်မှာ ဒါတွေကိုမေးမနေပါနဲ့၊ နွယ်တောင်းပန်ပါရစေ ကိုမြင့်နိုင်နေကောင်းဘို့အတွက်သာ စိတ်ကူးပါကိုမြင့်နိုင်၊ နေကောင်းလို့ မျက်စိခွဲစိတ်ပြီးမှ နွယ်ဒီကိစ္စနဲ့ ပတ်သက်လို့လက်ခံစကားပြောမယ် ... ဒီအကြောင်းကိုမြန်မြန် ပြော

ချင်ရင်ပြန်မြန်နေကောင်းအောင် အားရှိအောင်သာကြိုးစားပါ၊ အခုလိုအချိန်မှာ စကားသိပ်ပြောဘို့ မကောင်းသေးဘူး၊ အမောလဲ မခံနဲ့ဘုံး၊ နွယ်စကားကို နားထောင်စမ်းပါ ကိုမြင့်နိုင်ရယ် ..."

မြင့်နိုင်လည်း ခေတ္တမျှ ငြိမ်သက်သွားပြီးမှ သက်ပြင်းတစ်ချက်ချလိုက်ကာ လေသံပျော့ပျော့ဖြင့် -

"မောင်နားထောင်ပါ့မယ် အသက်ရယ် ..." ဟု တစ်လုံးချင်း နှေးကွေးစွာ ပြန်ပြောလိုက်တော့မှ ....

"ဒီလိုမှပေါ့ ကိုမြင့်နိုင်၊ ဟော ... ဆရာမလာပြီ၊ ကဲ ... ဆရာမလူနာကို ဆေးထိုးပေးရအောင်" ဟု တစ်ဆက်တည်း အခန်းတွင်းသို့ ဝင်လာသော မခင်ကြည်အား လှမ်း၍ ပြောလိုက်လေ၏။

မြင့်နိုင်မှာ ဆေးတန်ခိုးကြောင့် အိပ်မောကျလျက်ရှိလေ၏။ မေသက်နွယ်မှာ နံနက်မိုးလင်းသည်နှင့် နေ့တာဝန်ကျသူလက်ထောက် ဆရာဝန် ဗိုလ်ကြီးတင်အောင်အား လူနာ၏အခြေအနေကို ပြောပြီးနောက် "စပယ်မြိုင်" သို့ပြန်လည်ရောက်လာလေ၏။

မိဘနှစ်ဦးစလုံးပင် မေသက်နွယ်အား မြင့်နိုင်၏အခြေအနေကို မေးမြန်းကြလေရာ မေသက်နွယ်လည်း အလိုက်အထိုက်ပြန်ဖြေပြီး သူမ၏အခန်းသို့ဝင်ကာ ကုတင်ပေါ်သို့ ပစ်လဲလိုက်လေ၏။

× × ×

မေသက်နွယ်မှာ မြင့်နိုင်အား ရင်မဆိုင်လို စကားမပြောလိုသော်လည်း ဗိုလ်မှူးမြတ်သူအားကတိပေးထားသည့်အတိုင်း နေ့စဉ်နေ့တိုင်း မြင့်နိုင်အားစိတ်ထဲကမပါသော်လည်း အလိုက်အထိုက်



ဆက်ဆံကာ နေလေ၏။ မြင့်နိုင်မှာ မေသက်နွယ်က သူ့အား ယခင်ကကဲ့သို့ ခပ်ဖယ်ဖယ်မနေပဲလက်ခံစကားပြောလာသည်ကို သိရသဖြင့် ဝမ်းသာကျေနပ်မိလေ၏။ မေသက်နွယ်မှာ မြင့်နိုင်က သူမအား အချစ်ရေးကိစ္စနှင့် ပတ်သက်သော စကားဟလိုက်တိုင်း လိမ်မာပါးနပ်စွာ စကားကို လှည့်ပတ် ပြန်ပြောလေ့ရှိ၏၊ မြင့်နိုင်အား အခွင့်အရေးမပေးလိုသည့်အတွက် မြင့်နိုင်၏ အခန်းသို့ သွားတိုင်း သူနာပြု ဆရာမမခင်ကြည်အား အတူခေါ်ထားလေ့ရှိ၏။

တစ်နေ့ မေသက်နွယ်တစ်ယောက်တည်း ဝင်ရောက်လာလေ၏၊ မြင့်နိုင်လည်း ခြေသံကိုနားထောင်လေရာ မေသက်နွယ်၏ ခြေသံသာကြားရသဖြင့် တစ်ယောက်တည်းမှန်းသိသည့်အတွက် -

"အသက် ... ဒီနေ့မှပဲ ပြောချင်တဲ့ စကားကို လွတ်လွတ်လပ်လပ် ပြောရတော့မှာပဲ၊အသက်ပါးစပ်ကမောင့်ကို "ခွင့်လွှတ်ပါတယ်" ဆိုတဲ့ စကားကို မပြောနိုင်ဘူးလားဟင် ... ဒါကို မကြားရမချင်း မောင် သေရင်တောင် စိတ်ဖြောင့်မှာ မဟုတ်ဘူး" ဟု မေးနေလေရာ မေသက်နွယ်မှာ ပြန်မဖြေလိုသဖြင့် ရုတ်တရက် အကြံရကာ မခင်ကြည်ပါလာဟန် ဆောင်ရင်း ...

"ကဲ ... မခင်ကြည် ... လူနာကို ဆေးတိုက်ဖို့အတွက် ဆေးပေးစမ်းပါအုံး" ဟု ပြောလိုက်ရာ မြင့်နိုင်က မေသက်နွယ်သူ့ကို ညာနေမှန်း သိသဖြင့် ရီလိုက်လေသည်။

"အော် ... အသက် ... အသက်၊မဖြေချင်ရင်လဲမဖြေပါနဲ့ကွယ်၊ အသက်ဟာ ဘယ်တုံးကမှ လိမ်မပြောတတ်ဘူး၊ဘာပြုလို့ ဆရာမပါလာတဲ့ဟန်ဆောင်ရတာလဲကွယ်၊ မျက်မြင်ဒုက္ခိတကိုတစ်ပတ်ရှိုက် လိုက်ရင်ယုံမှာဘဲလို့ မထင်နဲ့အသက်၊ ဒီနေရာမှာ ဒေါက်တာမ

ကြီးက "ပညာရှိ-သတိဖြစ်ခဲ့"ဆိုသလိုဖြစ်သွားပြီ၊ ဘာပြုလို့လဲဆိုတော့ မျက်စိမမြင်တဲ့သူဟာ နားတော်တော် ပါးတယ်၊ ဒီအခန်းထဲဝင်လာတဲ့ ခြေသံဟာ လူတစ်ယောက်ထဲ လမ်းလျှောက်လာတာလား၊ နှစ်ယောက် လျှောက်လာတာလား ဆိုတာကို ခွဲခြားနိုင်ပါတယ်၊မောင်မေးတာကို မဖြေချင်ရင်လဲ..."ဟု စကားမဆုံးခင် မေသက်နွယ်မှာ အလိမ်ပေါသွားသဖြင့် ရုတ်သွားကာ-

"တော်ပါတော့ကိုမြင့်နိုင်၊ နွယ်ဘာမှမကြားချင်ဘူး" ဟု ငေါက်ဆတ်ဆတ်ပြောလိုက်သဖြင့် မြင့်နိုင်လဲ ငြိမ်သက်သွားလေသည်။

× × ×

မေသက်နွယ်မှာ ဤလိုနှင့်ပင် ကိုယ်ရေးကိုယ်တာခံစားချက်ကို မျိုသိပ်ကာ ဆရာဝန်ကောင်းတစ်ယောက်၏ထားအပ်သော တာဝန်ဝတ္တရားများကို ပြုမူလုပ်ကိုင်နေရသော ကြောင့် စိတ်ပင်ပန်းလူပင်ပန်းဖြစ်ကာ တစ်ပတ်အတွင်းအတော်ပိန် ကျသွားလေသည်။ အားလုံးကလည်း မေသက်နွယ်နှင့်မြင့်နိုင်တို့ အဖြစ်ကိုကြည့်ကာ ရင်ထုမနာဖြစ်ပြီး သနားနေကြသော်လည်း မည်သို့မျှမတတ်နိုင်ကြချေ။

× × ×



တစ်နေ့ ... မေသက်နွယ်မှာ နံနက်(ရ)နာရီခွဲသည်နှင့် ဆေးရုံသို့ သွားရန် ကားပေါ်တက်မည်အပြု တယ်လီဖုန်းလာသဖြင့် ဖခင်ဖြစ်သူက ....

"သမီး ဗိုလ်မှူးမြတ်သူဆီက တယ်လီဖုန်းလာနေတယ်..."ဟု လှမ်းပြောလိုက်သဖြင့် တိုက်တွင်းသို့ပြန်ဝင်လာကာ ဦးမျိုးဇင်ထံမှ တယ်လီဖုန်းခွက်ကို လှမ်းယူလိုက်ပြီး -

"ဟဲလို ... နွယ်ပါဆရာ ..."

" ....."

"ဟုတ်ကဲ့ ... ဒီလိုဆိုရင် စစ်ဆေးရုံကိုအရင်သွားပြီး အဲဒီကနေမှ ကျန်းမာရေးဌာနသွားကြတာပေါ့၊ဆရာပါလိုက်ခဲ့ပါ ဆရာ ..."

" ....."

"ဟုတ်ကဲ့....ဝမ်းသာလိုက်တာဆရာရယ်၊နွယ် ဂျူလီဟော နားက ဆေးကျောင်းဆောင်ရှေ့မှာကားနဲ့စောင့်နေမယ်လေ"

" ....."

"ဟုတ်ကဲ့ ...ကောင်းပါပြီဆရာ ... နွယ် အချိန်မှီ ရောက်အောင်လာခဲ့ပါ့မယ်..."

မေသက်နွယ်မှာ တယ်လီဖုန်းခွက်ကို ချလိုက်ပြီး ဖခင်ထံပြေးသွားကာ-

"ဒက်ဒီ ... ဒက်ဒီ့ကို သမီးပြောစရာရှိတယ် ..."

ဦးမျိုးဇင်သည် ဝမ်းသာနေရှာသော သမီးအား ကြည့်ရင်း-

"ဘာများလဲသမီးရယ် ..."

"ဒက်ဒီ့ကို အခုတော့ပြောဖို့အချိန်မရသေးဘူး၊သမီးတစ်ခုပဲသိချင်တယ်၊ သမီး ဆရာဝန်ကောင်းတစ်ယောက်ဖြစ်လာဖို့ ဘာလုပ်

လုပ် ဒက်ဒီ သဘောတူပြီး ခွင့်ပြုရမယ်နော်၊ ခွင့်ပြုမယ် မဟုတ်လား ဒက်ဒီ" ဟု ဦးမျိုးဇင်အား မရမကမေးနေသဖြင့် ဖခင်ဖြစ်သူက -

"သမီးကိစ္စက ဘာများလဲ၊ဒက်ဒီ့ကို သေသေချာချာရှင်းလင်း ပြောပြစမ်းပါအုံး ..."

"အို ... ဒက်ဒီသဘောတူ မတူ၊ခွင့်ပြုမပြုသာပြောစမ်းပါ ဒက်ဒီရယ်၊အကြောင်းစုံကို သမီးပြန်လာတဲ့အခါကျရင် ဒက်ဒီ့ကို ရော၊ မာမီ့ကိုရော ပြောပြပါ့မယ်၊အခုတော့ စစ်ရုံးကို (၈) နာရီအ ရောက် သွားရမှာမို့.လို့.ပါ၊ ကဲပါ ဒက်ဒီရယ် ပြောစမ်းပါ ခွင့်ပြုမယ် မဟုတ်လား"

ဦးမျိုးဇင်လည်း ဗိုလ်မှူးမြတ်သူထံမှ သတင်းစကား ကြားပြီး ကတည်းက ရွှင်မြူးဝမ်းသာနေသောသမီးအားကြည့်ရင်း ခေါင်းတ ငြိမ့်ငြိမ့်လုပ်ကာ -

"အင်းလေ ... သမီးမပြောသေးပေမဲ့ ဒီကိစ္စဟာ သမီးအတွက် စိတ်ချမ်းသာမှုပေးနိုင်မယ်ဆိုရင် ဒက်ဒီဘာမဆို သမီးလုပ်တာ ကိုခွင့်ပြုပါတယ်၊ နောက်ပြီး ဒက်ဒီ့သမီးဟာ အလိမ်မာကလေးမို့. ဒက်ဒီတို့.ယုံကြည်စိတ်ချထားပြီးသားပါကွယ်"

"ဒါတွေကြောင့် ဒက်ဒီကိုချစ်ရတာ၊ကဲ ...ဒက်ဒီ သမီး သွား လို့က်အုံးမယ်၊ပြန်လာတော့မှ သမီးပြောပြမဲ့ယ်နော်"

ထိုအခိုက် ဒေါသင်းဝေထွက်လာပြီး ...

"သားအဖနှစ်ယောက် စောစောစီးစီးဘာတွေများ စကား ကောင်းနေကြတာလဲ"

"အင်း ... သမီးကငါ့ကိုပဟောင်္ဂဆန်ဆန် သို့.လော ... သို့.လော နဲ့.တစ်နေ့.လုံး တွေးစရာကိစ္စတစ်ခုပေးသွားပြီ၊ ဘာမှန်းလဲ မသိဘူး၊



ကတိတော့အရင်ပေးလိုက်ရတယ်၊ပြန်လာမှပြောပြမယ်တဲ့ကွာ"

ဒေါသင်းဝေက ရင်ပတ်ကိုလက်ဖြင့် ဖိကာ-

"ဘာများပါလိမ့် သမီးရယ် ... မာမီရင်တုန်လိုက်တာ"

"ဟာ ... မာမီကလဲ ရင်တုန်စရာ ကိစ္စမဟုတ်ပါဘူး၊သမီး အတွက် ဝမ်းသာရမဲ့ကိစ္စပါ၊ ကဲပါ ...ဒက်ဒီရော...မာမီရော... ဒီကိစ္စ ကို သမီး ပြန်မလာမချင်းခေါင်းရှုပ်ခံပြီး မစဉ်းစားနဲ့.အုံး၊ ဟော... (ရ)နာရီတောင်ခွဲနေပြီ သမီးသွားတော့မယ်နော် ပြန်လာ မှပြောပြပါ့မယ်"ဟု ပြောရင်းထွက်သွားမည် အပြု ဦးမျိုးဇင်က -

"နေအုံးသမီး၊သမီးပြောတာကို ဒက်ဒီတို့.လက်ခံမယ်၊ သမီး ဘာပဲ လုပ်လုပ်ခွင့်ပြုမယ်၊ ဒါပေမဲ့ ဒက်ဒီပြောချင်တာကိုလဲ သမီး စိတ်ရှည်ရှည်နဲ့ နားထောင်ရမယ်နော်၊ ဘယ်နဲ့.လဲ ကတိပေး မလား" မေသက်နွယ်မှာဖခင်ဖြစ်သူ၏ စကားကြောင့် မျက်မှောက်တစ်ချက် ကြွတ်၍ စဉ်းစားလိုက်ပြီး ....

"ဒက်ဒီပြောမှာကို သမီးသိပါတယ်၊ ကိုမြင့်နိုင် အကြောင်း မဟုတ်လား ..."

"ဟာ ... ဟုတ်တာပေါ့ ... သမီးဗိုက်ထဲ ပုဏ္ဏားကလေးရှိတယ် ထင်တယ်၊ဘယ်နဲ့.လဲသမီး၊ ဒီတစ်ခါဒက်ဒီ ရှင်းပြတာကို နားထောင် မယ်မဟုတ်လား ..."

မေသက်နွယ်လည်း ခဏမျှစဉ်းစားပြီးနောက်-

"ကဲပါလေ ... သမီးလုပ်ကိုင်တာကို ခွင့်ပြုရင် သမီးဒက်ဒီ ပြောတာကို နားထောင်ပါ့မယ်ဆိုတာကတိပေးပါတယ်"

"ဝမ်းသာလိုက်တာ သမီးရယ်၊ သမီးစစ်ရုံး သွားဖို့ နောက် ကျနေအုံးမယ်၊ ဗိုလ်မှူးမြတ်သူလည်းအဖော်လိုက်မယ် မဟုတ်လား"

## အခန်း ၁၂

နေ့လည် (၁) နာရီကျော်သောအခါ မေသက်နွယ်နှင့်အတူ ဗိုလ်မှူးမြတ်သူပါ "စံပယ်မြိုင်" ခြံသို့ရောက်လာကြလေသည်။

ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့လည်း ဗိုလ်မှူးမြတ်သူအား နှုတ်ဆက်ကာ ဧည့်ခန်းတွင်ထိုင်စကားပြောနေကြလေ၏။

ဒေါ်သင်းဝေ "သမီးတို့ ထမင်းစားခဲ့ကြပြီလား" ဟု မေးလိုက်ရာ မေသက်နွယ်က "စားပြီးပါပြီ မာမီ၊ ဆရာနဲ့သမီး စစ်ရုံးကအပြန် ကျန်းမာရေးဌာနမသွားခင် "အိုရိရင့်" မှာဝင်စားခဲ့ကြတယ်"

"သမီး ဒီနေ့သွားတဲ့ကိစ္စဆိုတာ အဆင်ကောပြေခဲ့ရဲ့လား" ဟု ဦးမျိုးဇင်က မေးလိုက်သဖြင့် ဗိုလ်မှူးမြတ်သူက ....

"အော် ... အန်ကယ်လဲ ဒီကိစ္စ သိပြီးပြီလား" ဟုမေးလိုက်သည်ကို ....

"ဒက်ဒီမသိသေးဘူးဆရာ၊ အခုမှပြောပြရမှာ ဒီလိုပါဒက်ဒီ၊ ဒက်ဒီ အမြဲတမ်းသမီးကို ဆုံးမတယ်မဟုတ်လား၊ ဆရာဝန်လိုင်း



"ဟုတ်ပါတယ်ဒက်ဒီ ... ဆရာလဲပါမယ်၊သမီးသွားတော့မယ်နော် ..." ဟု ပြောရင်း ကားပေါ်တက်သွားလေသည်။ မာစီဒီကား နက်ကြီးလည်း မေသက်နွယ်အားတင်ဆောင်ကာ "စံပယ်မြိုင်" ခြံတွင်းမှထွက်ခွါသွားသည်ကို ဦးမျိုးဇင်တို့ စိုးမောင်နှံမှာ ငေးကြည့် ရင်းကျန်ရစ်ခဲ့ကြလေသည်။

× × ×

လိုက်ရင် ဆရာဝန်ပီသရမယ်၊တာဝန်ကျေပွန်ရမယ်၊ ဝင်ငွေ ကောင်းတာပိုက်ဆံများများရတာကို အဓိကမထားရဘူး၊ ဒက်ဒီတို့ရဲ့ စည်းစိမ်ဟာ သမီးတစ်သက်စားလို့ သုံးလို့မကုန်နိုင်ဘူးလို့ ပြောတယ် မဟုတ်လား၊ ဒါကြောင့်လဲ သမီးကောလိပ်ရောက် ဆရာဝန်ပညာ ဘက်လိုက်ကတည်းက သမီးဆရာဝန်ဖြစ်ရင် မြို့မှမနေပဲ၊ ဆရာဝန်ရှားတဲ့ ဒေသမှာသွားပြီးအလုပ်လုပ်မယ်လို့ ဒက်ဒီကို မကြာခဏ ပြောခဲ့တာမှတ်မိတယ် မဟုတ်လားဟင် ... ဒက်ဒီ" ဟု မေသက်နွယ်က ကြားဖြတ်၍ ပြောလိုက်လေ၏။

"အင်း ... ငါ့သမီးအမြဲပြောပြောနေတာ ဒက်ဒီမှတ်မိသားပဲ"

"အဲဒါကြောင့် သမီးကိုယ်တိုင်လဲ လန်ဒန်ကဆေးရုံမှာ လခကောင်းကောင်းပေးပြီး အလုပ်ခေါ်တာတောင် မလုပ်ပဲ ကိုယ့်တိုင်းပြည်မှာ လခနည်းနည်းပဲရရ လုပ်မယ်ဆိုပြီး မူလရည်ရွယ်ထားတာကို အကောင်အထည်ဖော်ဘို့ မြန်မာပြည်ကို ပြန်လာခဲ့တာပဲ၊ ဒီရောက်တော့ အလုပ်မရသေးခင် ဆရာတို့ဆီက အကူအညီ တောင်းတာနဲ့ သမီး လက်ခံခဲ့ရတယ်၊ အမှန်တစ်ကယ် ပြောရမယ် ဆိုရင်သမီး ဆရာနဲ့အတူဆေးရုံမှာ လူနာတွေကို လျှောက်ကြည့် ရာမှာ သမီး တစ်သက်မှာ ဘယ်တော့မှ ရင်မဆိုင်တော့ဘူးလို့ သန္ဒိဋ္ဌာန် ချ ထားတဲ့ သူကို သမီးမမျှော်လင့်ပဲ တွေ့ခဲ့ရတယ်၊ အဲဒီနေ့ကတည်းက သမီး သူ့ကိုတော့ ဘယ်နည်းနဲ့မှ မကုဘူးလို့ စိတ်ပိုင်းဖြတ်လိုက်ပေမဲ့ ဒက်ဒီဆုံးမပြီး သတိပေးတဲ့အတွက် သမီး ဒီနေ့ဒီရက်အထိ သမီးရဲ့ ရင်ထဲမှာ ဘယ်လောက်ပဲ ခံစားရ ခံစားရ အလုပ်တာဝန်မှာ မလစ်ဟင်းရအောင် အမြဲဂရုစိုက်ပြီး ကြိုးစား ခဲ့ရတယ်၊ ကိုမြင့်နိုင်ကိုလဲ မျက်စိပြန်မြင်တဲ့အထိ ကုသပေးဖို့လဲ သမီးတာဝန်ယူ ထားပါတယ်၊



ဆရာဝန်ဆိုတာ မုန်းသူ၊ ချစ်သူ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ ဂုဏ်နိမ့်သူ၊ ဂုဏ်မြင့်သူဆိုတာတွေကို မခွဲခြားပဲ လူနာကိုလူနာ အဖြစ် နဲ့ပဲ မြင်ရ၊ ကုသရမယ်ဆိုတာ သမီးနားလည်ထားပါတယ်၊ ဒါကြောင့် သမီး အနေနဲ့ စိတ်ဓာတ်တိုက်ပွဲတစ်ခုတော့ အောင်မြင်ဘို့နီးပါပြီ၊ ကိုမြင့်နိုင်လဲ ကျန်းမာရေး အခြေအနေ တော်တော်ကောင်းလာပြီမို့လို့ သူ့ မျက်စိကို ဆရာတို့က အခုလာမဲ့အပတ်မှာ ခွဲပေးဖို့ ရက်သတ်မှတ် ထားပြီ၊ သူ့မျက်စိခွဲပြီးလို့ တစ်ပတ်လောက်နေရင် သမီးတို့ ဒီနေ့ သွားတာလဲ ဒက်ဒီတို့သဘော တူရမယ်နော် ..."

မေသက်နွယ်စကားကို ငြိမ်သက်စွာနားထောင်နေသော ဦးမျိုးဇင် နှင့်ဒေါ်သင်းဝေတို့မှာ သက်ပြင်းပြို့ဇ်တူချလိုက်ကြပြီး ဦးမျိုးဇင်က...

"သမီးသွားမှာကို မောင်မြင့်နိုင်သိပြီလား" ဟုမေးလိုက်ရာ

"သူ့ကို ဒီကိစ္စနဲ့ ပတ်သက်ပြီး မပြောဖို့ ဆရာ့ကိုရော ဒက်ဒီနဲ့ မာမီကိုရော၊ ကိုမောင်မောင်ကိုရော ပြောထားရမှာပဲ" မေသက်နွယ် က ပြောလိုက်လေ၏။

"သမီးအတွက် စိတ်ချရပါ့မလား ဒေါက်တာရယ်"

"ဟာ ... စိတ်ချရပါတယ်အန်တီ၊ လုံခြုံရေးအတွက်ရော၊ နေရေးထိုင်ရေးအတွက်ရော၊ သွားရေးလာရေးအတွက်ပါ သက် ဆိုင်ရာက စီစဉ်ပေးမှာပါ"

"ကဲ ... သမီးရဲ့ ရည်ရွယ်ချက်နဲ့ ဆန္ဒကို ဒက်ဒီ တို့ သဘော တူပါတယ်ကွယ် ... သမီးရဲ့ မွန်မြတ်တဲ့စိတ်စေတနာကို ထောက် ခံတယ်၊ ဂုဏ်ယူပါတယ်၊ သာဓုလဲခေါ်ပါတယ်၊ ဒက်ဒီတို့အနေနဲ့လဲ သမီးကို ပညာသင်ပေးရကျိုးနပ်တယ်ကွ ... " ဟု ဦးမျိုးဇင်က

ခေါင်းတစ်ငြိမ့်ငြိမ့် လုပ်ရင်းပြောလေရာ ဒေါ်သင်းဝေက ....

"ဒါပေမဲ့ ... သမီးရဲ့ဒက်ဒီရှင်းပြမဲ့ မောင်မြင့်နိုင်အကြောင်းကို နားထောင်ပြီးရင် သွားမဲ့အစီအစဉ်ကို ပြန်ပြီး ဖျက်နေအုံးမှာလား"

"အို ... သမီးရဲ့ စိတ်ဆုံးဖြတ်ချက်ဟာ ကိုမြင့်နိုင် အကြောင်းကြားရတာနဲ့ ပျက်မသွားပါဘူးမာမီရယ်"

"အင်း .... မသင်းဝေပြောမှပဲ သတိရတော့တယ်၊ သမီး ... မနက် က ဒက်ဒီ့ကို ကတိပေးထားတယ်မဟုတ်လား၊ ဆရာမြတ်သူကတော့ သိပြီး သားဖြစ်နေလို့ ဆရာ့ရှေ့မှာပဲ ပြောပြတော့မယ်၊ သမီး နားထောင် ပြီးရင် သမီးရဲ့သဘောထားကို အားလုံးက သိချင်ကြတယ်၊ ဟုတ်တယ် မဟုတ်လားဆရာ" ဟု ဗိုလ်မှူးမြတ်သူဘက် လှည့်မေးလိုက်သဖြင့် ...

"ကျွန်တော်ကတော့သိပ်သိချင်တာပေါ့ ... ကျွန်တော်တို့ အားလုံး ဒီအကြောင်းကိုရှင်းပြဖို့ အမျိုးမျိုးကြိုးစားခဲ့ကြပေမဲ့ ဒေါက်တာနွယ်က လက်မခံဘူး၊ ဒီနေ့တော့ ရှင်းပြတာကို လက်ခံပြီး၊ နားထောင်မယ်ဆိုတာ သိရတော့ ကျွန်တော် အတော်ဝမ်းသာသွားမိတယ်၊ နောက်ပြီးတော့ ခုနက အန်ကယ်ပြောသလိုပါပဲ၊ ဒေါက်တာနွယ်ရဲ့ သဘောထားကို သိချင်ပါတယ်" ဟု ဗိုလ်မှူးမြတ်သူက ဝမ်းသာစွာဖြင့် ပြောကြားလေသည်။

အားလုံး ခေတ္တမျှငြိမ်သက်နေကြလေ၏။ ဦးမျိုးဇင်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး ....

"သမီး .... သမီးက မောင်မြင့်နိုင်အပေါ်မှာ သစ္စာဖောက်သွားတယ်လို့ အထင်လွဲပြီး စိတ်အနာကြီးနာနေတာကိုး၊ မောင်မြင့်နိုင် ဘာပြုလို့လက်ထပ်လိုက်ရတာလဲဆိုတော့ ဒက်ဒီကိုယ်တိုင် အတင်း



ကိုက်တွန်းပြီးယူခိုင်းလို့ သူ့ခမျာမယူချင်ပဲ တင့်တင့်ကိုယူ လိုက်ရ
ာ သမီးရဲ့"

မေသက်နွယ်မှာ ဖခင်၏ စကားကိုကြားရသဖြင့် အံ့သြစွာဖြင့်

"ဟင် ... ဒက်ဒီကိုယ်တိုင် အတင်းတိုက်တွန်းပြီးယူခိုင်းလို့
ူရတာ ဟုတ်လား ဒက်ဒီ"

"အေး ... ဟုတ်တယ်သမီး၊ ဒက်ဒီကြောင့် သူမိန်းမယူလိုက်ရ
ာ၊ ဒီလိုကွဲ့ သမီးရဲ့၊ ဒက်ဒီတို့မိသားစုရဲ့ အတိတ်ကဖြစ်ရပ်က
လးတစ်ခုကို သမီးကို ဂဃနဏမပြောပြရသေးလို့ ဇာတ်ရည်မ
ည်တာကွဲ့၊သေသေချာချာ နားထောင် သမီး"

မေသက်နွယ်မှာ ကုလားထိုင်မှ ထပြီးနောက် ဆိုဖာခုံပု က
လးကို ရွှေ့ယူလာကာဖခင်ဖြစ်သူ၏ ကုလားထိုင်နားတွင် လာထိုင်
နားထောင်နေလေ၏။ ဦးမျိုးဇင်ကဆက်၍ ....

"သမီး သမီးအင်္ဂလန်သွားပြီး (၂)နှစ်လောက်နေတော့
ာင်မြင့်နိုင်နဲ့မောင်မောင်တို့လဲ အမေရိကန်က "အနာပိုလစ်(စ်)"
Annapolis) မြို့ကို ရေတပ်ပညာလေ့လာဖို့ ဂျပန်ပြည်ကတစ်ဆင့်
ားခဲ့တယ်ဆိုတာတော့ သမီးသိတဲ့အတိုင်းပဲ မသွားခင် ဒက်ဒီ့ဆီ
ကာန်တော့ကြတော့ ဒက်ဒီလဲ အမေရိကန်ကို အလုပ်ပြောင်း သွား
ဒက်ဒီ့မိတ်ဆွေဆီ လက်ဆောင်ပစ္စည်းပါးလိုက်တယ်ကွဲ့၊ ဒက်ဒီ့
က်ဆွေ ဦးမျိုးခင်နဲ့ သူ့တူမကလေးတင့်တင့်တို့လဲ သူတို့မြို့ကို
ာင်မြင့်နိုင်ဝင်တာနဲ့ သူတို့လဲ မောင်မြင့်နိုင်နေရမဲ့မြို့ကို လိုက်
ယ်ကြတယ် ... ဒီလိုနဲ့ရောက်ပြီး မကြာခင်ပဲ တင့်တင့်ဟာ သူ့
ဆီသူသေကြောင်းကြံစည်တာကို သူဦးလေးသိသွားလို့ မောင်မြင့်
တို့ကို အကူ အညီတောင်းတယ်၊ မောင်မြင့်နိုင်တို့လဲ ကောင်မ

လေးကို ချော့မော့မေးလဲမရဘူး၊ ပထမတော့ တင့်တင့်က ဘာမှမ
ပြောဘူး၊မစားမသောက် ပဲ ကစ်မှိုင်မှိုင်တစ်တွေကွေ့ လုပ်နေတာကိုး
အစကမောင်မြင့်နိုင်ရော သူ့ဦးလေးရော တင့်တင့် ဘာကြောင့် ဒီလို
တစ်မှိုင်မှိုင်တစ်တွေတွေနဲ့. မစားမသောက်ပဲ တစ်ဝိုဝိုတစ်ရီရီ လုပ်
နေသလဲဆိုတာကိုတော့ နားလည်ထားကြပေမဲ့ အသက်ရန်ရှာတဲ့
အထိ ကြံစည်မယ်မထင်လို့. ခပ်ပေါ့ပေါ့ပဲ နေခဲ့ကြတယ် ... "

မေသက်နွယ်ကကြားဖြတ်၍

"ဘာဖြစ်လို့. တင့်တင့်ဝိုရီနေတာလဲ ဒက်ဒီ" ဟု မေးလိုက်ရာ
ဦးမျိုးဇင်ကဆက်၍ ....

"ဒီလို သမီး တင့်တင့်တို့. "ချီကာဂို" (Chicago) မြို့မှာ နေ
တုန်းက မြန်မာပညာတော်သင် ကျောင်းသားကလေး သူ့နာမယ်က
ဘယ်သူ ... "

"အောင်ဝင်းတင်တဲ့၊ လျှပ်စစ်အင်ဂျင်နီယာကျောင်းသား
ကလေး ပဲ၊ ဒေါက်တာနွယ် မှတ်မိသေးလား၊ ဆရာ ဆေးကျောင်း
နောက်ဆုံးနှစ်မှာ ဆေးသိပ္ပံဟောပြောပွဲလုပ်တုန်းကပိုးမွှားအ
ကြောင်း ကို လာပြောတဲ့ ဒေါက်တာမျိုးတင်လေ ... အောင်ဝင်းတင်
ဟာ သူ့သားပေါ့" ဟု ဗိုလ်မှူးမြတ်သူက ဝင်ထောက်လိုက်လေ၏

မေသက်နွယ်က စဉ်းစားပြီး ....

"အော် ... ဟုတ်တယ်ဆရာ နွယ်မှတ်မိတယ်၊ ဒေါက်တာ
မျိုးတင်ဆိုတာ အရပ်ရှည်ရှည်ဗိုလ်ကပြားနဲ့. ခပ်ဆင်ဆင်တူတယ်
လေ၊ လန်ဒန်ကလာတဲ့ ဆရာဝန်မဟုတ်လား"

"ဟုတ်တယ်သမီး ... ဒေါက်တာမျိုးတင်ရယ် ... တင့်တင့်ရဲ့
အဖေ ဦးမျိုးလွင်ရယ် ဒက်ဒီရယ် ဒီသုံးယောက်ဟာ စိန်ပေါ ကျောင်



မှာ နေခဲ့စဉ်ကတည်းက ကောလိပ်ရောက်တဲ့အထိ သိပ်ချစ်ကြတဲ့
သူငယ်ချင်းတွေပဲ၊ အားလုံးက ဒက်ဒီတို့ကို "ရဲသုံးဘော်" လို့ ခေါ်
ကြတယ်၊ နာမည်တောင်မှ မျိုးတင်၊ မျိုးဇင်၊ မျိုးလွင်လို့ မှည့် ထား
တာသာ ကြည့်တော့၊ ဒက်ဒီတို့သုံးယောက်ဟာ ငယ်ငယ်က တည်း
က တစ်ဦးကိစ္စကို တစ်ဦးအသက်ပေးကူညီကြဖို့ ကတိသစ္စာ ပြု ထား
ကြတယ်၊ ကို မျိုးတင်က ကောလိပ်ရောက်တော့ ဆရာဝန်
ဘက်လိုက်တယ်၊ ဒီမှာဘွဲ့ရပြီး အင်္ဂလန်မှာ ပညာဆက် သင်တယ်၊
ဟိုမှာပဲ ဗိုလ်မနဲ့. အိမ် ထောင်ကျပြီး ယောကျ်ားကလေး တစ်ယောက်
ထွန်းကားတယ်၊အဲဒီသူငယ်က "အောင်ဝင်းတင်" ပဲကို မျိုးတင်
ကဘွဲ့ရပြီး အင်္ဂလန်မှာပဲ နေတယ်၊ ဟိုမှာပဲ အလုပ်လုပ်တယ်၊
၁၉၅၀ခုနှစ်က မြန်မာပြည်ကို ပြန်လာကြတယ်၊ အင်း ... ကဲဆိုးချင်
တော့ သူတို့ကလေးကို မေမြို့ကျောင်း မှာ ကျောင်း အိပ် ကျောင်းစား
ပို့ပြီး ကားနဲ့. မန္တလေးကို ဆင်းလာတာ ကားမှောက်ပြီး လင်မယား
နှစ်ယောက်စလုံးပွဲချင်းပြီး သေပါလေ ရော"

"အို .... ကျွတ် .... ကျွတ် ....ကျွတ် .... သနားစရာ
ကောင်းလိုက်တာနော် ... " ဟု မေသက်နွယ်က စုတ်သပ်ရင်း
ပြောလိုက်လေသည်။ ဦးမျိုးဇင်က ဆက်၍ ...

"ဒါပေါ့သမီးရယ် ... ဘဝအကြောင်းကဲပေါ့၊ ဒါနဲ့အောင်ဝင်း ထင်
ရဲ့ သူ့အဖိုးအဖွားက ခေါ်ထားကြတယ်၊ ဒီသူငယ်လဲသမီး
ငိုင်ခြားမသွားခင်နှစ်ကပဲ အစိုးရပညာတော်သင်အဖြစ်နဲ့ အမေရိ
ကန်မှာ လျှပ်စစ် အင်ဂျင်နီယာပညာကို သွားသင်တယ်၊ ကဲ ...သမီး
အောင်ဝင်းတင်ရဲ့.အကြောင်းကို ခဏရပ်ထားပြီး တင့်တင့်ရဲ့.
အကြောင်းကို ပြောပြမယ်"

"ဦးလေး ဦးမျိုးခင်တို့ရဲ့ အကြောင်းလား"

"အေး ... ဒီလိုကွဲ့ .... ဒက်ဒီတို့သူငယ်ချင်းသုံးယောက်အနက် ကိုမျိုးတင်က အမေရိကန်မှာသွားနေတော့ မျိုးလွင်နဲ့ဒက်ဒီတို့နှစ်ယောက်ဟာ စစ်ဖြစ်တဲ့အလိုအတူတူပဲ၊ တရားဌာနမှာ အလုပ်လုပ်ကြတယ်၊ ဒက်ဒီ .... အိမ်ထောင်ကျပြီး သုံးနှစ်လောက်နေမှ မျိုးလွင်လဲရှမ်း အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ် ... ဒက်ဒီကတော့ သမီးတစ်ယောက်ထဲထွန်းကားခဲ့ပေမဲ့ မျိုးလွင်ကတော့ သားသမီး နှစ်ယောက်ထွန်းကားခဲ့တယ်၊ တင့်တင့်ရယ်၊ တင့်ကြူးထက်အငယ် ယောကျ်ားကလေးတစ်ယောက်ရယ် မွေးခဲ့တယ် ... သမီးမှတ်မိသေးလား၊ မေမြို့မှာတုန်းက လိမ္မော်သီးခြင်းတောင်း တွေအများကြီးယူယူလာတဲ့ အန်ကယ်မျိုးလွင်လေ"

မေသက်နွယ်လည်း မျက်မှောင်ကလေးကြုတ်ကာ စဉ်းစားလိုက်ပြီး ...

"သမီးမှတ်မိပြီ၊ ဒက်ဒီ သမီးတို့ဆီက ရှမ်းပြည်နယ်က လိမ္မော်သီး တွေကို အမြဲပို့ပို့ပေးတဲ့ အန်ကယ်လား၊ "အန်ကယ် လိမ္မော်သီး" လို့တောင် သမီးငယ်ငယ်က ခေါ်တယ်လို့ ဒက်ဒီတို့ပြန်ပြောပြတယ်လေ"

"အေး ... ဟုတ်တယ်သမီး .... အဲဒါ တင့်တင့် အဖေပေါ့"

"ဒီလိုဆို သမီးမှတ်မိပြီ ဒက်ဒီ ... သမီးမွေးနေ့တုန်းက ဦးလေးအောင်သန်းဝယ်ပေးထားတဲ့ စစ်ဗိုလ်အရုပ်ကလေးကို သမီးနှစ်သက်လွန်းလို့ ထုတ်ပြီးတော့တောင် မကစားရက်ပဲ ဘီရိုထဲမှာအမြတ်တနိုးသိမ်းထားတာကို သမီးတို့ မေမြို့အိမ်ကို တင့်တင့်တို့လာလည်တုန်းက သူ အတင်း ပူဆာပြီး လိုချင်ပါတယ်လို့ ငိုတော့



ဒက်ဒီကသမီးကို ပေးခိုင်းလိုက်တယ်လေ ...တင့်တင့်က သူလို ချင်တာ ငိုတောင်းလို့ရပေမဲ့ သမီးကတော့ ကိုယ်မြတ်နိုးတာ ပေးရတော့ နမျောလွန်းလို့ ကြိတ်ငိုလိုက်ရတာ မှတ်မိသေးတယ်၊ အင်း ... အဲဒီကလေးဘဝကတည်းက ရှေ့ပြေးအတိတ်နိမိတ်ပြတာပဲ ... အခုလဲဘာထူးသေးသလဲဒက်ဒီ၊ သမီးအချစ်ဆုံး ကိုမြင့်နိုင်ကိုလဲ ဒက်ဒီပဲ တင့်တင့်ကိုပေးလိုက်ပဲ မဟုတ်လား" ဟု မျက်ရည်လည် ကာ ငိုသံကလေးဖြင့် ပြောလိုက်သောကြောင့် ဦးမျိုးဇင်၊ ဒေါ်သင်းဝေ၊ ဗိုလ်မှူးမြတ်သူတို့ သုံးယောက်စလုံးမှာ စိတ်မကောင်းဖြစ်သွားကြလေ၏။ ဦးမျိုးဇင်က ဆို့နင့်သောလေသံဖြင့် .....

"သမီး ... ဒက်ဒီကို အပြစ်တင်ချင်လဲတင်ပါသမီးရယ်၊ သမီးထင်သလို ဒက်ဒီ အလွယ်တကူပေါ့ပေါ့ဆဆ ပေးတာမဟုတ်ပါဘူးကွယ်၊ မျိုးလွင်ဟာ ဒက်ဒီတို့မိသားစုရဲ့အသက်ကို သူ့အသက်နဲ့လဲပေးခဲ့တယ်၊ သူ့မိန်းမ နှစ်မိုးဟိန်းရော၊ သုံးနှစ်အရွယ် ကလေးရော ဒီကိစ္စနဲ့ ပတ်သက်ပြီး အသတ်ခံရရှာတယ်၊ တင့်တင့်တစ်ယောက် သာ သူ့ဦးလေး မောင်မျိုးခင်ရဲ့အိမ်မှာရောက်နေလို့ အသက်ချမ်းသာရာရခဲ့တယ်"

ဦးမျိုးဇင်၏စကားကို ကြားရသောအခါ မေသက်နွယ်မှာ အံ့သြသွားပြီး ....

"ဟင် ... ဒီအကြောင်းကို သမီးမသိပါလား ဒက်ဒီ"

တစ်ချိန်လုံးငြိမ်သက်စွာ နားထောင်နေသော ဒေါ်သင်းဝေက

"သမီး .... ဖွားဖွားဆီမှာ သွားနေတုန်းဖြစ်လိုက်တော့ သမီးကောင်းကောင်းမသိလိုက်ဘူး၊ ကိုမျိုးလွင်တို့မိသားစုဟာ မာမီတို့မိသားစုအတွက် အသက်သေခဲ့ကြတဲ့အတွက် မာမီတို့မိသားစုရဲ့

ကိုယ်စား မောင်မြင့်နိုင်က ကျေးဇူးဆပ်လိုက်ရ တာပဲ ကွဲ့၊ ဒါကြောင့်လဲ တင့်တင့်ရဲ့အရှက်ကို ကာကွယ်တဲ့သဘောနဲ့ လက်ထပ်လိုက်ရတာပဲ"

ထိုအခါမှ မေသက်နွယ်က ဖခင်ဖြစ်သူ၏ ဒူးကိုလှုပ်ကာ

"အို ... ဘယ်ပုံဘယ်နည်း သူတို့မိသားစု အသတ်ခံရတာလဲ ဒက်ဒီရယ် ... တင့်တင့်ကလေးဟာ တော်တော်သနားစရာကောင်းတာပဲနော် သမီးက သူ့ထက်အများကြီး ကံကောင်းတာပဲ၊ သူ့ခမျာ မိဘနှစ်ပါးလုံးလဲသေ၊ မောင်လေးလဲသေ၊ အတော်စိတ်အားငယ်မှာပဲနော် .... သမီးက ချစ်သူတစ်ယောက်ပဲ ဆုံးရှုံးရတာ .... ဒါဟာလဲ သေတာထက်စာရင် မြင်တွေ့နိုင်သေးတယ် ... ကဲပါဒက်ဒီရယ် ... သမီးကို ဆက်ပြောပြစမ်းပါအုံး"

"ဒီလိုသမီးရဲ့ အင်္ဂလိပ်တွေ မြန်မာပြည်က နောက်ဆုတ်ပြေးပြီးတဲ့ နောက်တစ်နေ့တော့ ဘယ်သူက ဂျောက်တွန်းသလဲ မသိဘူး ဂျပန်ကင်ပေတိုင်တွေ အိမ်ထဲဝင်ပြီးဒက်ဒို့ကိုအင်္ဂလိပ်သူလျှိုဆိုပြီး ဖမ်းပါလေရော၊ သမီးရဲ့မာမီကလဲဒက်ဒီကိုဖမ်းတာ မြင်ရတော့ လာဖမ်းတဲ့ ဂျပန်ကိုဝင်ပြီးဆွဲတာနဲ့ သမီးမာမီကိုပါဖမ်းပါလေရော"

ထိုစကားကို ကြားရသောအခါ မေသက်နွယ်က အံ့သြသောလေသံနှင့် ....

"ဟင် .... ဟုတ်လားဒက်ဒီ ... သမီး ဒီအကြောင်းကို အခုမှသေသေချာချာသိရတော့တယ်"

"အင်း ... သမီးကလဲ အဲဒီအချိန်တုန်းက သမီးဖွားဖွားဆီမှာရောက်နေတယ် .... သမီး စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောကြတာ၊ ဒါနဲ့ ဒက်ဒီနဲ့မာမီကို ဂျပန်တွေက သတ်ခါနီးဆဲဆဲ .... မျိုးလွင်က



ဂျပန်စစ် ဗိုလ်ယောင်ဆောင်လာပြီး ဝင်ကယ်တာနဲ့ ဒက်ဒီတို့ လွတ်လာကြတာပေါ့၊ ဒါပေမဲ့ ... ဂျပန်တွေ ရိပ်မိသွားတော့ နောက်ကလက်နက်တွေနဲ့ လိုက်လာကြပါရော၊ မျိုးလွင်လဲ သူ့တပည့်တွေကို ဒက်ဒီတို့နှစ်ယောက်ကိုလွတ်အောင် ခေါ်သွားခိုင်းတယ် ... သူနဲ့ သူ့တပည့်သုံးလေးယောက်လောက်က နောက်ချန်နေခဲ့ပြီး ဂျပန် တွေကို ခုခံတိုက်ခိုက်ကြတာ ဂျပန်တွေ လဲသေ၊ သူ့တပည့်တွေရော၊ သူရောသေကြရှာတယ်၊ နောက်ထပ် ရောက်လာတဲ့ ဂျပန်တွေက မျိုးလွင်ရဲ့ အလောင်းကောက်သွားပြီး လိုက်ပြီးစုံစမ်းတဲ့အခါမျိုးလွင်တရားသူကြီးလုပ်တုန်းက ထောင်ချလိုက်တဲ့ တရားခံ တစ်ယောက်ဟာ ထောင်ကထွက်ပြေးလာပြီး ဂျပန်တပ်မှ ထမင်းချက် လုပ်နေကာကိုး၊ သူက မျိုးလွင်အလောင်းကို ကြည့်ပြီး မျိုးလွင်အိမ်ကို သိသိတယ်၊လိုက်ပြမယ်ဆိုပြီး ကလောဘက်ကိုသွားကြတယ်၊ဒက်ဒီတို့လဲ မျိုးလွင်သေဆုံးတဲ့အတွက် သူ့မိန်းမနှမ်းမိုးဟိန်းကို စောင့်ရောက်အားပေးဘို့ တာဝန်ရှိလို့ ကလောကို လိုက်သွား ခဲ့ အခါတစ်ရက်ပဲနောက်ကျသွားတယ် သမီးရယ်"

"ဟင် ... ဘာပြုလို့လဲဒက်ဒီ"

"ဟာ ... ဂျပန်တွေက အရင်ရောက်နှင့်ပြီး နှမ်းမိုးဟိန်းနဲ့ သူ့သားကလေးကိုသတ်သွားကြတယ်"

"အို ဖြစ်မှဖြစ်ရလေဒက်ဒီရယ်၊ သနားစရာကောင်းလိုက်တာ"

"ဒါပေါ့ သမီးရယ်၊အင်း ... အဲဒီဂျပန်တွေလဲ ကလောဘက်မှာ ကျန်နေတဲ့ အင်္ဂလိပ်တပ်စုကလေးနဲ့ တွေ့ကြလို့တိုက်ပွဲဖြစ်ပြီး ကျဆုံးသွားကြတယ်၊ နှမ်းမိုးဟိန်းက ချက်ချင်းမသေဘူး၊ ဆေးရုံရောက်ပြီး နောက်တစ်နေ့ ဒက်ဒီတို့ရောက်သွားတဲ့နေ့မှ မျက်

မျက်စိအောက်မှာပဲအသက်ပျောက်သွားတာ ၊ သူ့သားကလေးက ပွဲချင်း ပြီးသေတာပဲ၊ နန်းမိုးဟိန်းလဲ သူ့သမီးကလေးအတွက် စိတ်မချလို့ ဒက်ဒီ့ကို သမီးအဖြစ်နဲ့ မွေးစားဘို့အပ်သွားတယ်၊ ဒက်ဒီလဲ နန်း မိုးဟိန်း အသေဖြောင့်အောင် တင့်တင့်အတွက် ဘာမှပူစရာမလိုကြောင်း သမီးရင်းနဲ့မခြားပြုစုစောင့်ရှောက်သွားမယ်ဆိုတဲ့အကြောင်း သူနဲ့ပတ်သက်တဲ့ ကိစ္စတွေကို လုံးဝတာဝန်ယူမယ်ဆိုတဲ့အကြောင်း ကတိပေးလိုက်တယ်၊ နန်းမိုးဟိန်းလဲ သမီးကလေးအတွက် တတွတ်တွတ်မှာရင်း အသက်ထွက်သွားတာပဲ၊ ဒါနဲ့ ဒက်ဒီတို့လဲတစ်နေ့လုံး နန်းမိုးဟိန်းရဲ့ အသုဘကိစ္စပြီးတော့မှပဲ၊ မေမြို့ကို ပြန်လာခဲ့ကြတယ်၊ သမီး ... မာမီနဲ့ ဒက်ဒီတို့ဟာ ဒီနေ့ဒီရက်အထိ မျိုးလွင်တို့မိသားစုရဲ့ ကျေးဇူးကို မမေ့ပါဘူးကွယ် ... မျိုးလွင်သာမကယ်ရင် ဒက်ဒီတို့နှစ်ယောက်စလုံးသေတာ ကြာလှပြီ ..."

"အနှစ်ကယ်မျိုးလွင်သာမကယ်ရင် သမီးတော့ ဒီလောက ကြီးထဲမှာ မျက်စိသူငယ်နဲ့ တစ်ကောင်ကြွက်ဘဝ ရောက်မှာပဲနော်၊ တွေးရင်း ကြက်သီးတောင်ထလာပြီ၊ဒါနဲ့ ဒက်ဒီ တင့်တင့်ကို ကတိပေးထားပြီးမှ ဘာပြုလို့ အိမ်မှာမမွေးစားခဲ့တာလဲ ဟင်"

"တင့်တင့်ကလေးကို သမီးအဖြစ်နဲ့ မွေးစားဖို့ ခေါ်လာမလို့ပဲ ကိုမျိုးလွင်ရဲ့ညီ ကိုမျိုးခင်ကသားသမီးမရှိဘူး၊ မိနှစ်မကလဲ ကလေးမီးဖွားရင်းဆုံးသွားရှာတော့ သူတူမကလေးကို သူပဲခေါ်ထားပါရစေ၊ သူ့အစ်ကိုရဲ့ကိုယ်စား သူ့ပဲကြည့်ရှုစောင့်ရှောက်ပါရစေလို့ အတင်းပူဆာတာနဲ့ မာမီတို့လဲ တင့်တင့်ကို ဦးမျိုးခင်ဆီထည့် လိုက်ရတယ်" ဟု ခေါသင်းဝေက ဝင်ရောက်ပြောပြလေ၏။

ဦးမျိုးဇင်ကဆက်၍ ...



"မျိုးခင်လဲ တင့်တင့်ကလေးကို သူပဲ မွေးစားလိုက်ပြီးနောက် လွတ်လပ်ရေးမရခင်မှာပဲ၊ နိုင်ငံခြားသွားအလုပ်လုပ်နေတယ်၊ အဲဒီကတည်းက မျိုးခင်တို့တူဝရီးနဲ့ ဒက်ဒီတို့လူချင်းမတွေ့တာပဲ၊ စာနဲ့တော့ ဆက်သွယ်ကြပါတယ်၊ ကံတရားများဟာ တယ်ဆန်းကြယ်တာပဲ၊ စောစောကဒက်ဒီ ပြောတဲ့ မျိုးတင်ရဲ့သား "အောင်ဝင်းတင်" က ချီကာဂိုတက္ကသိုလ်မှာ လျှပ်စစ် အင်ဂျင်နီယာ အတတ်ပညာသွားသင်ရာက ကျောင်းပိတ်ရက်မှာ မျိုးခင်တို့အိမ်မှာ သွား သွားနေတယ်တဲ့၊တင့်တင့်နဲ့ လူငယ်ချင်းမေတ္တာရှိသွားကြတာပေါ့၊ ဒီအကြောင်းကို ဒက်ဒီ့ဆီ မျိုးခင်စာရေးလို့သိခဲ့ရတယ်၊ ကုသိုလ်ဆိုးချင်တော့ သမီးရယ်၊ အောင်ဝင်းတင်ကလေးဟာ သူ့သူငယ်ချင်းတွေနဲ့ ခရစ္စမတ်ပါတီကအပြန် အရက်မူးပြီးမောင်း လာတဲ့ကားနဲ့ သူတို့ကားနဲ့ တိုက်မိကြလို့ အောင်ဝင်းတင်လဲ ကားပေါ်က လွင့်ကျပြီး လမ်းနဲ့ခေါင်းနဲ့ ဆောင့်ရိုက်လိုက်တာ ဆေးရုံမရောက်ခင်မှာပဲ ဆုံးသွားရှာတယ်၊ တင့်တင့်ကလေးလဲ အဲဒီကတည်းကတစ်ဝိုင်တစ်ရံရှိဖြစ်နေတာပေါ့၊ မောင်မြင့်နိုင်နဲ့မောင်မောင် သူတို့မြို့ကို သွားလည်ကြတော့ သူတို့တူအရီးလဲ စိတ်ပြေလက်ပျောက်ဆိုသလို မောင်မြင့်နိုင်တို့မြို့ကို လိုက်လည်ကြတယ်၊နောက်မကြာခင်ပဲ တင့်တင့် သေကြောင်း ကြေစည်တာကို သူ့ဦးလေးသိရတော့ တင့်တင့်ဟာ ရှက်တယ် ရှက်တယ်သာ ပြောပြီးငိုနေတော့တာပဲ၊ ဒါနဲ့ မျိုးခင်လဲ မောင်မြင့်နိုင်ကို တိုင်ပင်ရတာပေါ့ ... ကောင်မလေးက မောင်မြင့်နိုင်ကို မောင်မောင့်ထက်ပိုပြီး ခင်မင်တယ်၊ ဒါနဲ့ မောင်မြင့်နိုင်လဲ တင့်တင့်ကိုချော့မော့မေးတော့မှ အောင်ဝင်းတင်နဲ့ သူလွန်လွန်ကျူးကျူးချစ်မိတဲ့အကြောင်းကို ဖွင့်ပြောပြတယ်၊ ဒီတော့မှ

ငရောမြင့်နိုင် ရော၊ ဘာလုပ်ရမှန်းမသိဖြစ်နေကြတာပေါ့ ...
ငြိတင့်က ကိုယ်ဝန်ကို ဖျက်ချမယ်လို့ပြောပေမဲ့ မျိုးခင်နဲ့မြင့်နိုင်က
သဘောမတူဘူး၊ ဒါနဲ့ မျိုးခင်လဲ နောက်ဆုံး သူများတိုင်းပြည်မှာ
အရှက်တကွဲ အကျိုးနည်းမဖြစ်ရလေအောင် တင့်တင့်ရဲ့အသက်
နဲ့သူ့ဂုဏ်ကိုဆယ်ဘို့အတွက် မောင်မြင့်နိုင်ကို တင့်တင့်နဲ့ပေးစား
ဖို့ တောင်းပန်တယ်၊ ဒက်ဒီလဲ ပထမတော့ ငြင်းမလို့ပါပဲ၊ သမီးတို့
နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် အလွန်မေတ္တာရှိနေ
ကြတာကိုသိလို့ပါ၊ ဒါပေမဲ့ တစ်ဖက်ကတွေးလိုက်ပြန်တော့ တင့်တင့်
ဟာ ဒက်ဒီ သမီး အရင်းလို သဘောထား ရမယ် မဟုတ်လား၊ သူ့
မိဘတွေဟာလဲ ဒက်ဒီတို့မိသားစုအတွက် အသက်စတေးသွား
ခဲ့ကြရရှာတယ်ဆိုတာ သမီးအခုသိပြီ မဟုတ်လား၊ မောင်မောင်
ကလဲ သမီးနိုင်ငံခြားမသွား ခင်ကတည်းက အိမ်ထောင် ကျတော့
မြင့်နိုင်တစ်ယောက်ပဲ လူပျိုဖြစ်နေတာကတစ်ကြောင်း၊ တင့်တင့်
ကလဲမြင့်နိုင်ကိုခင်မင်နေတာကတစ်ကြောင်းကြောင့် မျိုးခင်
လဲအကြံရပြီး အကူအညီတောင်းတာပဲကွဲ့ သမီးရဲ့"

ဦးမျိုးဇင်လည်းပြောရင်း မောလာသဖြင့် စားပွဲပေါ်ကွင်
တင်ထားသော လိမ္မော်ရည်ဖန်ခွက်ကို ယူသောက်လိုက်ပြီးမှ ဆက်၍

"အင်း ... မောင်မြင့်နိုင်ကို တင့်တင့်နဲ့ယူဖို့ပြောတော့ မြင့်နိုင်က
သမီးနဲ့ သူမေတ္တာရှိနေတဲ့အကြောင်း၊ သမီးကလဲရင် သူဘယ်သူ
ကိုမှ မယူနိုင်တဲ့အကြောင်း ပြန်ပြောတယ်တဲ့၊ ဒါနဲ့ မျိုးခင်လဲ ဒက်ဒီ
ဆီ စာရေးပြီးအကူအညီတောင်းတယ်၊ ဒက်ဒီ့မှာလဲ တင့်တင့်ရဲ့
အသက်ကိုကယ်ဖို့ ဝတ္တရားကရှိနေလေတော့ မောင်မြင့်နိုင်ကိုပဲ
အကျိုး အကြောင်း ပြောပြီးတောင်းပန်ရတာပေါ့ ... မောင်မြင့်နိုင်က



တင်တင့်ကို သနားပေမဲ့ သမီးအပေါ်မှာ သစ္စာမဖောက်ပါရစေနဲ့၊
သမီးပညာသင်နေတုန်း စိတ်မချမ်းသာအောင်မပြုပါရစေနဲ့လို့
တောင်းပန်ရှာတယ်၊ ဒက်ဒီလဲစာနဲ့ရေးပြောရတာ အားမရလို့ သမီး
ရဲ့မာမီနဲ့အတူထလိုက်သွားရတယ်၊ဟိုရောက်တော့ အားလုံး
မောင်မြင့်နိုင်ကို ဝိုင်းတောင်းပန်ကြတာပေါ့ ... နောက်ဆုံး သမီးကို
ဖြေရှင်းဖို့ နားလည်အောင်ပြောပြဖို့ တာဝန်ယူတဲ့အကြောင်း
တင့်တင့် ကိုလဲ ဒက်ဒီ့သမီးလို သဘောထားဖို့နဲ့ လောလောဆယ်
တင့်တင့်အရှက်ကို ကာကွယ်ဖို့လောက်သာပြောတော့ သမီးရဲ့ သ
ဘောတူညီချက်ပြန်စာကိုရမှ သူတင့်တင့်ရဲ့တာဝန်ကို ယူပါရစေ
ဆိုတော့ ဒက်ဒီလဲ သမီးဆီက စာကလဲ မရတာ နဲ့ ကြံရာမရဖြစ်နေ
တာပေါ့"

"ဟုတ်တယ် ဒက်ဒီ ... သမီးလဲ စကော့တလန်ကို သွားနေတဲ့
အချိန်ဖြစ်နေတော့ အကျိုးအကြောင်းဘယ်သိပါ့မလဲ"

"ဟုတ်တာပေါ့ .... သမီးဆီကပြန်စာကလဲမလာ၊ တင့်တင့်
ပြဿနာကလဲတစ်မှောင့်၊ သူသေကြောင်းမကြံစည်နိုင်အောင် မျိုးခင်
.ရယ်၊ မောင်မောင်ရယ်၊ မြင့်နိုင်တို့ သုံးယောက်စလုံး တင့်တင့်ကို
မျက်ခြေမပြတ်ကြည့်ရှုစောင့် ရှောက်နေရတာက်တစ်မျိုး၊ တင့်တင့်
မြင်တိုင်း မျိုးလွင်ကို သတိရနေတဲ့အပြင် နန်းမိုးဟိန်းရဲ့သေခါနီး
စကားတွေတဖွဖွကြားယောင်နေတာနဲ့ မောင်မြင့်နိုင်ကိုနားချ
လို့မရတဲ့အဆုံး ဒက်ဒီလဲမကောင်းကြံစည်ရတော့တာပါပဲ၊ ဒီလို
ကြံစည်တာကို မောင်မြင့်နိုင် ဗမာပြည်ပြန် ရောက်လာတော့ ဖွင့်ပြော
ပြီး တောင်းပန်လိုက်ပါပြီ၊ မောင်မြင့်နိုင်လဲ စိတ်မကောင်းဖြစ်ပေမဲ့
ဒက်ဒီ့အပေါ်မှာ တစ်သက်လုံးခွင့်လွှတ်တော့မှာ မဟုတ်ဘူးကွယ်"

ဦးမျိုးဇင်ကပြောရင်း အသံတုန်တုန်ရီရီဖြစ်လာကာ မျက်ရည်များပင်ဝဲလာလေ၏၊ မေသက်နွယ်လည်း ကဗျာကယာထကာ ဖခင်ဖြစ်သူ၏ခြေထောက်နားတွင် ဒူးထောက်၍ လက်ကိုဆုပ်ကိုင်ရင်း ...

"ဒက်ဒီရယ် ... ဒက်ဒီသမီးကို ဘယ်လောက်ချစ်တယ်ဆိုတာ သိပါတယ် ... ဒက်ဒီဘာလုပ်လုပ် တရားပါတယ် ၊ ကိုမြင့်နိုင်တောင် ခွင့်လွှတ်နိုင်ရင် သမီးက ဘာဖြစ်လို့ ခွင့်မလွှတ်နိုင်ရမှာလဲ ဒက်ဒီ ၊ အခုရှင်းပြသလောက်တော့ သမီးဘယ်သူမှ အပြစ်မမြင်ပါဘူး၊ ဒက်ဒီရယ်" ဟုပြော လိုက်သော ကြောင့် ဦးမျိုးဇင်က မေသက်နွယ်၏ ခေါင်းကလေးကို ယုယစွာသပ်ပေးကာ ...

"ဒီလိုသမီး ... ဒက်ဒီလဲ တစ်သက်မှာမတရားတဲ့အမှုကို ဘာတစ်ခုမှမပြုလုပ်ခဲ့ဘူး၊ဒါပေမဲ့ သမီးနဲ့မောင်မြင့်နိုင်အပေါ်မှာတော့ မတရားလုပ်ခဲ့ကယ်၊ မျိုးလွင်ရဲ့သမီးကို ဒက်ဒီကိုယ်တိုင် ကျေးဇူးဆပ်ချင်ပေမဲ့ သူရင်ဆိုင်ရတဲ့ ဖြစ်ရပ်ကလဲ တစ်ခြားနည်းနဲ့ ဆပ်လို့မရဘူး ... ဒက်ဒီ့အနေ နဲ့ မတတ်သာလို့ မဟုတ်တမ်းတရား ကြံစည်ရတာပါ ... ဒက်ဒီမတရားပုံကို ပြောပြရင် သမီး ဒက်ဒီကို ရွံ့မုန်းသွားမှာပဲ"

"ဘယ်လို မတရားလုပ်လို့လဲ ဒက်ဒီရယ် ..."

"မောင်မြင့်နိုင်ဟာ သမီးဆီက ပြန်စာမရမချင်း ဘာအစီအစဉ်ကိုမှ လက်မခံတော့ ဒက်ဒီလဲလန့်ဒန့်ကမိတ်ဆွေတစ်ယောက်ဆီက အကူအညီတောင်းပြီး သမီးကရေးလိုက်တဲ့ အနေနဲ့ မောင်မြင့်နိုင်ဆီ လက်ထပ်ဖို့ သဘောတူတဲ့အကြောင်း သံကြိုးရိုက်ခိုင်းလိုက်ရတယ်၊ မောင်မြင့်နိုင်ဟာ သမီးရဲ့သံကြိုးစာလဲဖတ်ပြီးရော မျက်ရည်တောင်



ကျတယ်၊ သူမြင်ရတော့ သနားလိုက်တာသမီးရယ် ... တင့်တင့်ကလဲ မောင်မြင့်နိုင်ကလွဲရင် သူဘယ်သူမှမယူဘူးတဲ့လေ၊ ဒါနဲ့ နောက်ဆုံးမောင်မြင့်နိုင်လဲ လက်ထပ်လိုက်ရတယ် ... ဒက်ဒီတို့လည်း သမီးဆီက ဘာစာမှမရတော့ စိတ်ပူပြီး လန့်ဒန့်လိုက် လာကြတာပဲ၊ မောင်မြင့်နိုင်ကလဲ သမီးနဲ့တွေချင်တယ်ဆိုပြီး လိုက်လာတာပဲ၊ ဟိုမှာဖြစ်ပျက်တာကတော့ သမီးသိတဲ့ အတိုင်းပဲပေါ့၊ ကဲ ... သမီး ဒက်ဒီမတရား လုပ်ကြံတာတွေသိရလို့ ခွင့်လွှတ်နိုင်ပါအုံးမလား ... ဒီကိစ္စမှာ မောင်မြင့်နိုင်အပြစ် လုံးဝမပါဘူး ... ဒါကြောင့် မောင်မြင့်နိုင်အပေါ် မကျေမနပ်ဖြစ် နေတဲ့စိတ်ကို ဒက်ဒီ့ဘက်ပြောင်း လိုက်ပေတော့၊ အပြစ်ရှိသူက ဒက်ဒီပါ" ဟု ကြေကွဲစွာ ပြောဆိုလိုက်လေ၏။

မေသက်နွယ်မှာ ဖခင်၏ပေါင်ပေါ်တွင် မျက်နှာမှောက်ချလိုက်ပြီး တသိမ့်သိမ့်ငိုနေသောကြောင့် ဒေါ်သင်းဝေလည်း ထိုင်ရာမှထလာကာ သမီးဖြစ်သူနားတွင်လာထိုင်၍ ကျောကလေးကို ပွတ်သပ်ပေးရင်း မျက်ရည်များပင်ကျလာမိလေ၏။ မိသားစုသုံးယောက်၏ဖြစ်ရပ်ကိုကြည့်နေသော ဗိုလ်မှူးမြတ်သူပင်လျှင် မျက်ရည်ဝဲလာလေ၏။

ဦးမျိုးဇင်က ...

"တိတ်ပါသမီးရယ် ... ဒါတွေဟာ ဒက်ဒီ့အပြစ်တွေပါပဲကွယ်" ဟု ပြောလိုက်သဖြင့် မေသက်နွယ်သည် ဦးခေါင်းကလေးမော့လာကာ ခေါင်းရမ်းလိုက်ပြီး ...

"မဟုတ်ပါဘူးဒက်ဒီ ... သမီး ဒက်ဒီ့ကို အပြစ်မမြင်ပါဘူး၊ သမီး ဝမ်းနည်းမိတာက ဒီအကြောင်းတွေကိုမသိပဲ သမီးတို့မိသားစုအတွက်ကျေးဇူးဆပ်လိုက်ရတဲ့ အပြစ်မဲ့တဲ့ ကိုမြင့်နိုင်ကို သမီးစိတ်နဲ့

ရော၊ လက်နဲ့ရော၊ ပြစ်မှားခဲ့မိလို့ပါဒက်ဒီ"

ဒေါသင်းရီသည် မေသက်နွယ်ကိုဆွဲထူပေးရင်း ....

"ကဲ ... သမီး ... လာ ကုလားထိုင်ပေါ်မှာထိုင်နော်၊ မာမီ ပြောပြအုံးမယ် ... မောင်မြင့်နိုင်ဟာ တင့်တင့်ကို သနားတာကလွဲရင် မေတ္တာမရှိဘူး၊ဒါပေမဲ့ လင့်ဝတ္တရားတော့မပျက်ကွက်စေရဘူး၊ တင့်တင့်ကတော့ မောင်မြင့်နိုင်အပေါ် အတော်ချစ်ရာတယ်၊ ဂရုလဲ သိပ်စိုက်တာပဲ စိတ်တစ်ခြားကိုယ်တစ်ခြားဖြစ်နေတဲ့ မောင်မြင့်နိုင် အပေါ်မှာ အတော်သည်းခံတယ်၊ ဘာပြောပြောငုံ့ခံနေတာပဲ၊ အောင်ဝင်းတင် နဲ့ရတဲ့ သားကလေးမွေးပြီး တဲ့နောက် သမီးပြန်မလာခင် (၆)လလောက်ကပဲ သူတို့လင်မယားတစ်ကွဲတစ်ပြားစီ ဖြစ်နေကြ တယ်၊ မောင်မြင့်နိုင်က စစ်တပ်ထဲမှာပဲနေတယ်၊ အိမ်မပြန်ဘူး၊ တင့်တင့် ကလဲ သူ့ဆွေမျိုး နီးစပ်တွေဆီ တလှည့်သွား နေတယ်၊ မာမီတို့ဆီမှာလာနေဖို့ခေါ်ပေမဲ့ သမီးနဲ့ရင်မဆိုင်ဝံ့လို့ ရန်ကုန်ပြန် မလာရဲဘူးတဲ့၊ မောင်မြင့်နိုင်က သူ့တွေ့ရင် စိတ်မချမ်းသာမှာစိုးလို့ တဲ့၊သမီးပြန်လာပြီ ဖြစ်တဲ့အတွက် မောင်မြင့်နိုင်နဲ့ ကွာချင်တယ်တဲ့"

မေသက်နွယ်မှာ မိခင်ဖြစ်သူ၏ စကားကိုကြားလိုက်ရသဖြင့် နဖူးကြောကလေးရုံ့ကာ ....

"တင့်တင့်ကကွာပေးမဲ့အကြောင်း ကိုမြင့်နိုင်ကို မပြောပြဘူး လား"

ထိုအခါ ဗိုလ်မှူးမြတ်သူကထလာပြီး ...

"ဗိုလ်မှူးမြင့်နိုင်ဟာ ဒေါက်တာနွယ်နဲ့ ပတ်သက်ပြီး စိတ်ထိ ခိုက်နေတာ၊ သူဆေးရုံရောက်လာတဲ့ညက သူ့အိတ်ထဲက သူ့ဘဝ မှတ်တမ်းစာအုပ်ကလေးနဲ့ ဒေါက်တာနွယ့်ဓါတ်ပုံကို ကျွန်တော်



တွေ့ရတာနဲ့ လူနာရဲ့စိတ်ဝေဒနာကို သိချင်လို့ အခြေအနေအရ ဖတ် ကြည့်ခဲ့ရတယ်၊ သူ့ကိုအထူးဂရုစိုက်ဖို့ သက်ဆိုင်ရာကလဲ ညွှန် ကြား ထားတယ်၊ ဒါကြောင့် သူ့မျက်စိကိုအကြောင်းပြပြီး သူ့စိတ်ကိုပါ ကုစားချင်တာနဲ့ ဒေါက်တာနွယ်ရဲ့ မိဘနဲ့ရော၊ အထူးအခွင့် အရေး အနေနဲ့ သက်ဆိုင်ရာ ဌာနတွေနဲ့ရော တိုင်ပင်ပြီး ဒေါက်တာနွယ် ရဲ့အကူအညီကိုတောင်းခဲ့တာပဲ၊တင့်တင့် အကြောင်းကိုတော့ သူ့ကိုဘာမှမပြောပြဘူး၊ ကဲ... ဒေါက်တာနွယ် ဗိုလ်မှူးမြင့်နိုင်ဟာ သူ့စိတ်နဲ့သူ လက်ထပ်တာမဟုတ်လို့ တင့်တင့်ပြောသလိုပဲ သူကွာ ရှင်းပေးရင် ဒေါက်တာနွယ် ပြန်လက်ခံနိုင်မလား ..."

မေသက်နွယ်လည်း အတန်ကြာတွေဝေနေပြီးမှ အံတစ်ချက် ကြိတ်လိုက်ကာ တည်ကြည်ပြတ်သားသောလေသံဖြင့် -

"ဒက်ဒီ မာမီနဲ့ ဆရာတို့က နွယ့်သဘောထားကို သိချင်ကြ တယ်ဆိုလို့ နွယ်ပြောပြပါ့မယ်၊ မာမီထင်သလို မဟုတ်ပါဘူး၊ နွယ် ဒီအကြောင်းကြားရတာနဲ့ မြစ်ကြီးနားကို သွားမဲ့အစီအစဉ်ဟာ မပြောင်းလွဲပါဘူး မာမီရယ်၊ ခေါင်းမာပြီး စိတ်အလွန်ကြီးတဲ့ နွယ့်ကို အခုလို ဒက်ဒီတို့ ရှင်းပြတာကို နားထောင် အောင်လုပ်ကြလို့ နွယ် ကျေးဇူးတင်မိပါတယ်၊အမှန်ပြောရရင်အစက နွယ်ဟာကိုမြင့်နိုင်ရော တင့်တင့်ကိုရော တော်တော် မုန်းမိတယ်၊ စကားပြောဘို့ နေနေသာ သာ ဒီတစ်သက် သူတို့နဲ့ ဘယ်တော့မှ မျက်နှာ ချင်းမဆိုင်တော့ဘူး လို့တောင် စိတ်ပိုင်းဖြတ်ထားတယ်၊ ဒါပေမဲ့ ဒက်ဒီ့ဆီက အကြောင်း စုံကြားရတော့တင်းမာနေတဲ့ နွယ်ရဲ့နှလုံးသားဟာ အကုန်အရည် ပျော်သွားပါပြီဒက်ဒီရယ်၊ စိတ်ထဲမှာလဲ အတော်ပေါ့ပါးသွားတယ်၊ နွယ် ဘယ်သူ့ကိုမှအပြစ်မတင်ပါဘူး၊ အထူးသဖြင့် ကိုမြင့်နိုင်

ကိုရောတင့်တင့်ကိုပါသနားမိတယ်၊ဒါကြောင့် နွယ်ဒီနေ့ကစပြီး ကိုမြင့်နိုင့်ကို စိတ်ချမ်းသာအောင် အစ်ကိုအရင်းတစ်ယောက်လို သဘောထားပြီး ပြုစုပါ့မယ်၊ တင့်တင့်ကိုလဲ ညီမအရင်းလိုပဲ စိတ်ထားပါမယ်၊တင့်တင့်ရဲ့ကလေးကိုလဲ နွယ့်တူအရင်းလိုပဲစောင့်ရှောက်ပါမယ်၊ ဒက်ဒီတို့လဲ ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့တော့၊ နွယ် ဒီနေ့ညနေပဲ တင့်တင့်ကိုသွားခေါ်ပြီး အိမ်မှာထားချင်တယ်၊ သူတို့ လင်မယားအဆင်ပြေအောင် အထူးသဖြင့် ကိုမြင့်နိုင် တင့်တင့်ကို ကြည်ကြည်ဖြူဖြူလက်ခံအောင် သမီးပြောပေးပါ့မယ်၊ ဒါကြောင့် ဒက်ဒီတို့ သမီးကိုလိုက်ပို့ပေးပါနော်"

မေသက်နွယ်၏ စကားကြောင့် အားလုံးဝမ်းသာသွားကြလေ၏။ ထိုအခိုက် ....

"သာဓု ... သာဓု ... သာဓု ... စိတ်ထားဖြူစင်မွန်မြတ်ပါ့ပေ ညီမလေးရယ် ..." ဟူသော အမျိုးသမီးတစ်ဦး၏အသံကို ကြားလိုက်ရသဖြင့် အားလုံးအသံလာရာဘက်သို့ လှည့်ကြည့်လိုက် သောအခါ တံခါးဝနားတွင် ရပ်နေသော ကြည်ကြည်ကို တွေ့ရလေ၏။

"ဟော ... ကြည်ကြည်ပါလား၊ လာ လာ ထိုင်ပါအုံး၊ ဘယ်တုန်းက ရောက်နေသလဲ" ဟု ဦးမျိုးဇင်က မေးလိုက်သဖြင့် ကြည်ကြည်လည်း မေသက်နွယ်နားတွင် ဝင်ထိုင်လိုက်ပြီး လက်ကလေးကို ဆွဲဆုတ်လိုက်ကာ ...

"ကျွန်မ နွယ်တို့ကားနဲ့ ရှေ့ဆင့်နောက်ဆင့်ရောက်လာတာပါ၊ လိုက်ပို့တဲ့ အသိကားကို ခြံဝမှ ရပ်ခိုင်းလို့ ဦးလေးတို့ကားသံ မကြားရတာပါ၊ကျွန်မဒေါက်တာ့ကို မြင်တာနဲ့အထဲမဝင်တော့ပဲ အပေါက်ဝနားမှာထိုင်နေတာပါ၊ အထဲမှာပြောတာတွေ အားလုံးကြားရလို့



ကျွန်မလဲ စိတ်ရင်းသွားပါပြီ ၊ အစက တင့်တင့်ကိုအတော်မုန်းမိပြီး မောင်မြင့်နိုင်ကိုလဲ ကျွန်မတို့ မိသားစုအားလုံးက စိတ်ဆိုးပြီး အဆက်အသွယ် ဖြတ်ခဲ့ ကြတယ်၊ ညီမလေးရဲ့ စိတ်သဘောထားကို သိရတော့ ကျွန်မ ဝမ်းနည်းဝမ်းသာဖြစ်မိတယ်၊ ဒါကြောင့် ညီမလေး အလုပ်နဲ့ ဘယ်ကိုပဲပြောင်းပြောင်း ကျွန်မပါ အတူလိုက်နေမယ်၊ ကဲ ... ညီမလေးက ခွင့်ပြုပြုမပြုပြု မမက အတင်းလိုက် မှာပဲ ..."

မေသက်နွယ်လည်း သူမအားငယ်စဉ်တောင်ကျေး ကလေး ဘဝကတည်းက ညီမအရင်းလို သဘောထားသော ကြည်ကြည် အားကြည့်လိုက်ပြီး ....

"မမကြီးရဲ့စေတနာကို ညီမလေးယုံကြည်ပါတယ်၊ဒါပေမဲ့ အန်တို့ ကို စောင့်ရှောက်ရမဲ့ တာဝန်ရှိသေးတယ်မဟုတ်လား ..."

"ကြည်ကြည် သမီးနဲ့အဖေလိုက်မယ်ဆိုရင် မမခင်ရဲ့တာဝန် အတွက်တော့စိတ်ချ၊ ကြည့်မဲ့ရှုမဲ့လူတွေ အများကြီးရှိပါတယ်" ဟု ဒေါသင်းဝေက ပြောလိုက်လေ၏။

ဗိုလ်မှူးမြတ်သူလည်း လက်ပတ်နာရီကို ကြည့်လိုက်ပြီး ....

"ကဲ ... အားလုံး ကျွန်တော့်ကို ခွင့်ပြုပါအုံး ... ဒေါက်တာနွယ် ကျွန်တော် ဆေးရုံပြန်လိုက်အုံးမယ်နော်"

"ဟုတ်ကဲ့ ဆရာ ... ဒါနဲ့ဆရာ ... နွယ် တင့်တင့်ကိုသွားခေါ်ချင်လို့ အဲဒါ မနက်ဖြန်ကျမှပဲ ဆေးရုံလာပါရစေဆရာ၊ နောက်ပြီး ဟော့ ကိုမြင့်နိုင်ကို ဘာမှမပြောပါနဲ့၊ သူ နွယ့်ကို မေးရင် ဒီနေ့ အလုပ်မအားလို့ သူ့ဆီမနက်ဖြန်မှလာမယ်လို့ ပြောပေးပါနော် ဆရာ"

"စိတ်ချပါ ဒေါက်တာနွယ် ... အားလုံးအဆင်ပြေပါစေလို့ ဆုတောင်းပါတယ်"

## အခန်း ၁၃

မေသက်နွယ်၏မိသားစုနှင့် ကြည်ကြည်အား တင်ဆောင်လာသော မာစီဒီးကားနက်ကြီးသည် ထောက်ကြွံကို ကျော်လွန်လာပြီးနောက် ကျွန်းကလေးရွာသို့ ရောက်ရှိလာကာ နှစ်ထပ်ပျဉ်ထောင်အိမ်တစ်အိမ်၏ရှေ့တွင်ထိုးဆိုက်လေ၏။

ဒေါ်သင်းဝေကကားပေါ်မှ ဆင်းကာအိမ်ပေါ်သို့လှမ်း၍-

"တင့်တင့်ရေ ...သမီးရေ ... မာမီတို့လာကြတယ်ဟေ့ ..."ဟု အော်ခေါ်လိုက်သောအခါ အသက်(၂၄)နှစ်ခန့် အသားဖြူဖြူ ချောမွေ့လှပသော ရုပ်ဇမာကပြားမကလေးတစ်ဦး ပြေးဆင်းလာရင်း အသံဝဲဝဲကလေးဖြင့်-

"ဟော ...မာမီတို့လာကြသကိုး ... ဒက်ဒီရောပါသလား" ဟု ဝမ်းသာအားရဖြင့် ဒေါ်သင်းဝေအား ပြေးဖက်ရင်း ကားဘက်သို့ လှမ်းကြည့်လိုက်ရာ ဦးမျိုးဇင်နားတွင်ရပ်ကာ သူမအားကြည့်နေသော မေသက်နွယ်ကိုမြင်လိုက်သဖြင့် -

"ဟင် ...အစ်မလဲပါလာတာကိုး" ဟုအံ့အားသင့်သွားကာ ချာကနဲ အိမ်ထဲဝင်ပြေးသွားလေသည်။ အားလုံးမှာ အစပထမတွင်



တင့်တင့်၏ အပြုအမူကို မှင်တက်မိသလိုကြောင်၍ ကြည့်နေမိလေသည်။ ဒေါ်သင်းဝေလည်းနောက်မှ သတိရကာ တင့်တင့်ပြေးဝင်သွားသောအခန်းသို့ လိုက်သွားလေ၏။

အတန်ကြာသော် ဒေါ်သင်းဝေထွက်လာပြီး မေသက်နွယ်ထိုင်နေသော ကုလားထိုင်နားတွင် သွားရပ်ကာ ...

"သမီး ...သမီးကိုရှက်လို့ မျက်နှာမပြပါရစေနဲ့တဲ့၊ သမီးကို သူ ရင်မဆိုင်ဝံ့ဘူးတဲ့၊ မာမီတော့ချော့လို့မရဘူး ၊သမီးသွားခေါ်ပါအုံးကွယ်၊သမီးကို သူလန့်နေပုံရတယ်..." ဟုပြောလိုက်သည့် အတွက် မေသက်နွယ်လည်း တင့်တင့်အခန်းတွင်းသို့ ဝင်သွားသောအခါ ကုတင်ပေါ်တွင်မှောက်ကာ ငိုနေသောတင့်တင့်အား တွေ့မြင်ရလေသည်။မေသက်နွယ်မှာ တင့်တင့်အားကြည့်ပြီး သနားသွားကာ အနားတွင်ဝင်ထိုင်၍ ကျောကလေးကိုပွတ်သပ်ပေးရင်း ကြင်နာသောလေသံဖြင့်-

"ညီမလေးတင့်တင့်...မမနွယ်ဒီနေ့မှ အကြောင်းစုံသိရတော့တယ်ကွယ်၊မမဘယ်သူ့ကိုမှ စိတ်မဆိုးတော့ပါဘူး၊အပြစ်လဲမတင်ရက်ပါဘူး၊အခု မမနွယ်တို့နဲ့ လိုက်နေဘို့ ညီမကိုလာခေါ်တာကွဲ့" ဟုပြောသောအခါ တင့်တင့်မှာ ဝမ်းနည်းလာပြီး မေသက်နွယ် အားဖက်၍ငိုလေသည်။ခဏမျှကြာသော် တင့်တင့်က ...

"အစ်ကိုဟာ မမကိုတော်တော်ချစ်ရှာပါတယ်၊တင့်တင့်ကြောင့် မမတို့နှစ်ယောက်စိတ်မချမ်းသာဖြစ်ရတာ၊ အခု တင့်တင့်အစ်ကိုကို ကွာဖို့ စိတ်ပိုင်းဖြတ်ထားတယ်၊ မမသူ့ကို ပြန်လက်ခံမယ် မဟုတ်လား ဟင်၊ တင့်တင့်တောင်းပန်ပါတယ်မမရယ်..."

"မမမေးမယ် .... တင့်တင့် ကိုမြင့်နိုင်ကို တကယ်ချစ်တယ်မဟုတ်လား ..."

"ချစ်ပါတယ် မမရယ်၊ ဒါပေမဲ့ အစ်ကိုကတင့်တင့်ကို မချစ်ဘူး၊သနားရုံပဲသနားတာ၊ ဒါနဲ့အစ်ကိုရော နေကောင်းရဲ့လား၊ တင့်တင့်ဆေးရုံကိုလာချင်ပေမဲ့ မလာရဲဘူး..."

"ကဲပါညီမရယ် ... ညီမတို့အိမ်ထောင်ရေး အဆင်ပြေအောင် မမ ဆောင်ရွက်ပေးပါ့မယ်၊ညီမရဲ့အစ်ကိုလဲ နေကောင်းပါတယ်၊ လာမဲ့အပတ်မှာ မျက်စိခွဲလိမ့်မယ်..."

ထိုအခိုက် အခန်းအတွင်းသို့ ကလေးငယ်တစ်ဦး ပြေးဝင်လာသဖြင့် မေသက်နွယ်ကမွေ့ချိုလိုက်ကာ-

"ဒါ တင့်တင့်သားကလေးလား ... ချစ်စရာလေးကွယ်၊ လာ... သားသား ... အန်တီဆီလာစမ်းပါအုံးကွဲ့ ... အန်တီတို့နဲ့ ရန်ကုန်လိုက်ခဲ့နော် ... အန်တီအရုပ်တွေ အများကြီးဝယ်ပေးမယ်"

"ဟုတ်...ကဲ့"ဟုကလေးက ပြန်ပြောလိုက်သောကြောင့် မေသက်နွယ်မှာ ဝမ်းသာသွားပြီး "တင့်တင့် ထတော့လေ ... အထုပ်အပိုးတွေပြင်ပေတော့၊မမလဲ ဝိုင်းသိမ်းပေးမယ်၊မမကြည်လဲပါတယ်၊ သူလဲဒီနေ့မှ ဇာတ်ရည်လည်ပြီး သိရတော့ တင့်တင့်ကို သနားနေတယ်၊ မမကြည်တို့မိသားစုဟာ တော်တော်သဘောကောင်းရှာတယ်၊ ညီမလေး ပေါင်းကြည့်ရင်သိမှာပါ၊ မမနွယ်တော့ ချစ်စရာတူလေး လိုချင်နေတာနဲ့အတော်ပဲ၊အခုတော့ ညီမရဲ့သားကလေးကိုပဲ ချစ်ရမှာပဲ၊ ကဲ... ကဲ ...လာ အပြင်သွား ကြစို့၊ မမနွယ်ကိုချစ်ရင် မမရဲ့စကား နားထောင်ရမယ်နော်" ဟု တင့်တင့်အား ချော့မော့ကာ အပြင်သို့ခေါ်သွားလေသည်။ ထိုနေ့တွင် မေသက်နွယ်တို့ မိသားစုသည် တင့်တင့်တို့မိသားစုအား "စံပယ်မြို့" သို့ ခေါ်ဆောင်လာခဲ့ကြလေသည်။

× × ×



မေသက်နွယ်နှင့် တင့်တင့်မှာ တစ်ည**လုံး** စကားပြောနေကြသဖြင့် နက်(ရ)နာရီကျော်မှ နိုးလာကြလေသည်။ မေသက်နွယ်မှာ ဆေးရုံသို့ သွားရမည်ဖြစ်သဖြင့် ကဗျာကယာရေချိုးကာ ဖီးလိမ်းဝတ်စားပြီး ကားနှင့်ထွက်လာလေသည်။

မေသက်နွယ် ဤဆေးရုံတွင်လာရောက်အကူအညီပေးခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၀)ရက်ကျော်ခဲ့လေပြီ၊ ဤ(၁၀)ရက်အတွင်း မေသက်နွယ်မှာ မမြင်ချင်သောသူ ရင်မဆိုင်လိုသောသူ၊ စကားမပြောလိုသောသူကိုမှ မြင်ရ၊ရင်ဆိုင်ရ၊စကားပြောနေရလေသည်။သို့သော် ... ဤနေ့သည်ကား ခါတိုင်းနှင့်မတူ၊ အိပ်ယာမှထကတည်းပင် မမြင်ချင်သူအားမြင်ချင်နေသည်။ရင်မဆိုင်လိုသူအား ရင်ဆိုင်ချင်ပြီး၊ စကားမပြောလိုသူအားပြောချင်နေသည်။ ဘယ်ကစ၍ ဘာကိုပြောရမည်ကို မေသက်နွယ်သည် တစ်လမ်းလုံး စဉ်းစားလာရာ ငြိမ့်ကနဲ့ကားထိုးရပ်လိုက်တော့မှပင် ဆေးရုံသို့ရောက် နေမှန်းသိရလေသည်။ ဒရိုင်ဘာမှာ မေသက်နွယ်အား တံခါးဖွင့်ပေးပြီးနောက် ဆေးအိတ်ကိုရုံးခန်းဘက်သို့ယူဆောင်သွားလေသည်။

မေသက်နွယ်လည်း မြင့်နိုင်၏အခန်းသို့ဝင်သွားရာ ကုတင်ပေါ်တွင် စောင်းလျက်မှိန်းနေသောမြင့်နိုင်အားကြည့်ရင်း စိတ်တွင်းမှသနားကြင်နာစိတ်များတဖွါးဖွါးပေါ်ပေါက်လာလေသည်။ ကုတင်စွန်းတွင် ဝင်ထိုင်လိုက်ပြီး မြင့်နိုင်၏နဖူးကိုစမ်း၍ ချိုသာသောလေသံဖြင့်-

"ကိုမြင့်နိုင် ... နေကောင်းရဲ့လားဟင်..." ဟု ယုယစွာမေးလိုက်သဖြင့် မြင့်နိုင်သည် မေသက်နွယ်ဘက်လှည့်ကာ-

"အသက် ... မနေ့ကဘာပြုလို့မလာတာလဲကွယ်၊ မောင်

တစ်နေ့.လုံးမျော်လိုက်ရတာ၊ မောင့်ကို စိတ်ဆိုးနေလို့လား ဟင်"

"အို ဘာပြုလို့.စိတ်ဆိုးရမှာလဲ၊ စိတ်ဆိုးရင် အခုလိုလာပါ့မလား၊မနေ့.က အလုပ်တွေများနေလို့. ဆေးရုံကိုလာဖို့.အချိန်မရဘူး"

"အသက် ..."

"ဘာပြောချင်လို့.လဲ၊ ကိုမြင့်နိုင်"

"မောင့် မျက်စိဘယ်တော့ခွဲရမလဲဟင်"

"ဒီနေ့ အောက်တိုဘာလ(၁)ရက်နေ့၊သဘက်ခါလောက်မှာ ခွဲဖြစ်လိမ့်မယ်ထင်တယ် ကိုမြင့်နိုင်"

"မောင့် မျက်စိပြန်မြင်ဖို့. မျှော်လင့်ချက်ရှိသေးရဲ့လား အသက်ရယ် ..."

"အို ... ဘာဖြစ်လို့ မမြင်ရမှာလဲ . . . . အခုဆိုရင် ကိုမြင့်နိုင် ကောင်းကောင်းနေကောင်းလာပြီ၊ အားအင်လဲပြည့်လာပြီ၊ ကျန်းမာရေးဘက်က စိတ်ချရလို့ ခွဲမဲ့နေ့.ရက်သတ်မှတ်လိုက်တာပေါ့ ... နွယ်အတတ်နိုင်ဆုံးကူညီပါ့မယ် ... ကိုမြင့်နိုင်အနားမှာ နွယ်အမြဲရှိနေမှာပါ ... ကိုမြင့်နိုင်ဘက်ကလဲ နွယ့်စေတနာကို လက်ခံတဲ့အနေနဲ့ ကတိတစ်ခုပေးရလိမ့်မယ်"

"အသက်အတွက်ဆိုရင် မောင်ဘာပဲလုပ်ပေးရ၊ လုပ်ပေးရ လုပ်ပေးပါတယ် အသက်ရယ်"

"ကိုမြင့်နိုင် မျက်စိခွဲပြီးရင် ပတ်တီးဖြေတဲ့နေ့.အထိ စိတ်မကောင်းစရာတွေ၊ စိတ်ရှုပ်စရာ၊ စိတ်ညစ်စရာတွေကို မတွေးရဘူးနော် ... စိတ်အေးအေးနဲ့. ကြည်ကြည်လင်လင်ထားပြီးနေမယ်ဆိုတဲ့ကတိပဲ လိုချင်တယ်"

"ပေးပါတယ် ဒေါက်တာမကြီးရယ်... ဒေါက်တာညွှန်ကြားထားချက်အတိုင်းနေပါ့မယ်" ဟုပြုံးရွှင်စွာပြန်ပြောလိုက်သည့်



အတွက် မေသက်နွယ်မှာ ဝမ်းသာသွားကာ မြင့်နိုင်၏လက်ကိုဆုပ်ကိုင်လိုက်ပြီး

"ကျေးဇူးတင်ပါတယ်ဇိုလ်မှူးရယ် ... ဒီလိုကြားရတာသိပ်ဝမ်းသာတာပဲ" ဟုပြောလိုက်လေသည်။ မြင့်နိုင်မှာလည်း ရွှင်ရွှင်ပျပျနှင့် ပြောလိုက်သော မေသက်နွယ်၏စကားကိုကြားလိုက်ရသဖြင့် ကြည်နူးသွားကာ ...

"အသက် ... တကယ်ပဲဝမ်းသာသလားဟင်"

"တကယ်ဝမ်းသာလို့. ပြောနေတာပေါ့"

"အသက်စိတ်ချမ်းသာမယ်ဆိုရင် မောင်ဘာမဆိုလုပ်ဖို့. အသင့်ပါပဲ ... အသက်မကြိုက်တဲ့စကား၊ အသက်စိတ်ဆိုးစေမဲ့ အပြုအမူတွေကိုလဲ အမြဲရှောင်ကျဉ်ပါ့မယ်ဆိုတာကိုလဲ မောင်ကတိပြုပါတယ်ကွယ်"

မေသက်နွယ်မှာမြင့်နိုင်၏စကားကို ကြားလိုက်ရသဖြင့် စိတ်မကောင်းဖြစ်သွားလေသည်၊ ထိုအခိုက် သူနာပြုဆရာမလေးဝင်လာကာ-

"ဒေါက်တာ တယ်လီဖုန်းလာနေပါတယ် ..." ဟုပြောလိုက်ရာ မေသက်နွယ်က -

"ကိုမြင့်နိုင် ...ခဏမိုန်းနေအုံး၊နွယ်-တယ်လီဖုန်းပြောပြီးရင်ပြန်လာခဲ့.မယ်နော် ..."ဟု မြင့်နိုင်အားမှာကြားရင်း စောင်ကိုပြင်ဆင်၍ ခြုံပေးပြီးထွက်သွားလေသည်။

× × ×

မြင့်နိုင်မှာ မေသက်နွယ်က သူ့အားကြင်ကြင်နာနာ ဂရုတစိုက် ပြုစုယုယလာသည်ကို သိရသဖြင့် များစွာကျေနပ် နှစ်သိမ့်မိလေသည်။တင့်တင့်အား အဘယ်ကြောင့် လက်ထပ် လိုက်ရသည်ကို မေသက်နွယ်အားဖွင့်ပြော၍ ခွင့်လွှတ်ရန်ပြောလိုသော်လည်း မေသက်နွယ်က ဤကိစ္စနှင့်ပတ်သက်၍ ဆေးရုံမှဆင်းသည့် အခါကျမှပြောရန် သူ့အားလွန်ခဲ့သည့် (၁၀)ရက်ကျော်ကျော်ကပင် တောင်းပန်ခဲ့သည့်အတွက်ကြောင့် မြင့်နိုင်မှာ မေသက်နွယ်၏ အလိုကိုလိုက်၍ ဤကိစ္စကို ထပ်မံမပြောပဲနေလေသည်။

မေသက်နွယ်မှာ သူမအနေနှင့် ဤကိစ္စကိုစပြီး မပြောလိုသော်လည်း အကယ်၍ မြင့်နိုင်ကထပ်မံပြောကြားလာပါကလက်ခံ၍ပြောဆိုရန် အသင့်ရှိနေသည်။ သို့သော် မြင့်နိုင်က မေသက်နွယ်ဟန့်တားချက်ကြောင့် ထပ်မံမပြောပေ။ မေသက်နွယ်ကလည်း သူမပိတ်ပင်ခဲ့သောစကားကို သူမအနေနှင့် စတင်ပြောဆိုရန် ခက်နေသဖြင့် မြင့်နိုင်လက်ထပ်လိုက်ရသည့် အကြောင်းရင်းကိစ္စကို မသိဟန်နေခဲ့လေသည်။

မေသက်နွယ်လည်း ညနေဆေးရုံမှပြန်လာပြီးနောက် တင့်တင့်ကို မိသားစုကို "ပိတောက်မြိုင်" သို့လိုက်ပို့ပေးလေသည်။

× × ×

၁၉၆၂-ခုနှစ် အောက်တိုဘာလ(၃)ရက်နေ့-

ဤနေ့သည် မြင့်နိုင်၏မျက်စိကို ခွဲစိတ်ကုသရမည့်နေ့ ဖြစ်သည်။ မေသက်နွယ်မှာ နံနက်(၅)နာရီတွင်ထကာ ဘုရားဆွမ်းတော်ကပ်၍ ဆုတောင်းပေးနေလေသည်။ ချစ်သူ၏မျက်စိကို ခွဲစိတ်ရာတွင် ကိုယ်တိုင်ပါဝင် ကူညီရမည့်အတွက် လူပ်ရှားနေသော စိတ်ကို အတတ်နိုင်ဆုံးတည်ငြိမ်အောင် ထားနေရလေသည်။

ဦးမျိုးဇင်နှင့် ဒေါ်သင်းဝေတို့လည်း မြင့်နိုင်မျက်စိခွဲရမည့် နေ့ ဖြစ်သဖြင့် မေသက်နွယ်နှင့်အတူ ဆေးရုံသို့လိုက်ခဲ့ကြလေ သည်။မြင့်နိုင်၏မိခင်ဒေါ်လှခင်နှင့် ကြည်ကြည် ၊ဖိုလ်မှူးမောင်မောင်တို့သည်လည်း ဆေးရုံသို့ စောစော ရောက်ရှိနေကြသည်။ မြင့်နိုင်မှာ သူ့အားလာရောက်အားပေးစကားပြောကြားသူများကို အပြုံးမပျက် လက်ခံစကားပြောနေလေသည်။

နံနက်(၈)နာရီတွင် သူနာပြုဆရာမနှစ်ဦး လူနာတင်လှည်းကလေးတွန်းလာကာ၊ မြင့်နိုင်အား အဝတ်အစားလဲပေးပြီးနောက်၊ ခွဲစိတ်ခန်းဘက်သို့ တင်ဆောင်သွားကြလေသည်။

မေသက်နွယ်မှာ ခွဲစိတ်ခန်းသို့ ရောက်လာသောမြင့်နိုင်အားမှေဆေးမပေးခင် အားပေးစကားပြောနေလေရာ အနားတွင်ရှိသော သူနာပြုဆရာမကလေးများအား ဆရာမ-မခင်ကြည်က လာရောက်၍ မျက်ရိပ်ပြလိုက်သဖြင့် ဆရာမကလေးများက အလိုက်သိစွာ မြင့်နိုင်အနားမှ ထွက်သွားကြလေသည်။

မြင့်နိုင်က မေသက်နွယ်၏ လက်ကိုကိုင်ရင်း-

"အသက် ... မောင့်ကိုအသက်မသိတဲ့တစိမ်း လူနာတစ်ယောက်လိုသဘောထားနော်၊ ဆရာဝန်မကြီးတစ် ယောက်ကို ဒီလိုပြောလိုက်လို့ မိကျောင်းမင်းရေကင်းပြတယ်လို့ မအောင်းမေ့ပါနဲ့နော်၊ မောင့် အာရုံထဲမှာ အသက်ရဲ့စိုးရိမ်ပူပန်နေတဲ့ မျက်နှာကလေးကိုမြင်ယောင်နေမိလို့ပါ"

"မအောင်းမေ့ပါဘူးမောင်ရယ်" ဟု လွှတ်ခနဲပြန်ပြောလိုက်သဖြင့် မြင့်နိုင်မှာ အံ့အားသင့်ကာ ...

"ဟင်အသက် ... ခုနကမောင့်ကို ဘယ်လိုခေါ်လိုက်တာလဲ၊ မောင်နား ... ကြား ... မှားလို့လားမသိဘူး"

မေသက်နွယ်မှာ ရှက်ပြုံးကလေးပြုံးလိုက်ရင်း -

"တော်စမ်းပါ မောင်ရယ် ... ထပ်ကြားချင်ရင်ကြားချင်တယ် ပြောစမ်းပါ၊ ကဲ ... မေ့ဆေးပေးဘို့ ဆရာဝန်ရောက်လာပြီ အောင်မြင်ပါစေမောင်" ဟု ပြောပြီး မြင့်နိုင်၏ **နဖူး**ကို ယုယစွာနမ်းလိုက်သည့်အတွက် မြင့်နိုင်၏ မျက်နှာမှာ ပြုံးယောင်သမ်းသွားပြီး မေသက်နွယ်၏ လက်ကလေးကို ဆွဲယူနမ်းလိုက်ကာ ....

**"ဝမ်းသာလိုက်တာ အသက်ရယ်"** ဟုပြောလိုက်လေသည်။

**ထိုအခိုက် မေ့ဆေး**ဆရာဝန်သည်မေ့ဆေးပေးရန် မြင့်နိုင်အနီးသို့ ရောက်လာသည်။ ဗိုလ်မှူးမြတ်သူ၊ မေသက်နွယ်နှင့် ဗိုလ်ကြီးတင်အောင်၊သူနာပြုဆရာမလေးများမှာအသင့်ပြင်ဆင်နေကြ၏။

မေ့ဆေးဆရာဝန်လည်း မြင့်နိုင်အား**မေ့ဆေး**ပေးလေရာ မြင့်နိုင်မှာ ခွဲစိတ်ခံရမည်ကိုဂရုမစိုက်နိုင်ပဲ စောစောကမေသက်နွယ်၏ ကြင်နာစွာခေါ်လိုက်သော "မောင်" ဟုသောအသံနှင့်နဖူးကိုယုယစွာအနမ်းခံလိုက်ရသည့်အတွေ့.ကို ကျေနပ်နှစ်သိမ့်စွာ တွေးရင်း ... တွေးရင်းနှင့်ပင် လောကကြီးကို မေ့သွားလေ တော့သည်။

ခွဲစိတ်ခန်းအပြင်ဘက်တွင် ဦးမျိုးဇင်၊ဒေါ်သင်းဝေ၊ ဒေါ်လှခင်၊ ကြည်ကြည်နှင့် ဗိုလ်မှူးမောင်မောင်တို့.လူသိုက်မှာလည်း ရင်တထိတ်ထိတ်နှင့် စောင့်မျှော်နေကြလေသည်။ အားလုံးမှာ မြင့်နိုင်ထက် မေသက်နွယ်ကို ပိုပြီးစိုးရိမ်နေကြသည်။

တစ်နာရီခွဲမျှကြာသောအခါ ခွဲစိတ်ခန်းတံခါးပွင့်လာပြီး သူနာပြု ဆရာမ-မခင်ကြည်ထွက်လာလေသည်။

ဦးမျိုးဇင်က-



"ဆရာမ ... ခွဲလို့.ပြီးသွားပြီလားဟင် ... "ဟုမေးလိုက်ရာ-

"ပြီးသွားပါပြီ ဦးလေး၊ ချောချောမောမောပါပဲ ..."

"သမီးကော ... လက်တုန်သေးလား၊ သူ့.အတွက်သိပ်စိုးရိမ်နေကြတယ် ..."

"ဟာ ... ဒေါက်တာက တကယ်သတ္တိကောင်းတာ၊ သူလုပ်ကိုင်ပုံ ကြည့်ရတာ စိတ်အတော်တည်ငြိမ်နေပုံရပါတယ်..."

ထိုနောက် ဗိုလ်မှူးမြတ်သူ၊ ဗိုလ်ကြီးတင်အောင်နှင့် မေ့ဆေးဆရာဝန်တို့.လည်း လိုက်လာကြလေ၏။

ဒေါ်သင်းဝေက သမီးဖြစ်သူ မထွက်လာသေးသဖြင့်-

"သမီးကော ဗိုလ်မှူး"

"ရှိပါတယ်၊လာပါလိမ့်မယ်၊ ကျွန်တော်က သူ့ကိုစိုးရိမ်နေတာ ဒေါ်ဒေါ်၊ ဒါပေမဲ့ တစိမ်းလူနာတစ်ယောက်ကို လုပ်ကိုင်ပေးနေသလိုပါပဲ၊ ဟော ... ပြောရင်းဆိုရင်းထွက်လာပြီ"

အားလုံးမေသက်နွယ်ထွက်လာရာဘက်သို့. ငြိုင်တူကြည့်လိုက်ကြလေသည်။ မေသက်နွယ်၏ မျက်နှာမှာ ညှိုးနွမ်းနေသည်သာမက စိတ်ကိုအတော်ထိန်းချုပ်နေရကြောင်းကို မျက်နှာတွင်ပေါ်လွင်နေသဖြင့် ဦးမျိုးဇင်ကဆီး၍-

"သမီး ... နေကောင်းရဲ့လား"

မေသက်နွယ်လည်း အားလုံးကိုပြုံးပြလိုက်ပြီး-

"နေကောင်းပါတယ် ဒက်ဒီ ... ကိုမြင့်နိုင်ကသိုလ်တော်တော်ကောင်းပါတယ်၊ သူပြန်မြင်ရမှာပါပဲ ဒက်ဒီ ... သမီးခဏလောက် အနားယူလိုက်ပါရစေနော်"

"အေး ... အေး ... နေကောင်းအောင်လဲနေအုံး" ဟု ဒေါ်သင်းဝေက ပူပန်သောလေသံဖြင့် ဝင်ပြောလိုက်လေသည်။

မေသက်နွယ်မှာ သူ့အခန်းဘက်ဆီသို့ လျှောက်လာလေသည်၊ အခန်းထဲသို့ ရောက်သည်နှင့် ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး "ဟင်း" ကနဲ သက်ပြင်းရှည်တစ်ချက်မှုတ်ထုတ်ကာ မျက်စိကိုပိတ်ထားလိုက်၏။ နှိုင်ငံခြားဆေးရုံတွင် အလုပ်လုပ်ခဲ့စဉ်က မျက်စီဝေဒနာရှင်ပေါင်း မြောက်များစွာကို ဦးဆောင်၍ ခွဲစိတ်ကုသခဲ့ရာတွင် မည်သို့မျှ မတုန်လှုပ်ခဲ့သော် လည်း၊ ယခုအကြိမ် ဗိုလ်မှူး မြတ်သူ ဦးဆောင်ခွဲစိတ်ရာတွင် ကူညီရခြင်းမှာ များစွာပင်ပန်းမိလေသည်။ သူနာပြုဆရာမလေး မခင်ကြည်လည်း မေသက်နွယ် စိတ်ပင်ပန်း လူပင်ပန်းဖြစ်ကာ နွမ်းနယ်နေသည်ကို တွေ့ရသဖြင့် ဟောလစ်ပူပူတစ်ခွက်ကို လာရောက်ချပေးလေသည်။

ဒေါ်သင်းဝေတို့လူစုမှာ မေသက်နွယ်အား အနှောက်အယှက် မပေးလိုသဖြင့် အခန်းဘက်သို့လိုက်မလာကြဘဲ ခွဲစိတ်ခန်းသူနာပြု ဆရာမလေးနှစ်ယောက် တွန်းထုတ်လာသော လူနာတင်လှည်းနောက်မှ လိုက်ပါလာကြလေသည်။မြင့်နိုင်မှာ မေ့ဆေးမပြေသေးသဖြင့် လှည်းပေါ်တွင် ငြိမ်သက်စွာပါလေသည်။

"ခွဲစိတ်ပြီး(၄)နာရီမျှကြာသော် မြင့်နိုင်ထံမှာ ညည်းညူသံများ ထွက်လာလေသည်။ မေသက်နွယ်လည်း မြင့်နိုင်ကုတင်နား ရောက်လာရာ ဗိုလ်မှူးမောင်မောင်က –

"နွယ် ... ဒီနေ့ အိမ်ပြန်နားလိုက်ပါလားကွယ် ..."

"ကိစ္စမရှိပါဘူး ကိုမောင်မောင်၊နွယ်–ကိုမြင့်နိုင် သတိကောင်းကောင်းရတော့မှပဲပြန်မယ် ..."ဟုပြောပြီးနောက် ဗိုလ်မှူးမြတ်သူ ဘက်လှည့်ကာ –

"ဆရာ ... နွယ်ဒီည လူနာနားမှာစောင့်နေမယ်နော် ..."

"ကောင်းသားပဲ ဒေါက်တာနွယ် ..."



"ကဲ ... ဒါဖြင့် ဒီနေ့ စောစောပြန်ပေတော့၊ အိမ်ပြန်ရောက်ရင် ခဏဖြစ်ဖြစ် အိပ်လိုက်အုံးနော်၊ စောစောက ဒေါက်တာနွယ့်မာမီက ပြောနေတယ်၊ ဒေါက်တာနွယ်ဟာ နေ့လဲအလုပ်လုပ်၊ ညအိမ်ပြန် ရောက်တော့လဲ တော်တော်နဲ့မအိပ်ဘူးတဲ့၊ အခန်းထဲမှာတကုတ်ကုတ်နဲ့ စာရေးရေးနေတယ်တဲ့၊ ဘာတွေများ ဒီလောက်တောင်ရေးနေရတာလဲ၊ အပင်ပန်းသိပ်ခံမနေနဲ့အုံးနော်၊ နေထိုင်မကောင်းဖြစ်နေရင် ရည်ရွယ်ချက်မအောင်မြင်ပဲနေအုံးမယ် ..." ဟုစိုးရိမ်သောလေသံဖြင့်ပြောလိုက်ရာ–

"နွယ်–နေကောင်းပါတယ်ဆရာ ... စိတ်ချပါ၊ နွယ်ဘာတွေရေးသလဲဆိုတာ ဆရာတစ်နေ့သိရမှာပေါ့ ..."

"ဘယ်တော့သိရမှာလဲ၊ မသိရလေဘိသိချင်လေပဲ"ဟု ဗိုလ်မှူးမြတ်သူက ပခုံးတွန့်၍ ပြောလိုက်သည်ကို ဗိုလ်မှူးမောင် မောင်က–

"နွယ်ရေးတာ လျှို့ဝှက်ထားပုံထောက်တော့ကောင်လေ ..." ဟုစကားမဆုံးမီ မြင့်နိုင်ထံမှ ညည်းညူသံ ထပ်မံပေါ်လာ ပြန်သည်။

"အသက် ... အသက် ... မောင့်ကိုခွင့်လွှတ်ပါကွယ် ... အသက်ဘယ်သွားနေသလဲ ... ကျွတ်–ကျွတ်–ကျွတ်–နာလိုက်တာ အသက်ရယ်"

မေသက်နွယ်လည်း ကဗျာကယာ မြင့်နိုင်၏နားအနီးသို့ကပ်လိုက်ပြီး လေသံတိုးတိုးကလေးဖြင့် ...

"မောင် ... အသက်အနားမှာ ရှိတယ်လေ၊သိပ်နာနေသလားဟင် ... တော်တော်ကြာသက်သာသွားမှာပါ" ဟုပြောရင်း မြင့်နိုင်၏လက်ကို ယုယစွာပွတ်သပ်ပေးနေလေသည်။

မြင့်နိုင်မှာ မေသက်နွယ်၏ ကြင်နာသောယုယမှုကို ခံယူရင်းပြန်လည်အိပ်ပျော်သွားလေသည်။

မြင့်နိုင်ဝမ်းသာနေသလောက် ဝမ်းနည်း၍ စိတ်မကောင်းဖြစ်နေရ သူမှာ မေသက်နွယ်**ဖြစ်လေ**၏။ မေသက်နွယ်မှာ တစ်နေ့ကုန်တိုင်း တိုး၍သာ **စိတ်မကောင်း**ဖြစ်နေရလေ၏။ တတ်နိုင်ပါလျှင် နေမင်းကြီး**အား မဝင်နိုင်အောင်**ဆွဲထားချင်သည့် စိတ်ပေါပေါက်နေလေ၏။ သူမ၏**အကြံအစည်**ကို ဘာမျှမသိရှာပဲ စိတ်ကူးကလေးနှင့် မြူးနေသော မြင့်နိုင်**ကို ကြည့်**ရင်း မကြာခဏ မျက်ရည်ကျမိလေ၏။ မြင့်နိုင်မှာ မေသက်**နွယ်၏ဖြစ်**ရပ်ကိုသိနိုင် စွမ်းမရှိချေ။

× × ×

နေ့ရက်များလွန်မြောက်၍ ၁၉၆၂ခု၊ အောက်တိုဘာလ (၉)ရက်နေ့ ရောက်လာလေ၏။ မြင့်နိုင်ခွဲစိတ်ပြီးသည်မှာ ရက်သတ္တပတ်ပင်ပြည့်သွားလေပြီ။

မြင့်နိုင်ဆေးပတ်တီးဖြေ၍ ဆေးထည့်ပေးရမည့်နေ့ဖြစ်သည့် အကွက်ကြောင့် မေသက်နွယ်၊ ဗိုလ်မှူးမြတ်သူနှင့် ဗိုလ်ကြီးတင်မအောင်တို့လည်း အစောကြီးရောက်ရှိနေကြလေ၏။ သူနာပြုဆရာမကလေးနှစ်ယောက်လည်း ရောက်ရှိလာကြလေ၏။ သူမကိုယ်တိုင် မြင့်နိုင်၏ မျက်စိပတ်တီးကို ယုယစွာဖြေပေးနေလေသည်။

"ဘယ်နဲ့လဲမောင် ... မျက်စိထဲဘယ်လိုနေသလဲ"

"မျက်စိယဲ အရောင်မျိုးစုံဖြစ်နံတယ် ... ပြီးတော့ စူးကနဲ ဖွားကနဲနဲ့"

"ကဲ ... နောက်ဆုံးအထက်ဖြေလိုက်မယ်နော် ... ဒီနေ့တော့ မှန်ဝါးဝါးပဲမြင်ရဒုံးမယ် ... အလင်းရောင်ဘက်ကို မကြာညဲ့နဲ့နော်



ဦးမျိုးဇင်တို့လူသိုက်လည်း တစ်နေ့လုံးလိုလိုပင် မြင့်နိုင်အခန်းတွင် စောင့်နေကြလေသည်။ နေ့လည် (၂) နာရီကျော်မှ မေသက်နွယ်နှင့် အတူတူပြန်သွားကြလေ၏။**ဗိုလ်မှူး**မောင်မောင်မှာ မြင့်နိုင်နားတွင် စောင့်၍ နေရစ်ခဲ့လေသည်။

× × ×

မေသက်နွယ်မှာ မြင့်နိုင်အား နေ့စဉ်ဂရုစိုက်ကာ ပြုစုသောကြောင့် မြင့်နိုင်လည်းတစ်နေ့တစ်ခြားရွှင်ပျလာလေသည်။ တစ်ရက်ကုန်တိုင်း တစ်ရက်ကုန်တိုင်း မြင့်နိုင်အတွက်တိုး၍ ဝမ်းသာနေရလေသည်။အဘယ်ကြောင့်ဆိုသော် မျက်စိပြန်မြင်၍ ဆေးရုံမှဆင်းရလျှင် မေသက်နွယ်အား သူအဘယ်ကြောင့် တင့်တင့်ကိုလက်ထပ်လိုက်ရကြောင်းရှင်းပြမည်။အကယ်၍ မေသက်နွယ်သဘောတူပါက တင့်တင့်အားကွာရှင်းမည်၊ တင့်တင့်ကလည်း ကွာရှင်းပေးမည် ဖြစ်ကြောင်း ပြောထားသည်။မေသက်နွယ်နှင့် လက်ထပ်ပြီးလျှင် တင့်တင့်အားနှမအရင်း တစ်ယောက်လိုစောင့်ရှောက်ထားမည်။ မေသက်နွယ်မှာ ယခင်က သူ့အားရင့်ရင့် သီးသီးဆက်ဆံရုံမက စကားပြောရာတွင်လည်း မာဆတ်ဆတ် ပြောဆိုခဲ့သော်လည်း ယခုတလောတွင်မူ ချိုသာသောစကား၊ ကြင်နာသောအပြုအစု ၊နောက်ဆုံး သူမကြားရတာကြာပြီဖြစ်သော အခေါ်အဝေါ်အသုံး အနှုံးကိုပင် ကြားရလေပြီဖြစ်သဖြင့် စိတ်ကူးယဉ်ချစ်ဇာတ် တည်ဆောက်နေလေသည်။ "ပတ်တီးဖြေရမည့်နေ့ကို မြန်မြန်ရောက်ပါတော့" ဟုဆုတောင်းရင်းနေ့စဉ်လက်ရေချိုးကာ စောင့် မျှော်နေရလေသည်။

မောင့်မျက်နှာရှေ့.တည့်တည့်ကိုပဲကြည့် ... တခြားဘက်လျှောက်မကြည့်နဲ့.နော်"

မြင့်နိုင်မှာ ပတ်တီးအကုန်ပြေသွားပြီဖြစ်သဖြင့် မျက်စိကို ပိတ်ထားရာမှ တဖြည်းဖြည်းဖွင့်ကြည့်လိုက်ရာ ဝမ်းသာစွာဖြင့် ...

"ဟာ ... အသက်ကိုမောင်မြင်ရပြီ၊ ဒါပေမဲ့ ဝါးတားတားဖြစ်နေတယ် ... ထင်ထင်ရှားရှားမမြင်ရသေးဘူး"

"မောင် ... အရှေ့.ဘက်မှာဘာတွေ့.ရသလဲ"

မြင့်နိုင်မှာ သူ့မျက်နှာတည်တည့်သို့ ကြည့်လိုက်ပြီး ...

"အင်း ... လူနှစ်ယောက်တော့ ရပ်နေတာတွေ့.ရတယ် ... အရပ်မတိမ်းမယိမ်းပဲ ... လူပုံသဏ္ဍာန်လောက်ပဲ မြင်ရတယ် ... မျက်နှာကိုတော့ သေသေချာချာမမြင်ရဘူး"

"ဘယ်သူတွေလဲ ... သိလားမောင်"

"ဟင်အင်း .. မောင်တစ်ခါမှ မမြင်ဖူးတော့ လူပုံမှတ်မိဘို့ မလွယ်ဘူးပေါ့ အသက်ရယ်"

ထိုအခါ ဗိုလ်မှူးမြတ်သူကရှေ့.တိုးလာပြီး ...

"ဗိုလ်မှူး ... ကျွန်တော့်ကို မမြင်ဘူးပေမဲ့ အသံကြားရတော့ သိပြီ မဟုတ်လား"

"ဟာ ... သိတာပေါ့ ဗိုလ်မှူးရယ်"

"ဟုတ်တာပေါ့ ဗိုလ်မှူး ... ကျွန်တော်မြတ်သူပါပဲ၊ ကဲ .... သူ့ကိုရော အသံကြားရင်သိမလား" ဟု အနားတွင်ရပ်နေသော ဗိုလ်ကြီးတင်အောင်၏ ပခုံးကိုပုတ်ရင်း မေးလိုက်လေ၏။

ဗိုလ်ကြီးတင်အောင် ရှေ့.သို့.အနည်းငယ်တိုးလာပြီး ...

"ဗိုလ်မှူး နေကောင်းတယ်နော်"

"နေကောင်းပါတယ် ဗိုလ်ကြီးတင်အောင်"



ထိုအခါ မေသက်နွယ်က စကားကိုဖြတ်၍ ....

"မောင် ပြန်လှဲလိုက်ပါအုံး ... ဒီနေ့တော့ ဒီလောက်ကြည့်ရရင် တော်လောက်ပြီ၊ မျက်လုံးကို အားပြုပြီး မသုံးရသေးဘူး၊ အခုဆေးဖာ်ပြီး ပတ်တီးပြန်စည်းရအုံးမယ်၊ မောင့်မျက်လုံးတွေဟာ အလင်းရောင်ကို ကြာကြာမကြည့်ရသေးဘူး" ဟု ပြောရင်း မြင့်နိုင်၏ကိုယ်ကို ဖေးမထားပေးပြီးနောက် ဆေးထည့်ပေးနေလေ၏။

ဗိုလ်မှူး မြတ်သူက ...

"ကဲ .. ဗိုလ်မှူးရော၊ ဒေါက်တာနွယ်ရော ကျွန်တော်တို့ကို ခွင့်ပြုပါအုံး၊ တခြားလူနာတွေကို သွားကြည့်ရအုံးမယ်" ဟု ပြောလိုက်ပြီးနောက် ဆရာမများဘက်လှည့်ကာ "ဆရာမတို့လဲ သွားနိုင်ပါပြီ၊ ဆေးထည့်တာတို့၊ ပတ်တီးစည်းပေးဖို့.ကိုတော့ ဒေါက်တာနွယ် ကိုယ်တိုင်လုပ်ပေးပါ့မယ် ...." ဟုပြောလိုက်ပြီး ဗိုလ်ကြီးတင်အောင်နှင့်အတူ ထွက်သွားကြလေသည်။

အခန်းထဲတွင် မြင့်နိုင်နှင့် မေသက်နွယ်တို့နှစ်ဦးသာ ကျန်ခဲ့ကြလေသည်။ မေသက်နွယ်မှာ သူမကိုယ်တိုင်မြင့်နိုင်အား မျက်စိဆေး ထည့်ပေးပြီး ပတ်တီးစည်းပေးနေလေ၏။ မြင့်နိုင်မှာ ကလေးငယ်ပမာ မေသက်နွယ် ပြုလုပ်ပေးသည်ကို ငြိမ်သက်စွာခံနေလေ၏။ မေသက်နွယ် ပတ်တီးစည်းပေးပြီးသောအခါ မြင့်နိုင်ဘေးတွင် ဝင်ထိုင်လိုက် လေ၏။ မြင့်နိုင်မှာ မေသက်နွယ်၏ လက်ကို ဆွဲယူပြီး သူ့ရင်ပတ်ပေါ် တင်ထားလိုက်လေ၏။

"အသက် ..."

"မောင် ..."

"အသက် ... မောင်ဘယ်နေ့လောက် မျက်စိပြန်မြင်နိုင်မယ်ဆိုတာ အသက်ပြောပြပါလားကွယ် ... စောစောက အသက်ကို ကြည့်

ဆင်းပြီးရင် မောင်အလုပ် ချက်ချင်းပြန်မဝင်ရသေးဘူး၊ အဲဒီတော့မှ အသက်ကို ပြောပြချင်တဲ့ စကားတွေ အများကြီးအနားမှာ ထိုင်ပြောရမှာပဲ မောင်တော့ အခုစိတ်ကူး ကြည့်ရင်းနဲ့တောင် အတော်အူမြူးနေပြီ ဆေးပတ်တီးတစ်ထပ် ဖြုတ်ရင်အသက် ကိုမြင်ရဖို့ တစ်ရက်နီးမှာပဲနော်အသက်' ဟော ... အသက်နားထောင်စမ်း၊ ရေဒီယိုကလာနေတဲ့ သီချင်းကို နားထောင်ကြည့်စမ်း"

မြင့်နိုင်ကုတင်ခေါင်းရင်းနားရှိ စားပွဲပေါ်တွင်တင်၍ ဖွင့်ထားသော ထရံစစ္စတာ ရေဒီယိုငယ်ကလေးမှ ကိုချစ်မြိုင်၏ အောင်မြင်ခန့်ညားသော "သက်နဲ့တူပြိုင်" သီချင်းသံကား ကြည်လင်စွာ ပေါ်ထွက်လာသဖြင့် နှစ်ဦးသားနားထောင်မိကြလေ၏။

(ပွင့်လင်းခွင့်မရတဲ့ ကိုယ်တို့အဖြစ်ရယ် ... တိတ်တခိုးတိုးတိုးနောင်တယ် .... အသွင်အပြင်ကွာခြား ... အနေအထားရွေအားငယ် ပတ်ဝန်းကျင်ဆိုး ... ဆိုးပါစေကွယ် ... ကိုယ်တို့အသည်းကို ဖြို့ခွဲလို့ရမယ်မဟုတ်တယ် .. ဟင် ... အသက်ရယ် ... ခိုင်ခိုင်မြဲမြဲ ခွဲခွဲလန်းလန်း ချစ်ပန်းဖူးပွင့်ကြွယ် ... မပျက်ပျယ်သော မေတ္တာနဲ့ရယ် နဲ့ သက်နဲ့အတူ .. သက်နဲ့တူပြိုင် ... သက်ပိုင်ကို မြတ်နိုးကြင်နာမယ်

အခက်အခဲနောင်ဝယ် ... လက်တွဲမလျှောက်သာသော်လဲ ကွယ် စိတ်ချင်းသဘောချင်း အသိချင်းတူယှဉ်ကာရယ် ... ဝက်ဘာကို ဖြတ်ကျော် ခဲ့ကြတယ် ... အစဉ်အလာဆိုလဲ ဆန့်ကျင်ရဲကြတယ် .. အသက်ပေးချစ်ကြသူချင်းရယ် .. ခွင့်သာခါပေး ချစ်ရေးကြံမယ် ယုံကြည်မှုထား နှစ်ယောက်သားရင်ဝယ် လှပသော အနာဂတ်ရယ် ... မဝေးတော့ပြီကွယ် ...)

မြင့်နိုင်က နားထောင်နေရာမှ ...

"အသက် ... ဒီသီချင်းဟာ မောင်တို့နှစ်ယောက်ကို ရည်စွယ်



ရတာစိတ်ထဲက အားမရလွန်းလို့ မောင်လေ ... မျက်စိပြန် မြင်ရင် အသက်ကို အတိုးချပြီး နေ့တိုင်းထိုင်ထိုင်ပြီး ကြည့်နေမှာပဲ" ဟု အလှိုက်သည်းလှိုက် ပြောလိုက်သဖြင့် မေသက်နွယ်မှာ စိတ်မကောင်း ဖြစ်သွားသော် ချက်ခြင်းပင်ကဖြေဆည်ကာ တစ်ချက် ပြုံးလိုက်ပြီး ...

"အသက်ကို တစ်နေကုန်တစ်နေခမ်း ထိုင်ကြည့်နေမယ် ဆိုတာ မလွန်လွန်းဘူးလားမောင် ... တော်တော်ကြာ မျက်စိပေါက် ထွက်သွားမှ အသက်အကုရခက်နေလိမ့်မယ် ... မောင့်မျက်စိကို နောက်တစ်ပတ်လောက်နေရင် ပတ်တီးဖြေရပါလိမ့်မယ် ... မနက်ဖန်ကစပြီး ဆေးပတ်တီးကို နေ့တိုင်းတစ်လွှာစီဖြုတ်သွားရမယ် မောင် ... နောက်ဆုံးအလွှာဖွင့်တဲ့နေ့ဟာ မောင့်မျက်စိပြန် မြင်ရမဲ့နေ့ပဲ"

"ပတ်တီးဖြေလို့ မျက်စိကောင်းကောင်းမြင်ရင် ဆေးရုံက ဆင်းရမလားဟင်" ဟု မြင့်နိုင်ကမေးသဖြင့် မေသက်နွယ်က ခေါင်းရမ်းကာ ...

"မဟုတ်သေးဘူးမောင် ... မဆင်းရသေး၊ ပတ်တီးဖြေပေမဲ့ မောင် မျက်မှန်အနက်တပ်ရအုံးမယ် ... နေ့တိုင်းမျက်မှန်အနက် တပ်ရအုံးမယ် ... နေ့တိုင်းမျက်စဉ်းခပ်ရအုံးမယ်၊ ရှင်းရှင်းပျောက်မှ ဆင်းရမယ်၊ ထုံးစံတော့ ပတ်တီးဖြေပြီး ငါးရက်ခြောက် ရက်လောက်နေရင် ဆင်းရပါတယ်" ဟု ပြောပြနေလေ၏။

မြင့်နိုင်က ပြုံးရွှင်စွာဖြင့် ...

"မောင်တော့လေ ... နောက်ဆုံး ဆေးပတ်တီးဖွင့်တဲ့နေ့မှာ မျက်စိဖွင့်ဖွင့်ချင်းအသက်ကို အရင်ဆုံးကြည့်မှာပဲ၊ အို ... အသက် ကိုသာမြင်ရရင် မောင်ဘယ်လောက်ပျော်လိုက်မလဲ ဆေးရုံက

ပြီး ဆိုသလားအောင့်မေ့ရတယ် ... မောင်တို့ နှစ်ယောက်ရဲ့ လှပတဲ့ အနာဂတ်ဟာလဲ တယ်ပြီးမဝေးတော့လို့ မောင်လေတွေးတွေးပြီး အူမြူးနေမိတယ်၊ အသက်ရော .. ဝမ်းမသာဘူးလားဟင် ...

မေသက်နွယ်မှာ မြင့်နိုင်အားကြည့်ရင်း မျက်ရည်များပင် ရစ်ဝဲလာသဖြင့် ချက်ချင်းကူးခြေပြန်ဆည်လိုက်ကာလေသံကိုထိန်းပြီး ...

"ကဲ .. ကိုကဲပို .... တစ်ယောက်ထဲ အူမြူးနေအုံး အသက်တခြား လူနာတွေကူညီပြီး ကြည့်ပေးလိုက်အုံးမယ် ... မနေ့က ဆရာခွဲပေး ထားတဲ့ လူနာလဲ ကြည့်ပေးရအုံးမယ်၊ တော်တော်ကြာမှ ပြန်လာခဲ့မယ်နော် ..." ဟု ပြောကာ ထွက်သွားလေ၏။

× × ×

မေသက်နွယ်လည်း နံနက်ပိုင်းတွင် ဆောင်ရွက်စရာကိစ္စရှိသမျှကို ဆောင်ရွက်ပြီးနောက် မြင့်နိုင်အခန်းသို့ပြန်လာခဲ့သည်။ မေသက်နွယ်သည် ယနေ့မြင့်နိုင်အား ခါတိုင်းထက်ပို၍ ပြုစုယုယပေးလေသည်။ စကား ကိုလည်း အချိုသာဆုံးပြောကြားလေ၏။ မြင့်နိုင်မှာမေသက်နွယ်ပြုစုသမျှကို ကျေနပ်စွာဖြင့်ခံယူနေလေသည်။

"အသက် ... ဘယ်နှစ်နာရီထိုးပြီလဲ"

မေသက်နွယ်မှာ အသံကို တည်ငြိမ်အောင်ထားပြီး ...

"ခြောက်နာရီကျော်သွားပြီမောင် ..."

"ဟာ ... ဒီလိုဆိုအသက်အိမ်ပြန်နားအုံးလေ ... တစ်နေ့လုံး မောင့်ကို ပြုစုပေးရတာ အသက်ပင်ပန်းနေအုံးမယ် ... မနက်ကျ စောစောလာနော် ... ကားရောက်ပြီလား ... အသက်ဒီနေ့ပြန်တာ နောက်ကျနေပြီ၊ စောစောက အန်ကယ်လ်တို့လာတုန်းက ပြန်လိုက်သွားရောပေါ့"

"ကားရောက်နေတာ ကြာလှပါပြီ ... မောင့်ကို တမင်းကျွေးချင်လို့ တမင်တကာ ဒက်ဒီတို့နဲ့ လိုက်မသွားတာ . .. အသက်မောင့်ကို ပြုစုပေးရတာ မပင်ပန်းပါဘူး မောင်ရယ် ... အသက်ပြုစုတာ ကျေနပ်ရဲ့လားဟင်"

မြင့်နိုင်မှာ မေသက်နွယ်၏လက်ကလေးကို ဆုပ်ကိုင်ရင်း

"မေးမှမေးရက်ပါပေ့ အသက်ရယ် ... ကျေနပ်ရုံတင်မကဘူး မောင်သိပ်ဝမ်းသာမိတာပဲ ... အခုလို ဆေးရုံတက်တဲ့အခိုက်အတန့်မှာ အသက်ကိုယ်တိုင်ပြုစုကုသပေးတာတွေဟာ ... မောင့်တစ်သက်မှာ ဘယ်တော့မှ မမေ့နိုင်ပါဘူးကွယ် ..."

ထိုနောက် နှစ်ယောက်သားခေတ္တမျှ ငြိမ်သက်သွားကြလေသည်။ မြင့်နိုင်မှာ မေသက်နွယ်၏ လက်ကလေးကို ဆွဲယူပြီးနမ်းလိုက်ရင်း ...

"အသက်" ဟု ယုယစွာခေါ်လိုက်သဖြင့် မေသက်နွယ်မှာ ဆို့နင့်သောလေသံဖြင့် ...

"မောင်" ဟု ပြန်ထူးလိုက်ရာ မြင့်နိုင်လည်း သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အသက် မောင့်ကိုချစ်သေးရဲ့လားဟင် ... အရင်ကလိုပဲ မောင့်ကို ချစ်သေးရဲ့လား"

မေသက်နွယ်မှာ မည်သို့မျှ အဖြေမပေးပဲ မြင့်နိုင်ကိုသာငေးစိုက် ကြည့်နေလေ၏။ မျက်ရည်များမကျရန် ထိန်းသိမ်းနေရကြောင်း မျက်နှာပေါ်တွင် ပေါ်လွင်နေ၏။

မေသက်နွယ် အဖြေမပေးသဖြင့် မြင့်နိုင်မှာ လေးတွဲ့သောလေသံဖြင့် ...

ဤနေ့သည်ကား မေသက်နွယ် မြစ်ကြီးနားဆေးရုံသို့ အလုပ်ပြောင်းရွှေ့သောနေ့ဖြစ်လေသည်။

နံနက် (၅)နာရီ ကျော်ကျော်လောက်တွင် ဒေါက်တာမြင့်သူ၏ ဟီးလ်မင်ကားနက်ကလေး ဗိုလ်မှူးမောင်မောင်၏ လင့်ရိုဗာကား၊ မေသက်နွယ်တို့စီးလာသောမာစီဒီကားနက်၊ ကြည်ကြည်တို့ မိသားစုနှင့်တင့်တင့်တို့လိုက်ပါလာသောမာဇဒါ ကားကလေးတို့မှာ လေယာဉ်ကွင်းသို့ ဦးတည်မောင်းလာကြလေ၏။

လိုက်ပါလာသော လူအားလုံးမှာ တစ်လမ်းလုံး တစ်ဦးနှင့်တစ်ဦး စကားမပြောကြပဲ ငြိမ်သက်စွာ အတွေးကိုယ်စီဖြင့် လိုက်ပါလာကြလေ၏။

မင်္ဂလာဒုံလေယာဉ်ကွင်းနှင့် စစ်ဆေးရုံဘက်သို့ သွားသောလမ်းခွဲသို့ ရောက်သောအခါ မေသက်နွယ်၏စိတ်သည် လူပ်ရှားသွားလေ၏။ ရင်ထဲမှ ဆို့နင့်ကာ ဝမ်းနည်းသွားလေသည်။

ကား (၄)စီးမှာ မင်္ဂလာဒုံလေယာဉ်ကွင်းရှိရာ လက်ျာဘက်လမ်းခွဲသို့ ချိုးကွေ့သွားလေ၏။ မေသက်နွယ်၏ ကိုယ်ခန္ဓာမှာ ကားသယ်ဆောင်ရာ လက်ျာလမ်းခွဲတွင်ရှိသော လေယာဉ်ဆိပ်သို့ပါ သွားသော်လည်း မေသက်နွယ်၏ စိတ်အာရုံမှာ စစ်ဆေးရုံတည်ရှိသော လက်ဝဲလမ်းခွဲဘက်သို့ ခွဲထွက်သွားလေတော့သည်။

"မောင် ... မနေ့က ... အသက်ကို မှာလိုက်တဲ့အတိုင်း ဒီမနက် အစောကြီးလာပါပြီ မောင်ရယ် ... ဒါပေမဲ့ စိတ်နဲ့သာရောက် နိုင်ပေမဲ့ လူခန္ဓာကိုယ်က ရောက်မလာနိုင်တာကို ခွင့်လွှတ်ပါ မောင်ရယ် ..." ဟု စိတ်တွင်းမှ ရေရွတ်မိလေတော့၏။

× × ×



"အင်းလေ ... အသက်အဖြေမပေးချင်လဲနေပါလေ ... မောင် ဆေးရုံက ဆင်းတော့မှပဲ အသက်ပေးထားတဲ့ ကတိအတိုင်း ဝက်ပြီး ပြောကြတာပေါ့၊ ကဲ ... အသက် အပြန်မိုးချုပ်နေ အုံးမယ်" ကုပြောပြီး မေသက်နွယ်၏လက်ကိုလွှတ်လိုက်လေသည်။ မေသက်နွယ်မှာ ရင်ထဲကဖြေနေရသော်လည်း နှုတ်မှ ဖွင့်ဟထွက်မလာပေ။ ပြောပြလိုသော စကားအများအပြားရှိသော်လည်း လည်ချောင်းတွင် ဘစ်ဆို့နေလေသည်။ပြော၍လည်းမထွက်သဖြင့်သက်ပြင်းကလေး ဘစ်ချက် မသိမသာချလိုက်ပြီးနောက် စိတ်ကိုတင်းလိုက်ပြီး ....

"မောင် ... အသက်ပြန်တော့မယ် .... အိပ်ရေးဝအောင် အိပ်နော် ... ဂွတ်(ဒ်)နိုက်မောင် ..." ဟု ပြောရင်း မြင့်နိုင်၏ နဖူးကို ဖွဖွကလေး နမ်းလိုက်သဖြင့် မြင့်နိုင်လည်း လက်နှစ်ဖက်ဖြင့် မေသက်နွယ်၏ မျက်နှာလေးကို ဆွဲယူကာ နဖူးကိုယုယစွာ ပြန်နမ်းရင်း ...

ဂွတ်(ဒ်)နိုက် အသက် ... မောင့်အတွက် စိတ်ချပြီးသွားပါကွယ် ... မနက်ကျ စောစောလာမယ်မဟုတ်လား"

"ကဲ ... အသက်ပြန်မယ်မောင် ..." ဟု မြင့်နိုင်၏ အမေးကို မဖြေပဲ နှုတ်ဆက်၍ချာကနဲ လှည့်ထွက်သွားလေသည်။ အခန်းပေါက်ဝရောက်တော့မှ အသာထိုင်ချပြီး မြင့်နိုင်အားကန်တော့လိုက်လေ၏။

× × ×

"ဗိုလ်မှူး ... နွယ်တစ်ယောက် အခုထက်ထိ ဆေးရုံမလာသေးဘူးလား ... ကျွန်တော်ဗိုလ်မှူးကို အခုလို ခေါ်ခိုင်းလိုက်ရတာကို ခွင့်လွှတ်ပါ၊ ဆရာမကလေးတွေကို မေးတော့မှ မရောက်သေးဘူးလို့သာပြောတယ်၊စောစောက အချိန်မေးကြည့်တော့ (၉)နာရီခွဲတောင် ရှိသွားပြီလို့သိရတယ်၊ ဒါကြောင့် ကျွန်တော်မေးရတာပါ"

မေသက်နွယ်မလာသေးသည့်အတွက် တမျှော်မျှော်ဖြစ်နေရာသော မြင့်နိုင်မှာ ဟိုလူမေး ... ဒီလူမေးနှင့် နောက်ဆုံးအဖြေမရသည့်အဆုံး ဗိုလ်မှူးမြတ်သူအား အခေါ်လွှတ်လိုက်လေ၏။

ဗိုလ်မှူးမြတ်သူ ဝင်လာသံကြားသဖြင့် မြင့်နိုင်က ထထိုင်ကာ အထက်ပါအတိုင်း မေးနေလေ၏။

"ကိစ္စမရှိပါဘူး ဗိုလ်မှူးကျွန်တော်လဲ အရေးကြီးတဲ့ လူတွေ ရောက်နေလို့ ဗိုလ်မှူးအခန်းဘက် မလာနိုင်တာပါ၊ ခပ်စောစောကပဲ ဒေါက်တာနွယ်ဆီက သတင်းရောက်လာတယ်၊ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး အရေးတကြီး ခရီးသွားရလို့ ဗိုလ်မှူးကို အကြောင်းကြားပေးပါတဲ့"

မြင့်နိုင်မှာ မျက်နှာညှိုးငယ်သွားပြီး အံ့သြသောလေသံဖြင့်

"ဟင် ... ဘယ်မြို့ကိုသွားရတာလဲ ဗိုလ်မှူးရယ် တစ် ယောက်ထဲများသွားရသလား၊ အဖော်ပါသွားသလား၊ဆိုတာ ဗိုလ်မှူးသိပါသလား၊ ကျွန်တော့်ဆီကော စာလေးဘာလေး ပေးသွားသေးလား၊ အင်း ... ပေးသွားမှာပဲလေ"

မြင့်နိုင်၏ အမေးကြောင့် ဗိုလ်မှူးမြတ်သူမှာ ဗြုန်းကနဲ အကြံရပြီး ....

"အော် ... ဟုတ်ပါရဲ့ ... ကျွန်တော့် အခန်းမှာ စာကျန်ရစ်ခဲ့တယ် ... ဗိုလ်မှူးအတွက် ပေးသွားပါတယ် ... ကျွန်တော်သွားယူအုံး



မယ်" ဟု ပြောပြီး ထွက်သွားလေ၏။ တစ်အောင့်မျှကြာသော ဗိုလ်မှူးမြတ်သူသည် စာရွက်တစ်ရွက်ယူလာ၍ မြင့်နိုင်နားတွင် လာထိုင်လိုက်လေ၏။

ထိုနောက် စာရွက်ကိုဖြန့်ကာ ...

"ကဲ ... ဗိုလ်မှူး ... နားထောင်၊ စာကိုကြည့်ရတာတော့ အချိန်သိပ်မရဘူးထင်တယ်၊ သိပ်ရှည်ရှည်ရေးမထားဘူး၊ခပ်တိုတိုပဲ၊ ဟာထဲမှာပါတာကတော့"

အသက် ချစ်မြတ်နိုးရတဲ့မောင် ... ကျန်းမာရေးဌာနရဲ့ စေလွှတ်ချက်အရဖြုန်းကနဲ ခရီးထွက်သွားရတဲ့အတွက် လူကိုယ်တိုင်လာရောက် နှုတ်မဆက်နိုင်တာကို ခွင့်လွှတ်ပါမောင်၊ တစ်ပတ်လောက်ကြာလိမ့်မယ်ထင်တယ်၊ နောက်မှပဲ စာရှည်ရှည်ရေးတော့မယ်၊ ကျန်းမာရေးကို ဂရုစိုက်ပါ၊ အဖော်အဖြစ် မမကြည်ကိုခေါ်သွားပါတယ်. အစစအရာရာစိတ်ချပါ"

"ရွှင်လန်းချမ်းမြေ့ပါစေ ... မေသက်နွယ် ...တဲ့ "

"ကဲ ... ဗိုလ်မှူးစာကတော့ဒါပါပဲ၊ သူ့ခမျာ အရေးတကြီးသွားရလို့သာ နှုတ်မဆက်နိုင်တာပေါ့ ... သိပ်လဲကြာတာမှမဟုတ်တာ၊ နောက်ပြီးတော့ ဗိုလ်မှူးရဲ့ အစ်မတစ်ယောက်လုံးပါသွားတာပဲ... စိတ်ချရတာပေါ့" ဟု ပြောပြနေလေ၏။

မြင့်နိုင်မှာ လက်လှမ်းလိုက်ပြီး ...

"ဗိုလ်မှူး ... ဒီစာကို ကျွန်တော့်ပေးထားပါနော် .... မဖတ်နိုင်သေးပေမဲ့ ကျွန်တော့်နားမှာထားချင်လို့" ဟု တောင်းနေသဖြင့် ဗိုလ်မှူး မြတ်သူလည်း စာရွက်ကို မပေးချင်ပေးချင်နှင့် ပေးလိုက်ရင်းက ...

"ဗိုလ်မှူး ... ဒေါက်တာနွယ်မရှိပေမဲ့ ကျွန်တော်တို့ရှိပါတယ်၊

ဘာမဆိုအလိုရှိတာပြောနော် ... ဆေးပတ်တီးဖြေပေးဖို့ ဗိုလ်ကြီးတင်အောင်ကို ညွှန်ကြားထားပါတယ် ... ကဲ ... ကျွန်တော် လူနာတွေ သွားကြည့်လိုက်အုံးမယ်"

"စာဖတ်ပြတာ ကျေးဇူးတင်ပါတယ်ဗိုလ်မှူး" ဟုပြောပြီး ကုတင်ပေါ် ပြန်လှဲလိုက်လေ၏။

မြင့်နိုင်မှာ စာရွက်ကလေးကိုခေါက်၍ ယုယစွာနမ်းပြီး ရင်ပတ်ပေါ်တင်ထားကာ "အော် ... အသက် ... အသက်မောင့်ဆီခွင့်တောင်း နေစရာမလိုပါဘူးကွယ် ... ဆရာဝန်နဲ့ စစ်သားဟာ တာဝန်ဝတ္တရားကို အချိန်မရွေးဆောင်ရွက်ရတယ်ဆိုတာ မောင်နားလည်ပါတယ် ... အသက်ရဲ့စာကို မောင်ကိုယ်တိုင်ဖတ်ချင်ပေမဲ့ မျက်မမြင်ဘဝမှာရောက်နေလို့ ဗိုလ်မှူးကိုတောင် မရွက်နိုင်တော့ဘူး ဖတ်ခိုင်းလိုက်ရတယ် အသက်ရယ်၊ အင်း ... စာအဆုံးသတ်ပုံက "ရွှင်လန်းချမ်း မြေ့ပါစေ ... မေသက်နွယ် ..." တဲ့ ခါတိုင်းဘယ်တော့မှ ဒီလိုမသုံးပါဘူး၊ အသုံးအနှုန်းတွေက တစိမ်းဆန်လှချည်လား အသက်ရယ်၊ မောင့်ကို ချစ်မှချစ်သေးရဲ့လား၊ မတတ်နိုင်ပါဘူးလေ ... အသက်နဲ့ ကိုယ်တိုင်တွေ့မှ ထပ်မေးရတော့မှာပဲ ..." ဟု တိုးတိုးကလေးရေရွတ်နေသဖြင့် မြင့်နိုင်၏အရိပ်အကဲကို အခန်းပေါက်မှ ရပ်ကြည့်နေသော ဗိုလ်မှူးမြတ်သူမှာ စိတ်မကောင်းကာ မကြည့်ရက်တော့ပဲ လှည့်ထွက်သွားလေတော့၏။

× × ×



## အခန်း ၁၄

မြစ်ကြီးနားတွင် ရောက်ရှိနေသော မေသက်နွယ်နှင့် ကြည့်ကြည်တို့မှာ ရောက်ခါစဖြစ်သဖြင့် အလုပ်များနေလေ၏။

မြင့်နိုင်မှာ မေသက်နွယ်ကဲ့သို့ အလုပ်ရှုပ်နေသူ မဟုတ်သည့်အတွက် အချိန်ပြည့် မေသက်နွယ်အား အလွမ်းပိုကာ တမ်းတနေမိလေ၏။ ဦးမျိုးဇင်၊ ဒေါ်သင်းဝေ၊ ဗိုလ်မှူးမောင်မောင်တို့မှာလည်း မြင့်နိုင်အနားတွင် တစ်နေ့ကုန်လိုလို လာရောက်အားပေးစကားပြောကြားနေလေ၏။

မေသက်နွယ်သွားပြီး ဆယ့်သုံးရက်မြောက်နေ့ ဖြစ်လေ၏။

ဤနေ့တွင် မြင့်နိုင်၏ နောက်ဆုံးပတ်တီးအလွှာကို ဖြေရမည့်နေ့ ဖြစ်လေ၏။

နံနက် (၇) နာရီလောက်ကပင် မြင့်နိုင်အခန်းသို့ ဦးမျိုးဇင်တို့ အားလုံးရောက်နေကြလေ၏။ ရေတပ်မှ ဗိုလ်မှူးကြီးနှစ်ဦးလည်း ရောက်လာကြလေ၏။

(၇)နာရီခွဲလောက်တွင် ဗိုလ်မှူးမြတ်သူတို့ ရောက်လာကြပြီး မြင့်နိုင်၏ မျက်စိကိုတဖြည်းဖြည်း ပတ်တီးဖြေပေးနေလေ၏။

"မျက်စိမှိတ်ထားနော် ဗိုလ်မှူး ကျွန်တော်က ဖွင့်ဆိုတော့မှ တဖြည်းဖြည်းဖွင့်ကြည့်နော်"

"ဟုတ်ကဲ့ ဗိုလ်မှူး၊ အင်း .... နွယ်သာရှိရင် ဒီနေ့သူ ကျွန်တော့် ပတ်တီးကို ဖြေပေးမှာပဲ" ဟုပြောရင်း သက်ပြင်းချလိုက်လေ၏။

အခန်းတွင်းရှိသူ အားလုံးမှာ မြင့်နိုင်အား ကရုဏာသက်စွာ ဖြင့် ကြည့်နေကြလေ၏။

"ကဲ ... ဗိုလ်မှူး မျက်စိကို တဖြည်းဖြည်းဖွင့်နော်"

မြင့်နိုင်မှာဗိုလ်မှူးမြတ်သူ၏စကားအတိုင်းမျက်စိကို ဖြည်းညှင်း စွာဖွင့်ပြီး အခန်းတွင်းရှိ လူအားလုံးကို ကြည့်လိုက်လေ၏။

မြင့်နိုင်မှာ ဗိုလ်မှူးမြတ်သူ၏ စကားအတိုင်းမျက်စိကို ဖြေးညှင်းစွာ ဖွင့်ကြည့်လိုက်သောအခါ ဖြူစင်သော လင်းရောင်ခြည်ကို တွေ့မြင်ရလေ၏။

မြင့်နိုင်မျက်စိမှာ အကောင်းပကတိပြန်မြင်လေပြီ .. အလင်းရောင်တစ်လကျော်ကျော်မျှ အမှောင်သမ်းနေရာမှ ပြန်လည်ရရှိလာသောအလင်းရောင် ... အသက်တစ်မျှချစ်သော ငယ်ချစ်ဦး၏ အားပေးကူညီမှုဖြင့် ပြန်လည်ရသော အလင်းရောင် ....

မြင့်နိုင်မှာ နေ့စဉ် မျှော်လင့်တမ်းတနေရသော နေ့ရက်သို့ ရောက်လာသည့်အတွက် အတိုင်းမသိ ဝမ်းသာနေမိလေ၏။

"ဟာ .... ကျွန်တော်မျက်စိကောင်းကောင်းမြင်ရပြီမေမေ" ဟု အနားတွင်ရှိသော မိခင်အား ဝမ်းသာစွာဖက်ထားလိုက်လေ၏။ ဒေါ်လှခင်လည်း သားဖြစ်သူအားပြန်ဖက်ရင်း ဝမ်းသာသော စိတ် ဖြစ်ပေါ်လာရာမှ မေသက်နွယ်အတွက် ဝမ်းနည်းမှုက ထပ်ဆင့် ပေါ်လာပြန်သဖြင့် မျက်ရည်များကျလာလေ၏။

"မေမေ ... ဘာပြုလို့ငိုရတာလဲ၊ ကျွန်တော်ဖြင့် တစ်သက်လုံး



မျက်မမြင်ခုကို့တဘဝနဲ့ စခန်းသွားရပြီလို့အောက်မေ့မိတာ ဗိုလ်မှူးနဲ့ အသက်တို့ရဲ့ ကျေးဇူးကြောင့် လူဖြစ်မရုံးတာ၊အင်း ... အခု အချိန်မှာ အသက်ရှိစေချင်လိုက်တာ မေမေရယ်" ဟု ပြောရင်းစိတ်မကောင်းဖြစ်သွားလေ၏။

ထို့နောက် တစ်စုံတစ်ခုကိုသတိရသည့်အလား ခေါင်းအုံးအောက်သို့လက်နှိုက်လိုက်သည့်နှင့် အကင်းပါးသော ဗိုလ်မှူးမြတ်သူက "ဗိုလ်မှူး တစ်ရက်နှစ်ရက်အတွင်း စာဖတ်ခွင့်မပြုဘူး၊သဘက်ခါကျမှ ဖတ်ရမယ်၊ကျွန်တော့်စကားနားထောင်ပါ"

"ဟာ ... ဗိုလ်မှူးမြင့်နိုင်ရဲ့ မျက်စိက အတော်ကောင်းနေပြီပဲ ဖတ်လို့ မရသေးဘူးလား ဗိုလ်မှူး ...." ဟု မြင့်နိုင်နှင့် မေသက်နွယ်တို့ စာတ်လမ်းကို မသိသေးသော လက်ထောက်မျက်စိကုဆရာဝန် အသစ်ကလေးက ဝင်ပြောလိုက်သောကြောင့် မြင့်နိုင်က ခေါင်းအုံးအောက်မှစာကို ဆွဲယူဖတ်ကြည့်မည်အပြု ဗိုလ်မှူးမြတ်သူက အနားကပ်လာပြီး မြင့်နိုင်လက်ထဲမှ စာရွက်ကိုယူလိုက်ကာ ...

"ဗိုလ်မှူး အခုမဖတ်ပါနဲ့ အိမ်ကျမှဖတ်ပါ ... အိမ်မပြန်ခင် မျက်စဉ်းခပ်ပြီး မျက်မှန်တပ်ထားပါ ... နောက် နေ့တိုင်း နေ့တိုင်းလဲ မျက်စဉ်းလာထည့်ပါ" ဟု ပြောလိုက်သည့်အတွက် မြင့်နိုင်မှာ အလွန်ဖတ်ချင် မြင်ချင်သော ချစ်သူ၏စာကိုဖတ်ခွင့်မရတော့ပေ။

မြင့်နိုင်သည် ဦးမျိုးဇင်၊ ဒေါ်သင်းဝေတို့နှင့်အတူ မာစီဒီးကား နှင့် ပါလာပြီး ဗိုလ်မှူးမြတ်သူမှာ ဗိုလ်မှူးမောင်မောင်၏ကားဖြင့် လိုက်ပါလာပြီးကြေးနန်းရုံးသို့သွားကာမေသက်နွယ်ထံ ကြေးနန်း ရိုက်လိုက်လေ၏။

မာစီဒီးကားနောက်လည်း "ပိတောက်မြိုင်" ခြံတွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် မြင့်နိုင်အား ပိတောက်ပင်ကြီးများက ဆီးကြိုကြလေသည်။

"အင်း ပိတောက်တွေ ဒီနေ့ပွင့်ရင် သိပ်ကောင်းမှာဘဲနော်" ဟု ပြောရင်း ကားရပ်ခိုင်းကာမေသက်နွယ်နှင့်အတူ သူအမြဲထိုင် စကားပြောလေ့ရှိသော ပိတောက်ပင်အောက်သို့ ပြေးသွားလေ၏။ ပိတောက်ပင်အောက်တွင် မည်မျှကြာအောင် တွေးတောနေမိသည် မသိ တစ်ခုတစ်ယောက်က ပခုံးကို လာကိုင်လိုက်တော့မှ အသက် ဝင်လှုပ်ရှားကာ လှည့်ကြည့်ရာတွင် ဗိုလ်မှူးမြတ်သူနှင့် ဗိုလ်မှူး မောင်မောင်ကို တွေ့ရ လေ၏။

"ဗိုလ်မှူးမြင့်နိုင် ... ကျွန်တော်လှည့်စားခဲ့တာကို ခွင့်လွှတ်ပါ၊ ဗိုလ်မှူးရဲ့ စိတ်ချမ်းသာမှုကို ရှေးရှုပြီး ဒေါက်တာနွယ်ရေးထားခဲ့ တဲ့စာအဖြစ်လိုဆယ်ပြီး ဟန်ဆောင်ဖတ်ခဲ့ရတာပါ"

မြင့်နိုင်မှာ အံ့အားသင့်သွားကာ ....

"ခင်ဗျာ ... ဒီလိုဆို ဒီစာဟာ အသက်ရေးတာမဟုတ်ဘူးပေါ့" မေးလိုက်ရင်း အင်္ကျီအိပ်တွင်းမှ စာရွက်ခေါက်ကို ဖြန့်ကြည့်လိုက် သောအခါ ဗလာစာရွက်အဖြူကို တွေ့ရှိရလေ၏။

ထိုအခိုက် ဗိုလ်မှူးမောင်မောင်သည် စာအိပ်အရှည်တစ်အိပ် နှင့် အထုပ်တစ်ထုပ်ကိုပေးလိုက်ပြီး ...

"မြင့်နိုင် ... နွယ်ကဒီစာအိပ်နဲ့ အထုပ်တစ်ထုပ်ကို ငါ့ကိုပေး



ထားတယ်၊ မင်းဆေးရုံကဆင်းတဲ့နေ့ကျမှပေးရမယ်လို့ ငါ့ကို မှာသွားတယ်ရော့"

"မောင်မောင် ငါအခုမျက်စိမြင်ရတယ်နော် ... ဒီတခါတော့ ထပ်ပြီး အညာခံရမှာမဟုတ်ဘူး"

"မင်း ... ဗိုလ်မှူးကို စောင်းချိပ်ပြီး မပြောသင့်ဘူးကွာ ... ဗိုလ်မှူးဟာ မင်းကို မညာချင်ပေမဲ့ အခြေအနေအရ ညာရတာ၊ ဗိုလ်မှူးတွင်မကဘူး အားလုံးက (ငါလဲအပါအဝင်ပေါ့) မင်း ... စိတ်မကောင်းဖြစ်သွားမှာစိုးလို့ ဝိုင်းလိုမ့်ကြရတာ"

မြင့်နိုင်မှာ မျက်နှာမကောင်းဖြစ်သွားသော ဗိုလ်မှူးမြတ်သူ ၏လက်ကိုလှမ်းဆွဲရင်း ...

"ဆောရီးဗိုလ်မှူး ... မမျှော်လင့်တာတွေနဲ့ ကြုံရလို့ကျွန်တော် ပြောမိတာပါ၊ ဗိုလ်မှူးကို ရည်ရွယ်ပြောတာမဟုတ်ပါဘူး၊ ဗိုလ်မှူး တို့အားလုံးရဲ့ စေတနာကို ကျွန်တော်လေးစားပါတယ် "

ဗိုလ်မှူးမြတ်သူက "ကျွန်တော်ဘယ်လိုမှ သဘောမထားပါ ဘူး၊ ကဲ ...စာဖတ်ကြည့်ပေတော့ ဗိုလ်မှူးမြင့်နိုင်၊ ဒီတခါတော့ ဒေါက်တာနွယ့်လက်ရေးအစစ်ပါ၊ ရေမရောပါဘူး၊ကျွန်တော် အိမ်ထဲ သွားပြီး စကားပြောလိုက်အုံးမယ်" ဟုပြောကာ လှည့်ထွက်သွား လေ၏။

"မြင့်နိုင်ငါလဲ ဟိုနားမှာ သွားထိုင်လိုက်အုံးမယ်" ဟု ပြောရင်း ပိတောက်ပင်တစ်ပင်အောက်ရှိခုံတန်းလျားတွင် သွားထိုင်ကာ မြင့်နိုင် ကိုအကဲခတ်နေလေ၏။ အမှန်စင်စစ် ဗိုလ်မှူးမောင်မောင်မှာ ထိုသစ် ပင်အောက်တွင် အလဟဿသွားထိုင်နေသည်မဟုတ်၊ မြင့်နိုင် ၏အရိပ်အကဲကိုကြည့်၍ အကြောင်းစုံကို စာပြန်ရေးရန် မေသက် နွယ်က တာဝန်ပေးထားသောကြောင့် အကဲခတ်နေခြင်းဖြစ်သည်။

မြင့်နိုင်မှာ စာအိပ်ကိုဖောက်ဖတ်ကြည့်လိုက်သောအခါ သူ မျှော်လင့်တောင့်တနေသော ချစ်သူမေသက်နွယ်၏လက်ရေးကို မြင်တွေ့.လိုက်ရသဖြင့် သူ၏စိတ်သည် ဧဝရတ်တောင်ထိပ်ပေါ်သို့ ရောက် သွား သည့်အလား မြင့်မားတက်ကြွလာခိုက် စာ၏အစကို ဖတ်လိုက်ရသောအခါ မြင့်နိုင်၏စိတ်သည် တောင်ထိပ်မှ ဒလိမ့်ခေါက် ခွေးကျဆင်းသွားသည့်အလား ထင်မှတ်ရလေ၏။ နဖူးကြောချက်ချင်းရှဲတက်သွားကာ မျက်မှောက်ကြုတ်ရင်း စာကို ဖတ်လိုက်လေသည်။

"စပယ်မြိုင်ရိပ်သာ"
အင်းယားလမ်း၊
ရန်ကုန်မြို့
၁၉၆၂၊ အောက်တိုဘာလ (၁၀)ရက်

ကိုမြင့်နိုင် .....

ဒီစာရတဲ့အချိန်ကစပြီး ကိုမြင့်နိုင်ကို နွယ်ရဲ့အစ်ကိုရင်း တစ်ယောက်အဖြစ်နဲ့ သတ်မှတ်လိုက်ပါပြီ၊ နွယ့်ကိုလဲနမရင်း တစ်ယောက်လို သဘောထားပြီး ဆက်ဆံပါလို့ တောင်းပန်ပါရစေလား ကိုမြင့်နိုင်ရယ် ....

ကိုမြင့်နိုင် ဘာကြောင့်လက်ထပ်လိုက်ရတယ်ဆိုတာကိုလွန်ခဲ့တဲ့ဆယ်ရက်လောက်ကမှ ဒက်ဒီရှင်းပြလို့ နွယ်အဖြစ်မှန် သိခဲ့ရတယ်၊နွယ်တို့မိသားစုရဲ့ အသက်သခင်ကျေးဇူးရှင် အန်ကယ်မျိုးလွင်ကို ကိုမြင့်နိုင်က နွယ့်မိဘကိုယ်စား အသည်းနှလုံးနဲ့ရင်းပြီး ပေးဆပ်



လိုက်ရတာကို သိရတော့ နွယ်ပိုပြီး ရင်ထုမနာဖြစ်ခဲ့ရတယ်၊ ဒါပေမဲ့ နွယ်ဒီအကြောင်းတွေသိကြောင်း ကိုမြင့်နိုင်ကိုမပြောခဲ့ပဲ မသိဟန်ဆောင်ပြီး နေခဲ့ရတာကတော့ ကိုမြင့်နိုင်အတွက် အဟောင်းကို အသစ် ပြန်မဖြစ်စေချင်လို့ပဲ နောက်ပြီး ကိုမြင့်နိုင်ရဲ့ မျှော်လင့်ချက်ကိုလဲ နွယ်မလိုက်လျောနိုင်လို့ပဲ ... ကိုမြင့်နိုင်ရဲ့စိတ်ထဲမှာ နွယ်ဒီအကြောင်းတွေကိုသိရင် ကိုမြင့်နိုင်ရဲ့ မေတ္တာကိုပြန်လက်ခံမှာပဲ၊ ကိုမြင့်နိုင်နဲ့ အရင်ကလိုပဲ ပြန်ဆက်သွယ်မှာပဲလို့ ထင်မြင်ပြီး မျှော်လင့်နေတယ် မဟုတ်လား၊ နွယ် အပြန်ပြန် အလှန်လှန်စဉ်းစားပြီးပါပြီ ကိုမြင့်နိုင်၊ နွယ်တို့နှစ်ယောက်ဟာ ငယ်တဲ့အရွယ်တွေမဟုတ်ဘူး၊ မဆင်ခြင်မစဉ်းစားတတ်တဲ့ မိုက်ရူးရဲ့ အချစ်ရူးတွေလဲ မဟုတ်ဘူး၊ စဉ်းစားဆင်ခြင်နိုင်တဲ့အရွယ်၊ နှလုံးသားခံစားချက်ကိုအလိုမလိုက်ပဲအသိ ဉာဏ်နဲ့အကျိုးအပြစ်ကို နှိုင်းယှဉ်ပြီး ချင့်ချိန်ဝေဖန်နိုင်တဲ့ အရွယ်တွေပဲမဟုတ်လား ကိုမြင့်နိုင်နောက်ပြီးတော့ နွယ်တို့နှစ်ယောက်ဟာ တိုင်းပြည်ရဲ့တာဝန်ကို ဦးစီးဦးဆောင်နေရတဲ့ ဝန်ထမ်း နှစ်ယောက်ဆိုတာကိုလဲ သတိထားအုံးမှပေါ့ ကိုမြင့်နိုင်၊ ဒါကြောင့် ကိုယ်ရေးကိုယ်တာကိစ္စကို အသာဘေးချိတ်ထားပြီး အများကောင်းကျိုး၊ အများအ ကျိုးရှိစေမဲ့ အလုပ်မျိုးကို ဦးစားပေးပြီး လုပ်ကိုင်ရမယ်ဆိုတာ နားလည်ထားရမယ် မဟုတ်လား ကိုမြင့်နိုင် ....

အမှန်ပြောရရင် ဒီဆေးရုံရောက်တဲ့နေ့ ကိုမြင့်နိုင်ကို လာတွေ့ရတော့ နွယ်ရောင်ထွက်သွားတို့ စိတ်ကူးပါသေးတယ်၊ ဒါပေမဲ့ ဆရာဝန်ကောင်းတစ်ယောက်ပီသတဲ့စိတ်ကိုမွေးပြီး ကိုမြင့်နိုင်ကို အတတ်နိုင်ဆုံး လက်ခံကူညီခဲ့ပါတယ်၊ ဒါဟာ နွယ်တို့လို စိတ်ထားနူးညံ့ပျော့ပြောင်းတဲ့ မိန်းခလေးတွေအတွက် မလွယ်ကူပါဘူး၊ နွယ်ဘယ်လောက်တောင် ခံစားရသလဲဆိုတာ ကိုမြင့်နိုင် နွယ့်နေ

မေတ္တာကိုပြန်ပြီး လက်မခံနိုင်တာကလွဲလို့ နွယ်တက်နိုင်သလောက်လိုက်လျောခဲ့ပါတယ်ဆိုတာ သေသေချာချာတွေး ကြည့်စေလိုပါတယ် ..."

နွယ်ရဲ့ သန့်ရှင်းစင်ကြယ်တဲ့ ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာဟာ သေတပန်သက်တစ်ဆုံး အပြည့်အဝ ပေးအပ်ထား တယ်ဆိုတာ ယုံစေါကိုမြင့်နိုင်၊ နွယ်ရဲ့သန့်ရှင်းတဲ့မေတ္တာကိုတော့ ကိုမြင့်နိုင်မခံနိုင် စရာအကြောင်း မရှိပါဘူးနော်၊ နွယ်စဉ်းစားကြည့်တယ်၊ နွယ်တို့ နှစ်ဦးဟာ အိမ်ထောင်ဘက်အဖြစ်နဲ့ ရေစက်မပါလို့ လွဲခဲ့ကြရပေမဲ့ ကစ် ခြားနည်းနဲ့ ဆက်ဆံနိုင်ပါသေးတယ် ကိုမြင့်နိုင်၊ မိတ်ဆွေစစ်အနေနဲ့ရော၊ မောင်နှမအရင်းလိုစိတ်ထားနဲ့ရော၊ ဒီလောကကြီးမှာ ရပ်တည်နိုင်ပါသေးတယ်၊ ဒါဟာလဲ နွယ်တို့နှစ်ဦး ပေါ်မှာ မူတည်ပါတယ်၊ ကိုမြင့်နိုင် အမြဲပြောလေ့ရှိခဲ့တယ်မဟုတ်လား၊ "မောင့် အချစ်ဟာ တကဏ္ဍာမည်စစ်တဲ့ သဒ္ဓါချစ်" ဆိုတာလေ၊ ကိုမြင့်နိုင် ရဲ့ စိတ်နေသဘောထား၊ မြင့်မြတ်တဲ့ အကျင့်သီကျွာကို ယုံကြည်လို့လဲ နွယ်ဒီလို ရဲရဲဝံ့ဝံ့ဆက်ဆံတာပါ၊နောက်ပြီး ကိုမြင့်နိုင်ဟာ ယောကျ်ားပီသသူတစ်ယောက်ဆိုတာ ပြောဘို့မလိုပါဘူး။

စာလဲရှည်သွားလို့ အတိုချုပ်ပဲပြောပါ့မယ်၊ အသေးစိတ်သိချင်ရင် ဒက်ဒီတို့ကိုရော၊ အန်တီတို့ကိုရော မေးကြည့်ပေတော့

နွယ်ပြောချင်တာကတော့ နွယ့်စိတ်ကြောင့် လျစ်လျူရှုထားတဲ့ တင့်တင့်နဲ့ တင့်တင့်သားကလေးကို ပြန်လက်သင့်ခံပါ၊ ခင်ပွန်းကောင်းတစ်ယောက်အနေနဲ့ နွယ်အကို့ကိုမြင်ချင်ပါတယ်၊ တင့်တင့်ဟာ ကိုမြင့်နိုင်ကို မေတ္တာရှိရှာပါတယ်၊ သူ့ကို နွယ့်ညီမရင်းတစ်ယောက်လိုပဲမြင်ပါနော်၊ တင့်တင့်ဟာ အတော်သနားစရာ ကောင်းတဲ့ကလေးမကလေးပါ ကိုမြင့်နိုင်ကိုရော နွယ့်ကိုရောခင်မင်ရာပါ



ရာကနေပြီး စဉ်းစားကြည့်စေလိုပါတယ်၊ နွယ်တစ်လလုံးလုံး တာဝန်ဝတ္တရားတွေကို မလစ်ဟင်းရအောင် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်၊ နှလုံးသားနဲ့ဦးနှောက်နဲ့ အမြဲစစ်ခင်းနေခဲ့ရတယ်၊ လွန်ခဲ့တဲ့ဆယ်ရက်တုန်းက ဒက်ဒီဆီက အကြောင်းမှန်ကြားရတော့ နွယ်လေးအို ... ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ ကိုမြင့်နိုင်အပေါ်မှာ နှုတ်နဲ့ရော၊ စိတ်နဲ့ရော၊ လက်နဲ့ရော၊ ကျွေးလွန် စောင်ကားခဲ့ပုံတွေကို ကွေးမိပြီး ကိုယ့်ကိုယ်ကိုအပြစ်တင်လို့ မဆုံးပါဘူး၊ သိပ်ကိုယူကျုံးမရဖြစ်မိတာပဲ ...

ဒီအကြောင်းတွေ ရေရေလယ်လယ် သိရတာကတစ်ကြောင်း ကိုမြင့်နိုင်ရဲ့စိတ်နေသဘောထားကို သိရတာကတစ်ကြောင်း ကြောင့် ကိုမြင့်နိုင်ကို ပိုပြီးလေးစားမိတယ် ချီးကျူးမိတယ်၊ အားကိုးမိတယ်၊ ယုံကြည်မိတယ် ...

ဒီနေ့ ကိုမြင့်နိုင်ကမေးတယ် "အသက်အရင်ကလို မောင့်ကို ချစ်သေးရဲ့လား" တဲ့၊မေးမှမေးရက်ပလေ ကိုမြင့်နိုင်ရယ်၊ အကြောင်းစုံကို သိရတဲ့နေ့ကစပြီး ဒီနေ့အထိ ကိုမြင့်နိုင်ကို စိတ်ရောကိုယ်ပါ ပြုစုပေးခဲ့ တယ်၊ မသင့်တော်မှန်းသိပေမဲ့ ကိုမြင့်နိုင် စိတ်ချမ်းသာအောင်အရင်ကလိုဘဲ အသုံးအနှုန်းအဆေါ် အဝေါ်တွေကို ပြန်အသုံးပြုခဲ့တာတွေကို ထောက်ရှုကြည့်ရင်သိနိုင်ပါတယ်၊ မှန်တာပြောရရင် ကိုမြင့်နိုင်ကို နွယ်မေတ္တာမပျက်ပါဘူး ချစ်ပါတယ်၊ နွယ်တို့မိသားစုရဲ့ ကိုယ်စားကျေးဇူးတုံ့ပြန်ပေးတာကိုတွေ့ရလို့ ကိုမြင့်နိုင်ကို သိပ်သနားမိတယ်၊ အရင်ကထက်ပိုပြီးချစ်လာမိတယ်၊ နွယ်လေ ထောက်ထားညှာတာရမဲ့ အကြောင်းတွေသာ မရှိရင် ကိုမြင့်နိုင်ရဲ့ အလိုကို ရာခိုင် နှုန်းအပြည့် လိုက်လျောမိမှာပဲ၊ အခုလဲ ဘာထူးလို့လဲ ကိုမြင့်နိုင်၊ နွယ်ဟာ ကိုမြင့်နိုင်အပေါ်မှာ ထောင့်ဂါးရာ

တယ် ... သူ့သားလေးကို နာမည်ပေးထားတာတောင်ကြည့်လေ "မောင်သက်နိုင်"တဲ့၊ ကဲ ... ကိုမြင့်နိုင် နွယ်နောက်ဆုံးပြောချင်တာက တော့နွယ့်အနေနဲ့ ကိုမြင့်နိုင်နှစ်သက်မြတ်နိုးတဲ့ "ပိတောက်မြိုင်"ရယ်၊ နွယ်ရဲ့အသည်းနှလုံးရယ်၊ကိုမြင့်နိုင် မြင်လို သိမ်းထားလိုတဲ့စာအုပ်ရယ်ပေးအပ်ခဲ့တယ်။

ဒါတွင်မကသေးဘူး၊ ကိုမြင့်နိုင် ဖြစ်စေချင်တဲ့ မျက်စိအထူးကု ဆရာဝန်အဖြစ်နဲ့ ရော၊ နောက်ပြီး မှတ်မိသေးလားဟင်၊ နွယ်တို့နှစ်ယောက် (၁၀)တန်းစာမေးပွဲဖြေတုန်းက ပြောဖူးတယ်မဟုတ်လား၊ ကိုမြင့်နိုင်သာ ဆရာဝန်ဖြစ်ရင် မြို့ကြီးပြကြီးမှာမလုပ်ပဲ ... ဆရာဝန်မရှိတဲ့နေရာ၊ရွာပါးတဲ့ဒေသမှာသာလုပ်မယ်ဆိုတာလေ ... ပြီးတော့ မြစ်ကြီးနားဆေးရုံမှာအရင်ဆုံး လုပ်မယ်ဆိုတာလေ ... အခုနွယ် .. ကိုမြင့်နိုင်ရည်ရွယ်ချက်၊ လိုလားချက်ကို ဖြည့်ဆည်းရလို့ ဝမ်းသာ ပါတယ် ကိုမြင့်နိုင် ... ဒါကြောင့် ကိုမြင့်နိုင် တောင့်တချက်အတိုင်းမဖွဲ့ဖြိုးသေးတဲ့ဒေသဘက်တွေမှာတာဝန်ထမ်းဆောင်ဖို့ ထွက်သွား ပါပြီ ... နွယ်ရဲ့ကျန်တဲ့အသက်ပိုင်းမှာ အချစ်အတွက်ပေးဖို့ အချိန်မရှိတော့ဘူး၊တိုင်းပြည်အတွက်ကိုပဲ ပေးထားလိုက်ပါပြီ၊ ကိုမြင့်နိုင်ဘက်ကသာ နွယ်မျှော်လင့်သလိုဆောင်ရွက်ဖို့ကျန်တော့တယ် ... နွယ်အနေနဲ့ ကိုမြင့်နိုင်ရဲ့မျက်စိကို တတ်နိုင်သရွေ့ကူညီကုသပေးရတာ ကျေနပ်မိပါတယ် ကိုမြင့်နိုင် ...

ကိုမြင့်နိုင် ... နွယ်တို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် မေတ္တာစစ်နဲ့ အချစ်ကြီးချစ်ကြပေမဲ့ အတူပေါင်းသင်းရဖို့ ဖူးစာကပါမလာပဲ တိုင်းပြည်တာဝန်ကို အချိန်ပြည့်ထမ်းဆောင်ရမဲ့ သူနှစ်ယောက်လိုဖြစ်နေတော့ မောင်ချစ်နှမချစ်နဲ့ပဲ ချစ်သွားကြပါစို့နော် ကိုမြင့်နိုင်၊ စစ်သားနဲ့ဆရာဝန်ဟာ ကိုယ့်ကိုယ်ကိုမပိုင်တော့



ဘူး မဟုတ်လား ကိုမြင့်နိုင် ...

နွယ်လေ ... ကိုမြင့်နိုင်ကို အထင်လွဲပြီးစော်ကားမော်ကားပြောဆိုရိုက်နှက်မိခဲ့တာတွေအတွက် နွယ် ဒီနေ့ ကိုမြင့်နိုင်ကို ဦးချကန်တော့ခဲ့ပါတယ် .... နွယ့်အပေါ်မှာ အပြစ်တွေရှိရင်လဲ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်၊ မမကြည်လဲ နွယ်နဲ့ အတူတူလိုက်မှာမို့လို့ အစစအရာရာ စိတ်ချစေချင်ပါတယ် ကိုမြင့်နိုင် ...

နွယ့်အစ်ကိုတည်ဆောက်မဲ့ "သာယာချမ်းမြေ့တဲ့ပိတောက်မြိုင်အိမ်ထောင်စု" ကို အမြန်မြင်ရပါစေလို့ ဆုတောင်းပါတယ်

သန့်ရှင်းတဲ့ မေတ္တာစစ်နဲ့ချစ်နိုင်ပါစေလို့ မျှော်လင့်နေတဲ့ ...

ကိုမြင့်နိုင်ရဲ့နှမ
"နွယ်"

× × ×

စာဖတ်ပြီးသည်နှင့်တစ်ပြိုက်နက် မြင့်နိုင်မှာသက်ပြင်းချည်တစ်ချက်ချလိုက်မိလေ၏။ စာကိုခေါက်၍ စာအိတ်ရှည်အတွင်းသို့ ပြန်ထည့်လိုက်ပြီးနောက် ချိုင်းတွင်ညှပ်ထားသော်အထုပ်ကိုဖြေလိုက်ရာ "ပိတောက်မြိုင်ရိပ်သာ"စာချုပ်နှင့် "ပိတောက်မြိုင်" ဟုနာမည်တပ်ပေးထားသော ဝတ္ထုစာအုပ်တစ်အုပ်ကို တွေ့ရလေ၏။

မြင့်နိုင်မှာ မမျှော်လင့်သော ပစ္စည်းများကို မြင်တွေ့လိုက်ရသည့်အဲ့သြကာ ဝမ်းသာဝမ်းနည်းမိလေသည်။ ဝတ္ထုစာအုပ်၏မျက်နှာဖုံးတွင် ယောကျ်ားပျိုက ပိတောက်ပန်းများကို ပွေ့ပိုက်ကာမိန်းမ

ပျိုအားပေးနေသည့်ဟန် လှပစွာပန်းချီရေးဆွဲထားသည်ကို တွေ့ရလေ၏။ စာအုပ်ကိုဖွင့်ကြည့်လိုက်သောအခါ ....

"တိုင်းပြည်တာဝန်ကို နေ့ညမရွေးထမ်းဆောင်နေသည့် အစ်ကို ဗိုလ်မှူးမြင့်နိုင် (ဗမာ့ရေတပ်မတော်)အား ရည်ညွှန်းလျက်- ချစ်သက်လက်ဆောင် .... နွယ်" ဟူသော စာတမ်းလေးကို တွေ့လိုက်ရသည့်အခါ မြင့်နိုင်၏စိတ်မှာ ကြည်နူးရွှင်မြူးသွားလေ၏။ စာအုပ်ကို ပြန်ပိတ်မည်အပြု ပိတောက်ပန်းခက်အခြောက်များ စာအုပ်ကြားမှ ကျလာသောကြောင့် မြင့်နိုင်လည်း ပိတောက်ပန်းခက်ကလေးများကိုကောက်ယူရင်း ...

"အော် ... ပိတောက်ကို ချစ်မြတ်နိုးလှတဲ့အသက်ရယ် ... အသက်ချမှတ်ပေးသွားတဲ့ "ဘဝလမ်းကြောင်း" အတိုင်းပဲ တိုင်းပြည်နဲ့လူမျိုးအတွက်ပေးအပ်လာတဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားပါ့မယ်ကွယ် ... အသက်ကိုလဲ ကိုယ့်နှမအရင်း တစ်ယောက်လိုတစ်သက်လုံး ဖြူစင်သန့်ရှင်းတဲ့ မေတ္တာစေတနာတွေနဲ့စောင့်ရှောက် သွားပါ့မယ်ဆိုတာကို ဒီပိတောက်ခက်ကလေးတွေရဲ့မှာ ကတိပြုပါတယ်ကွယ်၊ ဟုတ်ပါတယ်လေ ... ဟုတ်ပါတယ်၊ကိုယ်တို့နှစ်ယောက်ဟာ "ကိုင်းပြည်တာဝန်ထမ်းဆောင်ရတဲ့နှစ်ယောက်" ဆို တာမှန်ပါတယ် ...." ဟုပြောရင်း ပိတောက်ပန်းခြောက်ကလေးများကို ဖွဖွကလေး နမ်းလိုက်ပြီးနောက် စာအုပ်ကြားတွင် ညှပ်ထားလိုက်လေ၏။

မြင့်နိုင်မှာ "ပိတောက်မြို့ရိပ်သာ" စာချုပ်အကြောင်းနှင့် အခြားအိမ်တွင်းရေးကိစ္စအရပ်ရပ်တို့ကို မေးမြန်းရန်အတွက် အိမ်ဘက်သို့ မျက်နှာမူလိုက်ရာ မည်သည့်အချိန်က သူ့နောက်နားတွင် ရောက်နေမှန်းမသိသော တင့်တင့်ကလေးအား တွေ့လိုက်ရသဖြင့်



မျက်နှာထား ခပ်တည်တည်ဖြစ်သွားလေသည်။

မြင့်နိုင်မှာ တင့်တင့်ကိုတလှည့်၊ မောင်သက်နိုင်ကို တလှည့်၊ ကြည့်လိုက်ပြီးနောက် စောစောကဖတ်ခဲ့သော မေသက်နွယ်၏ စာကို ပြန်စဉ်းစားမိကာ မျက်နှာတဖြည်းဖြည်းပြုံးလာပြီး တင့်တင့်အား လက်ကမ်းလိုက်လေသည်။

× × ×

မြစ်ကြီးနားဆေးရုံတွင် ရောက်ရှိနေသော မေသက်နွယ်နှင့် ကြည်ကြည်မှာ ခရိုင်ဝန်ထံမှတစ်ဆင့်ရရှိသော ကြေးနန်းစာကို ဖတ်ပြီး ဝမ်းသာသွားကာ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်းဖော်မပြနိုင်လောက်အောင် စိတ်လှုပ်ရှားနေကြသဖြင့် မျက်ရည်များပင်ရစ်ဝဲလာကြလေ၏။

မေသက်နွယ်နှင့် ကြည်ကြည်တို့နှစ်ဦးမှာ မြင့်နိုင်ထံသို့ မည်မျှကြာအောင် စိတ်ပူ့လွင့်နေသည်မသိ၊ တစ်စုံတစ်ယောက်၏ ငိုရှိက်သံကြောင့် ပြုံင်တူလှည့်ကြည့်လိုက်သောအခါ မေသက်နွယ် ဤဆေးရုံသို့ ရောက်သည့်နေ့မှစ၍ နေ့စဉ်နေ့တိုင်း မေသက်နွယ်အားပန်းလာရောက်ပေးသော ဆေးရုံစောင့်ကချင်အဖိုးကြီး၏သမီး အသက်(၁၂)နှစ်အရွယ်ရှိကချင်အမျိုးသမီးကလေး "စီစီခွန်" ကို တွေ့ရလေ၏။ မေသက်နွယ်မှာ စီစီခွန်၏အနားသို့ လျှောက်လာပြီး မျက်ရည်များကို သူမ၏လက်ကိုင်ပုဝါဖြင့် ယုယစွာသုတ်ပေးရင်း-

"ဘာပြုလို့ ငိုရတာလဲ ညီမရယ်၊ တိတ်ပါကွယ် ... မမကိုချစ်ရင်ပြောစမ်း ... ဘာပြုလို့လဲ ... အဖေရိုက်လို့လို့လား ..."

စီစီခွန်က ခေါင်းကလေးကို ရမ်းလိုက်ရင်း ....

ဒေါက်တာမေသက်နွယ် မြစ်ကြီးနားဆေးရုံရောက်ပြီးနောက် (၉)လပြည့်သောနေ့ ....

ဤညတွင် မြစ်ကြီးနားဆေးရုံ၌ ဂုဏ်ပြုညစာစားပွဲရှိသဖြင့် ဆေးရုံအုပ်ကြီးက မေသက်နွယ်အား မပျက်မကွက်တက်ရောက်ရန် ပြောထားသောကြောင့် မေသက်နွယ်လည်း အဆောင်မပြန်သေးပဲ ရုံးခန်းထဲမှာပင် ဆေးရုံအစီရင်ခံစာကို ရေးနေလေသည်။ ထိုအခိုက် သူ့ရုံးခန်းအပေါက်ဝသို့ လူတစ်စုလာရောက်ရပ်နေကြောင်းကို အသိစိတ်ကခံစားရသဖြင့် ခေါင်းမော့ကြည့်လိုက်ရာ ကြည်ကြည်၊ တင့်တင့်တို့သားအမိအပြင် သူစိမ်းအမျိုးသားနှစ်ဦးကို တွေ့လိုက်ရလေသည်။ တစ်ဦးမှာ အနောက်တိုင်းဝတ်စုံဝတ်ထားပြီး ကျန်တစ်ဦးမှာ နူတ်ခမ်းမွေးနှင့်ကချင်ဂျင်းဖောဝတ်စုံကိုဝတ်ထားလေသည်။

"ဟင် .... မမကြည်၊ တင့်တင့်တို့သားအမိ ဘယ်တုန်းက ရောက်လာသလဲ၊ အထဲဝင်ထိုင်ကြပါအုံး" သူနာပြုဆရာမလေးနှစ်ဦးသည် ဧည့်သည်အုပ်စုကို တွေ့သည်နှင့် ကုလားထိုင်နှစ်လုံးသာရှိသော မေသက်နွယ်၏ ရုံးခန်းထဲသို့ ကုလားထိုင်များ သယ်ဆောင်လာကြလေသည်။ အလိုက်သိသော သူနာပြုဆရာမ လေးနှစ်ဦးအား မေသက်နွယ်က ကျေးဇူးတင်စကားပြောရင်း ဧည့်သည်များအတွက် ရေနွေးကြမ်းနှင့် မုန့်များမှာပေးရန် ပြောလိုက်လေသည်။

"ကဲ ... ဆိုပါအုံးတင့်တင့် ဘယ်လိုအကြောင်းကိစ္စရှိလို့ မြစ်ကြီးနားကို ရောက်လာကြတာလဲ ကိုမြင့်နိုင်မပါလာဘူးလား"

မေသက်နွယ်၏အမေးကို တင့်တင့် မဖြေမီ ကြည်ကြည်က နူတ်ခမ်းမွေးနှင့် လူကိုလက်ညှိုးညွှန်ပြ၍ ....

"ညီမလေး .... ဒီဧည့်သည်က ညီမလေးနဲ့တွေ့ချင်လို့တဲ့"



"အဖေမရှိက်ပါဘူး၊ ဒီကိုပြောင်းလာတဲ့ မမဒေါက်တာတွေဟာ ခဏလောက်ပဲနေပြီး ပြန်ပြောင်းကြတယ်"

"အခုလဲ ... ခရိုင်ဝန်ကြီးဆီက ပြောင်းဖို့စာမဟုတ်လား ... မမဒေါက်တာ" ဟု ငိုရှိုက်သံကလေးဖြင့် ပြောလိုက်တော့မှ မေသက်နွယ် က ရယ်မောလိုက်ပြီး စိစိခွန်၏ မျက်နှာကလေးကို ဆွဲမော့ကာ

"ဖြစ်မှဖြစ်ရလေညီမရယ် ... မမ ဒီကိုလာကတည်းက ညီမတို့နဲ့ ကြာကြာနေအောင် လာတာပါကွယ်၊ ညီမတို့နယ်မှာ မမလုပ်ပေးစရာတွေအများကြီးပဲ၊ မမ မြေပြန့်ကိုတော်တော်နဲ့ မပြန်သေးပါဘူး၊ စောစောက လာခဲ့တဲ့စာဟာ မျက်စိဒဏ်ရာရပြီး ဆေးရုံတက်နေတဲ့ မမရဲ့အစ်ကိုဟာ အခုမျက်စိပြန်ကောင်းလာလို့ ဆေးရုံက ဆင်းပြီဆိုတဲ့ အကြောင်းရေးပို့လိုက်တဲ့စာပါ၊ ကဲ ... ညီမဘာမှ ဝမ်းမနည်းနေနဲ့နော် ... ဟုတ်လား"

မေသက်နွယ်၏ စကားကြောင့် စိစိခွန်မှာ ဝမ်းသာအားရဖြင့် မေသက်နွယ်အား တင်းကျပ်စွာ ထဖက်လိုက်လေ၏။ မေသက်နွယ်မှာလည်း ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ ကျေနပ်ခြင်းတို့ဖြင့် ရောယှမ်း၍ ပီတိစိတ်များဝေဖြာသွားကာ မျက်ရည်များပင် ကျလာမိလေသည်။

မေသက်နွယ်၏ မျက်ရည်များမှာ မြေပြန့်ဒေသတွက်လော၊ တောင်တန်းဒေသအတွက်လော၊ ဒေသနှစ်ခုစလုံးအတွက် ပေါင်းစပ်၍ ကျလာသော မျက်ရည်များဟုဆိုပါက မှားမည်မဟုတ်ပေ...

× × ×

စူးစိုက်ကြည့်ရင်း ....

"ဘာကိစ္စများရှိလို့ပါလဲရှင်" ဟု မေးလိုက်ရာ ဧည့်သည်အမျိုးသားက အသံခပ်ဝဲဝဲဖြင့် "ဝိတောက်မြိုင်" ဝတ္ထုကို လွယ်အိတ်တွင်းမှ ထုတ်ယူပြီး "ဒေါက်တာရေးထားတဲ့ဝတ္ထုက ဇာတ်သိမ်းပိုင်း ထပ်ဖြည့်ပေးဖို့ ကျွန်တော်လာတာပါ" ဟု အသံဝဲဝဲဖြင့် ပြောလိုက်ရာ ရုတ်တရက်တွေတွေလေး ဖြစ်သွားပြီး ချက်ချင်းကုလားထိုင်မှထကာ ... အသံဝဲဝဲဖြင့် ပြောနေသော ဂျင်းဖောဝတ်စုံနှင့် လူနားလာရပ်ပြီး ဦးပေါင်းနှင့် နှုတ်ခမ်းမွေးကို ဆွဲဖြုတ်ရင်း ...

"ဒီလို ... ဘယ်လိုရုပ်ဖျက်ဖျက် ကိုမြင့်နိုင်ရဲ့အသံကဝဲလို့မရဘူးအတုဟာ အစစ်မဖြစ်နိုင်ပါဘူး" ဟု ပြောလိုက်ရာ အားလုံးဝိုင်း ရီကြလေသည်။

"ဆောရီးပဲအသက် .... ကဲ .... မိတ်ဆက်ပေးရအုံးမယ် ... အောင်ဝင်းတင် ဒါ တင့်တင့်ရဲ့အစ်မ ဒေါက်တာမေသက်နွယ် ... ပဲ ... အသက် ဒါတင့်တင့်အမျိုးသား အောင်ဝင်းတင် မောင်သက်နိုင်ရဲ့အဖေလေ ...." မြင်ရကြားရသော ဖြစ်ရပ်ကြောင့် မေသက်နွယ်မှာ အံ့သြသွားကာ ကြက်သေသေပြီး ပါးစပ်ကလေးဟထားမိလေသည်။ မြင့်နိုင်က ထရပ်ပြီး မေသက်နွယ်၏ ပုခုံးကိုလှုပ်ကာ "အသက် ... ထိုင်ပါအုံး ... ကံကြမ္မာရဲ့အလှည့် အပြောင်းတွေဟာ တော်တော်အံ့သြစရာကောင်းတယ် ... ကိုင်း ... အောင်ဝင်းတင် .. မင်းရဲ့ ဇာတ်လမ်းကို ပြောပြလိုက်ပါအုံး ..."

"ဟုတ်ပါတယ် မမနွယ် ... တင့်တင့်နဲ့ကျွန်တော်ဟာ ဧစ္ဆစ်ထားတဲ့ ချစ်သူတွေပါ။ ခရစ္စမတ်နေ့ညက သူငယ်ချင်းတွေနဲ့ ပါတီပွဲက အပြန်အရက်မူးပြီး ကားမှောက်လို့ သူငယ်ချင်းတစ်ယောက်က သေသွားတယ်။ ကျွန်တော်ကတော့ ခြေကျိုးသွားတယ်။ ကျွန်တော်



လဲ ကိုယ့်အပြစ်နဲ့ ကိုယ်ဆိုတော့ တင့်တင့်ကို ဒုက္ခတခြေကျိုးဘဝနဲ့ လက်မထပ်ချင်လို့ အိမ်ကိုသေပြီလို့ အကြောင်းကြားခိုင်းပြီး ဇာတ်မြွှပ်နေလိုက်တယ်။ ကိုယ်ဟာကိုယ်ပဲ ကျိတ်ပြီး ဆေးရုံတက်ဆေးကုသမှုခံယူခဲ့တယ်။ နောက်ဆုံးခြေတုတမ်းကြီး ကောင်းကောင်းလမ်းလျှောက်နိုင်မှ တင့်တင့်ကို အတွေ့ခံမယ်လို့စိတ်ပိုင်းဖြတ်ထားတာ၊ အားလုံးကတော့ ကျွန်တော်သေပြီလို့ ယူဆထားကြတယ်။ အခုကျွန်တော်ကောင်းကောင်းလမ်းလျှောက်နိုင်လို့ တင့်တင့်သတင်းကို လိုက်စုံစမ်းတော့ .... အန်ကယ်နဲ့တွေ့ပြီး တင့်တင့်အကြောင်းစုံဖြစ်ရပ်မှန်တွေကို သိရလို့ ကျွန်တော့်သားလေးကိုတွေ့ချင်ဇောနဲ့ တင့်တင့်ဆီ အပြေးလိုက်သွားခဲ့တယ်၊ အဲဒီမှာပဲ တင့်တင့်ရဲ့အရှက်ကို ကာကွယ်ပေးတဲ့ ကိုမြင့်နိုင်ကိုလဲ အရမ်းလေးစားပြီး ကျေးဇူးတင်မိပါတယ်။ ကိုမြင့်နိုင်နဲ့ မမနွယ်တို့ရဲ့ ဇာတ်လမ်းကို တင့်တင့်ပြောပြလို့သိရပါတယ်၊ ကျွန်တော်လဲ ကိုမြင့်နိုင်ကို ချက်ချင်း သွားတွေ့ပြီး အကြောင်းစုံရှင်းပြလို့ သူလဲ ဝမ်းသာအားရဖြစ်နေတယ်"

အောင်ဝင်းတင်ရှင်းပြနေသည်ကို မေသက်နွယ်က ငြိမ်သက်စွာနားထောင်နေစဉ် ဆေးရုံအုပ်ကြီးရောက်လာပြီး ..

"ဒေါက်တာနွယ်ဆီ ရန်ကုန်ကဧည့်သည်တွေရောက်နေတယ် သတင်းကြားလို့ ဧည့်သည်တွေကိုပါ တခါတည်း ဒီညဂျာပြပွဲကို ဖိတ်ပါရစေ ..." ဟုပြောလိုက်သဖြင့် မေသက်နွယ်လည်း ဆေးရုံအုပ်ကြီးအား အောင်ဝင်းတင်တို့မိသားစုနှင့် ဗိုလ်မှူးမြင့်နိုင်ကိုပါ မိတ်ဆက်ပေးလေသည်။

"ဗိုလ်မှူးကို ကချင်အဝတ်အစားနဲ့တွေ့ရတာ ဝမ်းသာပါတယ် .... ဒီညဆက်ဆက်လာရမယ်နော် ..."

"ဟုတ်ကဲ့ .... ဒေါက်တာနွယ်နဲ့ ပတ်သက်ပြီး ဂုဏ်ပြုပွဲတက် ခွင့်ရတာဝမ်းသာပါတယ်ခင်ဗျာ ..."

ဒေါက်တာမေသက်နွယ် ခွဲစိတ်ကုသပေးသဖြင့် မျက်စိအ လင်းပြန်ရခဲ့ကြသော ကချင်အမျိုးသား လေးဦး၊ ကချင်အဖွားအို နှစ်ဦးအမျိုးသမီးငယ် သုံးဦးနှင့် ကလေးတစ်ဦးတို့၏ မေတ္တာရပ် ခံချက်အရ ဒေါက်တာနွယ်အတွက် ဂုဏ်ပြုညစာစားပွဲကျင်းပသည့် နေ့ဖြစ်လေသည်။

ဗိုလ်မှူးမြင့်နိုင်နှင့် မေသက်နွယ်တို့လည်း အဝတ်အစားလဲ ကာ မေသက်နွယ်၏ အိမ်ရှေ့ပန်းခြံတွင် အောင်ဝင်းတင်တို့မိသား စုနှင့် ကြည်ကြည်ကိုစောင့်ရင်း စကားပြောနေကြလေသည်။

"သက်ရေ ... မမျော်လင့်ပဲ ပြဿနာတွေရှင်းသွားကြပြီ၊ သက်နဲ့မောင်တို့လည်း စိတ်ပင်ပန်း လူပင်ပန်းဖြစ်ခဲ့ရလို့ ... ရွှင်လန်း ချမ်းမြေ့တဲ့ဘဝကို ထူထောင်သင့်ပြီ နောက်ထပ်ဘယ်လောက် စောင့် ရအုံးမှာလဲ သက် ...."

မြင့်နိုင်၏အမေးကို မေသက်နွယ်မပြောသေးဘဲ စဉ်းစားနေ လေရာ ...

"အသက် ... မောင်မေးတာဖြေလေ ..." ဟု ထပ်မေးနေလေ ရာ မေသက်နွယ်က မြင့်နိုင်အားကြည့်ကာ ...

"ဘာလဲ ... မောင်က ကတိဖျက်ချင်နေပြီလား၊ ...စောင့်ရတာ စိတ်မရှည်တော့ဘူးလား၊"

"မဟုတ်ပါဘူးသက်ရယ် ..." ဘိုးဘွားရိုးသာ ရောက်တဲ့အထိ စောင့်ပါမယ်ဗျာ ..." မြင့်နိုင်၏ စကားကို ပြန်မဖြေပဲ မေသက်နွယ် ပြုံးနေသည်ကို တွေ့ရသောမြင့်နိုင်မှာ မချင့်မရဲနှင့် အားမလိုအား မရဖြစ်ကာ မေသက်နွယ်၏ ပုခုံးကိုဆုတ်ကိုင်လှုပ်လိုက်စဉ် ကြည်



ကြည်နှင့် အောင်ဝင်းတင်တို့မိသားစုလည်း အိမ်တွင်းမှ ထွက်လာ ကြသဖြင့် မြင့်နိုင်နှင့်မေသက်နွယ်တို့လည်း ဧည့်ခံပွဲကျင်းပရာ ဆေးရုံမြက်ခင်းပြင်သို့ ထွက်လာကြလေ၏။

ဂုဏ်ပြုဧည့်ခံကြိုဆိုရေးကော်မတီဥက္ကဋ္ဌဆေးရုံအုပ်ကြီးနှင့် တစ်ကွ ကော်မတီဝင်အားလုံးက ဒေါက်တာမေသက်နွယ်တို့. အုပ်စုကိုကြိုဆိုနေရာချထားပေးပြီးနောက် ဂုဏ်ပြုပွဲစတင် ကျင်း ပရာ ကချင်ပြည်နယ်ဥက္ကဋ္ဌ၊ အရာရှိ၊ အရာခံ၊ ဂုဏ်သရေရှိ ပုဂ္ဂိုလ် တစ်ရာကျော်တက်ရောက်ကြလေ၏။ အခမ်းအနားမှူးက ဂုဏ်ပြု ညစာစားပွဲအစီအစဉ်ကို ဖတ်ကြားပြလေသည်။ ရှေးဦးစွာ ဆေးရုံအုပ် ကြီးက မိန့်ခွန်းစကားပြောကြားရာ မေသက်နွယ်ကုသပေးသော ဝေဒနာရှင်များအကြောင်း၊ မေသက်နွယ်၏ လုနာအပေါ်ဂရုစိုက်မှု စေတနာထားမှုတို့ကို ချီးမွမ်းစကားများ ပြောကြားပြီးနောက် နိဂုံးချုပ်တွင် ဒေါက်တာမေသက်နွယ်လို နိုင်ငံခြားပြန်အထူးကု ဆရာဝန်တစ်ယောက်အနေနဲ့ ခုလိုဝေးလံတဲ့ နေရာဒေသမှာလာ ရောက်တာဝန်ထမ်းဆောင်ရတဲ့ အကြောင်းနဲ့ ဒေါက်တာမေသက် နွယ်လို ပညာတတ်ဥစ္စာပေါရုပ်ချောတဲ့ သူတစ်ယောက်အနေနဲ့ လိုနေတဲ့ကွက်လပ်ကလေးတစ်နေရာကို ဘာကြောင့်မဖြည့်သေး တာလဲဆိုတာ ဆေးရုံအုပ်ကြီးစကားပြီးဆုံးသွားသည်နှင့် အခမ်း အနားမှူးက မေသက်နွယ်အား စကားအနည်းငယ်ပြောပါရန် ပြောလိုက်ရာတွင် လက်ခုပ်သံများ ဆူညံစွာပေါ်ထွက်လာလေသည်။

မေသက်နွယ်လည်းစင်မြင့်ပေါ်သို့ တက်ရောက်သည်နှင့် စလိုက်မီးလုံးလည်း မေသက်နွယ်အား ကွက်ထိုးလိုက်ရာ ... မေ သက်နွယ်၏အလှကို ပိုမိုဝင့်ကြားပေးလိုက်သလို လွန်စွာပဏာရ နေလေသည်။

မေသက်နွယ်၏အလှကို ဘိုမိုဝင့်ကြွားပေးလိုက်သလို လွန်စွာပဏာဒရနေလေသည်။

"လေးစားရပါသော ... ပြည်နယ်ဥက္ကဋ္ဌ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ အရာထမ်း၊ အမှုထမ်းများနှင့်တစ်ကွ ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ ဆေးရုံဝန်ထမ်းများအားလုံး မင်္ဂလာပါရှင်၊ အခမ်းအနားမှူးက ကျွန်မကို စကားအနည်းငယ်ပြောပေးပါဆိုလို့ ... ကျွန်မနဲနဲပဲပြောပါ့မယ်"

(များများပြောလို့ရပါတယ် ... ဟု ပရိသတ်ထံမှ လက်ခုပ်သံနှင့်အတူ ထွက်ပေါ်လာလေသည်။)

မေသက်နွယ်က ဆက်လက်၍ ....

"စောစောက ဆေးရုံအုပ်ကြီး ပြောသွားတဲ့ ... အားလုံးက စိတ်ဝင်စားပြီး သိချင်နေကြတယ်ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး ကျွန်မ ဒီနေရာကနေ အဖြေပေးပါ့မယ်" (လက်ခုပ်သံများ)

"ကျွန်မ ဒီကချင်ပြည်နယ်ကို ဦးစားပေးလာရောက်အမှုထမ်းရတဲ့ အကြောင်းရင်းက ဆယ်တန်းကတည်းက ... ကျွန်မကို မျိုးစေ့ချပေးလိုက်သူဟာ ဒီညစည်သည်တော်အဖြစ် တက်ရောက်လာတဲ့ ရေတပ်က ဗိုလ်မှူးမြင့်နိုင်ဖြစ်ပါတယ် .... (လက်ခုပ်သံနှင့် အတူ ဗိုလ်မှူးမြင့်နိုင် စင်မြင့်ပေါ်သို့ တက်ရောက်ရန် မေတ္တာရပ်ခံသံများ ထွက်ပေါ်လာလေသည်။)

ဗိုလ်မှူးမြင့်နိုင်မှာ မလွဲသာမရောင်သာတော့ပဲ ... စင်မြင့်ပေါ်ရှိ ဒေါက်တာမေသက်နွယ်နားသို့ ရောက်လာလေသည်။ မေသက်နွယ်လည်း သူ့အနား ရောက်လာသော ဗိုလ်မှူးမြင့်နိုင်အား ညွှန်ပြရင်း ...

"အခု ကျွန်မအနားမှာ ရပ်နေတဲ့ဗိုလ်မှူးမြင့်နိုင်ဟာ ကျွန်မရဲ့ ခင်ဗျုန်းလောင်းဖြစ်ပါတယ်၊ ကျွန်မတို့ ချွေလမှာ လက်ထပ်ဖို့ စီစဉ်ထားပါတယ်" မမျှော်လင့်သော စကားကို မြင့်နိုင်ကြား



ရသဖြင့် အတိုင်းမသိဝမ်းသာသွားကာ မေသက်နွယ်၏ လက်ကလေးအား တင်းကြပ်စွာဆုပ်ကိုင်ရင်း "မောင်ဖြင့် အရမ်းအံ့သြပြီး ဝမ်းသာလိုက်တာအသက်ရယ်" ဟု တိုးတိုးကလေးပြောလိုက်လေသည်။

မေသက်နွယ်က "ဗိုလ်မှူးဆေးရုံအုပ်ကြီးသိချင်တာပြောပြလိုက်ပါအုံး ..." ဟု ပြောရာ မြင့်နိုင်က "ဟုတ်ကဲ့ .... ကျွန်တော့်အဖိုးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်လောက်က ဒီမြစ်ကြီးနား ခရိုင် ဝိုင်းမော်မြို့မှာ တာဝန်ထမ်းဆောင်ရင်းကွယ်လွန်ခဲ့တဲ့ အချိန်ကစပြီး ကျွန်တော့်အဖွားလည်း ဝိုင်းမော်မြို့မှာပဲ ဆက်လက်နေထိုင်ခဲ့ပါတယ်။ သူမကွယ်မီ ... မျက်စိကွယ်ခဲ့ပါတယ်၊ အဲ့ဒီအချိန်တုန်းက မျက်စိအထူးကုဆရာဝန်မရှိတဲ့အတွက် ရန်ကုန်လာကုဖို့ပြောပေမဲ့ လက်မခံခဲ့ဘူး ... မျက်မြင်ဘဝနဲ့ပဲ စိတ်ဒုက္ခခံစားပြီးကွယ်လွန်သွားခဲ့ရပါတယ်။ အဲ့ဒီအချိန်ကစပြီး ကျွန်တော်လည်းကြီးလာရင် မျက်စိအထူးကုဆရာဝန်ဖြစ်အောင် ကြိုးစားမယ် အဖွားဆုံးတဲ့ ဒီကချင်မြေမှာ လာပြီးမျက်မမြင်တွေကို ကုသပေးမယ်လို့ ရည်ရွယ်ထားပါတယ်၊ ကျွန်တော်ရဲ့ ရည်ရွယ်ချက်ကို ကျွန်တော်ကိုယ်တိုင် မဖြည့်စည်းနိုင်ခဲ့ပေမဲ့ ကျွန်တော့်ဆန္ဒကို ကျွန်တော့်ချစ်သူကဖြည့်စည်းပေးလိုက်ပါတယ်"

"ကဲ ဆေးရုံအုပ်ကြီးသိချင်တဲ့အကြောင်းကတော့ ဒါပါပဲ မဟုတ်လားခင်ဗျာ" (လက်ခုပ်သံများ)

ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီး ဆေးရုံအုပ်ကြီးနှင့်ဇနီးတို့ ဆင်မြင့်ပေါ်တက်လာကာ မေသက်နွယ်၊ မြင့်နိုင်တို့နှင့် အတူ ဓာတ်ပုံရိုက်ကြလေသည်။

ကြည်ကြည်၊ အောင်ဝင်းတင်နှင့် တင့်တင့်တို့လည်း မေသက်

နှုတ်ဆက် ပြီးနောက် အားလုံးအတူတွဲ၍ ဓာတ်ပုံရိုက်ကြလေသည်။

ကြည်ကြည်၊ အောင်ဝင်းတင်နှင့် တင့်တင့်တို့လည်း မေသက် နွယ်၏ ဆုံးဖြတ်ချက်ကို ဝိုင်းဝန်းထောက်ခံကြလေသည်။ နေအိမ်သို့ ရောက်သည်နှင့် မေသက်နွယ်သည် သူ့မိဘများထံ ဖုန်းဆက်၍ အကျိုးအကြောင်းပြောပြလိုက်ရာ ဖခင်ဖြစ်သူမှာ အားရဝမ်းသာစွာနှင့် မင်္ဂလာပွဲကို ပိတောက်မြို့၌ခြွတွင် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောပြလေသည်။

မေသက်နွယ်အိမ်၏ ဧည့်ခန်းတွင် မြင့်နိုင်နှင့် မေသက်နွယ် နှစ်ယောက်ထဲရှိနေချိန် မြင့်နိုင်သည် မေသက်နွယ်နားသို့ ရွေ့ပြောင်းထိုင်လိုက်ပြီး မေသက်နွယ်၏ လက်ကလေးကို ဆွဲယူလိုက်ကာ သူ့ရင်ဘတ်တွင် ဖိထားပြီး ....

"သက်ရယ် .... မောင်ဖြင့် နှစ်နဲ့ချီပြီးစောင့်ရအုံးမှာလားလို့ ထင်နေတာ"

"ဘာလဲ ... မောင်ကအချိန်ထပ်ဆွဲချင်လို့လား"

"မဟုတ်ရပါဘူး သက်ရယ် ... သက်ကဖြူးစားကြီးဆုံးဖြတ်လိုက်လို့ မောင်အရမ်းအံ့သြသွားတာပါ"

"အဲဒါဘာဖြစ်လို့ ဒီလိုမြန်မြန် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ရတယ်ဆိုတာသိလား"

"ပြောစမ်းပါအုံး သက်ရယ်"

"မောင့်ကို သိပ်ချစ် သိပ်သနားလို့ပေါ့" ဟု မေသက်နွယ်က ချစ်စရာအပြုံးကလေးဖြင့် ပြောလိုက်သည့် စကားကြောင့် မြင့်နိုင်မှာမချင့်မရဲဖြစ်ကာမေသက်နွယ်၏ ခန္ဓာကိုယ်လေးအား သူ၏ရင်ခွင်တွင်းသို့ ဆွဲယူသွင်းလိုက်လေသတည်း။

အပြီး

"ဇမ္ဗူညွန့်" ၏ နောက်ထပ်ထုတ်ဝေမည့် ဝတ္ထုတိုများ

# "မွန်မြတ်သန့်စင် မေတ္တာရှင်"

♥ ဒေါက်တာစိုင်းခွန်နောင်

♥ အင်ဂျင်နီယာ – ရဲသူ

♥ စာကြည့်တိုက်မှူး – ယွန်းစန္ဒာ

♥ ဆေးကျောင်းသူ – ထက်ထက်ထွန်း

မျှော်